# ချစ်ခြင်းပိုင်ပိုင်

တက္ကသိုလ်မောင်သုလှိုင်



စာပေဝတ္ထု၊ ရတုကဗျာ
လက်ဘပန်းမိုး၊ ရွာသွန်းဖြိုးလျှက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်တို့ မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် ဖွမ်းဆောင်တည်။

(နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်မောင်သုလှိုင်

# ချစ်ခွင့်ရှိရှင်

နိုင်ငံ့ဂုဏ်ရည် စာစဉ်(၇၅)

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၅၀၂၀၅၁၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၁၀၂၀၁၀၉

ထုတ်ဝေသည့်ကာလ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသူ

ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (၀၃၇၉၄)

ပုံနှိပ်သူ

အောင်တံခွန်ပုံနှိပ်တိုက်၊ အမှတ်-၉၇၊ ၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပန်းချီ

မောင်ညီညီ

အတွင်းဖလင်

မိုးညွန့်နှင့်အဖွဲ့ (A-7 Group)

ကာလာခွဲ

**Eagle**

ဖြန့်ချီရေး

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန်၊ ရန်ကုန်မြို့။ ဖုန်း-
၇၂၅၅၇၀၊ ၇၇၄၅၇၂။


# စာရေးသူ၏ မိတ်ဆက်လွှာ

ဂျပန်နိုင်ငံသည် လူအများစု သွားရောက်လေ့လာ လည်ပတ်လိုသော နိုင်ငံဖြစ်သည်။ အချို့က သွားရောက်အလုပ်လုပ်ကိုင်လိုကြသည်။ အချို့ကသွား ရောက်နေထိုင်လိုကြသည်။ အကြောင်းသော်ကား ဂျပန်နိုင်ငံသည် စက်မှုနိုင်ငံ၊ ကမ္ဘာပေါ်တွင် အဖွံ့ဖြိုးဆုံးနိုင်ငံ စာရင်းဝင်သောကြောင့် ဖြစ်၏။

စာရေးသူ ၂၀၀၃ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်က ဌာနတာဝန်ဖြင့် ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့သည်။ အာဆီယံ–ဂျပန် ဆက်ဆံရေး နှစ်ပတ်လည် အထိမ်းအမှတ် ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်ဖြစ်သည်။

ဂျပန်နိုင်ငံသို့ရောက်ရှိစဉ်ကာလအတွင်း တိုကျို၊ ကျိုတို၊ ဟီရိုရှီးမား အပါအဝင် ဂျပန်နိုင်ငံ၏ အခြားထင်ရှားသောနေရာများသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည့်အပြင် စက်မှုနှင့် လက်မှုလုပ်ငန်း အချို့သို့လည်း သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

ထိုခရီးစဉ်အတွင်း ဂျပန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရင်းနှီးခွင့်ရခဲ့ပြီး အာဆီယံနိုင်ငံများ အကြောင်းကိုလည်း ၎င်းတို့မှတစ်ဆင့် တစေ့တစောင်း လေ့လာခွင့် ရရှိခဲ့ပါသည်။

စာရေးသူသည် ဂျပန်လေ့လာရေးခရီးစဉ်များအတွင်း သာမန်ဆောင်းပါးမျိုးမဟုတ်ဘဲ ဂျပန်–မြန်မာချစ်ကြည်ရေး၊ ဂျပန် ရှုခင်း–မြန်မာ့ရှုခင်း၊ ဂျပန်တို့၏ စိတ်အဆင်း–မြန်မာတို့၏ စိတ်အရင်း၊

– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –

ပြီးတော့မြန်မာတို့၏ ရှေးယခင်ကတည်း ကရှိနှင့်ပြီးဖြစ်သော အမျိုးဂုဏ်ကို စောင့်ရှောက်တတ်သည့် နှလုံးသားပြတင်းအား ဖွင့်ပြလိုသော ဆန္ဒဖြင့် ဤသုတရသ ဝတ္ထုရှည်ကြီးကို ရေးဖွဲ့ဖြစ်ခဲ့ပါသည်။

ဤဝတ္ထုရှည်ကို **"ချစ်ခွင့်ပိုင်ပိုင်"** ဟု အမည်ပေးထားသည်။

"ချစ်ခွင့်ပိုင်ပိုင်" ဟူသော စကားစု၏ အဓိပ္ပာယ်ကိုစာရေးသူက ဤဝတ္ထုရှည်ဖြင့် ဖွင့်ဆိုထားပါသည်။

ထိုစကားစု၏ အဓိပ္ပာယ်ကို အကျဉ်းမျှဖော်ပြရလျှင်–

**"လူတိုင်း၏ ရင်မှဖြစ်သောအချစ်တို့သည် မွေးစကပင် ဖြစ်တည်လာခဲ့၏။ ငယ်စဉ်က မောင်ချစ် နှမချစ်၊ မိချစ် ဖချစ် ဟူ၍သာရှိခဲ့ရာမှ အရွယ်ရောက်လာသောအခါ အဖိုနှင့်အမ သူစိမ်းတစ်ရံ အပြန်အလှန် ငြိတွယ်လာခဲ့သော "တွယ်တာမှု သံယောဇဉ်အချစ်" ဟူ၍ ဖြစ်လာခဲ့သည်။ အဆိုပါ "တွယ်တာမှု သံယောဇဉ် အချစ်" တို့သည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ ဖြစ်တည်လာခဲ့သော သဘာဝဆန်သည့် "အချစ်" မျိုးဖြစ်သည်။**

**လူတိုင်း၏ ရင်တွင် ထိုအချစ်မျိုးတို့သည် ထာဝရရှိနေ၏။ ဆင်းရဲခြင်း။ ချမ်းသာခြင်း။ ရုပ်လှခြင်း။ ရုပ်ဆိုးခြင်း။ အသက်ကြီးခြင်း။ အသက်ငယ်ခြင်း။ အနေနီးခြင်း။ ဝေးခြင်းစသည့် အတားအဆီးအဟန့် အတား ပညတ်ချက်များနှင့် မသက်ဆိုင်သော အရွယ်ရောက်သူ ဖိုနှင့်မတို့ရင်၌ ဖြစ်ပေါ်လာသည့် အချစ်မျိုး ဖြစ်သည်။ ဤဖြူစင်သော အချစ်မျိုးကို လူတိုင်းပိုင်ဆိုင်ခွင့် ရှိလေ၏" ဟူ၍ ဖြစ်သည်။**





ဤဖြူစင်သော အချစ်မျိုးကို လူတိုင်း ပိုင်ဆိုင်ခွင့် ရှိသလို ဤဖြူစင်သော အချစ်မျိုးဖြင့်ပင် အရွယ်ရောက်သူတိုင်း ချစ်ခွင့်ရှိပုံ တနည်းအားဖြင့် ချစ်ခွင့်ကို ပိုင်ပိုင်ရယူပိုင်ဆိုင်နိုင်ခွင့်ရှိပုံကို ဂျပန်ပြည် ခရီးစဉ် အတွေ့အကြုံပေါ် အခြေပြုလို့ အဖြေတစ်ခုကို စာဖတ်သူတို့ စေ့ငှရာဖွေခံစားနိုင်ကြစေရန် ခရီးသွားဝတ္ထုရှည်အဖြစ် ရေးဖွဲ့တင်ပြလိုက်ရပါသည်။

ဤဝတ္ထုရှည်ကို စာဖတ်သူများ ဖတ်ရှုခြင်းဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ သုတရသနှစ်ဖြာ ခံစားရရှိနိုင်ကြပါစေကုန်...။

စာဖတ်သူများကိုအစဉ်လေးစားလျက်–

တက္ကသိုလ်မောင်သုလှိုင်
(ဖုန်း–၀၉–၅၀၀၆၃၇၇)

နေရာ။ ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို ၂ရပ်ကွက်၊
ဗဟန်းမြို့နယ်
ရက်စွဲ။ ၁၅–၁၁–၂၀၀၈

## အခန်း (၁)

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နေ့၊ ထိုင်းစံတော်ချိန် ညနေ ၆ နာရီ။

ဗန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ခရီးသွားများဖြင့် စည်ကားနေသည်။ လေဆိပ်အဆောက်အအုံအတွင်း၌ စတိုးဆိုင်များ၊ စားသောက် ဆိုင်များ၊ နိုင်ငံခြားငွေလဲလှယ်သည့် ကောင်တာများက နေရာယူထားသည်။ ၎င်းတို့အကြားတွင် လေယာဉ်လက်မှတ်လဲ ကောင်တာ(Transit Counter)များ ရှိသည်။

မင်းဝေလှိုင် ဂျပန်သို့ ခရီးဆက်ရမည်။ ထို့ကြောင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာသော MAI လေယာဉ် ဗန်ကောက်သို့ ရောက်သည်နှင့် ဗန်ကောက်လေဆိပ်တွင် ဂျပန်သို့ ခရီးဆက်နိုင်မည့် JAL လေကြောင်း လိုင်းကောင်တာကိုရှာသည်။ အခြားလေကြောင်းလိုင်းကောင်တာများကိုသာတွေ့ပြီး JAL ကောင်တာ ကို မတွေ့။ လေဆိပ်အဆောက်အအုံအတွင်း နှံ့နေပြီ။ လေဆိပ်အတွင်း ချိတ်ဆွဲထားသော လေကြောင်းခရီးစဉ်ပြ ရုပ်မြင်သံကြား စက်များကို ကြည့်ပြန်တော့ သူလိုက်ပါရမည့် JAL 704 ခရီးစဉ်ကို မတွေ့။ သူ ရန်ကုန်ကအထွက် မေးကြည့်ခဲ့တော့ JAL 704 ခရီးစဉ်သည်





ဗန်ကောက် စံတော်ချိန် ည၁၀း၅၅နာရီမှစတင်မည်ဟု သိရသည။ စောတော့နေသေးသည်။

လက်မှတ်လဲကောင်တာတွေ့မှ သူ့အတွက် စိတ်ချရမည်။ သူခရီးထွက်လာသည်မှာ အဖော်မပါတစ်ယောက်ထဲ၊ တိုင်ပင်ဖော်ဖက် မရှိ၊ သို့နှင့် လက်မှတ်လဲကောင်တာများအနီးမှ စတိုးဆိုင်တစ်ဆိုင် တွင် ဝင်မေးမိသည်။

"အချိန်ကစောသေးလို့ ကောင်တာမဖွင့်သေးတာပါ။ လေယာဉ် မထွက်ခင် နှစ်နာရီကြိုဖွင့်ပါတယ်။ ကောင်တာဘေးက ထိုင်ခုံတွေမှာပဲ ထိုင်စောင့်နေပါ"ဟု အရောင်းစာရေးမလေးက ရှင်းပြတော့မှ မင်းဝေ လှိုင် စိတ်အေးရတော့သည်။

အချိန်များစွာ ရသေးသည်။ ထိုင်စောင့်နေမည့်အစား လေဆိပ် အတွင်း စတိုးဆိုင်များသို့ လှည့်လည်ကြည့်ရှုရင်း မျက်စိအရသာ ခံမည်ဟု စိတ်ကူးကာ ကောင်တာအနီးမှ ထွက်ခွာလာခဲ့သည်။

စတိုးဆိုင်များအတွင်း ပစ္စည်းတွေက မျိုးစုံလှသည်။ ကမ္ဘာလှည့် ခရီးသည်များ Transit လုပ်ရာ လေဆိပ်ကြီးဖြစ်၍ ကမ္ဘာ့နိုင်ငံအများ အပြားက အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။ ပစ္စည်းတို့က ဝယ်ချင့်စဖွယ်၊ သို့ပေမယ့်လည်း ဈေးနှုန်းကမသေး။ တွေးကြည့် လိုက်တော့ မင်းဝေလှိုင်လက်ထဲတွင် ကိုင်ထားသော ရန်ကုန်-ဂျပန် အသွားအပြန် လက်မှတ်တန်ဖိုးကပင် အမေရိကန် ဒေါ်လာ ၁၃၀၀ (တစ်ထောင့်သုံးရာ)တဲ့လေ...။ အားလုံး ဈေးတွေမြင့်နေသည်ပဲ...။

ည၉နာရီခန့်တွင် Transit Counter ဖွင့်သည်။ JAL လက်မှတ် လဲပေးသည်။ လက်မှတ်နှင့်အတူ စားသောက်ခန်းလက်မှတ် တစ်စောင် တွဲပါလာသည်။ မေးကြည့်တော့-

" ကျွန်မတို့ JAL လေယာဉ်က ည ၁၀း၅၅ မှာထွက်မှာပါ။

အချိန်က လိုသေးတော့ JAL ကဖွင့်ထားတဲ့ Special Lounge မှာ နားနေရင်းကြိုက်တာကို အခမဲ့မှာယူစားသောက်နိုင်ပါတယ်။ ဒါကလဲ အထူးတန်းလေယာဉ်လက်မှတ် Business Class ရထားသူတွေ အတွက်ပါပဲ"ဟု ကောင်တာစာရေးအမျိုးသမီးက ပြောသည်။

မင်းဝေလှိုင် JAL Special Lounge တွင် ထိုင်ရင်း ကော်ဖီနှင့် မုန့်အချို့ကို မှာယူစားသောက်သည်။ အခန်းအတွင်း ရုပ်မြင်သံကြား စက်တွေကလည်း လေယာဉ်ခရီးစဉ်များကို ပြသလျက်ရှိသည်။ ဗန်ကောက်လေဆိပ်မှ ထွက်ခွာသည့် လေယာဉ်ခရီးစဉ်များကလည်း နိုင်ငံစုံသည်။ ကမ္ဘာအနှံ့ဟုပင် ဆိုရမည်ဖြစ်သည်။

ည ၁၀း၁၅ နာရီခန့်တွင် မင်းဝေလှိုင်ထွက်ခွာမည့် လေယာဉ် ခရီးစဉ် ရုပ်မြင်သံကြားမှ ပေါ်လာသည်။ လေယာဉ်ပေါ်တက်ရမည့် ဝင်ပေါက် (channel) နှင့်တကွ လေယာဉ်ပေါ်တက်ရမည့် အချိန်ကိုပါ ဖော်ပြနေသည်။ ဤစနစ်သည် လေယာဉ်ခရီးသည်များအတွက် အလွန် အဆင်ပြေလှသည်ပဲ့။

ည ၁၀း၅၅တွင် လေယာဉ်စထွက်သည်။ ရှေ့ဆုံးရှိ လေယာဉ် အထူးတန်းခုံများတွင် လူမပြည့်၊ ခုံကအလုံး၃၀ခန့်ပင်ရှိမည်။ နောက်ခန်း ဘက်ဆီတွင်တော့ ခုံ ၂၀၀ ကျော်ရှိမည်ဟုထင်သည်။ လူကတော့ အပြည့်။

လေယာဉ်စထွက်တော့ လေယာဉ်မယ်တစ်ဦး မင်းဝေလှိုင် အနား ရောက်လာသည်။

သူမက–

" ကျွန်မတို့ လေယာဉ်ပျံသန်းချိန် ငါးနာရီခန့် ရှိပါမယ်။ ဗန်ကောက် စံတော်ချိန်ထက် နှစ်နာရီစောတဲ့အတွက် နာရေတာ လေဆိပ်ကို ဂျပန်စံတော်ချိန် နံနက် ၆ နာရီခွဲလောက်မှာ ရောက်ပါမယ်၊





လူကြီးမင်း နှစ်ခြိုက်စွာ အနားယူအိပ်စက်နိုင်ပါတယ်၊ လိုအပ်တဲ့စောင် ခေါင်းအုံးတွေကိုလဲ စီစဉ်ပေးထားပါတယ်။ စားချင်တဲ့ အစားအစာ ရှိရင်ပြောပါ– အခု မအိပ်ခင် တစ်ခုခု သုံးဆောင်ပါဦးလား–ကျွန်မ စီစဉ်ပေးပါမယ်– မအိပ်ချင်သေးရင်တော့ ကိုယ်ကြိုက်နှစ်သက်တဲ့ တီဗွီ အစီအစဉ်တွေကိုကြည့်ဖို့ တီဗွီမှန်ပြားလေးညာဖက်လက်တန်းထဲမှာ ရှိပါတယ်"ဟူ၍ ပျူငှာစွာ ဧည့်ဝတ်ပြုသည်။

အထူးတန်းခရီးသည်များအတွက် ပြုနေကျဧည့်ဝတ်ပါလေ၊ မင်းဝေလှိုင် ကျေနပ်ရပါသည်။ ခရီးစတင်သည်မှ ယခုတိုင် လမ်းခရီး ချောမွေ့ပြီး ချမ်းမြေ့ကျေနပ်ခဲ့ရပါသည်။

ပြောရလျှင် မင်းဝေလှိုင်ခရီးသွားရမည်ဟု သိသောအချိန်နှင့် ခရီးသွားရသည့်အချိန်သည် အလွန်နီးကပ်ခဲ့သည်။ အာဆီယံ–ဂျပန် အပြန်အလှန်ဆက်ဆံရေးနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် သွားရောက် ရမည်ဖြစ်သည်။ ဆွေးနွေးပွဲ အစီအစဉ်များ၊ တွေ့ဆုံပွဲများ၊ လေ့လာရေး ခရီးစဉ်များရှိမည် ဖြစ်သည်။ ရသမျှအချိန်တွင် ခရီးထွက်ရန် အဆင် အပြေနိုင်ဆုံး စီစဉ်ခဲ့သည်။ သို့သော် စိုးရွံ့မှုတော့ အနည်းငယ်ရှိခဲ့သည်။ ယခင်က အိမ်နီးချင်းအာဆီယံနိုင်ငံများလောက်သာ အနည်းဆုံး အဖော် နှင့် နှစ်ဦး၊တခါတရံအဖွဲ့လိုက်သွားဖူးခဲ့ရာမှ ယခုအခါ အမိနိုင်ငံနှင့် မိုင်ပေါင်းများစွာဝေးသည့်နိုင်ငံသို့ တစ်ဦးတည်းသွားရမည် ဆိုတော့...။

တစ်မှေးလောက်မှေးလိုက်ရာမှ လေယာဉ်မယ်ဓါ်လာနှိုးသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

" ကောင်းသောနံနက်ခင်းပါ မစ္စတာမင်းဝေလှိုင်၊ ကျွန်မတို့ လေယာဉ် နာရေတာလေဆိပ်ကို မကြာမီ ဆင်းပါတော့မယ်– ကျေးဇူးပြု ၍ ခါးပတ်ပတ်ထားပေးပါ။ လမ်းခရီးတစ်လျှောက် အဆင်ပြေ ချောမွေ့ပါစေလို့ ဆုတောင်းပေးပါတယ်"

လေယာဉ်မယ် ဂျပန်သူတစ်ဦး၏ ဆုတောင်းစကားသည် မင်းဝေလှိုင်အတွက် "အား" ဖြစ်စေခဲ့ပါသည်။

လေယာဉ်ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ ထွက်ပြူလာသော နေမင်းရောင်ခြည်အောက်တွင် တိုကျို ပင်လယ်အော်ကို လှမ်းတွေ့နေရပြီ။ ရေပြင်ပေါ်တွင် ခုတ်မောင်းနေသော သင်္ဘောကြီးငယ်များကို အဝေးမှ မြင်တွေ့နေရသည်။

တိုကျိုမြို့သည် ပင်လယ်အော်၊ ကျောက်ဆောင်၊ တောင်ကြောများအကြား မေးတင်နေသော ခေတ်မီမြို့ကြီးပေပဲ။ နေရောင်ခြည်အောက်မှ တိုကျိုမြို့ကား လှလွန်းပေစွ...။

နာရေတာလေဆိပ်...။

ခေတ်မီလေဆိပ်ကြီးပါပေ့။ နိုင်ငံတကာမှ လေယာဉ်များစွာကို တွေ့ရသည်။ မင်းဝေလှိုင်လိုက်ပါလာသော လေယာဉ်ကကြီးသော်လည်း လေယာဉ် အဆင်းတွင် ငြိမ့်ညောင်းလှသည်။ လေယာဉ်ဘီး မြေပြင်ထိသည်မှ သတ်မှတ်ဆိုက်ရောက် Channel လိုင်းပေါက် သို့ရောက်သည်အထိ လေယာဉ်ကြီးမှာ အချိန်ယူ၍ တဖြည်းဖြည်းသွားနေသည်။ ကွင်းက ကျယ်လှသည်။ လေယာဉ်အတက်အဆင်းကလည်း မိနစ်ပိုင်း အလိုက်ရှိနေသည်။

တကယ်တော့ တိုကျိုမြို့သည် ကျောက်ဆောင်၊ တောင်ကြောများအတွင်း ရှိနေသော်လည်း မြေပြန့်ဟူ၍ အကျယ်ဆုံး ရှိနေသောနေရာသည်ကား ဤလေဆိပ်ဝန်းကျင်သာဖြစ်ကြောင်း သိရသည်။

နာရေတာလေဆိပ်သည် ပြည်ပလေယာဉ်များ အတက်အဆင်း ပြုလုပ်သော လေဆိပ်ကြီးဖြစ်ပြီး၊ ပြည်တွင်းလေကြောင်းလိုင်းများ အသုံးပြုသော Domestic Airport သီးခြားရှိသေးကြောင်းသိရသည်။

တိုကျိုမြို့၏ နိုဝင်ဘာ နံနက်ခင်းသည် အေးလွန်းလှ၏။





လေဆိပ်အတွင်းရောက်တော့ လေဆိပ်နာရီက နံနက် ၆နာရီခွဲလုပြီ။ မင်းဝေလှိုင် သူ့နာရီလက်တံများကို ရွှေ့တိုးလိုက်သည်။ ထိုင်းစံတော်ချိန်နှင့် ဂျပန်စံတော်ချိန်က နှစ်နာရီခန့်ကွာသည်။မင်းဝေလှိုင် လူဝင်မှုကောင်တာတွင် အစစ်ဆေးခံသည်။ ပြီးနောက် Luggage Circleဆီသို့ သွားနေစဉ်တွင် လာကြိုနေသော ပရိသတ်များအတွင်း တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူ့အမည်ဆိုင်းဘုတ်ငယ်ကိုထောင်၍ ကြိုနေသူများ ရောက်နေပြီလား။ မတွေ့ရပါ။

"ဦးမင်းဝေလှိုင်..."

နောက်ဘက်ဆီမှ သူ့အမည်လှမ်းခေါ်လိုက်သော အမျိုးသမီးငယ်တစ်ဦး၏ အသံကို ရုတ်တရက်ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်မိသည်။ မင်းဝေလှိုင် အသံရှင်ကို မတွေ့။ပြန်လှည့်၍ တူရှုသို့ဆက်သွားသည်။ ခဏအကြာ သူ့လက်မောင်းကို ကိုင်၍ နောက်ဘက်မှ အနီးကပ်ခေါ်သံကို ကြားလိုက်ရပြန်သည်။

"ဦးမင်းဝေလှိုင်– ဦးမင်းဝေလှိုင် ဟုတ်ပါတယ်နော်–"

မင်းဝေလှိုင် အံ့ဩရပြီ။ ဂျပန်တွင်အသိဟူ၍မရှိ၊ အမျိုးအဆွေဟူ၍ လည်းမရှိ၊ သို့သော် ထိုအမျိုးသမီးငယ်က သူ့ကိုတရင်းတနှီးခေါ်နေပြန်သည်။ သူ့အသွင်က ဆွေမျိုးတစ်ဦးကို တွေ့ဆုံရသကဲ့သို့ လှိုက်လှိုက်လှဲလှဲ ရှိနေသည်။ အားရဝမ်းသာ ရှိနေသည်။

သို့သော် သူမကို မင်းဝေလှိုင်မသိ၊ တစ်ခါမျှလည်းမမြင်ဖူး။ သူမ၏ ရုပ်သွင်က ဂျပန်သူဆိုသည်ထက် ဝတ်စားဆင်ယင်ပုံက ထမီ၊ စကဒ်၊ စပို့ရှပ်နှင့်၊ မျက်နှာပေါက်က ကိုရီးယားသူနှင့် ဆင်သလိုလိုနှင့်၊ မျက်လုံးမျက်ဖန်က မြန်မာမိန်းကလေးနှင့် ခပ်နီးစပ်စပ်၊ ပြောနေသည့်စကားက မြန်မာစကား။ သို့သော် အသံကတော့ ဂျပန်သံခပ်ဝဲဝဲ...။

" ဦးမင်းဝေလှိုင် ဟုတ်ပါတယ်နော်..."

မင်းဝေလှိုင်သူမကို စိုက်ကြည့်နေမိရာမှ ရုတ်တရက်သတိဝင်လာပြီး–

"ဟုတ်...ဟုတ်ပါတယ်။ ကျွန်တော်မင်းဝေလှိုင်ပါ...ဒါနဲ့ ခင်ဗျားက"

"ကျွန်မ မစ္စဝါရှိုပါ– နာမည်အပြည့်အစုံက မစ္စနိုရီကိုကူဆာဝါရှိုလေ– နိုင်ငံခြားသတင်းထောက်များအသင်းကပါ– ဦးမင်းဝေလှိုင်ကိုကြိုဖို့ တာဝန်ပေးထားလို့ပါ– လာလေအိတ်တွေသွားရွေးရအောင်"

ပြောပြောဆိုဆို ရှေ့ကသွက်သွက်လက်လက် ထွက်သွားလေတော့ မင်းဝေလှိုင် တအံ့တသြဖြင့် သူမနောက်က လိုက်သွားခဲ့သည်။

လေဆိပ်အပြင်ရောက်တော့ ဟိုတယ်သို့သွားမည့် ဟီးနိုးကားကြီးက အသင့်စောင့်နေသည်ကိုတွေ့ရ၏။ ကားပေါ်တွင် ခရီးသည်ငါးယောက်ခန့်ရောက်တော့ ကားက စထွက်သည်။

ကား၏ နှစ်ယောက်ထိုင်ခုံတွင် နှစ်ယောက်သား အတူထိုင်ဖြစ်ကြသည်။

"ဦးမင်းဝေလှိုင်– ဟောဒီမှာ ဒီခရီးအတွက် ဘတ်စကားလက်မှတ်– အမှတ်တရသိမ်းထားပေါ့– ဟိုတယ်ရောက်ဖို့ မိနစ် ၄၀ လောက်သွားရဦးမယ်"

သူမလှမ်းပေးသော ယန်း ၃၀၀၀တန် ဘတ်စကားလက်မှတ်ကို မင်းဝေလှိုင် အိတ်ထဲအသာထည့်လိုက်၏။ ပြီးမှ သိလိုသည်များကို မေးရန်ပြင်လိုက်သည်။

"ဒါနဲ့ မစ္စဝါရှို– ကျွန်တော်မေးပါရစေ–ကျွန်တော့်ကို မစ္စဝါရှိုသိလို့လား–ကျွန်တော်ကတော့ အံ့သြနေတုန်းပဲ– မစ္စဝါရှို ကျွန်တော့်ကို လာကြိုတာ ဆွေမျိုးတစ်ယောက်လိုပဲ..."





"ဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မထင်ပါတယ် ဦးမင်း...ဪဒါနဲ့ ဦးမင်းဝေလှိုင်နာမည်ကို ရင်းရင်းနှီးနှီးပဲ ခေါ်ပါရစေ..."

"ခေါ်ပါ–ခေါ်ပါ– ဘယ်လိုခေါ်မှာပါလိမ့်..."

"ကိုမင်း–လို့"

အို– မင်းဝေလှိုင်ရင်ထဲ စမ်းချောင်းလေးတစ်ခုစီးဆင်းသွားသလို အေးမြစွာ ခံစားလိုက်ရပါသည်။

ကိုမင်း–တဲ့။

" ခေါ်မယ်နော်..."

" အော် ခေါ်ပါ–ခေါ်ပါ–မစ္စဝါရှို"

" ကျွန်မမှာလဲ မြန်မာနာမည်ရှိပါတယ်– စကားဝါတဲ့..."

" စကားဝါ– စကားဝါတဲ့လား– မြန်မာဆန်လိုက်တာ..."

ကိုမင်းနှုတ်မှ ရေရွတ်လိုက်မိပါသည်။ တစ်ချိန်တည်းမှာပင် စကားဝါနှင့် ပတ်သက်၍ စိတ်ဝင်စားစရာများ ရင်တွင်းသို့ တဟုန်ထိုးတိုးဝင်လာခဲ့သည်။ စကားဝါ အဘယ့်ကြောင့် မိမိကို မြင်မြင်ချင်းလူနှင့်နာမည် တွဲလျက်သိနေပါသလဲ။ အဘယ့်ကြောင့် မြန်မာစကားကို ကောင်းကောင်းပြောနိုင် နေရပါလဲ။ ဘာကြောင့် အလွန်လှသော မြန်မာအမည်လေး ပေးခဲ့ရပါသလဲ။ ကြည့်စမ်းပါ နာမည်လေးက လှလိုက်တာ။ ဘာတဲ့... စကားဝါတဲ့။ အမည်က မြန်မာစစ်လိုက်သည့်မှ မြန်မာပြည်ရဲ့ အညာမှာပွင့်တဲ့ စကားဝါတဲ့။ မွှေးလိုက် လှလိုက်သည့် သူ့အမည်...အေးလေ သူ့ရုပ်လွှာကလည်း မြန်မာမလေးလို လှနေသည်ပဲလေ...။

"ကိုမင်း ဘာတွေတွေးနေတာလဲ၊ ကျွန်မပြောတာကြားရဲ့လား၊ ကျွန်မနာမည် မြန်မာလိုစကားဝါလို့ ခေါ်တယ်..."

"ဩော်–ကြားပါတယ်စကားဝါ၊ ဒါနဲ့တို့ကို ဘာဖြစ်လို့ မြင်မြင်ချင်း အမည်နဲ့လူတွဲလို့ သိနေတာလဲ"

" ဘာလဲ ကိုမင်းက အံ့သြနေတာလား၊ ကိုမင်းကို မြင်မြင်ချင်း သိနေရုံတင်မကဘူး၊ ကိုမင်းအကြောင်းကိုပါ စကားဝါ သိနေတယ်၊ နားထောင်ရှုတ်ပြမယ်"

စကားဝါ၏ သွက်လက်သော အပြောနှင့်ဟန်ကို ကိုမင်း မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

"ကိုမင်း အမည်အရင်းက ဦးမင်းဝေလှိုင်၊ အသက်က ၂၉နှစ်၊ ဇာတိက ပုဂံ–ညောင်ဦး၊ ပြီးတော့"

"ဟိုး–ဟိုး–ဟိုး တော်ပြီ–တော်ပြီ ကိုမင်းသိပြီ၊ စကားဝါ လက်ထဲမှာ ကိုမင်းရဲ့ ဓာတ်ပုံနဲ့ကိုယ်ရေးအကျဉ်းရှိနေပြီ ထင်တယ်"

"ဟုတ်တယ်လေ၊ ကိုယ့်နိုင်ငံကို လာတဲ့ဧည့်သည်၊ ကိုယ်တာဝန်ယူရမယ့်ဧည့်သည်ရဲ့အကြောင်းကို သိထားရမယ်လေ၊ ဟုတ်ဘူးလား"

"အား– ကိုမင်း မေ့သွားတယ်–ဟုတ်သားပဲ"

နှစ်ဦးသား ကျေနပ်စွာ ပြုံးမိကြသည်။

"ဒါပေမယ့်ကိုမင်း– ကိုမင်းကိုတော့ အခြားဧည့်သည်တွေထက် ပိုပြီးတော့ ခင်မိတယ်"

"ဘာလို့လဲ"

"ကိုမင်းက မြန်မာပြည်က ဧည့်သည်၊ ပြီးတော့ ပုဂံသားလေ"

ဤမျှ စကားပြောပြီး အဝေးတစ်နေရာဆီသို့ စကားဝါ တွေတွေလေး လှမ်းကြည့်နေ၏။ စကားဝါပြောသည့် စကားကို ကိုမင်းနားမလည်၊ ပဟေဠိ ဆန်လှချည်လား စကားဝါရယ်။ စကားဝါနဲ့ ပတ်သက်လို့ ကိုမင်း ဘယ်လိုနားလည်ရမှာလဲ–––။

သည့်နောက် ကိုမင်းနှင့် စကားဝါတို့စကားထပ်မပြောဖြစ်ကြ၊





တွင်းသို့လည်း ဝင်လာပြီဖြစ်သည်။ တည်းခိုရမည့်ဟိုတယ် ရောက်တော့–

"ကိုမင်း ဟိုတယ်ရောက်ပြီ ဆင်းရအောင်လေ..."တဲ့

ဟိုတယ်က ကြယ်ငါးပွင့်အဆင့်ရှိသည်။ အမည်က ရှင်ကျူကုဝါရှင်တန် ဟိုတယ်တဲ့လေ။

ဟိုတယ် Lobby ထဲသို့ နှစ်ဦးသားဝင်ခဲ့ကြသည်။ ဟိုတယ်ထဲတွင် မနက်မိုးမလင်းမီကပင်ရောက်နှင့်နေသော ဗီယက်နမ်နှင့် ကမ္ဘောဒီးယားမှ ကိုယ်စားလှယ်နှစ်ဦးကို တွေ့ရ၏။

"ကိုမင်း ဒါက ဗီယက်နမ်က မစ္စတူဖောင်းတဲ့– ဒါကတော့ ကမ္ဘောဒီးယားက မစ္စတာကန်ဆိုဖီရှန်တဲ့"

စကားဝါ ကိုမင်းတို့ကို အပြန်အလှန် မိတ်ဆက်ပေးနေစဉ် သတိထား မိလိုက်သည်။ ဗီယက်နမ်သူနဲ့ပြောတော့ အင်္ဂလိပ်စကား၊ မစ္စတာ ဖီရှန်နှင့် ပြောတော့၊ သည်စကားကိုတော့ ကိုမင်းနားမလည်။

အသက် ၂၀ ကျော်မှာပင် ဘာသာစကား ဘယ်နှစ်မျိုးလောက် စကားဝါတတ်ထားနေပါသလဲ။ စကားဝါနှင့်တွေ့ရသည်မှာ ကိုမင်း အတွက် ထူးဆန်းအံ့သြဖွယ် ဖြစ်နေသည်။

"လာ–ကိုမင်းကို ဟိုတယ်အခန်းမှာ နေရာချပေးမယ်၊ သူတို့ နှစ်ယောက်ကိုတော့ နေရာချထားပြီးပြီ"

ပြောပြောဆိုဆို စကားဝါကပင် အိတ်ဆွဲကာရှေ့က ထွက်သွားသည်။ ကိုမင်းနောက်က ခပ်သွက်သွက်လိုက်သွားရင်း–

"ဒါနဲ့ နေပါဦး စကားဝါ– စကားဝါ ဘာသာစကားဘယ်နှစ်မျိုး တတ်ထားလဲ၊ ခုနမစ္စတာဖီရှန်နဲ့ပြောတဲ့စကားက–"

"အဲဒါက ကမ္ဘောဒီးယားဘာသာစကားလေ– ဘာသာစကား လေးမျိုး တတ်ထားတာပါ၊ အင်္ဂလိပ်၊ဂျပန်၊ ကမ္ဘောဒီးယား၊ ပြီးတော့

မြန်မာစကား၊ စကားဝါက ဒီလိုပဲ ညှော်သည်တွေလာရင် ညှော်လမ်းညွှန် တာဝန်ယူရတယ်လေ၊ ဒ့ါကြောင့် သင်ထားတာပါ"

"ဒါနဲ့ မြန်မာစကားကရော---"

စကားဝါ ကိုမင်းဘက်လှည့်၍ ပြုံးသည်။ ပြီးမှ ကိုမင်းမျက်နှာကို ကြည့်ရင်း "အဲဒါကိုမင်းအတွက်လေ"တဲ့။

ကိုမင်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ပြီးနောက် စကားဝါကပင်ဆက်၍-

"ကိုမင်း ဒီအကြောင်းတွေသိချင်ရင် စကားဝါပြောပြမယ်၊ ကိုမင်းကိုတွေ့ရင် ဒီစကားတွေပြောမယ်လို့လဲ ရည်ရွယ်ထားပြီးသားပါ၊ သိချင်တာလေးလဲ မေးမယ်လို့ပေါ့။ ဒီလိုလုပ် ညနေမှာ နိုင်ငံခြားသတင်းထောက်များအသင်းမှာ မိတ်ဆက်ပွဲရှိတယ်၊ ညနေကျတော့ ကိုမင်းဆီ ခပ်စောစောလာခဲ့မယ်၊ အဲဒီကျမှ ပြောပြတာပေါ့---"

"ကောင်းပြီလေ၊ ကိုမင်းစောင့်နေပါ့မယ်---"

"ကဲ- ကိုမင်း စကားဝါသွားမယ်၊ ကိုမင်းလဲ ခရီးပန်းလာတယ်၊ အနားယူအုံး၊ ကိုမင်းရဲ့ ဂျပန်ပြည်ခရီးစဉ်မှာ သာယာချမ်းမြေ့ပျော်ရွှင်ဖို့ စကားဝါ အားလုံးတာဝန်ယူတယ်၊ အမှန်အတိုင်းပြောရရင် ကိုမင်းကို တွေ့ရတာ ကွဲကွာနေတဲ့ ဆွေမျိုးတစ်ယောက်ကို တွေ့ရသလိုပါပဲ၊ စကားဝါလဲ ပျော်တယ်၊ ကိုမင်း အဲဒါကိုတော့ ယုံပါ---"

ပြောပြောဆိုဆို စကားဝါလှည့်ထွက်သွားသည်။ စကားဝါကို ကိုမင်း နောက်ကကြည့်ရင်း "ဘယ်လိုနားလည်ရမှာလဲ စကားဝါရယ်" ဟု စိတ်ထဲရေရွတ်လိုက်မိသည်။

တစ်ဆက်တည်းပင်တွေးလိုက်မိသည်က အဘယ်သို့သော ရေစက် ကြောင့် မြန်မာဆန်သော ဂျပန်သူလေးနှင့် ဝေးမြေရပ်ခြားတွင် လာရောက်ဆုံဆည်းရပါသလဲဟူ၍။

* * *



## အခန်း ( ၂ )

အခန်းအမှတ် ၁၀၆၂။

ဟိုတယ်အခန်းဝမှ ဘဲလ်တီးသံကြားရသည်။

မင်းဝေလှိုင် အခန်းတံခါးဖွင့်ကြည့်လိုက်တော့ စကားဝါကို တွေ့ရသည်။

" ဟင် စကားဝါ စောလှချင်လား၊ အခုမှ ညနေ ၃ နာရီပဲ ရှိသေးတယ်။"

" ဒီအချိန်သွားမှလေ၊ တိုကျိုကထင်ရှားတဲ့ ပန်းခြံတစ်ခုထဲ ခေါ်သွားမလို့၊ မြေအောက်ရထား စီးသွားရမှာ၊ အော်-အနွေးထည်ပါ ယူခဲ့နော်၊ အပြင်မှာအေးတယ်"

" ကဲ ကောင်းပြီ ကောင်းပြီ Lobby ထဲကစောင့်နေ၊ အခုပဲ ဆင်းလာမယ်"

စကားဝါဆင်းသွားတော့ မင်းဝေလှိုင် အဝတ်အစားလဲပြီး နောက်က လိုက်သွား၏။

ညနေခင်းဆိုပေမယ့် ဟိုတယ်အပြင်ဘက်တွင် အအေးဓာတ်က ရှိနေသည်။ နေကျချိန်တွင် အအေးပိုလာမည် ဖြစ်သည်။

"ကိုမင်းလာ ခပ်သွက်သွက်ကလေးလျှောက်၊ ဒါမှ အချမ်းပြေမှာ။"

စကားဝါ ရှေ့က ခပ်သွက်သွက်လျှောက်တော့ မင်းဝေလှိုင် နောက်က အမီလိုက်ရသည်။ အနီးဝန်းကျင် အကဲခပ်ကြည့်လိုက်တော့ လူအများခပ်သွက်သွက် လမ်းလျှောက်သွားလာနေကြသည်ကို မင်းဝေလှိုင် သတိထားမိသည်။

တိုကျိုတွင် လမ်းဆုံလမ်းခွပေါလှသည်။ လမ်းဆုံလမ်းခွတိုင်းတွင် မီးပွိုင့်များကို တွေ့ရသည်။ ယာဉ်ထိန်းရဲများကိုကား မတွေ့ရ။ လူကူး အချက်ပြမီးများ တပ်ဆင်ထားသည်။ အချို့နေရာများတွင် မျဉ်းကျားများရှိသည်။ လူတိုင်းသတ်မှတ်နေရာများတွင် လမ်းဖြတ်ကူးနေကြောင်း သတိထားမိသည်။ ဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံများက မိုးထားသည်။

“ကိုမင်း မောနေပြီလား။ မြေအောက်ဘူတာရောက်တော့မှာပါ၊ ကိုမင်းက နဲနဲဝနေတော့ လမ်းများများ လျှောက်ပေးရမယ်နဲ့တူတယ်။ ဒီလိုလုပ် နောက်နေ့တွေမှာ မနက်စောစော ကိုမင်းဆီလာခဲ့မယ်။ မနက်စောစော လမ်းလျှောက်ကြရအောင်၊ တိုကျိုရဲ့ နံနက်ခင်းအလှကို လဲ ကြည့်ရတာပေါ့။”

စကားဝါက မမောတမ်းပြောနေပေမယ့် မင်းဝေလှိုင်ကတော့ မောချင်နေပြီ။

မကြာမီ မြေအောက်လှေကားအတိုင်း ဘူတာရုံသို့ ဆင်းခဲ့ကြသည်။

“ကိုမင်း လက်မှတ်ဝယ်ရအောင်၊ ရှေ့ဒီမှာအကြွေတွေယူထား၊ နောက်လဲ သုံးလို့ရအောင်လို့။”

စကားဝါလှမ်းပေးသောအကြွေက ယန်း ၂၀၀၀ ဖိုးခန့်ရှိမည်။ လက်မှတ်ဝယ်မည်ဟုသာဆိုသည်။ လက်မှတ်အရောင်းကောင်တာကို မင်းဝေလှိုင်မတွေ့။





“ကိုမင်း ဒီမှာလေ ကြည့်။”

စက်ခုံတစ်ခုထဲသို့ အကြွေများထိုးထည့်နေသည်ကို မင်းဝေလှိုင် တွေ့လိုက်ရတော့မှ-

“ဒီစက်က လက်မှတ်ရောင်းတယ်လေ၊ အကြွေယန်း ၁၂၀ ကို ဒီလိုထည့်ပြီး၊ ဟောဒီက ခလုပ်ကို အသာနှိပ်လိုက်။”

အဲ တယ်ဟုတ်ပါလား။ “ချလောက်” ဆိုကာ လက်မှတ်ကတ်ပြားလေးထွက်လာသည်။

ပြီးနောက် လက်မှတ်ကတ်ကို ဘူတာအဝင် ဂိတ်လက်တန်းဘောင်တွင် အသာထိုးထည့်ကြည့်လိုက်သောအခါ အဝင်ဂိတ်လက်တံပွင့်လာပြီး ဘူတာအတွင်းဝင်၍ ရတော့သည်။ ကောင်းလိုက်သည့်စနစ်။

ဘူတာတွင် ရထားစောင့်နေသူများကို တွေ့ရသည်။

“လူကများလှချည်လား၊ ရထားအလာကျဲလို့လား။”

“မဟုတ်ဘူး၊ ခုနစ်မိနစ်တစ်ကြိမ်လောက်လာတယ်၊ အချိန်တိကျတယ်။ ရထားစီးခရီးသည်ကများလို့ပါ၊ ကိုမင်း သတိထားမိလားမသိဘူး၊ တိုကျိုမှာ မြေပေါ်ယာဉ်လိုင်းရယ်လို့ များများစားစားမရှိဘူးလေ၊ ထားလဲမထားဘူး၊ ခရီးသွားတွေအတွက် အချိန်ပေးရလို့လေ၊ ရထားက မြန်တယ်၊ ခဏဆို လိုရာခရီးရောက်ပြီ၊ ဒီမှာက အလုပ်ဆင်း၊ အလုပ်တက် ဘယ်ပဲသွားသွား မြေအောက်ရထားကိုပဲ အားကိုးကြတာ၊ ဂျပန်တွေက အချိန်ကို တန်ဖိုးထားတဲ့သူတွေများတယ်။”

“ဟုတ်လား။”

“ဟုတ်တယ်၊ ကိုမင်းသတိထားမိလိမ့်မယ်၊ ဂျပန်တွေ ခပ်သွက်သွက် လမ်းလျှောက်နေကြတာ၊ အဲဒါက ရာသီက အေးလို့လဲပါသလို အချိန်ကို လုနေကြတာလဲပါတယ်။”

စကားဝါက စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။ ခဏကြာတော့

ရထား ဆိုက်လာသည်။ ရထားက လူအပြည့်နှင့်ဖြစ်၏။ ထိုင်စရာမပြောနှင့် ရပ်စရာနေရာပင် အတော်ယူရမည်။

ရထားပေါ်ရောက်တော့ စကားဝါ ကိုယ်လုံးလေး ကိုမင်း ရင်ခွင်ထဲ ရောက်လာသည်။ စကားဝါ့ကိုယ်သင်းရနံ့ကလည်း သင်းပျံ့လို့နေသည်။ စကားဝါက ကိုမင်းကို တစ်ချက်မော့ကြည့်ပြီး–

" ကိုမင်း မွန်းကျပ်နေပြီလားဟင်"

အားနာသော အပြောဟု ကိုမင်းသိလိုက်သော်လည်း စကားဝါနှင့် ယခုလို သွားလာရတာကို ကိုမင်းကျေနပ်နေမိသည်။ ပျော်နေမိသည်။

"ကိုမင်း ဟိုမှာကြည့်စမ်း"

စကားဝါ ညွှန်ပြရာကို ကြည့်လိုက်တော့ ရထားတံခါးပေါက်အပေါ်ဘက် မျက်နှာကျက်တွင် ပင့်ကူအိမ်ကဲ့သို့ ရှုပ်ထွေးနေသော မြေအောက်ရထား လမ်းကြောင်းများ ပြထားသည့်မြေပုံကို တွေ့ရသည်။

" ပင့်ကူအိမ် ကျနေတာပဲ၊ ရထားလိုင်းတွေ ပြထားတဲ့မြေပုံမဟုတ်လား"

"ဟုတ်တယ် ကိုမင်း၊ ကိုမင်းကို အဲဒီ ပင့်ကူလမ်းကြောင်းတွေထဲမှာ ထားခဲ့ရင် ကိုမင်း အဲဒီလမ်းကြောင်းထဲက ထွက်နိုင်ပါ့မလား"

စကားဝါ ဘာကိုပြောချင်ပါသလဲ။ တစ်ယောက်ထဲ မြေအောက်ရထားလိုင်းကို စီးတတ်သလားဟု မေးချင်တာလား––။ ဒါမှမဟုတ် ပင့်ကူမျှင် သံယောဇဉ်ထဲက ကိုမင်းရုန်းထွက်နိုင်ပါ့မလားဟု မေးချင်တာလား..."

ကိုမင်းကတော့ စကားဝါ့ကို သံယောဇဉ်တွယ်စ ပြုနေသည်ကတော့ အမှန်ပါ။





ရထားမှာ မည်မျှပင်မကြာလိုက်။ ဘူတာရုံတစ်ရုံသို့ အရောက်တွင် "ဆင်းကြမယ်"ဟုဆိုကာ ကိုမင်းလက်ကို စကားဝါဆွဲကာ ရထားတွင်းမှ ထွက်သည်။ သည်ဘူတာတွင် လူတော်တော်များများ ဆင်းကြ၏။ ဤနေရာသည် တိုကျိုမြို့လယ်ကောင်နှင့်နီးသဖြင့် လူအဆင်းအတက်များကြောင်း စကားဝါက ပြောသည်။

'မြေအောက်မှ တက်တော့မှအပေါ်တွင် အသက်ရှူဝသလို ခံစားရသည်။ တိုကျိုမြို့လယ်မြင်ကွင်းသည် လူများ၊ ကားများဖြင့် ပျားပန်းခတ်နေသည်။

"လာ ကိုမင်း၊ရှေ့နားမှာအဆာပြေကော်ဖီသောက်ရအောင် "

အဲ ကော်ဖီဆိုင်ဝင်ဦးမယ်တဲ့။ ပန်းခြံမှ ရောက်ပါ့ဦးမလား၊ ထိုသို့ တွေးနေစဉ်–

"ရော့– ကိုမင်း ဟောဒီမှာ ကော်ဖီပူပူလေး သောက်လိုက်၊ အချမ်းပြေတယ် "

ဟုတ်ပေ့ တိုကျိုရယ်၊ လမ်းဘေးကော်ဖီဆိုင်က ဖျော်သူမရှိ၊ ရောင်းသူမရှိ၊ အချိန်စောင့်ရန်မလို၊ ပိုက်ဆံအကြွေလေးထည့်ပြီး အပူအအေး လိုရာခလုပ်ကို နှိပ်လိုက်သည်နှင့် အလိုရှိရာကို အဆင်သင့် ထွက်ကျလာသည့် စက်ရုပ်ကော်ဖီဆိုင်။

"ဒီမှာက လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်တို့ ထမင်းဆိုင်တို့ကို သတ်မှတ်ဆိုင်နဲ့ ရောင်းတာမရှိဘူး၊ အားလုံး ရယ်ဒီမိတ်ချည်းပဲ၊ ထမင်းစားချင်တယ်ဆိုရင်လဲ စတိုးဆိုင်တွေမှာ ဗူးနဲ့ထည့်ပြီးသားထမင်းနဲ့ ဟင်းပူပူနွေးနွေးကိုရနိုင်တယ်။ ကိုယ်ကြိုက်တဲ့ ထမင်းနဲ့ဟင်းကို ဝယ်စားလို့ရတယ်။ သတ်မှတ်ဈေးနှုန်းကလဲ ကပ်ပြီးသား၊ ဆိုင်ထိုင်ရတဲ့ အချိန်သက်သာတော့ အချိန်ကို အခြားနေရာမှာ အသုံးချလို့ရတာပေါ့ "

အင်း သူတို့များ အချိန်ကို အကျိုးရှိရှိသုံးလိုက်ပုံဟုတွေးမိရင်း ဂျပန်နိုင်ငံကြီး အချိန်တိုအတွင်း တိုးတက်ဖွံ့ဖြိုးလာပုံကို ကိုမင်းပြေး၍ သတိရလိုက်မိသည်။

"ကိုမင်း ဟိုရှေ့မှာ ပန်းခြံရောက်ပြီလေ"

စကားဝါညွှန်ပြရာသို့ လှမ်းကြည့်လိုက်တော့ ရောင်စုံသစ်ပင်ကြီးများ အပြည့်ဖြင့် လှပနေသော ပန်းခြံကြီးတစ်ခု။ ကလေးများ ဟိုတစ်စု သည်တစ်စု ပြေးလွှားဆော့ကစားနေသည်ကို တွေ့ရသည်။ သက်ကြီးရွယ်အို အချို့သည်လည်း ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ကာ တိုကျို၏ အအေးဒဏ်ကို ကာကွယ်နေကြသည်။ အချို့ခုံတန်းများတွင် မိသားစုအချို့ကို အစုလိုက် အစုလိုက်တွေ့နေရသည်။ အချို့နေရာများတွင်ကား ချစ်သူစုံတွဲများ...။

"ဒီပန်းခြံကို ယိုယိုဂျီ ( YoYo Gi )ပန်းခြံလို့ ခေါ်တယ်။ တိုကျိုမှာတော့ အစည်ကားဆုံး၊ အထင်ရှားဆုံး ပန်းခြံထဲမှာပါတယ်။"

"သစ်ပင်တွေက ရောင်စုံအရွက်တွေနဲ့ လှတယ်နော်။"

" ဟုတ်တယ်ကိုမင်း၊ အဲဒီအပင်တွေကို မိုမီဂျီအပင်လို့ ခေါ်တယ်။ အများအားဖြင့် လိမ္မော်ရောင်၊ အဝါရောင်၊ နီညိုရောင် ၊ဖက်ဖူးရောင်၊ အနီရောင် အရွက်တွေနဲ့ အမြဲလှပနေတတ်တယ်။ အထူးသဖြင့် ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေမှာ တွေ့ရလေ့ရှိတယ်။ နံနက်ခင်းဆည်းဆာနဲ့၊ ညနေဆည်းဆာနေခြည်အောက်မှာ အဲဒီအပင်တွေဟာ သိပ်လှတယ်လို့ ထင်ရတယ် "

"အင်း ကိုမင်းအတွက်တော့ ဒီဂျပန်ရောက်ကတည်းက အထူးအဆန်းတွေနဲ့ချည်း တွေ့နေရတော့တာပဲ။"

နှစ်ဦးသားပန်းခြံအတွင်း လမ်းလျှောက်ကြပြီး ခဏကြာတော့ မိုမီဂျီ အပင်တစ်ပင်အောက်ရှိ ခုံတန်းတစ်ခုတွင် ထိုင်ဖြစ်ကြသည်။





"ကိုမင်း သိချင်တာ စကားဝါမပြောသေးဘူးနော်"

"ဘာများပါလိမ့် ကိုမင်း"

"စကားဝါ မြန်မာဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်နေတဲ့အကြောင်းလေ "

စကားဝါ ကိုမင်းကို တစ်ချက်စေ့စေ့ကြည့်ပြီးနောက် မိုမီဂျီပင်တန်းများဆီသို့ အကြည့်ရောက်ကာ–

"မြန်မာစကားကို စကားဝါသင်ခဲ့ရတဲ့ အကြောင်းရှိခဲ့တယ်ကိုမင်း၊ ဒီအကြောင်းကိုပြောရရင် အရှည်ကြီးပဲ၊ လောလောဆယ် ကိုမင်းနားလည်အောင် ပြောရင်တော့ စကားဝါရဲ့ အဘိုးက စရမှာပဲ၊ အဘိုးက မြန်မာပြည်ကိုရောက်ခဲ့တဲ့ ဂျပန်စစ်ပြန်ကြီးလေ၊ အခုတော့ ဆုံးသွားပါပြီ၊ စကားဝါက အဘိုးကိုသိပ်ချစ်တာ၊ အဘိုးက မြန်မာပြည်အကြောင်းကို အမြဲပြောလေ့ရှိတယ်၊ မြန်မာပြည်ရဲ့ သာယာလှပပုံတွေ၊ မြန်မာပြည်က အထင်ကရနေရာတွေအကြောင်း၊ ပြီးတော့ မြန်မာလူမျိုးတွေအကြောင်း၊ အို– စုံနေတာပါပဲ၊၊ ငယ်ငယ်ကတည်းက မြန်မာပြည်အကြောင်းကို စကားဝါ ကောင်းကောင်းရင်းနှီးခဲ့ရတယ်၊ အဘိုးရဲ့ ပြောစကားတွေ ကြားရတော့ မြန်မာပြည်ကို ရောက်ချင်နေမိခဲ့တယ်။"

ကိုမင်း စကားဝါကို စေ့စေ့ကြည့်ရင်း သူမ၏ စကားများကို စိတ်ဝင်တစား နားထောင်နေမိသည်။

"ဒီတော့ မြန်မာပြည်အကြောင်း စိတ်ဝင်စားတဲ့စကားဝါဟာ တက္ကသိုလ်ရောက်တော့ မိုင်နာဘာသာအဖြစ် မြန်မာဘာသာကို ယူဖြစ်ခဲ့တယ်၊ တက္ကသိုလ်မှာ မြန်မာပြည်က ဧည့်ပါမောက္ခတွေက မြန်မာဘာသာစကားကို လာသင်ပေးကြတယ်လေ၊ တကယ်တော့ စကားဝါက အင်္ဂလိပ်စာမေဂျာနဲ့ ဘွဲ့ရခဲ့တာပါ၊ ကျောင်းပြီးတော့ နိုင်ငံခြားသတင်းထောက်များအသင်းမှာ အလုပ်ဝင်ခဲ့တယ်လေ၊ နိုင်ငံခြား

သတင်းထောက်များအသင်းနဲ့ ဂျပန်–မြန်မာ ချစ်ကြည်ရေး အသင်းတွေရဲ့ နိုင်ငံခြားဧည့်သည်လာရင် စကားဝါက ဆက်သွယ်ရေး အရာရှိလိုတစ်မျိုး၊ ဧည့်လမ်းညွှန်လိုတစ်မျိုး လုပ်ရတယ်လေ၊ အဲဒီအထဲမှာ မြန်မာဧည့်သည် တွေ့ပါလာရင် သိပ်ပျော်မိတယ် ”

စကားဝါ စကားခဏရပ်သည်။ ပြီးမှ ကိုမင်းဘက်လှည့်၍

“ဒီတစ်ခါလာတဲ့ဧည့်သည်ထဲမှာ ကိုမင်းပါတော့ပိုပျော်မိတယ်”

“ဘာဖြစ်လို့”

“ကိုမင်းက ပုဂံသားလေ၊ ပုဂံသားဖြစ်လို့ပေါ့”

စကားဝါ့စကားကို ကိုမင်းနားမလည်အောင် ဖြစ်ရသည်။

“စကားဝါ့စကားကို ကိုမင်းနားမလည်ဘူး၊ ရှင်းပြပါလား”

စကားဝါ တစ်ချက်ပြုံးသည်။

“အချိန်တွေအများကြီးရှိပါသေးတယ်ကိုမင်း၊ ပြောရမှာလဲ အရှည်ကြီး ကျန်သေးတယ်၊ ညနေလဲ မိတ်ဆက်ပွဲတက်ရဦးမယ်ဆိုတော့ ပြန်ကြရအောင်”

ကိုမင်း အဖြေမရလိုက်ဘဲ စကားဝါနောက်က ထလိုက်ဖြစ်သွားသည်။

တကယ်တော့ အသံဝဲဝဲဖြင့် စကားဝါရဲ့ မြန်မာစကား ပြောဟန်လေးက ချစ်စရာပါ။

အေးမြမြ တိုကျိုဆောင်းရဲ့ညနေခင်းမှာ စကားဝါရဲ့ ကြိုဆိုမှုနဲ့ ဂရုစိုက်မှု တွေကလည်း နွေးထွေးလျက်ပါ။

ပြောရလျှင် စကားဝါနှင့်အတူသွားလာရခြင်းကို ကိုမင်းအတွက် ကျေနပ်ဖွယ်တွေပါ။ သို့ပေမယ့် စကားဝါဆီက ကြားလိုက်ရတဲ့ “ ကိုမင်းကြောင့် ပိုပျော်ရတယ်။ ပုဂံသားဖြစ်လို့ ပိုပျော်ရတယ်”ဆိုတဲ့ စကားတွေက ကိုမင်း အတွက်တော့ ပဟေဋ္ဌိဆန်လွန်းလှပါလား မိန်းကလေးရယ်။

* * *



# အခန်း ( ၃ )

ဂျပန်နိုင်ငံခြား သတင်းထောက်များအသင်းခန်းမ။

လူအတော်စုံပြီ။ အာဆီယံ(၁၀)နိုင်ငံမှ ကိုယ်စားလှယ်များအား မိတ်ဆက်ပွဲဟုဆိုသော်လည်း ဖိတ်ကြားထားသူအတော်များသည်။ နိုင်ငံခြားသတင်းထောက်များ အသင်းဝင်များ၊ အာဆီယံ–ဂျပန် စင်တာမှ ပုဂ္ဂိုလ်များ၊ ပြီးတော့သံရုံးမှ ပုဂ္ဂိုလ်များ။

စကားဝါ အလုပ်တွေများနေသည်။ အခမ်းအနားစနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်နေသည်။

ထိုအချိန်တွင် ကိုမင်းက ဗီယက်နမ်သူ မစ္စတူဖောင်းနှင့် စကားလက်ဆုံကျနေမိ၏။ အနားတွင် ကမ္ဘောဒီးယားသား မစ္စတာဖီရွှန်လည်း ရှိနေ၏။

မစ္စတူဖောင်းက အသက် ၂၅နှစ်ခန့်ပင် ရှိဦးမည်ထင်သည်။ အင်္ဂလိပ်စကားကို ကောင်းကောင်းပြောနိုင်သည်။ သွက်လက်သူလေး ဖြစ်သည်။

ကိုမင်းစကားဝါကို တစ်ချက်လှမ်းကြည့်လိုက်တော့ အကြည့်ချင်းဆုံပြီး စကားဝါက ခပ်လှမ်းလှမ်းမှ ပြုံးပြသည်ကို ကိုမင်းအသိအမှတ်ပြု ခေါင်းညိတ်ပြလိုက်သည်။

အခမ်းအနားစပြီ။

အခမ်းအနားမှူးကတော့ ထင်သည့်အတိုင်း မစ္စဝါရှီ (ခေါ်) စကားဝါပင် ဖြစ်သည်။ စကားဝါ၏ အဝတ်အစားမှာ သူမအသားအရေ၊ သူမ၏ မနိမ့်မမြင့် အရပ်အမောင်းနှင့် လိုက်ဖက်လှ၏။ ကျောလယ်နီးနီးရှိ နက်မှောင်သောဆံပင်ကို နောက်တွင် ဖဲကြိုးပြာလေးဖြင့် နှစ်ထပ်စီးထားသည်။ အပြာနုရောင် ကြယ်သီးရင်စေ့ လက်စက အင်္ကျီနှင့် ထမီစကာဒ်ကို ဝတ်ထားသည်။ ခါးတွင် ခါးပတ်သေးသေးလေးကိုပင် ပတ်ထားလိုက်ပြီး အပြာရောင် ဒေါက်ဖိနပ်ထူထူလေးဝတ်ထား သည်မှာ ကြည့်လို့ကောင်းနေသည်။

"ဒီနေ့ အခမ်းအနားကတော့ အာဆီယံ–ဂျပန် အပြန်အလှန်ဆက်ဆံရေး နှစ်ပတ်လည်အစီအစဉ်အဖြစ် ဂျပန်ကို လာရောက်လေ့လာကြတဲ့ အာဆီယံ (၁၀)နိုင်ငံက မိတ်ဆွေတွေကို ကြိုဆိုမိတ်ဆက်တဲ့ပွဲပါပဲ–။"

စကားဝါ၏အသံ၊ စကားဝါ၏ပြောဟန်တို့က တက်ကြွရွှင်လန်းနေသည်။ တက်ရောက်လာသူများအားလုံး၏ အကြည့်က စကားဝါ့ထံရောက်သွားကြသည်။

စကားဝါ၏ဘေးဆီတွင် ကိုမင်းအပါအဝင် အာဆီယံ (၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ ဘေးချင်းယှဉ်တန်းစီပြီး အနေအထား ရှိနေသည်။

စကားဝါက တစ်ဦးချင်းကိုတက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီးနောက် ယခုတစ်ဖန် မိတ်ဆက်ခံရသူများ ကိုယ်တိုင်က မိမိအကြောင်းကို အကျဉ်းမျှ ပြန်လည်မိတ်ဆက်ပေးရမည့် အစီအစဉ်ဖြစ်သည်။

တစ်ယောက်ချင်းကို တက်ရောက်လာသူများနှင့် စကားဝါ မိတ်ဆက်ပေးသည်။ အားလုံးအင်္ဂလိပ်ဘာသာစကားဖြင့် မိတ်ဆက်ကြခြင်းဖြစ်သည်။





ကိုမင်းအလှည့်ရောက်တော့–

"ဒီတစ်ခါ ကိုမင်းအလှည့်နော်"ဟု မြန်မာဘာသာဖြင့် အရင်ဦးစွာ ကိုမင်းကို ခပ်တိုးတိုးလေးပြောပြီးနောက်

"ဒီတစ်ခါ မိတ်ဆက်ပေးရမယ့် ပုဂ္ဂိုလ်ကတော့ မြန်မာနိုင်ငံက ဖြစ်ပါတယ်။ သူ့နာမည်ကတော့ ဦးမင်းဝေလှိုင်ဖြစ်ပါတယ်။ သူကတော့ လူကြီးမင်းတို့ မြန်မာပြည်ကိုရောက်ရင် မဖြစ်မနေသွားဖြစ်လိမ့်မယ့် ပုဂံမြို့က ပုဂံသား ဖြစ်ပါတယ်"

ပုဂံသားဟု စကားဝါ ဘာကြောင့်ထည့်ပြောရတာပါသလဲ၊ ပုဂံနဲ့ စကားဝါ ဘယ်လိုပတ်သက်နေပါသလဲ၊ ကိုမင်းစိတ်ထဲ တွေးမရအောင် ဖြစ်နေစဉ်–

"ဦးမင်းဝေလှိုင်က ပြန်လည်မိတ်ဆက်ပါလိမ့်မယ်"ဟု စကားဝါ ပြောလိုက်သဖြင့် မည်သည့်အကြောင်းကို မိတ်ဆက်ရမှန်းမသိ ခေတ္တမျှ ကိုမင်း အကြပ်ရိုက်သွားခဲ့သည်။

ပြီးမှ သတိရပြီး–

"ကျွန်တော မင်းဝေလှိုင်ပါ၊ ခုလို လူကြီးမင်းတို့က ကျွန်တော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့အတွက် ကျွန်တော် အထူးပဲဝမ်းသာပါတယ်။ ခုနက မစ္စဝါရှီပြောသလိုပါပဲ၊ ကျွန်တော်က ပုဂံ–ညောင်ဦးဇာတိပါ၊ မြန်မာနိုင်ငံ ပုဂံကို လူကြီးမင်းတို့ သိကြမှာပါ။ မြန်မာနိုင်ငံက ထင်ရှားတဲ့ ရှေးဟောင်းမြို့ဖြစ်တဲ့အပြင် ဗုဒ္ဓယဉ်ကျေးမှု အမွေတွေများစွာ ထွန်းကား တည်ရှိခဲ့တဲ့မြို့ လည်း ဖြစ်ပါတယ်။ တကယ်လို့ လူကြီးမင်းတို့ ကျွန်တော်တို့ မြန်မာနိုင်ငံကို လာလည်ဖြစ်တဲ့ အခါမှာလဲ အဲဒီပုဂံ–ညောင်ဦးဒေသကို လိုက်ပါပို့ဆောင်ရင်း ဧည့်ဝတ်ကျေပါရစေ"

မိတ်ဆက်အပြီး တက်ရောက်လာသူများထံမှ လက်ခုပ်သံများ ကြားလိုက်ရသည်။

အားလုံးမိတ်ဆက်ပြီးတော့ ညစာဖြင့် ညှိခံသည်။ အစီအစဉ်မှာ အဖျော်ယမကာနှင့် ဘူဖေးစားပွဲများ။

မိမိသောက်ချင်သည်ကို ယူသောက်နိုင်သည်။ မိမိစားချင်သည်ကို ကြိုက်သ လော[illegible]ယူစားနိုင်သည်။

မစ္စတူဖောင်းနှင့် မစ္စတာဖိရှုန်တို့နှစ်ဦး ဝီစကီခွက်ကိုယ်စီကိုင်၍ ကိုမင်းအနား သို့ရောက်လာသည်။

"အဲနီးဒရင့် မစ္စတာဦး"

မစ္စတူဖောင်းက မသောက်ဘူးလားဟုမေးစဉ် ကိုမင်းသတိရလာပြီး စားပွဲပေါ်မှ ဝီစကီတစ်ခွက်ကို သွားယူလိုက်သည်။ ပြီးနောက် မစ္စတူဖောင်းတို့ အနီးသို့ ပြန်အလာတွင် စကားဝါကလည်း သူ့နောက်မှ ကပ်ပါလာသည်ကို ကိုမင်းသတိထားမိလိုက်သည်။

စကားဝါကိုတွေ့တော့ မစ္စတူဖောင်းက

"မစ္စဝါရှိ ပင်ပန်းသွားပြီလား"ဟုမေးစဉ်

"မပင်ပန်းတဲ့အပြင် ပျော်လို့တောင်နေပါတယ်"ဟု စကားဝါက ဆိုသည်။

ထိုစဉ် ကိုမင်းက စကားဝါ့လက်ထဲမှ ဖန်ခွက်ကို သတိထားလိုက်မိပြီး

"ဟင် စကားဝါ အချိုရည်တွေပါလား၊ ဝီစကီလေး– ဝိုင်လေး"

"ဟိုး–ဟိုး မစ္စတာဦး ဦးမင်းဝေလှိုင်တို့ တိုင်းပြည်က မြန်မာမလေးတွေ အရက်သောက်တတ်သလား"ဟု မစ္စတူဖောင်းတို့ ခေါ်သည့် အမည်အတိုင်း ခေါ်ကာမေးသည်။

"နိုး မသောက်တတ်ပါဘူး၊ သောက်လေ့မရှိပါဘူး"

"စကားဝါကလဲ မြန်မာတွေကိုချစ်တဲ့ မြန်မာမလေးဖြစ်ချင်တဲ့ မြန်မာရဲ့ အညာဒေသက စကားဝါလေ"





သွားပြီ။ စကားဝါရဲ့ ပစ်ချက်က ကိုမင်းကိုတည့်တည့်မှန်သွားပြီ။

"ဟို– ကိုမင်းကလဲ မိတ်ဖြစ်ဆွေဖြစ်အဖြစ် ဝီစကီနည်းနည်းပါ။ ဒီလိုပွဲမျိုးမှာမှ သောက်ဖြစ်တာပါ"

"အိုး မစ္စတာဦး နဲဗားမိုင်း ကိစ္စမရှိပါဘူး၊ ယောက်ျားလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့"ဟု စကားဝါက ဆိုသည်။

စကားဝါပျော်နေသည်။ သူ့ကိုမေးရင် ကိုမင်းအနားမှာ ရှိလို့လေဟု ပြောဦးမလားမသိ။ သို့ပေမယ့် သူ့ကို မစ္စတာဦးလို့ ပြောင်းခေါ်သည်ကိုတော့ ကိုမင်းမကျေနပ်။

"နေပါဦး စကားဝါ ကိုမင်းကို မစ္စတာဦး မစ္စတာဦးနဲ့ ဘာဖြစ်နေတာလဲ၊ ဒါဆို မစ္စတူဖောင်းတို့ကိုလဲ ကိုယ့်ကို ကိုမင်းလို့ ခေါ်ပါလို့ ပြောလိုက်ရမလား"

"နိုး–နိုး That's for me only. ဒီနာမည်က စကားဝါ့အတွက် မူပိုင်လေ။ မစ္စတာဦးဆိုတဲ့ နာမည်ကလဲ ခေါ်လို့ကောင်းလို့ပါ " ဟူ၍ မျက်နှာ မချိုမချဉ်ဖြင့် စကားဝါနောက်ပြောင် ပြောလိုက်သည်။

တကယ်တော့ ကိုမင်းနာမည် ဦးမင်းဝေလှိုင် ရှေ့က "U" ကိုယူ၍ Mr.U ဟုအဖွဲ့သားများက အလွယ်တကူ ခေါ်လိုက်ခြင်း ဖြစ်သည်။ နောင်တွင် စကားဝါမှအပ ကျန်အဖွဲ့ဝင်များ၊ ထပ်မံသိကျွမ်းရသူများက ကိုမင်းကို "မစ္စတာဦး" ဟုပင်ခေါ်ကြတော့သည်။

သည်ညတွင် ကိုမင်းတို့အဖွဲ့၏ ဂျပန်ပြည်အတွင်း ခရီးစဉ်၌ လိုက်ပါရန် ဆက်သွယ်ရေးအရာရှိ နောက်တစ်ဦးကို တွဲပေးသည်။ သူ့နာမည်က မစ္စတာ ဟီရိုကီယာနာဂီဆာဝါ ဖြစ်သည်။ လူငယ်ပင် ဖြစ်၏။

အားလုံးက သူ့ရှေ့နာမည်ကိုပင်ယူ၍ မစ္စတာဟီရိုကီဟုပင် ခေါ်လိုက်ကြသည်။ ရုပ်ချောသူ၊ ဖော်ရွေပြီး ပျော်တတ်သူ၊ အပြော

ကောင်းသူတစ်ဦးဖြစ်၍ အချို့ကလည်း ချစ်စနိုးခေါ်ကြသည်။ မစွတာ ဟီးရိုးတဲ့–။

တိုကျိုညသည် တိတ်ဆိတ်စပြုနေပြီ။ ခေတ်မီစတိုးဆိုင်ကြီးများသည် ညရနာရီခန့်ကပင် ပိတ်သိမ်းကြကြောင်း သိရသည်။ လမ်းသွားလမ်းလာ အနည်းငယ်နှင့် အငှားကားငယ်အချို့ကိုသာ လမ်းများပေါ်တွင် တွေ့ရသည်။

ဟိုတယ်ပြန်ရောက်တော့ ည ၁၁ နာရီထိုးနေပြီ။

တိုကျိုညသည် လူခြေတိတ်စပြုနေသော်လည်း အဆောက်အဦးများ စတိုးဆိုင်ကြီးများတွင် ထွန်းထားသော နီယွန်မီးများကြောင့် တိုကျိုညသည် လှပနေဆဲ၊ အသက်ဝင်နေဆဲ၊ အအေးဓာတ်ကလည်း တိုးလို့နေဆဲ။

* * *



## အခန်း ( ၄ )

"တီ"

ဟိုတယ်ခန်းက ဘဲလ်တီးသံ ကိုမင်းကြားလိုက်ရသည်။ ကုတင်ခေါင်းရင်းတွင် တင်ထားသော လက်ပတ်နာရီကို ယူကြည့်လိုက်တော့ နံနက် ၆ နာရီခွဲ။

"အစောကြီးရှိသေးတယ်။ ဘယ်သူများပါလိမ့်"ဟုတွေးမိကာ ကိုမင်း–ခြုံစောင်ကို ဖယ်၍ တံခါးဆီသို့သွားသည်။ တံခါး ဖွင့်ပေးလိုက်သောအခါ တွေ့လိုက်ရသည်က စကားဝါ။

"ဟာ–အစောကြီးရှိသေးတယ်။ ဒီမှာအိပ်လို့ကောင်းတုန်း "

"ကိုမင်းကလဲ ခြောက်နာရီခွဲနေပြီလေ၊ ဂျပန်မှာ ဒီအချိန်ဆို အချို့က အလုပ်ခွင်ကို သွားကြပြီ၊ ဘယ့်နဲ့လဲ ညက တော်တော်နဲ့ အိပ်မပျော်ဘူးနဲ့တူတယ်၊ ကေန္တ မြန်မာပြည်က ကျန်ခဲ့သူလေးကို သတိရနေပြီ ထင်တယ်။"

"အာ စကားဝါကလဲ မဟုတ်ရပါဘူး၊ အေးအေးနဲ့ ကွေးနေမိလို့ပါ"

"အာ မရဘူး နောက်နေ့ဆို စကားဝါ စောစောလာပြီး ကိုမင်းနဲ့ အတူ လမ်းလျှောက်မယ်၊ ဒါမှကျန်းမာရေးနဲ့ညီညွတ်မှာ၊ ကိုမင်းဝတာ

လေးလဲလျှော့သွားအောင်ပေါ့။ ကဲ အခုတော့ မျက်နှာသစ်၊ ရေချိုးချင်ရင်လဲ ချိုးလိုက်ဦး။ အဲ–ရေချိုးရင် ရေနွေးနဲ့ စပ်ချိုးနော်၊ ကိုယ့်အရပ်ကိုယ့်ဒေသမဟုတ်တော့ သွားသွားလာလာ စားစားသောက်သောက် သတိတော့ထား၊ ကဲကဲ စကားဝါ Breakfast စားဖို့ ဒုတိယထပ်က ဂင်ဇာစားသောက်ခန်းမှာ စောင့်နေမယ်၊ ဂျပန်ဘူဖေးစားကြတာပေါ့"

ပြောပြောဆိုဆို စကားဝါလှည့်ထွက်သွားတော့ ကိုမင်း အခန်းတံခါးကို အသာပိတ်ပြီး ခေါင်းရင်းမှန်တံခါးမှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။

ဟုတ်ပေသားပဲ။ တိုကျိုမြို့၏ နံနက်ခင်းနေခြည်အောက်တွင် လူများ၊ ကားများ ဥဒဟိုသွားလာကာ အလုပ်ခွင်ဝင်နေပြီပဲ၊ သည်အချိန်ဆို မြန်မာပြည်တွင် နံနက်လေးနာရီကျော်ကျော်သာ ရှိဦးမည်မို့ မြန်မာပြည်သူ၊ ပြည်သားများ အိပ်ကောင်းဆဲ ရှိနေဦးမည်လေ။

သည်နေ့ တစ်နေကုန်အပြင်မှာ ရှိမည်ဖြစ်၍ ရေချိုးချိန်ရမည် မဟုတ်။ အမြန်ရေချိုးလိုက်မည်ဟု ကိုမင်းစဉ်းစားလိုက်သည်။ ရေချိုးခန်းတွင် ရေပူရေအေး အဆင်သင့်စပ်ချိုးနိုင်သည်။ ဆပ်ပြာ၊ ခေါင်းလျှော်ရည် အဆင်သင့်ရှိသည်။ တစ်ခါသုံးဗူးနှင့်တော့ မဟုတ်၊ ခလုပ်ကလေးနှိပ်လိုက်သည်နှင့် ဆပ်ပြာ၊ ခေါင်းလျှော်ရည် လိုရာကျလာသည်။ အိမ်သာခွက်ကိုလည်း ကြည့်အုံး ၊ရေသုံးလိုက ပိုက်နှင့်မဟုတ်၊ အိမ်သာခွက်တွင် တပ်ထားသော ခလုပ်များကို နှိပ်လိုက်သည်နှင့် ကိုယ်သုံးလိုသည့် ရေပန်းအနေ အထားကိုရနိုင်သည်။ ရေပူယူမလား။ ရေအေးယူ မလား။ အင်း–အဆင့်တော့မြင့်သား ...။

ဟိုတယ်ခန်းကတော့ မြန်မာပြည်က ဟိုတယ်ခန်းများထက်ငယ်သည်။ ကုတင်တစ်လုံးစာနှင့် လူတစ်ကိုယ်လမ်းလျှောက်နိုင် စာလောက်သာကျယ်သည်။





မနက်စောစော ရေချိုးနေကြမဟုတ်သဖြင့် ရေပူရေအေးစပ်ကာ ခပ်မြန်မြန်ပင် ရေချိုးလိုက်သည်။ ပြီးနောက် စပို့ရှပ်နှင့် ဘောင်းဘီရှည်ကိုဝတ်၊ အပေါ်က ဂျာကင်ခပ်ထူထူကို ထပ်ဝတ်သည်။

အားလုံးပြီးစီးတော့ ခုနစ်နာရီထိုးလုပြီ။ စားသောက်ခန်းကို ဆင်းရန်အခန်းမှအထွက် မစ္စတူဖောင်းကို တွေ့လိုက်ရသည်။

"ဂွတ်မောနင်း မစ္စတာဦး၊ ဘရိတ်ဖက်စ်ခန်းသွားမလို့လား "

"ဂွတ်မောနင်း မစ္စတူဖောင်း၊ ဒုတိယထပ်စားသောက်ခန်းမှာ မစ္စဝါရှိစောင့်နေတယ်၊ အတူသွားကြရအောင်လေ။"

စားသောက်ခန်းမထဲတွင် စကားဝါကော်ဖီသောက်ရင်း စောင့်နေသည်။

"လာ ကိုမင်း၊ ဟော မစ္စတူဖောင်းလဲပါလာတာကိုး"

"ဟုတ်တယ် မစ္စဝါရှိ၊ မစ္စတာဦးနဲ့တွေ့တာနဲ့."

သုံးယောက်သား ပုဂံကိုယ်စီဆွဲ၍ နှစ်သက်ရာ အစားအသောက်များကို ထည့်ကြသည်။ ထိုစဉ် စကားဝါက ကိုမင်းပုဂံထဲသို့ ဟင်းအချို့ကို ထည့်ပေးလိုက်သည်။

"ကိုမင်း ဟောဒါလေးစားကြည့်လိုက်၊ ပင်လယ်ရေမှော်လို့ ခေါ်တယ်၊ ကျန်းမာရေးအတွက်အရမ်းကောင်းတယ်၊ ဟောဒါက တူနာငါး၊ မကျက်တကျက် ပြုတ်ပြီးတော့ အချဉ်ရည်နှလေးဆမ်းထားတယ်၊ ငါးစားရင် နှလုံးကျန်းမာရေးကောင်းတယ်လို့ ဆိုကြတယ်။ ပြီးတော့ ဦးနှောက်အတွက်ပါကောင်းတယ်၊ တူနာငါးစားရင် သူငယ်ပြန်တာတို့ အယ်လ်ဇိုင်းမားရောဂါတို့ မဖြစ်ဘူးလို့ဆိုတယ်။"

"ဟင်–ဘယ်လို ဒီအရွယ်ကြီး သူငယ်ပြန်ရဦးမယ် "

ကိုမင်း ရုတ်တရက်လှည့်ပြီးပြောလိုက်တော့ နှစ်ဦးသား အကြည့်ခြင်းဆုံကာ သဘောကျစွာ ရယ်မိကြသည်။

ကိုမင်းကျေနပ်ရပါသည်။ ပျော်လည်း ပျော်ရပါသည်။

ကျေနပ်ရခြင်းက သူသွားလိုရောက်လိုသည့် ဆန္ဒပြင်းပြခဲ့သော ဂျပန်နိုင်ငံသို့ လာရောက်လေ့လာခွင့် ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ပျော်ခြင်းကတော့ စကားဝါမည်သော မြန်မာဆန်သည့် ဂျပန်သူ မိန်းမချောလေးနှင့် တွေ့ဆုံရင်းနှီးခင်မင်ရခြင်း၊ စကားဝါ၏ ဂရုစိုက်မှုတို့ကို ခံရခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

ကိုမင်းနှင့် စကားဝါတို့၏ ရင်းနှီးမှုများကို သတိထားမိသည်က မစ္စတူဖောင်း။

"ကဲ မစ္စတာဦးနဲ့ မစ္စဝါရှိ ဆင်းနှင့်မယ်၊ လော်ဘီထဲကပဲ စောင့်နေမယ်။ ခုလောက်ဆို ဆက်သွယ်ရေးအရာရှိ မစ္စတာ ဟီရိုကီလဲ ရောက်နေပြီထင်တယ်"

"အိုကေ– မစ္စတူဖောင်း ကျွန်မတို့ လိုက်ခဲ့မယ် "

မစ္စတူဖောင်းနှုတ်ဆက်ပြီး လော်ဘီထဲဆင်းသွားသည်။ ပြီးမှ စကားဝါက သတိရဟန်ဖြင့်–

"ဒီနေ့ မနက် မစ္စတာ ဟီရိုကီ ဂျပန်ပြည်ခရီးစဉ်အတွက် အချိန်ဇယားပေးရင်း ရှင်းပြဖို့ရှိတယ်။ အသုံးစရိတ်လဲ ထုတ်ပေးလိမ့်မယ်။ ကိုမင်းတို့အတွက် ဟိုတယ်မှာ တည်းဖို့နဲ့ မနက်စာအတွက်ဌာနက စီစဉ်ပေးထားတယ်။ နေ့လည်စာနဲ့ ညစာအတွက်တော့ ဌာနက ခန့်မှန်းကုန်ကျစရိတ် ထုတ်ပေးလိမ့်မယ်။ ကိုမင်းတို့ ကြိုက်တာ ဝယ်စားလို့ ရတာပေါ့။ ဒီမှာ စားစရာတွေက ရယ်ဒီမိတ်တွေလေ"

စကားဝါက ကိုမင်းကို ရှင်းပြရင်း ကော်ဖီလက်ကျန်ကို မော့သောက်လိုက်သည်။

"လာ ကိုမင်း သွားကြရအောင်၊ အောက်မှာလူစုံရောပေါ့ "

ကိုမင်း စကားဝါနောက်က ထလိုက်သွားသည်။ သွက်လက်





သော စကားဝါ၏ ခြေလှမ်းများကို ကိုမင်းအမီလိုက်နေရသည်။ လော်ဘီ ထဲသို့ ဓာတ်လှေကားဖြင့် ဆင်းမည်။

ဓာတ်လှေကားထဲတွင် နှစ်ယောက်ထဲ–

စကားဝါ၏ ကိုယ်မှရေမွှေးရနံ့က ကိုမင်းအနီးမှ "သင်း"ကနဲ ဖြတ်သွားသည်။ ကိုမင်း စကားဝါကို စေ့စေ့ကြည့်ကာ

"သင့်ခ်ယူစကားဝါ၊ ကျေးဇူးတင်ပါတယ် "

"ဘာအတွက်လဲ ကိုမင်း"

"စကားဝါပေးတဲ့ နွေးထွေးမှုကို ကိုမင်းထိတွေ့ခံစားရလို့ ထင်ပါတယ်။ စကားဝါ ကိုယ့်ကို အခုလို ဂရုစိုက်တာတွေအတွက် ကျေးဇူးတင်ပါတယ် "

"သင့်ခ်ယူ ကိုမင်း "

"ဒါပေမယ့် စကားဝါ့ဆီမှာ အကြွေးကျန်သေးတယ် "

"ဘာများပါလိမ့်"

"မြန်မာပြည်ကိုချစ်တဲ့ မြန်မာမလေးဖြစ်ချင်တဲ့ ဟောဒီစကားဝါရဲ့ အကြောင်းလေ"

"စောပါသေးတယ် ကိုမင်းရယ်၊ မကြာခင် သိရပါလိမ့်မယ်"

နှစ်ဦးသားစကားသံများ တိတ်သွားသည်။ ပြီးနောက် ဓာတ်လှေ ကားတံခါး ပွင့်လာသည်။

လူစုံနေပြီ။

"ဟောဟိုမှာ မစ္စဝါရှိတို့လာနေပြီ "

မစ္စတူဖောင်းက လှမ်းအပြောတွင် ဆက်သွယ်ရေးအရာရှိ မစ္စတာ ဟီရိုကီက–

"ကဲ ဟောဒီမှာ မစ္စတာဦးအတွက် ဂျပန်ပြည်အတွင်း ခရီးစဉ် ဇယားနဲ့ အသုံးစရိတ်စာအိတ်။"

"ကျေးဇူးပဲ မစ္စတာ ဟီရိုကီ။"

ကိုမင်းလှမ်းယူရင်း ကျေးဇူးတင်စကားပြောလိုက်သည်။

ထို့နောက် မစ္စတာ ဟီရိုကီကပင်ဆက်၍–

" ဂျပန်ပြည် ခရီးစဉ်အဖြစ် တိုကျိုရယ်၊ ဟီရိုရှီးမားရယ်၊ ကျိုတိုမြို့ရယ် လေ့လာဖို့ စီစဉ်ထားပါတယ်။ အစီအစဉ်မှာ ပါတဲ့အတိုင်း အချို့ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကအသင်းအဖွဲ့တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ရှေးဟောင်းယဉ်ကျေးမှုနေရာတွေကို လေ့လာဖို့ရှိပါတယ်။ ဒါ့အပြင် ဂျပန်ရိုးရာယဉ်ကျေးမှုကပွဲ၊ နေထိုင်မှုပုံစံ၊ ဂီတဖျော်ဖြေပွဲ အချို့ကိုလဲ ပြသဖို့ စီစဉ်ထားပါတယ်။ ဒီခရီးစဉ်ဟာ မိတ်ဆွေတွေ အားလုံးအတွက် ပျော်ရွှင်ဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် ခရီးစဉ်ဖြစ်ဖို့ ကျွန်တော်နဲ့ ဟောဒီက မစ္စဝါရှိုတို့ကတာဝန်ယူမှာ ဖြစ်ပါတယ် "

မစ္စတာဟီရိုကီက ရှင်းပြစဉ် အားလုံးက စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

"ဒီနေ့ မနက်ပိုင်းမှာ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနဲ့ တွေ့ဆုံပွဲ ရှိပါတယ်။ နေ့လည်ပိုင်းမှာတော့ ဂျပန်နိုင်ငံရဲ့ နာမည်ကြီးဂင်ဇာဈေးကြီးကို လည်ပတ်လေ့လာကြမှာ ဖြစ်ပါတယ်။"

မစ္စတာဟီရိုကီက ရှင်းပြအပြီး အားလုံးဟိုတယ်ရှေ့တွင် စောင့်နေသော မီနီဘတ်စ်ပေါ်တက်ကြသည်။

ဟိုတယ်အပြင်ရောက်မှ သတိထားမိသည်။ အေးလိုက်သည် ဖြစ်ခြင်း။

"ဒီနေ့ တိုကျိုရဲ့ အပူချိန်ဘယ်လောက်လဲ" ဟုမေးတော့ မစ္စတာ ဟီရိုကီက

"ခုနစ်ဒီဂရီစင်တီဂရိတ်"တဲ့။





ကားပေါ် အားလုံးတက်တော့ ကိုမင်းအနီးတွင်လာထိုင်သူက စကားဝါ။

ကားပေါ်ကလူများအားလုံးကြားရအောင် စကားဝါက အင်္ဂလိပ် ဘာသာဖြင့် ပြောလိုက်သေးသည်။

"သွားရင်းလာရင်း သိချင်တာလေးတွေရှိရင်မေးပါ"

ထိုစဉ် ကမ္ဘောဒီးယားသား မစ္စတာဖီရွန်က–

"ကျွန်တော်တို့မေးရင် မစ္စဝါရှို ဖြေမှာလား "

"ကျွန်မ မဖြေဘူး၊ မစ္စတာ ဟီးရိုးဖြေပါလိမ့်မယ် "

တစ်ကားလုံး "ဝါး" ဟူ၍ ပွဲကျသွားသည်။ မစ္စတာဟီရိုကီထံသို့ လှမ်းကြည့်ရင်း စကားဝါပြောလိုက်၍ ဖြစ်၏။

၎င်းနောက် မစ္စတူဖောင်းကစကားဝါအနားကပ်၍ အသံခပ်အုပ်အုပ်ဖြင့်။ "မစ္စတာဦးမေးရင်ရော ဖြေမှာလား" လို့မေးလိုက်ရာ စကားဝါ့မျက်နှာ နှင်းဆီရောင် သန်းသွားသည်။ ၎င်းကို မည်သူမျှသတိမထားမိလိုက်ကြ။

မစ္စတူဖောင်းအမေးကို စကားဝါအပြုံးဖြင့်သာ တုန့်ပြန်လိုက်ပါသည်။

စကားဝါ့ရင်ထဲတွင်တော့ ပီတိတွေဖုံး၊ ပျော်လို့ပင်မဆုံးခဲ့။

တိုကျိုနံနက်ခင်းသည် အေးနေဆဲဖြစ်သော်လည်း စကားဝါ့ရင်ထဲတွင်တော့ နွေးထွေးလို့နေသည်ပင်။

* * *

## အခန်း ( ၅ )

ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်းတည်ရာ Foreign Press Center Japan (FPCJ) သည် တိုကျို၏ ချီယိုဒါကုရပ်ကွက်တွင် ရှိသည်။ Nippon Press Center အဆောက်အဦး၏ ခြောက်ထပ်မြောက် တွင် ဖြစ်၏။

၎င်းအဆောက်အဦးအနီးတွင် စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးဝန်ကြီး ဌာနအဆောက်အဦးများရှိသည်။ ခပ်လှမ်းလှမ်းတွင်မူ ပညာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနအဆောက်အဦးတို့ရှိကြသည်။ ပတ်ပတ်လည်တွင် အစိုးရဝန်ကြီးဌာနရုံးများ အများဆုံးရှိသည်။

တိုကျိုနံနက်ခင်းတွင် လမ်းမများပေါ်၌ လူတို့စည်ကားနေသည်။ အချို့က သူ့ထက်ငါအလုအယက် လမ်းလျှောက်ကာ မိမိလိုရာခရီးသို့ရောက်ရှိရန် စိတ်စောနေပုံရ၏။ အချို့ကမူ အထုပ်အပိုးများ သယ်ပိုးလျက် အရောင်းအဝယ်ကိစ္စများဖြင့် လုံးပန်းနေဟန်ရှိသည်။ တိုကျိုမြို့လမ်းများပေါ်တွင် အများဆုံးတွေ့ရသည်က ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များ၊ တက္ကစီယာဉ်ငယ်များသာဖြစ်သည်။ မြို့သူ၊ မြို့သားများသည်





ပင့်ကူမျှင် သဖွယ် ယှက်နွယ်လိမ်နေသော မြေအောက်ရထားများကိုသ၊ အားကိုး ပြီး မြေပေါ်တွင်မူ တက္ကစီများကိုသာ အားကိုးကြသည်။

မြေအောက်ဘူတာကအတက်တွင်မူ များသောအားဖြင့် တက္ကစီကွင်း(ခေါ်)တက္ကစီယာဉ်များ စုဝေးရာနေရာကိုတွေ့ရသည်။ မြေအောက်ရထားစီးပြီး မြေပေါ်တက်လာသူများအတွက် တက္ကစီကွင်းများမှ ကားတစ်စီးပြီးတစ်စီး တန်းစီဂိတ် ထိုးပေးနေကြသည်မှာ စနစ်ကျလှသည်။ ခရီး သည်များကို အလုအယက်တင်ခြင်းမရှိ။ တက္ကစီကွင်းမှ သူ့အလှည့်ကျထွက်ကာ တန်းစီခြင်း ဖြစ်သည်။

လူအများသည် မြေအောက်ရထားကိုသာ အဓိကထားအားကိုးသဖြင့် ရထားမှာ ခုနစ်မိနစ်တစ်ကြိမ်ခန့် လာတတ်သော်လည်း ရထားလာတိုင်း လူပြည့်ကျပ်နေတတ်သည်။ အထူးသဖြင့် ရုံးချိန်များတွင် ပိုဆိုးသည်။

မြေအောက်ရထားကို ပို၍အားကိုးကြခြင်းမှာ လက်မှတ်ခဈေးသက်သာသည့်အပြင် လိုရာခရီးသို့ အမြန်ရောက်သောကြောင့် ဖြစ်သည်။ ဘူတာ ၁၀ ဘူတာခန့်ကို ယန်း ၁၂၀ ခန့်သာ ပေးရသည်။ အချိန်ကြာမြင့်ပါက အလွန်ဆုံး ၁၅ မိနစ်။

၎င်းခရီးကို တက္ကစီစီးပါက ကားပေါ်တက်လိုက်သည်နှင့် မီတာက ယန်း ၆၆၀ကိုပြသည်။ ခရီးရှည်လျှင် ရှည်သလို မီတာတက်သည်။ ရထားဖြင့် ဘူတာ ၁၀ ဘူတာခရီးကို အနည်းဆုံး ယန်းတစ်သောင်း ငါးထောင်ခန့် ကျသည်။ အချိန်က အနည်းဆုံး မိနစ် ၄၀ ခန့်ကြာမည်။ လမ်းတွင် မီးပွိုင့်များစွာနှင့် တွေ့၍ ဖြစ်သည်။

တိုကျိုမြို့သည် လူဦးရေထူထပ်သောမြို့တစ်မြို့ဖြစ်သည်။ ဂျပန်တစ်နိုင်ငံလုံးတွင်မူ လူဦးရေ ၁၂၇သန်းကျော် ရှိသည်။ စတုရန်းတစ်ကီလိုမီတာတွင် လူဦးရေ ၃၅၀ ကျော်မျှနေထိုင်သည်။

ဂျပန်တွင် ဟိုကိုင်းဒိုး၊ ဟွန်ရှူး၊ ရှီကိုကူး၊ ကျူးရှူးကျွန်းဟူ၍ ကျွန်းကြီးလေးကျွန်းရှိပြီး တစ်နိုင်ငံလုံးဧရိယာမှာ ၃၇၇၈၇၃ စတုရန်းကီလိုမီတာ ရှိသည်။ အမေရိကန်ပြည်တောင်စု၏ လေးရာခိုင်နှုန်းသာ မြေဧရိယာပိုင်ဆိုင်မှုရှိသော်လည်း ဗြိတိန်နိုင်ငံထက်မူ တစ်ဆခွဲကျော် မြေပိုင်ဆိုင်မှုရှိသည်။

ဂျပန်နိုင်ငံ၏ ၆၆ ရာခိုင်နှုန်းသည် တောင်စွယ်တောင်တန်းများဖြင့် ဖုံးလွှမ်းနေသည်။ ရာသီဥတုကား မြောက်ပိုင်းကျလေ ပိုအေးလေဖြစ်ပြီး အချို့နေရာများတွင် ရာသီမရွေးမိုးရွာလေ့ရှိသည်။ ဂျပန်တွင် ရာသီဥတုလေးမျိုး ရှိကြောင်း သိရသည်။

"ကိုမင်း–ကိုမင်း ရောက်ပြီ၊ ဂင်ဇာဈေးကြီးရောက်ပြီလေ"

လမ်းတစ်လျှောက် နိုင်ငံခြားသတင်းထောက်များ အသင်းက ရှင်းပြလိုက်သော ဂျပန်နိုင်ငံ အကြောင်းကို မှတ်မိသမျှ ပြန်လည်စဉ်းစားနေရာမှ ဘေးမှ စကားဝါကလှမ်းခေါ်လိုက်သဖြင့် ကိုမင်း သတိဝင်လာသည်။

ဩော်–ကမ္ဘာ့နာမည်ကြီး "ဂင်ဇာဈေးကြီး" ကို ရောက်ခဲ့ပြီပဲ။ ဂင်ဇာဈေးကြီး။

စည်ကားလှသည်။ ဈေးကြီးဟုဆိုသော်လည်း အဆောက်အအုံတစ်ခုတည်းတွင် ရောင်းချသော ဈေးကြီးမဟုတ်။

Ginza District ခေါ် ဂင်ဇာခရိုင်၊ ဂင်ဇာဒေသအတွင်း စတိုးဆိုင်များ၊ စက်မှုလက်မှုကုမ္ပဏီအရောင်းဆိုင်များ၊ ရုပ်ရှင်ရုံကြီးများ၊ ဂျပန်ပြည်ထွက် အကြီးစားမှအစ အသေးစားထုတ်ကုန်များအထိ ရနိုင်သည့် အရောင်းဆိုင်ကြီးများ၊ ဟိုတယ်၊မိုတယ်ကြီးများ စသည်ဖြင့် ဈေးကြီးဈေးငယ်တို့ တစ်စုတစ်ဝေးတည်း တည်ရှိရောင်းချသော ဈေးများ အစုအဝေးပင် ဖြစ်သည်။





ပစ္စည်းစုံသည်။ လူစုံသည်။ ကမ္ဘာက စိတ်ဝင်စားသော နာမည်ကြီး ဈေးကြီးဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသည်များ မဖြစ်မနေလာရောက်သော ဈေးကြီးဟု ဆိုနိုင်သည်။

မနက်ပိုင်းက နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များကို ကိုမင်းတို့အဖွဲ့ တွေ့ဆုံပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နေ့လည်ပိုင်းတွင်တော့ နှစ်သက်ရာနေ့လည်စာစားရင်း ဂင်ဇာဈေးကြီး အတွင်း လေ့လာရေးအစီအစဉ်။ နိုင်ငံခြားသတင်းထောက်များအသင်းကအထွက် ဗီယက်နမ်မလေးမစ္စတ္တူဖောင်းက ကိုမင်းကို အဖော်စပ်ထားသည်။ ဂင်ဇာဈေးကြီးက ကျယ်သဖြင့် လေ့လာကြည့်ရှုချိန်ရရန် နေ့လယ်စာကို ဆိုင်တစ်ဆိုင်တွင် စားမည့်အစား ဈေးအတွင်းလိုက်လံလေ့လာရင်း ဟမ်ဘာဂါနှင့် အအေးသောက်မည်ဟူ၍–

ကိုမင်းက "ကောင်းသားပဲ" ဟူ၍ သဘောတူ စီစဉ်ခဲ့ပြီးမှ ဂင်ဇာဈေး အရောက် ကားပေါ်မှအဆင်းတွင် စကားဝါက စက္ကူဗူးလေး တစ်ဗူးကို ကိုမင်းထံ လှမ်းပေးသည်။

"ကိုမင်းစားဖို့ မနက်က ဟိုတယ်ကဝယ်လာတဲ့ ပီဇာ" တဲ့။

အနားမှာရှိသော မစ္စတာတူဖောင်းက ကိုမင်းတို့နှစ်ယောက်ကို ကြည့်၍ ပြုံးစိစိဖြစ်သွားသည်။

ဈေးကြီးအတွင်း နေ့လည်စာစားရင်းလေ့လာရန် တစ်နာရီခွဲခန့် အချိန်ရသည်။ မွန်းလွဲနှစ်နာရီတွင် မိုရီအနုပညာ ပြတိုက်ကို သွားရောက်လေ့လာကြမည် ဖြစ်သည်။

"စကားဝါကလဲကွာ မစ္စတူဖောင်းကိုအားနာစရာ"

"ဘာဖြစ်လို့"

မစ္စတူဖောင်း ခပ်လှမ်းလှမ်းရောက်သွားတော့ ကိုမင်းက မစ္စတူဖောင်းအပေါ် အားနာစကားဆိုမိသည်။

"စကားဝါကလဲ စဉ်းစားကြည့်လေ၊ မစ္စတူဖောင်းနဲ့ ကိုမင်းတို့က ဟမ်ဘာဂါစားကြမလို့ တိုင်ပင်ထားတာ၊ အဲဒါ စကားဝါကိုလဲပြောမလို့ အခုတော့ ပီဇာကို ကိုယ့်ကိုပေးတော့...။"

"ဒါတော့ စကားဝါ ဘယ်သိမလဲ၊ ကိုမင်းကို စားစေချင်လို့ဟာ"

ပြီးမှ ကိုမင်းက အသံခပ်အုပ်အုပ်ဖြင့်–

"အဲဒါတော့ အဲဒါပေါ့၊ သူ့ရှေ့မှာဆိုတော့ ဘယ်ကောင်းမလဲ၊ ကျွေးချင်ရင် နှစ်ယောက်လုံးကိုကျွေးပေါ့ မစကားဝါရဲ့၊ အဲဒါ မြန်မာ့ယဉ်ကျေးမှုလို့ခေါ်တယ်"

စကားဝါက ကိုမင်းအပြောကို ဟင်ဟုတ်လားဟူ၍ တုံ့ပြန်ရင်း မစ္စတူဖောင်းရှိရာသို့ အားနာပါးနာ လှမ်းကြည့်လိုက်မိသည်။

ဈေးကြီးအတွင်း မလေ့လာမီ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ တစ်ဖွဲ့လုံးဝင်၍ မိမိကြိုက်နှစ်သက်ရာမှာစားကြသည်။ ဆိုင်အတွင်း အနောက်တိုင်း အစားအစာ၊ တရုတ်အစားအစာ၊ ဂျပန်အစားအစာ စုံလှသည်။ ထမင်းကိုမူ ကြိုက်နှစ်သက်ရာ ဟင်းဖြင့်စားနိုင်သည်။ စီမံထားသော အသင့်ထုတ်ပြီးသား ထမင်းဗူးများကိုလည်း တွေ့ရသည်။ သောက်ရန် အပူ၊ အအေးမျိုးစုံကိုတော့ ထုံးစံအတိုင်း စက်တွင် အကြွေထည့်၍ ကြိုက်နှစ်သက်ရာကို ယူသောက်နိုင်သည်။

ကိုမင်းနှင့်စကားဝါကတော့ မနက်က အသင့်ဝယ်လာသည့် ပီဇာနှင့်သောက်ရန် ဖျော်ရည်စက်မှ ကိုကာကိုလာတစ်ခွက်စီကို ယူလိုက်သည်။ ကားရှိရာသို့ ပြန်ရောက်ရမည့်အချိန်ကို ချိန်းဆိုထားပြီး ဖြစ်၍ မစ္စတာ ဟီရိုကီနှင့်က တစ်ဖွဲ့၊ စကားဝါနှင့်က တစ်ဖွဲ့ခွဲကာ ဈေးအတွင်း လိုက်လံကြည့်ရှုကြမည် ဖြစ်သည်။





စကားဝါကတော့ မြန်မာစကားတတ်ထားသူပီပီ ကိုမင်းကို ရှင်းပြရန် တာဝန်ယူလိုက်သည်။ မစ္စတူဖောင်းကိုပါ စကားဝါက ခေါ်သော်လည်း အလိုက်သိစွာပင် မစ္စတာဟီရိုကီအဖွဲ့နှင့်တွဲရန် လိုက်ပါသွားသည်။

စကားဝါက "ဈေးမှာတော့ အစုံပဲ၊ ဘယ်နေရာကို အရင်သွားချင်သလဲ"ဟု မေးသည်။

ကိုမင်းက "လျှပ်စစ်ပစ္စည်းတွေ၊ စက်ပစ္စည်းတွေ၊ ကင်မရာတို့၊ ကွန်ပျူတာတို့ အရောင်းဆိုင်တွေဘက် အရင်သွားကြရအောင်"ဟု ပြောသဖြင့် စတိုးဆိုင်ကြီး တစ်ခုအတွင်း ဝင်ဖြစ်ကြသည်။

ကင်မရာ၊ ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်းများစုံလှသည်။ ဂျပန်ကုမ္ပဏီထုတ် ကားငယ်များကိုလည်းပြထား၏။ တစ်နေရာတွင် နေရောင်ခြည်ဖြင့် မောင်းသော တစ်ယောက်စီးကားငယ်ကို တွေ့ရသည်။

"ကိုမင်းက ကင်မရာကို စိတ်ဝင်စားတယ်နဲ့တူတယ်"

"ကင်မရာရော ဗွီဒီယိုကင်မရာရော ကြည့်ရအောင်လေ၊ ကိုမင်းတို့နိုင်ငံမှာ ဂျပန်လုပ်စက်ပစ္စည်းတွေက သိပ်နာမည်ကြီးတာ၊ လူကြိုက်လဲများတယ်"

အခန်းတစ်ခန်းသို့ ရောက်သောအခါ ဈေးနှုန်းများကပ်ထားသော ဗီဒီယိုကင်မရာများကို တွေ့ရသည်။

အနိမ့်ဆုံးဈေးက ယန်းတစ်သိန်း၊ ခပ်ကောင်းကောင်းဆို ယန်းတစ်သိန်း ငါးသောင်းအထိရှိသည်။

ကိုမင်း မြန်မာကျပ်ငွေနှင့် ချိန်ထိုးတွက်ချက်နေမိသည်။ တစ်နေရာ အရောက် ယန်း ခုနစ်သောင်းဖြင့် ရနိုင်သော ဗွီဒီယိုကင်မရာ အချို့ကို တွေ့ရသည်။ ဈေးသင့်သည်။ ကိုမင်း ဝယ်ရန်စိတ်ကူးမိသည်။

ဆိုင်ရှင်ကိုမေးလိုက်တော့–

"ဒီဗွီဒီယိုကင်မရာက ဈေးသက်သာတယ်ဆိုပေမယ့် အမျိုးအစားကလဲ ကောင်းပါတယ်။ ဒါပေမယ့် အခြားတိုင်းပြည်မှာ သုံးဖို့ကတော့ နဲနဲခက်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကင်မရာမှာရေးထားတဲ့ဘာသာစကားက ဂျပန်လို ဖြစ်နေလို့ပါ"

"ဟုတ်တယ် ကိုမင်း"

ဆိုင်ရှင်၏အဖြေကို စကားဝါက ဘာသာပြန်ပေးသည်။

ကိုမင်း စိတ်ပျက်သွားသည်။ နောက်တစ်နေရာတွင် ကွန်ပျူတာမျိုးစုံကို တွေ့ရသည်။

"ဂျပန်မှာက ဂျပန်ကုမ္ပဏီကထုတ်တဲ့ ပစ္စည်းရှိသလို အခုနောက်ပိုင်း တရုတ်နဲ့ဖက်စပ်ထုတ်တဲ့ပစ္စည်းတွေကလဲ ဆိုင်တွေမှာ အတော်တွေ့လာရတယ်။ တရုတ်နဲ့ ဖက်စပ်ထုတ်တဲ့ပစ္စည်းတွေက ဈေးသက်သာတော့အများ သုံးနိုင် တယ်လေ"

ဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် အားပါးတရကြည့်မည်ဆိုလျှင် ရသည့်အချိန်နှင့် လောက်မည်မဟုတ်ချေ။ ရသမျှအချိန်ကို ဈေးကြီး အတွင်းနှံ့နိုင်သမျှနှံ့အောင် နှစ်ဦးသား ခပ်သွက်သွက်ကြည့်မိခဲ့ကြသည်။

စကားဝါကို ကျေးဇူးတင်ရပါသည်။ ဘေးနားတွင် မြန်မာဘာသာဖြင့် ဂရုတစိုက်ရှင်းပြနေ၍ ကိုမင်း အလွယ်တကူ ရှင်းရှင်းလင်းလင်းလေ့လာ သိရှိခွင့်ရခဲ့ပါသည်။

ဈေးကြီးအတွင်း လေ့လာပြီးတော့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာပြတိုက်ဟုဆိုနိုင်သော ဂျပန်ပြည်၏ ထင်ရှားသည့် မိုရီအနုပညာပြတိုက်ဆီသို့ ထွက်ခွာလာခဲ့ကြသည်။

ကိုမင်းတို့စီးလာသော မီနီဘတ်စ်သည် ဂင်ဇာရပ်ကွက်ကြီးမှအထွက် ၁၅မိနစ်ခန့်သွားမိတော့ အလွန်မြင့်သော အဆောက်အဦးကြီးတစ်ခု၏ ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်သည်။

**–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–**



ကိုမင်းက ဆင်ဝင်အောက်မှ လမ်းမပေါ်တက်၍ အဆောက်အဦးကြီးကို မော့ကြည့်လိုက်သည်။ ကိုမင်း ရုတ်တရက် ပြေးထွက်ပြီးအပေါ်မော့ကြည့်နေသဖြင့် မစ္စတူဖောင်းနှင့်အဖွဲ့ဝင်အချို့ပါ ပလက်ဖောင်းပေါ်ရောက်လာပြီး ကိုမင်းကြည့်ရာနောက်သို့ လိုက်ကြည့်ကြသည်။

"What are you looking?"ဟု မစ္စတူဖောင်းကမေးလိုက်တော့–

"ဘာမှမဟုတ်ပါဘူး အဆောက်အဦးကြီးက မြင့်လွန်းလို့ကြည့်နေတာ"ဟု ကိုမင်းဖြေလိုက်သဖြင့်–

"တော်သေးတာပေါ့၊ ဘာများထူးဆန်းတာတွေ့နေလဲလို့"

မစ္စတူဖောင်းက ပြန်အပြောတွင် အဖွဲ့ဝင်အားလုံး ပြုံးစိစိဖြစ်သွားသည်။

ထိုစဉ် စကားဝါက အင်္ဂလိပ်ဘာသာဖြင့်–

"ဒီအဆောက်အဦးက ဂျပန်မှာအမြင့်ဆုံးအဆောက် အဦးထဲပါတယ်လေ၊ တိုကျိုမှာတော့ အမြင့်ဆုံးလို့ဆိုရမှာပဲ" ရှင်းပြလိုက်တော့ အားလုံးက "အော်" ဟုဆိုကာ စကားဝါ့အပြောကို ဆက်နားထောင်နေမိကြသည်။

"မိုရီအနုပညာပြတိုက်ရဲ့အမြင့်ကတော့ ၅၄ ထပ်ရှိပါတယ်။ ပြတိုက်ကတော့ ၅၂ ထပ်နဲ့ ၅၃ ထပ်မြောက်မှာပါ။ ၅၄ ထပ်မြောက်ကတော့ တိုကျိုတစ်မြို့လုံးနဲ့ အနီးဝန်းကျင်ကို ကြည့်နိုင်တယ်လေ။ ထူးခြားတာက မြူခြေသာမဆိုင်းဘူးဆိုရင် ဖူဂျီတောင်ရဲ့ အလှကိုလဲ မြင်နိုင်တယ်။"

ထိုသို့ စကားဝါက ရှင်းပြပြီးနောက် အဆောက်အဦးထဲသို့ ဝင်ကာလက်မှတ်အရောင်းကောင်တာ၌ လက်မှတ်များဝယ်ပြီး အဖွဲ့သားများအား တစ်စောင်စီ ဝေပေးသည်။

**– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –**

လက်ထဲမှ လက်မှတ်တန်ဖိုးကို ကိုမင်းကြည့်လိုက်တော့ ယန်း ၁၅၀၀တဲ့၊ ကိုမင်းပြုံးမိသည်။

ကိုမင်းအပြုံးကို ရုတ်တရက်တွေ့လိုက်သူက စကားဝါ။

"ကိုမင်း ဘာတွေ့လို့ပြုံးတာလဲ"

"ဟောဒီမှာလေ လက်မှတ်တန်ဖိုးက ယန်း ၁၅၀၀ တဲ့။

"အဲဒါ ဘာဖြစ်လဲ၊ ဈေးကြီးလို့လား"

"ဈေးကြီးလို့ မဟုတ်ပါဘူး၊ ကိုယ်တို့ မြန်မာတွေဟာ ချစ်ချင်းမေတ္တာနဲ့ ပတ်သက်လို့ ဒီလိုဂဏန်းလေးတွေနဲ့ သတ်မှတ်ထားတာ ရှိတယ်"

အပေါ်ထပ်တက်ရန် ဓာတ်လှေကားဆီသို့အသွား ကိုမင်း စကားကို စကားဝါ စိတ်ဝင်တစားနားထောင်နေမိသည်။

"၁၅၀၀ ဆိုတဲ့ ဂဏန်းဟာ သမီးရည်းစား၊ လင်မယားတွေရဲ့ အချစ်ကို တင်စားဖွင့်ဆိုထားတဲ့ ဂဏန်းလေ၊ နောက် ၅၂၈ ဆိုတာ ရှိတယ်။ အဲဒါက မောင်နှမအချစ်၊ မိဘနဲ့သားသမီးအချစ်တွေကို တင်စားဖွင့်ဆိုထားတာ"

"ဟုတ်တယ်၊ စိတ်ဝင်စားစရာပဲ၊ ဒါဆို ကိုမင်းနဲ့ စကားဝါက"

ရုတ်တရက် စကားဝါမေးလိုက်တော့ ကိုမင်းဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ပြီးမှ–

"အိုး– ကိုယ်တို့က မောင်ချစ်နှမချစ်လေ၊ ၅၂၈ပေါ့"

စကားဝါမှာ မျက်စောင်းလေးထိုးကာ ဘာမျှပြန်မပြောတော့ဘဲ ဓာတ်လှေကားထဲသို့ ရှေ့ကဝင်သွားသည်။

စကားဝါ စိတ်များဆိုးသွားလေသလား။ ဒါမှမဟုတ် ကျေနပ်သွား တာများလား၊ အင်း ကိုမင်းဘယ်လိုများ နားလည်ရပါမည်လဲ။ ကိုမင်း မဝေခွဲတတ်တော့–





မိုရီပြတိုက်၏ ၅၂ထပ်မြောက်တွင် ကမ္ဘာ့ရှေးဟောင်း ပန်းပု က်ရာ၊ ရှေးဟောင်းစာပေစာမူများကို အမြဲတမ်းထားပြသထားသည်။ ရောပ၊ အာဖရိက၊ အာရှဒေသများမှရှေးဟောင်းလက်ရာများကို တွေ့ရ သည်။ ခေတ်ကာလအားဖြင့် အေဒီ ၈ရာစု ကာလဝန်းကျင်မှ လွန်ခဲ့ သည့် နှစ်တစ်ရာကာလ ရှေးဟောင်းလက်ရာများကို တွေ့ရသည်။ ပုဂံခေတ် ခေတ်ပြိုင်လက်ရာများ အများအပြားကိုလည်း တွေ့ရသည်။ သို့သော် အဆိုပါလက်ရာများသည် ပုဂံခေတ်လက်ရာများကိုတော့ မမီဟု ကိုမင်း သုံးသပ်မိသည်။

"မစ္စတာဦး ဒီမှာလာကြည့်ပါဦးခင်ဗျာ"

ကမ္ဘောဒီးယားသား မစ္စတာဖီရွန်က လှမ်းခေါ်လိုက်သဖြင့် သူ့အနားသို့ ကိုမင်းရောက်သွားသည်။

"ဒါ ကျွန်တော်တို့နိုင်ငံက အန်ကောဝပ်ဘုရားကျောင်းတော် ပုံတူလေ၊ ကျွန်တော်က ကိုယ့်နိုင်ငံရဲ့ အမှတ်တရ ယဉ်ကျေးမှုပစ္စည်း လေးတွေ လိုက်ကြည့်နေတာ၊ ရှားရှားပါးပါး ဒီမှာတွေ့တယ်"

အန်ကောဝပ်ဘုရားကျောင်းတော်ပုံစံငယ် ကျောက်ပန်း ပုရုပ်တု လေးပါ။ မစ္စတာဖီရွန်တစ်ယောက် သူ့နိုင်ငံရဲ့ အမှတ်တရပစ္စည်းအတွက် သူဂုဏ်ယူနေပေ မပေါ့ဟု ကိုမင်းတွေးမိကာ–

"ဒီကျောင်းတော်ပုံစံ ပန်းပုရုပ်ကလေးက လက်ရာမြောက်သားပဲ၊ ဂုဏ်ယူပါတယ် မစ္စတာဖီရွန်"

ပြောရလျှင် သည်ပြတိုက်၌ အာရှ၊ အထူးသဖြင့် အရှေ့တောင် အာရှယဉ်ကျေးမှုအမွေပစ္စည်းများထက် အနောက်နိုင်ငံများ၊ အထူးသဖြင့် အီဂျစ်နှင့် ဂရိရှေးဟောင်းပစ္စည်းများသာ အများဆုံးပြသထားကြောင်း တွေ့ရသည်။

ရှေးဟောင်းစာဆိုများ၏ စာပေလက်ရာများ၊ ထင်ရှားသော

ပုဂ္ဂိုလ်များ၏ အမှတ်တရပစ္စည်းများကိုလည်း ထိုပြခန်းတွင် ပြသထားသည်။

ထိုစဉ် စကားဝါက–

"လာကိုမင်း၊ ကျန်တဲ့အဖွဲ့သားတွေ အပေါ်ထပ်တက်သွားပြီ၊ ၅၃ထပ်မြောက်မှာ ရှေးဟောင်းပန်းချီတွေ တော်တော်များများ ပြထားတယ်၊ အဲဒါတွေကြည့်ပြီး Top Floor ကိုတက်ကြရအောင်၊ နေဝင်သွားရင် နေဝင်ဆည်းဆာကို မကြည့်ရဘဲဖြစ်သွားမယ်" ဟု ဆိုသဖြင့် လက်ကျန်ရှေးဟောင်းလက်ရာများကို အလျင်အမြန်ကြည့်ရင်း အပေါ်ထပ်သို့ ကိုမင်းတက်သွားသည်။

ဟုတ်ပါသည်။ အပေါ်ထပ်တွင်တော့ ပန်းချီကားကြီးများက အစီအရီ။ အချို့ပန်းချီကားများမှ နံရံကြီးနှင့်အပြည့်ပင်။ အချို့က ဆီဆေး၊ အချို့က ကျောက်ထွင်း၊ အချို့ကလည်း ရှေးခေတ်ကောက်ကြောင်း ပန်းချီအဖြစ်လေ။ လက်ရာကမျိုးစုံလှသည်။ အရှေ့တိုင်း အနောက်တိုင်းပန်းချီလက်ရာများကို တစ်စုတစ်ဝေးတည်း လေ့လာခွင့်ရခဲ့သဖြင့် စီစဉ်သူများကို ကိုမင်းစိတ်ထဲက ကျေးဇူးတင်မိသည်လေ။

နာရီကြည့်လိုက်တော့ ညနေ ငါးနာရီထိုးလုပြီ။

"ကဲကိုမင်း အပေါ်ထပ်တက်ရအောင်၊ တိုကျိုမြို့ရဲ့အလှကို ကိုမင်းကို ပြရဦးမယ်"ဟုဆိုကာ ကိုမင်းလက်ကို စကားဝါ ဆွဲခေါ်သွားသဖြင့် စကားဝါ နောက်က ကိုမင်း လှေကားအတိုင်း အသော့လေးပါသွားသည်။

လှေကားထိပ်ရောက်တော့ ကိုမင်းလက်ကို စကားဝါ လွှတ်လိုက်သည်။ ကိုမင်းလက်ကို ကိုင်လိုက်မိသည်ကိုရော၊ လွှတ်လိုက်မိသည်ကိုရော စကားဝါတစ်ယောက် သတိမှုထားမိလေစ။ ကိုမင်းရင်ထဲမှာတော့ ချားရဟတ်စီးစဉ် အောက်အကျ၌ ရင်ထဲခံစားလိုက်ရသလို အေးကနဲ။





အပေါ်ထပ်တွင်တော့ မစ္စတာဟီရိုကီက ကျန်အဖွဲ့ဝင်များကို တိုကျိုမြို့ ရှုခင်းကိုပြရင်း ရှင်းပြနေသည်။

၅၄ ထပ်မြောက်အပေါ်ဆုံးထပ်ကို ဘေးပတ်ပတ်လည်မှ မှန်များဖြင့် ကာထားသည်။ အပူအအေးကို လိုသလိုထိန်းညှိ လွှတ်ပေးထား၏။ အမြင့်ဆုံးထပ်ဖြစ်၍ အကာအကွယ်မရှိပါက အေးလွန်းမည်ဖြစ်သော်လည်း ယခုတော့ အပူချိန်က နေလို့ကောင်းရုံရှိသည်။

"ကိုမင်း ဟောဟိုမှာကြည့်လိုက်ပါဦး၊ အီဖယ်မျှော်စင်လို အောက်ခြေကားပြီး ထိပ်ကချွန်ချွန်နဲ့ အနီရောင်အဆောက်အဦးက အဲဒါ တိုကျိုတာဝါ(Tokyo Tower)လို့ခေါ်တယ်။ သူကလဲ တိုကျိုမြို့ရဲ့ အမြင့်ဆုံးအဆောက်အဦးစာရင်း ထဲမှာပါတာပဲ၊ သူ့အနီးမှာတော့ အဆောက်အဦးခပ်ညိုညိုက ဝေါလ်ထရိတ်စင်တာ(WTC)အဆောက်အဦးလေ။

မိုရီအဆောက်အဦး၏ အရှေ့ဘက်ခြမ်းကို စကားဝါက ဦးစွာခေါ်လာသည်။

"ဒီအပေါ်ကကြည့်တော့ တိုကျိုတစ်မြို့လုံးကို မြင်ရတာပဲ၊ အဆောက် အဦးတွေ၊လမ်းတွေ၊ ပန်းခြံတွေကို ဒီကအထင်းသားပဲနော်"

"ဟိုးရှေ့မှာမြင်ရတာက တိုကျိုပင်လယ်အော်လေ"

"အဆောက်အဦးတွေက ပင်လယ်ထဲကို ရောက်နေသလိုပဲနော်၊ ပင်လယ် ရေတွေက မြို့ထဲကို ကွေ့ပတ်ဝင်နေသလိုပဲ"

"ဟုတ်တယ် အဲဒီလိုထင်ရတယ်၊ ဒါပေမယ့် အဲဒီအဆောက်အဦးတွေ ဆောက်ထားတဲ့နေရာက ကျွန်းဆွယ်လေးလိုဖြစ်နေတာ၊ ဟောဟိုမှာ တွေ့လား၊ကြိုးဆိုင်းတံတားကြီးတစ်စင်းက တိုကျိုမြို့တွင်းနဲ့ အဲဒီကျွန်းဆွယ်ကို သွယ်ထားတာလေ၊ ရိမ်းအိုးတံတားလို့ခေါ်တယ်၊ သက်တံရောင်တံတားပေါ့"

"လှသားနော်၊ ကြည့်စမ်းပါဦး၊ အဆောက်အဦးတွေကြား ပတ်ကွေ့သွားနေတဲ့ မိုးပျံကားလမ်းတွေကလဲ လှလိုက်တာ၊ ဟိုမှာ ကြည့်စမ်း အဲဒီကား လမ်းပေါ်မှာ ကားတွေသွားနေတာ အထင်းသား မြင်နေရတယ်"

စကားဝါက မြောက်ဘက်ခပ်ယွန်းယွန်းဆီသို့ လှမ်းပြပြန်သည်။

"ဟိုး...မိုမိဂျီအပင်တွေ ခပ်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ခပ်နိမ့်နိမ့် အဆောက်အဦးတွေက ဂျပန်ဘုရင့်နန်းတော်လေ"

စကားဝါညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက်တော့ ဘုရင့် နန်းတော်ဝန်းကျင်တွင် အထပ်မြင့်အဆောက်အဦး မရှိသလောက် နည်းပါးကြောင်းတွေ့ရသည်။ ရှေးဟောင်းနန်းတော်၏ အနောက်ဘက် ခပ်ကျကျတွင်တော့ တိုကျိုအသံလွှင့် (TBS)ဌာနအဆောက်အဦကို လှမ်းတွေ့ရသည်။ တိုကျိုမြို့၏ အရှေ့ဘက်နှင့် မြောက်ဘက်တစ်ခွင်ကို ဖြန့်ကျက်၍ ကြည့်လိုက်တော့ အရှေ့ယွန်းယွန်းဆီမှ တိုကျိုပင်လယ် အော်ကို နောက်ခံထားပြီး အဆောက်အဦး အနိမ့်အမြင့်တိုက်များ အကြား လိမ်ကွေ့ထိုးထွက်နေသော မိုးပျံလမ်းမများ၊ ရောင်စုံမိုမိဂျီ သစ်ပင်များနှင့် နေအကျ တိုကျို၏ ညနေခင်းအလှသည် မြင်ရသူ အတွက် ကြည့်မဝနိုင်အောင် ရှိလှ၏။

ကိုမင်းတစ်ယောက် တိုကျိုအလှကို ရှုမဝဖြစ်နေစဉ်–

"ကဲ လာ...လာ ကိုမင်း တိုကျိုရဲ့ အနောက်ဘက်အခြမ်းက ပိုလှတယ်၊ နေမကျခင် ဖူဂျီ(Fuji)တောင်ကို လှမ်းကြည့်ရအောင်" ဟုဆိုကာ ကိုမင်း လက်မောင်းကို စကားဝါဆွဲခေါ်သွားသည်။

စကားဝါ ကိုမင်းလက်ကို အမှတ်တမဲ့ဆွဲခေါ်သွားဟန်တူသော် လည်း ကိုမင်းအတွက်ကတော့ တစ်သက်တာစွဲမက်ဖွယ်အတွေ့အထိက နူးညံ့ညက်ညောလှသည်။





စကားဝါက အသက် ၂၅ နှစ်ခန့်ရှိပြီမို့ မငယ်တော့သော်လည်း သူမ၏ လှုပ်ရှားဟန်ပန်က ဆယ်တန်းကျောင်းသူလေးနှင့်ပင် တူတော့ သည်။

ကိုမင်းက စကားဝါ့ကို ညီမလေးတစ်ယောက်လို တွယ်တာနေမိ သည်က တော့အမှန်။ ဒါကိုတော့ သေချာပြောနိုင်သည်။ သည်ထက် များ ပိုနေပြီလားဆိုသည်ကိုတော့ ကိုမင်းတစ်ယောက် မိမိကိုယ်မိမိ အထပ်ထပ် ပြန်မေးကြည့်ရပါဦးမည်။ ပတ်ဝန်းကျင်က ဘယ်လိုမြင် နေသည်ကိုတော့မသိ။ အများအမြင်မှာတော့ သူတို့နှစ်ယောက်ကို သာမန်သံယောဇဉ် ထက်ပိုနေမည်ဟု ထင်နေပြီလား။ ယုတ်စွအဆုံး ချစ်သူတွေများ ဖြစ်နေကြပြီဟု သူတို့ထင်နေကြပြီလား။

ဒီလိုတွေးမိတော့ ကိုမင်းရင်ထဲ ထိပ်ခနဲဖြစ်သွားသည်။ ဂျပန်ကို ရောက်လာသည်မှာ ဘာမျှမကြာသေး။ ဂျပန်သူလေးနှင့် ရည်ငံနေပြီ ဟူသော အမြင်မျိုး အခြားသူများမြင်သွားမည်ကို ကိုမင်းစိုးရိမ်မိ၏။

အဘိုးပြောပြသော မြန်မာပြည်အကြောင်းကို နားရည်ဝနေသော ကြောင့် မြန်မာပြည်ကိုချစ်သူ၊ မြန်မာတွေကို စိတ်ဝင်စားသူအဖြစ်သာ ကိုမင်း စကားဝါ့ကို စွဲမှတ်ထားသည်။ သို့ကြောင့် စကားဝါ သူ့ကို ခင်တွယ်နေခြင်းဖြစ်သည်ဟု ကိုမင်း ယုံကြည်ထားသည်။

သို့ပေမယ့် စကားဝါ့စိတ်ထဲတွင်တော့ မည်သို့ရှိမည်ကိုမူ စကားဝါ ကိုယ်တိုင်သာအသိဆုံးဖြစ်ပေလိမ့်မည်။

"ကိုမင်း–ဟောဟိုမှာတွေ့လား ပြပြလေး၊ ဖူဂျီတောင်လေ တွေ့လား၊ တိုကျိုနဲ့လှမ်းနေပြီး မြူတွေကဆိုင်းနေတော့ ခပ်ရေးရေး ပဲတွေ့ရတယ်၊ တောင်ပေါ်မှာလဲ အမြဲတမ်းနှင်းတွေနဲ့ ဖုံးလွှမ်းနေ တတ်တယ်"

ဟုတ်သည်။ ကမ္ဘာမှာထင်ရှား နာမည်ကြီးလှသော ဖူဂျီတောင်၊

ဂျပန်၏ ကျက်သရေဆောင် ဖူဂျီတောင်။ ခပ်လှမ်းလှမ်းက မြင်ရသည် ပင် လှနေလေတော့သည်။

"မတ်နဲ့ ဧပြီတွေမှာ ဖူဂျီတောင်ဝန်းကျင်တစ်ဝိုက် ချယ်ရီတွေ အရမ်းပွင့်တာ။ အဲဒီကာလမှာ ဖူဂျီတောင်ရဲ့မြင်ကွင်းက အလှဆုံး"

စကားဝါက ဖူဂျီတောင်ဘက်ဆီသို့ ကြည့်နေရင်းပြောလိုက်စဉ် ကိုမင်းက–

"ဒါဆို ကိုမင်းမေးမယ်၊ ဖူဂျီတောင်နဲ့ စကားဝါ ဘယ်သူလှလဲ"

"ဟာကိုမင်းကလဲ ကမ္ဘာမှာထင်ရှားတဲ့ အလှသရဖူတွေထဲမှာ ဖူဂျီတောင်ဟာ တစ်ကယ်ထင်ရှားတာပဲ၊ ဖူဂျီတောင်က လှတာပေါ့"

"မဟုတ်ဘူး၊ ကိုမင်း မျက်စိထဲမှာတော့ စကားဝါက ဖူဂျီတောင် ထက်လှတယ်"

"ရှင်"

စကားဝါ အံ့သြစွာဖြင့် ကိုမင်းထံသို့ လှည့်ကြည့်လိုက်သည်။

ကိုမင်းထံမှ မမျှော်လင့်သောစကားကို စကားဝါကြားလိုက်ရသည်။ သို့ပေမယ့် စကားဝါ့ရင်ထဲ၌ ပျော်နေသည်လေ။

ရုတ်တရက် နှုတ်ကထွက်သွားသောစကားအတွက် ကိုယ့်ကိုယ်ကိုပင် ကိုမင်းအံ့သြနေမိသည်။ ဤသို့ပြောလိုက် မိခြင်းကပင် စကားဝါ့ အပေါ် ၅၂၈ ထက်ပိုနေခြင်းပေလား။ ကိုမင်း ယခုတိုင် မဝေခွဲတတ်။ ကိုမင်း စကားဝါ့ကို ပြုံးပြလိုက်သည်။

"ကိုမင်း ဟိုမှာကြည့်ပါဦး။ မိုမိဂျိပင်တောအုပ်ကလေး"

စကားဝါ ကိုမင်းအနားပူးကပ်လာပြီး ခပ်လှမ်းလှမ်းဆီသို့ ညွှန်ပြနေသည်။

"အဲဒါက"

"အဲဒါက ကိုမင်းနဲ့ စကားဝါတို့ တစ်နေ့ကသွားခဲ့တဲ့ ယိုယိုဂိုျ ပန်းခြံလေ"





"ဟုတ်လား အဝေးကကြည့်တော့ ရောင်စုံတောအုပ်လေးကျ နတာပဲ"

"ဒီဘက်နားခပ်ကျကျ ပန်းခြံရဲ့ မြောက်ဘက်မှာ ကိုမင်းတို့ ည်းတဲ့ ရှင်ကျူကုဝါရှင်တန်ဟိုတယ် ရှိတဲ့နေရာလေ၊ ယိုယိုဂိုျ ပန်းခြံရဲ့ တာင်ဘက်က ခပ်မှိုင်းမှိုင်းမြင်ရတဲ့ အဆောက်အဦက NHK ရုပ်သံ ွင့်ဌာနအဆောက်အဦပေါ့၊ ပြည်တွင်း ခရီးသွားတွေအတွက် ဟာနေဒါ လယာဉ်ကွင်းလဲ ဒီအနောက်ဘက်မှာပဲ ရှိတယ်"

တိုကျို၏ အနောက်ဘက်မြင်ကွင်းအားလုံးသည် အဆောက်အဦ ျား၊ ပန်းခြံများဖြင့်သာ ပြည့်လျှမ်းနေသည်ကိုတွေ့ရပြီး မိုးပျံလမ်းများ ဒိပ်မတွေ့ရ၊ အရှေ့ဘက်ခြမ်းမှာတော့ ပင်လယ်အော်မှဝင်သော ရလမ်းများကြောင့် မိုးပျံလမ်းများ၊ မိုးပျံတံတားများ ရှိနေခြင်းဖြစ် ကြောင်း သိရသည်။

ညနေ ငါးနာရီခွဲကျော်ပြီ။ လွန်ခဲ့သော နာရီဝက်ခန့်က မြင်ရ သော ဖူဂျီတောင်ကို ရေးရေးပင်မမြင်ရတော့။ မြူတွေက ပိုဆိုင်းလာ သည်။

အချို့ရက်များတွင် တစ်နေ့လုံးမြူတွေဆိုင်းနေသဖြင့် ဖူဂျီတောင် ကို လုံးဝမမြင်ရဟုဆိုသည်။ တိုကျိုမှ ကျိုတိုသို့အသွား ကျည်ဆန်ရထား ပေါ်ကဆိုလျှင် အထင်အရှားမြင်ရကြောင်း သိရသည်။ ဖူဂျီတောင်မှာ တိုကျိုမြို့၏ အနောက်တောင်ဘက်တွင်ရှိပြီး အမြင့် ၁၂၃၈၈ပေ ရှိ၏။

တိုကျိုမြို့၏ အနောက်ဘက်တောင်တန်းပေါ် နေလုံးကြီး မးတင်လုပြီ။ နေလုံးကြီးမှ နီဝေးဝေးလင်းရောင်ခြည်တို့ တိုကျိုမြို့ပေါ် ာဆင်းလို့နေသည်။ တိုကျို၏ နေဝင်ဆည်းဆာသည် လှလွန်းလေစွ။

ကိုမင်းသည် သတိရဟန်ဖြင့် လက်ကိုင်အိတ်ထဲမှ ဒီဂျစ်တယ် ကင်မရာငယ်ကို ထုတ်လိုက်သည်။

"စကားဝါ ဓာတ်ပုံလေးတစ်ပုံလောက် ရိုက်ရအောင်၊ တိုက်ကြီးရဲ နေဝင်ဆည်းဆာနဲ့လေ"

စကားဝါအသာခေါင်းညိတ်ရင်း "ရိုက်လေ"ဟုဆိုကာ အသင့် အနေအထား နေရာယူလိုက်သည်။ ပြီးတော့ အပြုံး၊ နောက်မျက်လုံး

ကိုမင်း ကင်မရာကိုကိုင်ရင်း စကားဝါ့ကို ငေးကြည့်နေမိသည်

"ကိုမင်း ရိုက်လေ၊ လူကို ကြည့်လှချည်လား"

"အိုကေ–ချက်"

ဓာတ်ပုံရိုက်အပြီး စကားဝါ့ကို ကိုမင်းတစ်ချက်ကြည့်လိုက်မိ ပြန်သည်။

"လှလိုက်တာ စကားဝါရယ်"ဟု ကိုမင်း ဆိုလိုက်မိသည်။

သို့သော်ငင်းသည်ကား ရင်ထဲကစကား။

နေဝင်ပြီးစအချိန်မှာပင် ကိုမင်းတို့အဖွဲ့ ဟိုတယ်သို့ ပြန်ခဲ့ကြ သည်။

ကိုမင်း ဟိုတယ်ခန်းပြန်ရောက်တော့ ညခုနစ်နာရီခန့်ရှိပြီ။

ညစာအတွက် ရန်ကုန်ကပါလာသော ယန်ယန်ခေါက်ဆွဲ ခြောက်ထုပ်များကိုပင်ပြုတ်၍ သောက်တော့မည်ဟု စဉ်းစားမိသည် နဂိုကလည်း ညဖက်တွင် အစာလျှော့စားတတ်သူမို့ ခေါက်ဆွဲပြုတ်နှင့်ပ လုံလောက်သည်။

ခေါက်ဆွဲပြုတ်ထားစဉ် ညနေကအနုပညာခန်းမအပေါ်ထပ်တွ တိုက်ကြီး ညနေဆည်းဆာနောက်ခံဖြင့် ရိုက်ယူလာသော စကားဝါ အလှကိုကင်မရာတွင် ပြန်ရစ်ကြည့်နေမိသည်။





စကားဝါ၏အလှသည် တိုက်ကြီးဆည်းဆာအလှနှင့် လွန်စွာ လိုက်ဖက်လှသည်။ ဖြူအဆင်းနှင့် ယမင်းရုပ်ကလေးအလားထင်ရ၏။

ညနေက စကားဝါ့ရဲ့ အလှကို စေ့စေ့ကြည့်မိစဉ် တစ်စုံ တစ်ယောက်နှင့် ဆင်သည်ဟု ကိုမင်းစိတ်ထဲတွင် ခံစားမိသည်။

စကားဝါ့ရဲ့ ရုပ်သွင်ကို အသားအရေညိုပြာညက်အဆင်ဖြင့် ထင်ဟပ်လိုက်လျှင်...။ မှတ်မိပြီ။

လွန်ခဲ့သော၁၀နှစ်တာကာလ မန္တလေးတက္ကသိုလ်ကျောင်းသား ဘဝက ဆုံဆည်းခဲ့ရသော ပုဂံသူလေး မြကြာဖြူ။ မြကြာဖြူနဲ့ အတော် ဆင်သည်ပဲ။

မြကြာဖြူကို ကိုမင်းချစ်ရေးဆိုခဲ့ဖူးပါသည်။ ချစ်သူဘဝသို့ ရောက်သည်မှ မကြာသေး။ မြကြာဖြူ၏မိဘများက သဘောမတူဟု ဆိုကာ ခွဲကြသည်လေ။ မန္တလေးတက္ကသိုလ်က ကျောင်းထုတ်ပြီး ပုဂံ–ညောင်ဦးက ယွန်းကောလိပ်မှာ တက်စေခဲ့သည်ပဲ။ မြကြာဖြူနဲ့ ဝေးခဲ့သည်ပင် ယခုဆိုလျှင် ၁၀နှစ်ကျော်ခဲ့ပြီ။

ကြာတော့ ကြာခဲ့ပါပြီလေ။

ယခုတော့ ကိုမင်းရင်ထဲတွင် သေဆုံးခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော အချစ်တို့ ပြန်လည်နိုးထစပြုနေပြီလား။ တစ်ကယ်နိုးထခဲ့ပါလျှင် စကားဝါ့ရုပ်သွင်ကို မြကြာဖြူလေလားဟု ကိုမင်းအထင်ထားကာ မြကြာဖြူအပေါ် ပြန်လည်နိုးထတမ်းညွတ်လေသော အချစ်တို့ပေပဲ လား။ သို့တည်းမဟုတ် စကားဝါ့ထံပါး ဝေ့ဝဲနေသော အချစ်လိပ်ပြာငယ် လေးပေလား။

ကိုမင်း မဝေခွဲတတ်သေး။

"ကလင်...ကလင်"

ကိုမင်း စကားဝါ့အလှကိုကြည့်ရင်း အတွေးများပျံ့လွင့်နေစဉ် အခန်းတွင်းမှ တယ်လီဖုန်း မြည်လာသည်။

"ဟဲလို– မစ္စတာဦးလား"

"ဟုတ်ပါတယ်၊ ဘယ်သူများပါလိမ့်"

"ဒီဘက် တစ်ခန်းကျော်ကဆက်နေတာပါ၊ မစ္စတူဖောင်းလေ"

"မစ္စတူဖောင်း ပြောလေ"

"အော် ဟိုတယ်အောက်ထပ်က စတိုးဆိုင်တွေကိုလျှောက်ကြည့်ချင်လို့ ကော်ဖီလဲသောက်ချင်လို့ပါ၊ တစ်ယောက်တည်းသွားရမှာ ပျင်းတာနဲ့"

"အဖော်စပ်တယ်ပေါ့၊ ကောင်းပြီလေ၊ ၁၀ မိနစ်စောင့်၊ ကိုယ် တံခါးလာခေါက်မယ်"

"အိုကေ"

ဘာစိတ်ကူးပေါက်သည်မသိ၊ မစ္စတူဖောင်း သူ့ကိုအဖော်စပ်နေသည်။ ပြုတ်ပြီးသားခပ်နွေးနွေးရှိနေဆဲ ခေါက်ဆွဲပြုတ်ကို ကိုမင်း အလျင်အမြန်စားလိုက်သည်။ ပြီးနောက် ဝတ်ထားသောပုဆိုးကို ဘောင်းဘီရှည်ဖြင့် ပြန်လဲလိုက်ပြီး ကုတင်ပေါ်တွင် တင်ထားသော ဂျာကင်ကိုကောက်ဝတ်လိုက်သည်။

နှစ်ဦးသား ဓာတ်လှေကားဖြင့်အောက်ထပ်သို့ ဆင်းပြီး စတိုးဆိုင်များ အတွင်းဝင်ကြည့်ကြသည်။

ဟိုတယ်သည် အဆင့်မြင့်ဟိုတယ်ဖြစ်သဖြင့် အောက်ထပ်တွင် စားသောက်ဆိုင်နှင့် စတိုးဆိုင်များကိုလည်းတွေ့ရသည်။ အဝတ်အထည်၊ အလှကုန်ပစ္စည်း၊ စာအုပ်မျိုးစုံ စသည်တို့ကို စတိုးဆိုင်များတွင် တင်ထားသည်။

မစ္စတူဖောင်းက စာရေးစာဖတ် ဝါသနာပါသူ၊ ကွန်ပျူတာ





ကျွမ်းကျင်သူ၊ အင်္ဂလိပ်စာပိုင်နိုင်သူလေးဖြစ်သည်။ ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးစဉ်မှာပင် သူပြန်ကိုယ်ပြန် စကားစစ်ထိုးပြောကြားနိုင်သူဖြစ်သည်။စတိုးဆိုင်များအတွင်း ကြည့်ပြီးနောက် အနီးတွင်တွေ့ရသော ရှားရှားပါးပါး ကော်ဖီဆိုင်တစ်ဆိုင်အတွင်း ဘိုင်ဖြစ်ကြသည်။ မစ္စတူဖောင်းက ကော်ဖီမှာပြီးသည်နှင့် ကိုမင်းအား–

"မစ္စတာဦး အဆင်ပြေတယ်မဟုတ်လား"

မစ္စတူဖောင်း ဘာကိုမေးချင်ပါလိမ့်။ နားမလည်သောအကြည့်ဖြင့် ကိုမင်း မစ္စတူဖောင်းကိုပြန်ကြည့်စဉ်

"အော်– ဒီခရီးစဉ်မှာ ပျော်ရဲ့လား၊ စိတ်တိုင်းကျရဲ့လားလို့ မေးတာပါ"

မစ္စတူဖောင်းက ပြောရင်းပြုံးသည်။

"ဟုတ်ကဲ့ ပြေပါတယ်။ မစ္စဝါရှီကလဲ အများကြီးကူညီတယ်လေ"

မစ္စတူဖောင်းက တစ်စုံတစ်ရာကို ရည်ညွှန်းပြောချင်နေသည်ဟု ကိုမင်းထင်သည်မို့ စကားဝါ့အကြောင်းကို ထည့်ပြောလိုက် မိသည်။ ကိုမင်းနဲ့ စကားဝါ့အကြောင်းကို သူတို့ စိတ်ဝင်စားနေကြပြီထင်ပါသည်။

"မစ္စတာဦးနဲ့ မစ္စဝါရှီတို့နှစ်ဦး လိုက်တယ်လို့ အဖွဲ့သားတွေက ပြောနေကြပြီ၊ အဆင်ပြေနေကြလား"

"နိုး–နိုး–နိုး ဒါတော့မဟုတ်ဘူး၊ သူကမြန်မာပြည်အကြောင်းကို စိတ်ဝင်စားတဲ့သူဆိုတော့ ကျွန်တော့်အပေါ်ကူညီရင်း သံယောဇဉ် ဖြစ်နေတာနဲ့ တူပါတယ်"

ကိုမင်း ကမန်းကတန်းပင် ကာကွယ်ပြောလိုက်မိ၏။ ကိုမင်း ဆင်ခြေရှာရန်ရှောင်ပြောနေမိပြီလား။ ကိုမင်း သူ့ကိုယ်သူ ပြန်မေးလိုက်မိသည်။

အများကတော့ ထင်နေကြပြီ။ ပြေလည်နေပြီလားတဲ့။

တစ်ပြည်သူသက်ထားအဖြစ် ကိုမင်း စကားဝါ့အပေါ် ချစ်နေမိပြီလား။ ကိုမင်းယခုတိုင် မဝေခွဲနိုင်သေး။

သို့သော် သံယောဇဉ်တွယ်ညိနေသည်ကတော့အမှန်ပါ။

၅၂၈လား၊ ၁၅၀၀ပေပဲလား။

***



## အခန်း (၆)

တိုက်ချုံဆောင်းကို မမျှော်လင့်ဘဲ မိုးရေစက်တို့ ပက်ဖျန်းလိုက်သည်။

ပထမတွင် မိုးဖွဲဖွဲကျနေရာမှ ခဏအကြာ မိုးကသဲလာ၏။ ယနေ့ မနက်စောစောလမ်းလျှောက်မည်ဟု ကိုမင်းကို မနေ့ကချိန်းခဲ့သဖြင့် စကားဝါတစ်ယောက် မြေအောက်ရထားစီး၍ ဟိုတယ်သို့ လာခဲ့သည်။

စကားဝါအိမ်ကထွက်စဉ် မိုးမရွာသေးသော်လည်း ဟိုတယ်နားရောက်မှ မိုးကဖွဲရာမှသည်းလာ၏။ တခါတရံ မိုးနှင့်အတူလေတို့ ပါလာတတ်သည်။

ဟိုတယ်အနီးအဆောက်အဦးများဘေးမှ ခပ်သွက်သွက်လျှောက်ပြီး ဟိုတယ်ဆင်ဝင်အောက်အပြေးဝင်ခဲ့သဖြင့် စကားဝါ မိုးလွတ်ခဲ့သည်။

ကိုမင်းအခန်းဝအရောက် ဘဲလ်တီးလိုက်တော့ အဝတ်အစားလဲပြီး အသင့်စောင့်နေသော ကိုမင်းတစ်ယောက် အခန်းတံခါးဖွင့်ပြီး ထွက်လာသည်။

"အိုဟာယို ဂိုဇိုင်းမာ့စ် စကားဝါ"

"မင်္ဂလာနံနက်ခင်းပါ ကိုမင်း"

ကိုမင်းက "မင်္ဂလာနံနက်ခင်းပါ"ဟု ဂျပန်ဘာသာဖြင့် ရုတ်တရက်နှုတ်ဆက်လိုက်စဉ် စကားဝါက ပြန်လည်တုံ့ပြန်နှုတ်ဆက်အပြီး–

"ဟင်–ကိုမင်း ဂျပန်စကားကို ဘယ်တုန်းကသင်လိုက်တာလဲ"

ကိုမင်းပြုံးစိစိဖြင့်

"ဂျပန်သူလေးနဲ့ တစ်ခါတစ်လေ ဂျပန်စကားပြောမလားလို့ မြန်မာပြည်က သင်ခဲ့တာလေ၊ စကားက သိပ်မများပါဘူး၊ ငါးလုံးထဲပါ"

"အမယ် တယ်ဟုတ်ပါလား၊ အဲဒီငါးလုံးကို ရွတ်ပြပါဦး၊ နားထောင်ရအောင်"

"အလွတ်တော့ ဘယ်ဖြစ်မလဲ၊ တိုက်ဆိုင်မှုရှိမှလေ၊ တိုက်ဆိုင်မှုရှိမှ ထုတ်ပြောမယ်၊ အဲအခုတော့ တစ်လုံးပြောပြီးပြီ၊ ကျန်လေးလုံးကတော့ နောက်ကြုံရင်ပေါ့"

ကိုမင်းက ရွှတ်နောက်နောက်လေးပြောကာ စကားဝါကို စနေသည်။

"ကဲ စကားဝါ ဟောဒီမှာ ကိုမင်းကအသင့်ပဲ၊ ဂျပန်သူလေး စကားဝါနဲ့ တိုကျိုနံနက်ခင်းမှာ လမ်းတစ်ဝကြီး လျှောက်ပစ်လိုက်မယ်"

ကိုမင်းက ဟန်ပါပါဖြင့် အားပါးတရပြောလိုက်သည်။

"မစွတာဦး– အဲယောင်လို့ ကိုမင်း– သိပ်လဲတက်ကြွမနေနဲ့၊ ဟောဟို ပြတင်းမှန်ကနေ အပြင်ကိုကြည့်လိုက်ဦး၊ မိုးတွေရွာနေတယ်ရှင့်"

ကိုမင်းက ခုတင်ခေါင်းရင်းက ကလကာကို အသာဖယ်ပြီး ပြတင်းမှန်ကတစ်ဆင့် အပြင်ဘက်ကို ကြည့်လိုက်တော့ ဟုတ်ပေသားပဲ၊ တိုကျိုမိုးက တစ်ဖွဲဖွဲနဲ့ပါလား။

လမ်းမများပေါ်တွင် ထီးကိုယ်စီနှင့်သွားနေကြသူများကို ကိုမင်း





လှမ်းတွေ့လိုက်ရသည်။ ပြီးနောက် စကားဝါ့အနီးသို့ ကိုမင်းပြန်လျှောက်လာပြီး–

"ကဲ– လမ်းမလျှောက်ရင် ဘယ်သွားမလဲ" ဟုမေးသည်။

"အချိန်အများကြီးရှိသေးတာပဲ၊ ဒီဟိုတယ်ရဲ့ တိုးချဲ့ဆောင်အပေါ်ထပ်မှာ ဖူဂျီတာစားသောက်ခန်းရှိတယ်။ Breakfast ကို အဲဒီမှာ သွားစားကြမယ်။ ဂျပန်အစားအစာရော၊ အနောက်တိုင်း အစားအစာရောရတယ်။ အားလုံးက ဘူဖေးပဲ၊ အဲဒီကနေ တိုကျိုမြို့ရှုခင်းကိုလဲ ကြည့်နိုင်တယ်။ ပြီးတော့ ကိုမင်းကိုလဲ ပြောစရာရှိတယ်"

ဒါလဲကောင်းတာပဲဟုပြောကာ စကားဝါနှင့်အတူ တိုးချဲ့ဆောင်ရှိ ဖူဂျီတာစားသောက်ခန်းသို့ ထွက်လာခဲ့ကြ၏။ တိုးချဲ့ဆောင်ဆိုသည့်အတိုင်း ကိုမင်းတို့တည်းသော အဆောက်အဦးတွင်မရှိ တိုးချဲ့ဆောင်က ၂၈ထပ်ရှိရာ အဆိုပါ စားသောက်ခန်းမှာ ၂၈ ထပ်တွင်ရှိသည်။

"ကိုမင်းကို ပြောစရာရှိတယ်" ဟူသော စကားဝါ၏ စကားကို ကိုမင်း စိတ်ဝင်စားမိသည်။ ဘာစကားပါလိမ့်ဟု ကိုမင်း ရင်ထဲတွေးဆနေမိ၏။

အင်း– အခုမှ သတိထားကြည့်မိသည်။ စကားဝါ သည်နေ့ဝတ်လာသော အဝတ်အစားက စကားဝါနဲ့ လိုက်ဖက်လွန်းသည်ပဲ။ အင်္ကျီကပန်းရောင်၊ စကဒ်ထမီက ပန်းရောင်၊ ပြီးတော့ ဆံပင်ကို ဘေးနှစ်ဘက်ခွဲ၍ ပန်းရောင်ဖဲကြိုးဖြင့် စည်းထားသည်။ အသားအရေက အဖြူအဆင်းနှင့်မို့ အဝတ်အစားနဲ့ သူ့ရုပ်သွင် လိုက်ဖက်လို့နေ၏။ သူမအလှကို သတိထားကြည့်မိသည်။ ကိုမင်း မျက်စိထဲတွင် ကျက်သရေရှိသော အလှပေပဲ။

စားသောက်ခန်းထဲရောက်တော့ တိုကျိုရှုခင်းကို အထင်းသား မြင်နိုင်သည့်နေရာတွင် နှစ်ဦးသားနေရာယူကြ၏။

မိုးသည် မသည်းတော့၊ ဖွဲဖွဲမျှသာရှိတော့သည်။ နံနက်ခင်းနေခြည်အလင်းက တိုကျိုတစ်မြို့လုံးကို ဖြန့်ကျက်နေရာယူ လာသည်။

ခဏကြာတော့ မိုးတိတ်သွားသည်။ ခပ်မြင့်မြင့် အဆောက်အဦးတို့၏ အရိပ်များကို အထင်းသားတွေ့နေရ၏။

စားသောက်ခန်းထဲတွင်တော့ လူအများအစားမရှိ။ ရှိသူများကလည်း ဟိုတယ်တွင် တည်းခိုကြသော နိုင်ငံခြားသား မိသားစုများ၊ စုံတွဲများသာဖြစ်၏။

ကိုယ်ကြိုက်နှစ်သက်ရာ ဂျပန်အစားအစာများကိုယူပြီး တိုကျိုမြို့၏ နံနက်ခင်းအလှကို ကိုမင်း ငေးမောနေစဉ်–

"ကိုမင်း စားလေ၊ စောနေလို့ မဆာသေးဘူးလား၊ ဟောဒီမှာ ရေအေးအေးလေးကို အစာမစားခင် အရင်သောက်လိုက်၊ ခံတွင်းရှင်းသွား အောင်လို့"

စကားဝါလှမ်းပေးသော ရေဖန်ခွက်ကို ကိုမင်းလှမ်းယူရင်း စကားဝါ့ကို စေ့စေ့ကြည့်လိုက်မိသည်။ ကြည့်လေ ကြည့်လေ ကြည့်မဝလေပါလား စကားဝါရယ်ဟု ကိုမင်းစိတ်က ရေရွတ်မိ၏။

"ကိုမင်း ကြည့်လှချည်လား"

"အော်–အင်း ဒီနေ့ စကားဝါ သိပ်လှနေလို့"

ထင်လို့ပါဟု စကားဝါက စကားတုန့်ပြန်ရင်း ရှက်သွားဟန်ဖြင့် ပုဂံထဲမှ ဟင်းများကို ခရင်းဖြင့်ထိုးနေသည်။

"နေပါဦး၊ ကိုမင်းကို ပြောစရာရှိတယ်ဆို"

ကိုမင်းက သိချင်နေသည်ကို မြန်မြန်ပဲမေးလိုက်မိသည်။ စကားဝါ မေ့ပြီး မပြောဖြစ်လိုက်မှာကိုလည်း ပူပန်နေသည်။

"ကိုမင်း အကြောင်းကို တစ်နေ့က အိမ်မှာအမေ့ကို ပြောပြလိုက်တယ်"





ကိုမင်းက အနည်းငယ်လန့်သွားဟန် ရှိသဖြင့်

"မလန့်ပါနဲ့ ကိုမင်းရဲ့၊ ကိုမင်းအကြောင်း အကောင်းတွေချည်းပါပဲ၊ မကောင်းတာရော ရှိလို့လား"

"အို မရှိပါဘူး စကားဝါရဲ့၊ စကားဝါလဲ သိသားနဲ့"

"သိနိုင်ဘူးလေ၊ ကိုမင်းကို တွေ့တာမှမကြာသေးဘူး၊ ဘယ်သိနိုင်ပါ့မလဲ"

စကားဝါက မျက်စောင်းလေးထိုးကာ ပြန်ပြောလိုက်စဉ် စကားဝါ့မျက်စောင်းလေးကလည်း လှသားပဲဟု ကိုမင်း တွေးနေမိသည်။

"ဒီလို ကိုမင်းရဲ့၊ အမေကလည်း အဘိုးရဲ့အသည်းလေ၊ အဖွားက အမေငယ်ငယ်လေးကတည်းက ဆုံးသွားတော့ အဘိုးကိုပဲ အမေက ပုံချစ်ခဲ့ရတာ။ အဘိုးကိုလဲ အမေက နားလည်တယ်။ စကားဝါ့ကိုမွေးပြီးတော့ အဘိုးရဲ့ အသည်းက စကားဝါဖြစ်သွားရော၊ အဘိုးက အသက်ကြီးလာတော့ တစ်ယောက်ထဲ တွေတွေကြီးနေရင် အမေနဲ့ စကားဝါက အဘိုးကို စကားတွေပြော၊ အဘိုးက မြန်မာပြည်အကြောင်း သူ့အတွေ့အကြုံတွေကိုပြောရရင် အဘိုးက သိပ်ကျေနပ်ပြီး ပျော်နေတာ။ ကြာတော့ အဘိုးပြောတဲ့ မြန်မာပြည်အကြောင်း စကားဝါတို့ နားရေဝနေတာပေါ့"

စကားဝါ ပြောနေရင်း ခဏရပ်ပြီး အနီးရှိ အချဉ်ဖျော်ရည်ခွက်ကိုယူကာ တစ်ကျိုက်မော့လိုက်သည်။ ပြီးနောက် ဆက်၍–

"အဘိုးက ဓာတ်ပုံဆရာလေ၊ အဲဒီခေတ်က ဓာတ်ပုံဆရာဆိုလို့ သိပ်နည်းတာ၊ ဓာတ်ပုံဆရာဆိုတော့ သိတဲ့အတိုင်းပဲ ပျိုမေတွေက သိပ်ဝိုင်းတာ"

စကားဝါ့စကားကို သဘောကျ၍ ကိုမင်းပြုံးလိုက်မိသည်။

"ကိုမင်းက ဘာပြုံးတာလဲ"

"ဟင်း–ဟင်း ကိုမင်းလဲ ဂျပန်ပြည်မှာ ဓာတ်ပုံဆရာလုပ်စားရင်ကောင်းမလား"ဟုဆိုကာ အနားတွင် ချထားသော ကင်မရာကို မြှောက်ပြလိုက်သည်။

"ကိုမင်းနော် တော်တော်ကဲ၊ ဟောဒီလို ဗိုက်ခေါက် လိမ်ဆွဲပစ်လိုက်မယ်"

စကားဝါက ဗိုက်ခေါက်လိမ်ဆွဲဟန်ပြစဉ် ကိုမင်းက "အား" ဟု နာဟန်ပြလိုက်သဖြင့်–

"တကယ်မဆွဲရသေးဘူးနော်၊ သိပ်လဲသဲမနေပါနဲ့"ဟု စကားဝါက မျက်စောင်းလေးတစ်ချက်ထိုးပြီး ပြောလိုက်သဖြင့် ကိုမင်းကျေနပ်စွာ ပြုံး၍ နေလိုက်သည်။ ပြီးမှ–

"ကဲ ဆက်ပါဦး၊ ကင်မရာဆရာ အဘိုးရဲ့အကြောင်း"

"ဒါပေမယ့် အဘိုးက အဲဒီအမျိုးသမီးတွေကို စိတ်မဝင်စားခဲ့ဘူး။ ချစ်တယ်ဆိုတာ ဘာလဲဆိုတာကိုတောင် အဘိုးမခံစားခဲ့ရဘူးတဲ့"

စကားဝါပြောရင်း စကားကို ခဏရပ်သည်။ ပြီးမှဆက်၍

"ဒါပေမယ့်တစ်နေ့ အိမ်ကိုစာတစ်စောင်ရောက်လာတယ်။ စာကတော့ အာရှဒေသမှာ စစ်ဆင်ဖို့ စစ်သားတွေ လိုတယ်၊ စစ်ထဲဝင်ဖို့ ခေါ်တဲ့စာပါပဲ။ အဲဒီအချိန်က အရှေ့တောင်အာရှဒေသမှာ စစ်ဆင်ရေးဆင်နွှဲနေတဲ့ အချိန်ပေါ့။ စစ်ကိုမုန်းတဲ့အဖိုးဟာ ၁၉၄၃ ခုနှစ်လောက်မှာ တပ်ထဲရောက်သွားခဲ့ရတယ်။ အဲဒါနဲ့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးမှာ စစ်ကြောင်းတစ်ကြောင်းနဲ့ မြန်မာပြည် ကိုရောက်သွားတယ်"

အဘိုးကို သတိရဟန်ဖြင့် စကားဝါအဝေးသို့ ငေးငေးကလေး ကြည့်နေသည်။ စကားဝါ၏ ပြောစကားကို ကိုမင်းပိုလို့ စိတ်ဝင်စားလာခဲ့၏။ စကားဝါ့အဘိုး မြန်မာပြည်မှာ ဘာတွေဖြစ်ခဲ့သလဲ။ မြန်မာပြည်နဲ့ မည်သည့်အတိုင်းအတာအထိ ပတ်သက်ခဲ့သလဲ။ ပြီးတော့





စကားဝါက မြန်မာပြည်ကိုချစ်နေရတဲ့အကြောင်း၊ သူ့ကို ဂုဏ်တစိုက်ရှိခဲ့ရတဲ့အကြောင်း၊ သည်အကြောင်းတွေကို ကိုမင်းသိချင်လာခဲ့၏။

စကားဝါကပင် စကားကိုဆက်၍–

"ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ ဂျပန်တွေ အဆုတ်မှာအဘိုးတစ်ယောက် မြန်မာပြည်ပုဂံဒေသက သိရိပစ္စယာ ရွာသူတစ်ဦးနဲ့ တွေ့ခဲ့ရတယ်။ သူ့ရဲ့ အပြုအစုနဲ့ ဂရုစိုက်မှုတွေ၊ ရိုးသားဖြူစင်မှုတွေကတစ်ဆင့် အဘိုးသူ့ကို သံယောဇဉ်တွယ်ခဲ့ရတယ်။ နောက်ဆုံးပြောရရင် ချစ်ခဲ့တယ်ပေါ့။ အဲဒီအခါကျမှ အချစ်ဆိုတာဘာလဲဆိုတာ အဘိုး သိခဲ့ရတယ်တဲ့၊ ဒါနဲ့ပတ်သက်ပြီး အဘိုးရေးထားတဲ့ ဒိုင်ယာရီစာအုပ်ကို အဘိုးဆုံးပြီးနောက်တွေ့တော့မှ စကားဝါ သိခဲ့ရတာ"

"စိတ်ဝင်စားစရာပဲနော်"

"ဒါတင်ဘယ်ကမလဲ ဒီထက်စိတ်ဝင်စားစရာတွေ အများကြီးရှိသေးတယ်၊ ကိုမင်းကို အဲဒါတွေ ပြချင်တယ်။ ဒါ့ကြောင့် အမေက မှာ လိုက်တယ်"

"အမေက မှာလိုက်တယ် ဟုတ်လား"

တအံ့တဩဖြင့် ကိုမင်း စကားဝါ့ကိုမေးလိုက်၏။

"ဟုတ်တယ်၊ မြန်မာပြည်သားဆိုတာကို တွေ့ချင်လို့တဲ့၊ စကားတွေလဲ ပြောချင်တယ်တဲ့"

ကိုမင်း မျက်လုံးပြူးသွားသည်။

"တွေ့ချင်တယ်"

"ဟုတ်တယ်လေ၊ အဲဒါ မနက်ဖြန်မနက်ပိုင်း ပရိုဂရမ်ထဲမှာ ဖရီးတိုင်းလေး၊ ဘာအစီအစဉ်မှ မရှိဘူး။ ဒါ့ကြောင့် အမေ့ကို ကတိပေးခဲ့တယ်။ မနက်ဖြန်မနက် ခေါ်လာခဲ့မယ်လို့။ ပြီးတော့ အမေကလဲ ပြောသေးတယ်"

"ဘာတဲ့လဲ"

"မနက်ဖြန် နေ့လယ်စာ အိမ်မှာပဲကျွေးရအောင်တဲ့။ မြန်မာထမင်းဟင်းချက်ထားမယ်တဲ့လေ"

"ဟင်"

ကိုမင်း အံ့ဩရပြန်ပြီ။ သားအမိနှစ်ယောက် သူ့ကိုကြိုမပြောဘဲ စီစဉ်ထားလိုက်ပြီလေ။ ပြီးတော့ မြန်မာ ထမင်းဟင်းတဲ့။ ရန်ကုန်က ထွက်လာပြီးကတည်းက မြန်မာထမင်းဟင်းကို တမ်းတခဲ့သည်မို့ အစီအစဉ်ကတော့ အကောင်းသား။

"ဘာလဲ မြန်မာထမင်းဟင်းဆိုတော့ အံ့ဩသွားတာလား၊ အဲဒါလဲ အဘိုးဆီက အမေသင်ထားတာလေ၊ မြန်မာပြည်ကအပြန် မြန်မာထမင်းဟင်းကို သူကိုယ်တိုင်ချက်ပြီးစားရာက အမေလဲချက်တတ်နေတယ်လေ"

"အင်း--"

ကိုမင်း စကားဝါ့ကို ကြည့်ရင်း စဉ်းစားဟန်ပြုသည်။ ကိုမင်းဆီက အဖြေ မရသေးသဖြင့်-

"ဘာစဉ်းစားနေတာလဲ၊ ဘာလဲ မအားဘူးလား"ဟု မေးလိုက်စဉ် ကိုမင်းက ပြုံးစိစိဖြင့်

"အာရီကတော ကိုဇိုင်းမတ်(စ်)၊လိုက်မယ်" ပြောလိုက်သည်။

ကျေးဇူးတင်ပါတယ်ဟု ကိုမင်း ဂျပန်စကားဖြင့် ပြောလိုက်တော့ စကားဝါ့မျက်နှာ ဝင်းပသွားပြီး ကျေနပ်သွားသည်။

"ဟင်–ကိုမင်း ဂျပန်စကားနောက်တစ်လုံးပြောလိုက်ပြန်ပြီ"

စကားဝါ၏ အားရကျေနပ်သော အပြုံးကိုတွေ့လိုက်ရသဖြင့် ကိုမင်းရင်ထဲ အေးချမ်းသွားသည်။





စကားဝါက ကိုမင်းနှင့်အတူနေရချိန်များကို ပျော်သည်ဟု ဆိုဖူးသည်။ အဲဒါ အချစ်လေလား...။

ကိုမင်းကလည်း စကားဝါ့အပြုံးကြောင့် ရင်ထဲအေးချမ်းသွားသည်ဟု ဆိုပြန်သည်။ အဲဒါသည်ပင် အချစ်လေလား...။

နှစ်ဦးသား အချစ်၏ အဓိပ္ပာယ်ကို အသေအချာ မဖွင့်ဆိုနိုင်သေးပေမယ့် သေချာနေသည်ကတော့ တစ်ဦးပေါ်တစ်ဦး တွယ်တာနေခြင်းပဲလေ...။

* * *

## အခန်း (၇)

မနက်ပိုင်းက ဟိုတယ်တွင်စကားဝါနှင့်ကိုမင်း စကားတွေအများကြီး ပြောဖြစ်ခဲ့၏။ နက်ဖြန်တွင် စကားဝါတို့ အိမ်ကထမင်းစားဖိတ်ထားသည်။ ဂျပန်မိသားစုတစ်စုအကြောင်းကို လေ့လာရဦးမည်။ အထူးသဖြင့် စကားဝါနှင့် ပတ်သက်၍ သူမ၏မိသားစုအကြောင်းကို ကိုမင်း လေ့လာချင်နေသည်။

ပြီးတော့ အဘိုးဖြစ်သူ၏ မြန်မာပြည်ရောက် စိတ်ဝင်စားဖွယ်ရာဇာတ်လမ်းများ။ ထိုဇာတ်လမ်းများနှင့် ပတ်သက်သည့်အကြောင်းအရာများ စကားဝါတို့အိမ်တွင် များစွာရှိနိုင်သည်။

နက်ဖြန်တွင် မြန်မာထမင်းဟင်းစားရင်း မြန်မာပြည်ကိုချစ်သည့် မိသားစုအကြောင်း လေ့လာခွင့်ရမည့်အရေးတွေးရင်း ကိုမင်းကျေနပ်နေမိသည်။

"ကဲ ကိုမင်း အာဆီယံ–ဂျပန်စင်တာကိုရောက်ပြီ"

အနားက စကားဝါသတိပေးလိုက်တော့မှ ကိုမင်းအတွေးတို့ရပ်သွားပြီး "ဟုတ်ပေသားပဲ" ဟု ဆိုကာ ကားပေါ်မှဆင်းသည်။

အာဆီယံ–ဂျပန်စင်တာဆိုသည်ကား အာဆီယံနှင့်ဂျပန်နိုင်ငံအကြား ပေါင်းကူးဆက်သွယ်ပေးသည့် ဌာနကြီးတစ်ခုဖြစ်သည်။





စင်တာမှာ ဂင်ဇာရပ်ကွက်ကြီးအတွင်းရှိပြီး အထပ်မြင့်အဆောက်အဦး ဖြစ်သည်။ အပေါ်ထပ်များသည် ရုံးခန်းများ ဖြစ်ပြီး အောက်ထပ်များတွင်ပြပွဲများ၊ ပြခန်းများလုပ်ရာခန်းမကြီးများရှိ၏။ စင်တာအဆောက်အဦး၏ မလှမ်းမကမ်းတွင် ကမ္ဘာကျော်ဆိုနီကုမ္ပဏီအဆောက်အဦးကြီးရှိသည်။

အာဆီယံ–ဂျပန်စင်တာ၏ရည်ရွယ်ချက်ကိုက အာဆီယံနှင့်ဂျပန်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလာရေး ကိစ္စရပ်များကို အရှိန်တိုးမြှင့် ဆက်သွယ်ပေါင်းကူးနိုင်ရန်ဖြစ်သည်။ ထိုအဖွဲ့ကို ၁၉၈၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဂျပန်နိုင်ငံတို့သာ ရှိခဲ့သော်လည်း ယခုအခါ ကျန်နိုင်ငံများပါ အဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့ပြီ။

မြေညီထပ်ရှိ နိုင်ငံအလိုက် ပရိဘောဂအသုံးအဆောင်ပစ္စည်းများပြခန်းတွင် အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ ဒေသထုတ်ကုန်ပစ္စည်းများကို လေ့လာခွင့်ရခဲ့သည်။

"ဒီပြခန်းက အာဆီယံနိုင်ငံတွေက ပရိဘောဂထုတ်ကုန်တွေကို ပြထားတဲ့ ပြခန်းလေ၊ ပြခန်းက တနင်္လာနေ့က သောကြာနေ့အထိဖွင့်တယ်။ စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူ ရုံးပိတ်ရက်တွေမှာတော့ ပိတ်တယ်လေ"

ကိုမင်းနှင့်အတူ လာအိုသား မစ္စတာဆာဗန်၊ ကမ္ဘောဒီးယားသား မစ္စတာဖီရွန်နှင့် ဗီယက်နမ်သူ မစ္စတူဖောင်းတို့ လက်ရာဆန်းပရိဘောဂပစ္စည်းများကို စိတ်ဝင်တစားကြည့်နေစဉ် စကားဝါက အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြသည်။

ခဏကြာတော့ ဆက်သွယ်ရေးအရာရှိ မစ္စတာဟီရိုကီက ကိုမင်းတို့ အနားရောက်လာပြီး "စင်တာအထွေထွေအတွင်းရေးမှူးနဲ့ တွေ့ချိန်နီးပြီ အပေါ်တက်ရအောင်"ဟုဆိုသဖြင့် အားလုံးဓာတ်လှေကားဖြင့် အပေါ်ထပ်သို့တက်ကြ၏။

တွေ့ဆုံပွဲခန်းမရောက်တော့ စင်တာအထွေထွေအတွင်းရေးမှူး မစ္စတာ နိုဟူတိုရှိအကာအိုက အဖွဲ့သားများကို ဆီးကြိုနှုတ်ဆက်သည်။

စကားဝါကလည်းအဖွဲ့သားများနှင့် မိတ်ဆက်ပေးသည်၊ တွေ့ဆုံပွဲတွင် အချိန်ယူပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြသဖြင့် ကိုမင်း တစ်ယောက် အာဆီယံ–ဂျပန်စင်တာ၏ လုပ်ငန်းစဉ်များအကြောင်း တော်တော်လေး လေ့လာသိရှိခွင့် ရလိုက်သည်။

ဗိုက်ထဲကဆာလာသဖြင့် ကိုမင်း နာရီကြည့်လိုက်တော့ ၁၂ နာရီခွဲလုပြီ။ မစ္စတာအကာအိုကလည်း ကိုမင်းနာရီ အကြည့်ကို သဘောပေါက်ဟန်ထင့်၊ စကားစကိုဖြတ်ပြီး နှုတ်ဆက်စကားဆိုလိုက်၏။

အဖွဲ့သားများ အလယ်ထပ်ရှိ စားသောက်ဆိုင်တန်းဆီသို့ ဆင်းကြသည်။ ဆိုင်ထဲဝင်သည်နှင့် ကိုမင်းစားပွဲလွတ် တစ်ခုတွင် ဝင်ထိုင်သည်။ နောက်လှည့် ကြည့်တော့ စကားဝါ့ကို မတွေ့ရ။

ဆိုင်ဝတွင် ရောင်းချနေသော ရယ်ဒီမိတ်ထမင်းဘူး ဝယ်နေ သည်ကို ကိုမင်း လှမ်းတွေ့လိုက်ရသည်။

ဟုတ်ပေသားပဲ။ မြန်မာပြည်က စားသောက်ဆိုင်တွေလို စားပွဲတွင်ထိုင်မှ ဝိတ်တာကလာမေး၊ လာချပေးသည်မှ မဟုတ်ဘဲ

"ဒီမှာ ကိုမင်းအတွက်လေ၊ ခေါက်ဆွဲတစ်ခြမ်း၊ ထမင်းတစ်ခြမ်း ပါတယ်၊ နှစ်မျိုးလုံးရောစားရအောင် ဝယ်လာတယ်" ဟုဆိုကာ ကိုမင်း ကို ထမင်းဘူး လှမ်းပေးသည်။

ပြီးနောက် ထမင်းဘူးကို သူမကိုယ်တိုင် အသာဖွင့်ပေးပြီး ဘူးထဲ





ဟင်းအမယ်များကို တစ်မျိုးချင်းရှင်းပြသည်။ တစ်ဆက်တည်းပင် တူတစ်စုံကို တစ်သျှူးဖြင့် သေသပ်စွာ သုတ်ပေး၏။ ပြီးမှ–

"ကဲ ရပြီ၊ ကိုမင်း စားလို့ရပြီ"ဟုဆိုကာ သန့်ပြီးသားတူတစ်စုံ ကို ကိုမင်းထံ လှမ်းပေးသည်။

အင်း ဂရုတစိုက်ရှိလှသော စကားဝါ့ကို ကိုမင်း မေ့နိုင်ပါ့ မည်လား။

ခဏကြာတော့ ဆက်သွယ်ရေးအရာရှိ မစ္စတာဟီရိုကီ အနား ရောက်လာသည်။

"ကဲ မစ္စတာဦး၊ စားပြီးရင်သွားကြရအောင်၊ မူဆာရှိနို အနုပညာ တက္ကသိုလ် သွားလေ့လာရအောင်၊ အဲဒီမှာ အပင်ကြီးတွေနဲ့ အရိပ် သိပ်ကောင်းတယ်၊ အဲဒီကျမှ နားကြတာပေါ့" ဟု ဆိုသည်။

အာဆီယံ–ဂျပန်စင်တာမှထွက်တော့ မွန်းလွဲတစ်နာရီခွဲလုပြီ။

နာရီဝက်ခန့် သွားမိသည့်အခါ မူဆာရှိနို အနုပညာတက္ကသိုလ်သို့ ရောက်သည်။ မိုမီဂျိပင်များ အစီအရီကြားမှ တက္ကသိုလ်ကျောင်းဆောင် များကား ခန့်ထယ်၍ နေတော့၏။

ကျောင်းဝတွင် ကားရပ်တော့ အားလုံးမိုမီဂျိပင်များအောက် ဖြတ်၍ လျှောက်ကြသည်။ နွေရာသီပင် မဟုတ်သော်လည်း ပင်ထက်မှ မိုမီဂျိရွက်တို့ ကြွေကျနေသည်မှာ မြေပြင်တွင် နီတစ်ချို့၊ ဝါတစ်ချို့ဖြင့် လှပ၍နေသည်။

ထိုင်းမှ သတင်းထောက်မလေး မစ္စပါဝီနာက ပင်ထက်မှ ကိုင်းညွတ်ကျနေသော မိုမီဂျိရွက်များကို သူမ၏ ဒစ်ဂျစ်တယ် ကင်မရာ ငယ်ဖြင့် အနီးကပ် ရိုက်ယူမှတ်တမ်းတင်နေသည်ကို တွေ့ရသည်။ မစ္စပါဝီနာနှင့် မစ္စတူဖောင်းတို့မှာ သက်တူရွယ်တူများ ဖြစ်ကြသည်။ မစ္စပါဝီနာမှာ ကမ္ဘာ့နိုင်ငံအတော်များများသို့ မီဒီယာလုပ်ငန်းဆိုင်ရာ

လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ဖူးသူဖြစ်ပြီး အင်္ဂလိပ်စကား အပြောကောင်းသူလည်းဖြစ်၏။

မစွတ္တူဖောင်းက သတင်းသမားဆိုခြင်းထက် ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်သူဟုဆိုနိုင်သည်။ သူမ၏ မှတ်တမ်းစာအုပ်များသည် စီဒီချပ်ပြားများ ဖြစ်သည်။ ဂျပန်နိုင်ငံရောက်ရှိစဉ် ကွန်ပျူတာအသုံးပြုခွင့် ရသောနေရာများ၌ စာစီစာရိုက်၍ လေ့လာတွေ့ရှိသမျှကို စီဒီထဲ ချက်ခြင်းထည့် ကူးယူမှတ်တမ်းတင်တတ်သူဖြစ်သည်။

မူဆာရှိနို အနုပညာတက္ကသိုလ်တွင် လက်မှုပညာအဖြစ် ပန်းချီ ပန်းပုပညာရပ်များကို သင်ကြားသကဲ့သို့ ကွန်ပျူတာဖြင့် ဂရပ်ဖစ်ဒီဇိုင်း များ ရေးဆွဲခြင်းကိုလည်း သင်ကြားသည်။

ကိုမင်းတို့ လေ့လာရသောနေရာများသည် ဂရပ်ဖစ်ဒီဇိုင်းဖြင့် ပုံဖော်၊ နောက်ခံအသံသွင်း၊ ပြီးလျှင် ဒီဇိုင်းအချောထုတ် ရာနေရာများနှင့် ဂရပ်ဖစ်ဒီဇိုင်းကို ရုပ်အရှင်ဖြင့် လှုပ်ရှားမှုကာတွန်းပုံများ (Animation) ဖန်တီး သရုပ်ဖော်ရေးဆွဲရာ နေရာများ ဖြစ်သည်။

အဆိုပါနေရာများရှိ စာသင်ခန်းများတွင် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားနေကြသည်ကို တွေ့ရ၏။

မစွတ္တူဖောင်းကလည်း စက်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ရင်း–

"မစ္စတာဦး ဂရပ်ဖစ်ဒီဇိုင်းတစ်ခု ဆွဲကြည့်ရအောင်" ဟုအဖော် စပ်သည်။

ကိုမင်းက " မစ္စဗီယက်နမ် ဆွဲကြည့်လေ"ဟုပြောကာ သူမ၏ အနားတွင် ရပ်၍ကြည့်သည်။ မစွတ္တူဖောင်းသည်လည်း လှပသူလေး တစ်ဦးဖြစ်၍ ဗီယက်နမ်အလှမယ်ဟု တင်စားကာ တစ်ခါတစ်ရံ ကိုမင်း က "မစ္စဗီယက်နမ်" ဟုခေါ်တတ်သည်။





မစွတ္တူဖောင်းအနားရောက်နေသော ကိုမင်းကို ခပ်လှမ်းလှမ်းမှ စကားဝါ လှမ်းကြည့်လိုက်သည်။ မစွတ္တူဖောင်းအနီး ကိုမင်းရှိနေ၍ စကားဝါ ဘဝင်ကျဟန်မတူ။ စကားဝါကလည်း ကိုမင်းအနား လောလောဆယ် မလာနိုင်သေး။ အဖွဲ့သားများ၏ အပြန်အလှန် မေးမြန်းမှုများ အပေါ်တက္ကသိုလ်မှ တာဝန်ရှိသူများ ရှင်းပြနေခြင်းကို ဘာသာပြန်နေရသည်။ ဤအချိန်တွင် ကိုမင်းအား ရှင်းပြနေသူက မစွတ္တူဖောင်း။

"မစ္စတာဦးတို့ မြန်မာပြည်မှာ ဒီလိုရွေ့ရှားဒီဇိုင်း(Animation) တွေ ခေတ်စားနေပြီလား"ဟု မစွတ္တူဖောင်းက မေးသည်။

"အခုတော့ အနည်းအကျဉ်း ရှိနေပါပြီ။ ဇာတ်လမ်းဇာတ်ထုတ် တွေကို ရေးဆွဲတာမျိုးထက် ဇာတ်လမ်းတိုတွေကို တီထွင်နေကြတာ ရှိနေပါပြီ"

ခဏကြာတော့ ကိုမင်းတို့အနားသို့ စကားဝါရောက်လာသည်။

"ကိုမင်းကို ရှင်းပြနေရာတာ မစွတ္တူဖောင်းတော်တော်မော ရောပေါ့ "

ရင်ထဲကပါဟန်မတူသော အားနာစကားကို စကားဝါပြော လိုက်၏။

"မမောပါဘူး၊ မစ္စတာဦးက စိတ်ဝင်စားတော့ ရှင်းပြရတာ ပျော်တောင် ပျော်ပါသေးတယ်"

"ဘာစကားလဲ၊သူတို့တတွေ ပျော်တောင်ပျော်နေကြတယ် ဆိုပါလား" ဟု စကားဝါ တွေးမိကာ ကိုမင်းကို မကျေနပ်မျက်စောင်း လေး မသိမသာထိုးလိုက်သည်။ ကိုမင်းကပြုံး၍ နေလိုက်ပါ၏။ ပြီးမှ ကိုမင်းက–

"ရှင်းပြတဲ့သူမရှိတော့ မစ္စဗီယက်နမ်ကိုပဲ အားကိုးရတာယ်လေ" ဟု ပြောလိုက်ရာ

စကားဝါက "ကြည့်စမ်း၊ ကြည့်စမ်း မစ္စဗီယက်နမ်တဲ့၊ မစ္စတူဖောင်းက ဗီယက်နမ်မှာ အလှဆုံးလို့ ပြောလိုက်တာပေါ့လေ" ဟု စိတ်ထဲမှာ ရေရွတ်ရင်း "လူကြားထဲမှာမို့ပေါ့၊ နှစ်ယောက်ထဲဆို ပြောပစ်လိုက်ဦးမယ်"ဟု စိတ်ထဲမှာပင် ရန်တွေ့စကား ဆိုလိုက်မိသည်။

တက္ကသိုလ်အတွင်း လှေ့လာပြီးတော့ တက္ကသိုလ်ဝင်းအတွင်းရှိ မိုမိဂျီ ပင်အောက်ခုံတန်းများတွင် အဖွဲ့သားများ ခေတ္တနားကြသည်။ မစ္စတာဟီရိုကီက ဘယ်ကဝယ်လာမှန်းမသိသော ကော်ဖီခွက်များကို ယူလာပြီး တစ်ဦးစီကို လိုက်ဝေပေးနေသည်။

ကိုမင်းနှင့် စကားဝါတို့က ခုံတန်းငယ်တစ်ခုတွင် အတူထိုင်ကြ၏။ သို့သော်စကားတော့ မပြောဖြစ်ကြသေး။ စကားဝါ့မျက်နှာတွင် မှုန်တိုင်း မိုးတိမ်တို့ ဆင်နေသည်။ စကားဝါ ဘာကိုမကျေမနပ် ဖြစ်နေပါလိမ့်။

ထိုစဉ် ကိုမင်းနှင့်စကားဝါထိုင်နေသော နေရာအနီးသို့ မစ္စတာ ဟီရိုကီ ရောက်လာပြီး ကော်ဖီနှစ်ခွက်ပေးရင်း–

"မစ္စတာဦး–မစ္စဝါရီကိုသတိထားပေါင်း၊ သူ့စိတ်ထဲက မကျေနပ်ရင် မထင်ရင်မထင်သလို ကြောင်လိုကုတ်တတ်တယ်"ဟု နောက်သည်။

"ဟုတ်မယ်–မစ္စတာ ဟီရိုကီ၊ အခုတောင် ကုတ်ချင်နေပြီလားမသိဘူး၊ ကျွန်တော်ကို မျက်စောင်းထိုးတာ နှစ်ခါရှိပြီ" ဟု ကိုမင်းက ပြောလိုက်သည်။

မစ္စတာ ဟီရိုကီထွက်သွားပြီးနောက်

"အား"

ကိုမင်း ခါးကိုတွန့်ကာ အော်လိုက်မိသည်။ ကြောင်ကုတ်ပြီ၊ အဲ– ဗိုက်ခေါက်လိမ်ဆွဲခံရပြီ။





"မှတ်ပြီလား၊ ကြောင်ကုတ်တာထက် ဆိုးသွားမယ်" ဟု စကားဝါကဆိုစဉ် ကိုမင်းက "ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ စကားဝါရဲ့" မေးသည်။

"ဘာကိုမကျေမနပ်ဖြစ်ရမှာလဲ၊ အခုတလော ခြေလှမ်းတွေ ပျက်နေတယ်"

"ဘာပျက်လို့လဲ စကားဝါရယ်"

"ဘာပျက်ရမှာလဲ၊ သူများပြောတာမယုံတော့ဘူးလို့ စဉ်းစားထားတာ အခုတော့ လက်တွေ့မြင်ရတော့ ယုံသွားပြီ"

"ဘယ်လို– ကိုမင်းတော့ နားမလည်ပါဘူး"

"အခုမှ နားမလည်ချင်ယောင်ဆောင်နေတယ်။ ခုနက ဂရပ်ဖစ် ဒီဇိုင်းခန်းမထဲမှာ မစ္စတူဖောင်းနဲ့လေ၊ အဆင်ပြေနေလိုက်တာ၊ ပြီးတော့ ရှိသေးတယ်။ ဘာတဲ့ မစ္စတူဖောင်းကို မစ္စဗီယက်နမ်တဲ့၊ ဗီယက်နမ် အလှမယ်လေးပေါ့လေ၊ ဟုတ်လား၊ မျက်စိထဲမှာ မစ္စတူဖောင်းက အဲဒီလောက်တောင် လှနေပြီလား"

"အာ ဒါကြောင့်ကိုး"

"မဟုတ်သေးဘူး၊ ရှိသေးတယ်၊ မနေ့ညက မစ္စတူဖောင်းနဲ့ နှစ်ယောက်ထဲ ဟိုတယ်ခန်းအောက်ဘက် ဆင်းသွားကြတယ်ဆို၊ ဘယ်သွားတာလဲ၊ ညဘက်ကြီး"

"စကားဝါကလဲ မဟုတ်တာ၊ ဘယ်သူပြောတာလဲ"

"ဟုတ်မဟုတ်ပဲ ဖြေပါ။ ဘာမှမမေးပါနဲ့၊ ဘယ်သွားတာလဲပြော၊ မပြောရင် နောက်တစ်ခါ ဆွဲလိမ်မှာနော်"

စကားဝါ ပြောပြောဆိုဆို ဗိုက်ခေါက်ဆွဲလိမ်ဟန်ပြုသည်။

"အမလေး၊ ထပ်တော့ မလုပ်လိုက်ပါနဲ့၊ ပြောပါ့မယ်။ မစ္စ

တူဖောင်းနဲ့ စာအုပ်ဆိုင်တွေကြည့်ရင်း ကော်ဖီလေးသောက်မိတာပါ၊ ရိုးရိုးသားသားပါ စကားဝါရယ်"

တကယ်တော့ မနှေ့ညက ကိုမင်းနှင့် မစွတူဖောင်းတို့ စာအုပ်ဆိုင်သွားသည်ကို မစွတာဖီရှုန်တွေ့သွားပြီး စကားဝါ့ကို အတို့အထောင် လုပ်လိုက်ဟန်တူသည်။ ဒါ့ကြောင့် စကားဝါ ကိုမင်းအပေါ် မုန်တိုင်းမိုး တိမ်ဆင်နေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်၏။

"ရိုးရိုးသားသားဆိုတာ ယုံရမှာလား"

"ယုံလိုက်ပါ စကားဝါရယ်၊ ဒီ့တတွေအားလုံးက အာဆီယံ မောင်နှမတွေပဲလေ"

စကားဝါ့မျက်နှာတွင် လုံးဝကျေနပ်ဟန်မရှိသော်လည်း မူလ ထက်တော့ အနည်းငယ်စိတ်ပြေသွားဟန်တူသည်။

စကားဝါ သူ့အပေါ်သဝန်တိုနေတာလားဟု ကိုမင်းတွေးမိသည်။ သို့ဆိုလျှင် စကားဝါက ကိုမင်းအပေါ် ၁၅၀၀လား၊ ၅၂၈လား။

၎င်းကို ကိုမင်းအသေအချာ မဝေခွဲနိုင်သော်လည်း သေချာနေ သည်ကတော့ ကိုမင်းအပေါ် စကားဝါတွယ်တာ နေမိသည်က အမှန်ပဲလေ...။

* * *



## အခန်း (၈)

ယနေ့ ကိုမင်း အိပ်ရာက စောစောနိုးနေသည်။

ညက အိပ်ရာဝင်နောက်ကျခဲ့သော်လည်း အိပ်ရာမှ စောစောထ သည့် အကျင့်ရနေပြီ။ အထူးသဖြင့် စကားဝါရောက်လာမည့်နေ့များ တွင် အိပ်နေရင်းပင် မကြာခဏ နိုးနေသည်။ စကားဝါနှင့်တွေ့ရန် ဆန္ဒစောနေ၍လည်း ဖြစ်မည်။

ဂျပန်သို့ ခေတ္တရောက်စဉ်ကာလအတွင်း အိပ်နေခြင်းဖြင့် အချိန်တွေ ကုန်ဆုံးသွားမည်ကို ကိုမင်း မလိုလားချေ။ သစ်လွင် ဆန်းသစ်သော အတွေ့အကြုံများ၊ မြင်ကွင်းများကို ကိုမင်းရယူ မြင်တွေ့ ချင်သည်။

ဂျပန်တွင်ရောက်ရှိနေစဉ်ကာလအတွင်း သွားရလာရ စားရ သောက်ရနေထိုင်ရသည်မှာ အဆင်ပြေလှသည်။ အိမ်ရှင်များက မိမိတို့ကို လွှန်စွာဂရုစိုက်ကြသည်။ ကိုမင်းအတွက်မူ စိတ်လက်ပေါ့ပါး ကာ စိတ်လွတ်ကိုယ်လွတ် ရှိလှသည်။ ရင်မှာအေးချမ်းရသည်။ ဤသို့သော တွေ့ထိခံစားမှုများသည် နောင်သောအခါ အိမ်မက်သဖွယ် မဖြစ်စေချင်။ အားလုံးအမှတ်တရတွေ ဖြစ်စေချင်သည်။

ယခုလည်း အမှတ်တရပေါင်းများစွာ ကိုမင်းတွင် ရှိနေပြီ။

မေ့မရသော အဖြစ်အပျက်များသည် ကိုမင်းရင်ထဲသို့ တိုးဝင်လျက်ရှိ၏။ ထိုအမှတ်တရများ၊ မေ့မရသောအဖြစ်အပျက်များကို အများဆုံးဖန်တီးပေးနေသူက စကားဝါဖြစ်သည်။

ယနေ့လည်း အမှတ်တရများကိုပေးရန်အတွက် ကိုမင်းထံ စကားဝါ ရောက်လာဦးမည်။ သူမအိမ်သို့ အလည် ခေါ်မည်။ မိသားစုနှင့် တွေ့ပေးမည်။ ဂျပန်မိသားစုလက်ရာ မြန်မာထမင်းဟင်းကို ကျွေးဦးမည်။ ပြီးနောက် စကားဝါ ရင်ထဲမှ အမှတ်တရစကားများ ကြားရဦးမည်လား။

ကိုမင်း ပျော်ပါသည်။ စကားဝါနှင့်တွေ့လျှင် ကိုမင်းပျော်တတ်နေပြီ။ စကားဝါ့ကို ကိုမင်းမျှော်တတ်နေပြီ။

ညကလဲ စကားဝါ့ကို မနက်တွင် တွေ့ရမည့်အရေးတွေးကာ အိပ်မပျော်ခဲ့။ ဟော– ဒီနေ့မနက်လည်း စကားဝါရောက်လာမည့်အချိန်ကို မျှော်နေမိသည်။

"တီ"

အခန်းက ဘဲလ်တီးသံကြောင့် ကိုမင်း အခန်းတံခါးကိုပြေးဖွင့်သည်။ ထင်သည့်အတိုင်း စကားဝါ ဖြစ်နေ၏

"Good morning စကားဝါ"

"မင်္ဂလာနံနက်ခင်းပါကိုမင်း၊ ကိုမင်းနိုးမှ နိုးပါ့ဦးမလားလို့"

ကိုမင်း ပြန်မဖြေနိုင်သေးပါ။ စကားဝါ့ကို မမိုတ်မသုန်ကြည့်နေမိရင်း–

"လှလိုက်တာ စကားဝါရယ်၊ ဒီနေ့ သိပ်လှတာပဲ" ဟုဆိုသည်။

သည်နေ့ စကားဝါ အပေါ်အောက် အဖြူရောင်ဝမ်းဆက်ဝတ်လာသည်။ အင်္ကျီက လက်မောင်းအထိ လက်ပြတ် ဖြစ်သည်။ လုံးကျစ်သော လက်မောင်းသားကပေါ်လွင်နေ၏။ ဆံပင်ကို နောက်လှန်





ကာ နဖူးလေးပေါ်အောင်ပင့် ဖီးပြီး နောက်ဘက်တွင် သေသေသပ်သပ်ဖြန့်ချထား၏။

"ကိုမင်း အရမ်းမြှောက်တတ်တာပဲ၊ အရင်ကလဲ ဒီမျက်နှာနဲ့ ဒီပုံစံပဲဟာ"

"ဒီနေ့ ပိုလှတယ် ထင်လို့ပါ"

"ကဲပါ၊ သိပ်လဲမြှောက်မနေပါနဲ့၊ ဒီနေ့အိမ်မှာ နေ့လည်စာကျွေးပါ့မယ်။ ကဲ လောလောဆယ် ဘာမှမစားရသေးဘူး မဟုတ်လား"

"ဟုတ်တယ်လေ၊ စကားဝါ့ကို Breakfast စားဖို့စောင့်နေတာ၊ ပြီးရင် စကားဝါတို့အိမ် တစ်ခါတည်းသွားလို့ရပြီလေ၊ လာသွားကြရအောင်"

လာသွားကြရအောင်ဆိုသော်လည်း စကားဝါက တုတ်တုတ်မျှမလှုပ်ဘဲ ရပ်နေပြန်သည်။ ကိုမင်းကို ငူတူတူကြီး ကြည့်နေ၏။ ဘာကို သဘောမကျ ဖြစ်ရပြန်ပြီလဲ။

"ကိုမင်း ဒီအဝတ်အစားနဲ့ လိုက်မလို့လား"

"ဘာဖြစ်လို့လဲ၊ စပို့ရှပ်နဲ့ ဘောင်းဘီရှည်လေ၊ ပေါ့ပေါ့ပါးပါးပေါ့"

"ဘောင်းဘီရှည်နဲ့ မလိုက်နဲ့"

ဟိုက် ဘယ်လိုဖြစ်ရပြန်တာလဲ။

"ဘောင်းဘီရှည်နဲ့ မလိုက်နဲ့ဆိုတော့၊ ဘောင်းဘီတိုနဲ့မှလိုက်လို့ရမှာလား"

"ကိုမင်းနော်၊ မနောက်နဲ့"

စကားဝါ့ နှုတ်ခမ်းလေးစူလာသည်။

"ကိုမင်း မနောက်ပါဘူး။ ဒီမှာက သွားရင်လာရင် ဘောင်းဘီရှည်ပဲ ဝတ်ကြတဲ့ဥစ္စာ"

"ကိုမင်းမှာ မြန်မာဝတ်စုံ မပါဘူးလား"

"ဟိုက်"

"မြန်မာဝတ်စုံကို မေးနေတာလေ"

စကားဝါ စိတ်မရှည်ချင်တော့။

"ပါတာပေါ့၊ ဘာလဲ ပုဆိုးနဲ့ တိုက်ပုံကိုပြောတာလား"

"ဟုတ်တယ်လေ၊ အဲဒါကို ပြောတာ"

"ပါတာပေါ့ စကားဝါရဲ့၊ လိုရမယ်ရယူလာပါတယ်၊ သံရုံးသွားတဲ့အခါတို့၊ အာဆီယံမိတ်ဆွေတွေကို အမှတ်တရပြချင်တဲ့ အခါတို့အတွက်ပေါ့၊ အခုက လိုမှမလိုဘဲ၊ လူကြားထဲ မြေအောက်ရထားစီးပြီး သွားရမှာလေ"

"အခုလိုတယ်၊ အမေတို့က မြန်မာပြည်ကဆိုလို့ သိပ်မြင်ချင်နေကြတယ်၊ ဘောင်းဘီရှည်နဲ့ဆိုတော့ လာအိုကလိုလို၊ ကမ္ဘောဒီးယားကလိုလို ထင်ကြမှာပေါ့၊ စကားဝါ ကားယူလာတယ်၊ ကားနဲ့သွားမှာ"

ခက်ပြီ၊ တိုက်ပုံအင်္ကျီကတကားကား။ ပုဆိုးတဖားဖားနဲ့ လူတွေတော့ ဝိုင်းကြည့်တော့မှာပဲဟု ကိုမင်းတွေးနေစဉ်-

"ဘာလဲ ကိုယ့်လူမျိုးဝတ်စုံကို ဝတ်ရမှာသိမ်ငယ်တယ်လို့ထင်လို့လား"

ထိုအခါ ကိုမင်းက အလျှင်အမြန်ပင်-

"နိုး-နိုး—နိုး မဟုတ်ဘူး။ သိပ်ဝတ်ရဲတာပေါ့၊ မြန်မာကလို့ဂုဏ်ယူပြီးတော့ကို ဝတ်ပြရဲတာ၊ ဒါပေမယ့် အနားမှာ စကားဝါရှိတယ်လေ၊ ဝိုင်းကြည့်ကြမှာပေါ"

"ဘာမှ ပြောမနေနဲ့၊ ဝတ်မှာလား။ မဝတ်ဘူးလား။ အိမ်မှာစကားဝါတို့ မိသားစုနဲ့ အမှတ်တရဓာတ်ပုံလဲ ရိုက်မှာ"

စကားဝါ စိတ်မရှည်တော့-





"ကောင်းပြီ ကောင်းပြီ အခု နံနက်စာသွားစားပြီးရင် အခန်းပြန်လာပြီး အဝတ်အစားလဲမယ်၊ ကျေနပ်ပြီလား"

"အိုကေ"

တစ္စတ်ထိုးမလေးအတွက် ကိုမင်းအရှုံးပေးလိုက်ရပြီလေ။

နံနက်စာစားပြီးတော့ အဝတ်အစားပြန်လဲပြီး စကားဝါ ကိုယ်တိုင်မောင်းသော ဆလွန်းကားလေးဖြင့် ရှင်ကျူကု စီရင်စုအတွင်းရှိ သူမ၏ အိမ်သို့ထွက်ခွာ လာခဲ့သည်။

ကိုမင်းတည်းသောဟိုတယ်မှာ ရှင်ကျူကုစီရင်စုအတွင်း ရှိသော်လည်း ၎င်း စီရင်စုက အကျယ်သား။

စကားဝါတို့အိမ်ကို ဟိုတယ်အနီးဘူတာရုံမှ မြေအောက်ရထားနှင့်သွားလျှင် ၁၅ မိနစ်ခန့်သာကြာသော်လည်း ကားဖြင့်သွားလျှင်လမ်းတွင်ကားပိတ်တတ်သဖြင့် မိနစ် ၃၀ခန့်ကြာကြောင်း သိရသည်။

စကားဝါက အကြိမ်နှင့်မို့ ကားနှင့်လာကြိုဟန်တူသည်။ အခုတော့ကိုမင်းတစ်ယောက် မြန်မာဝတ်စုံဖြင့် စကားဝါ့ ဘေးတွင် ပါလာရပြီ။

မြန်မာဝတ်စုံ ပုဆိုးနှင့်တိုက်ပုံ မဝတ်ဖြစ်သည်မှာ တစ်ပတ်ခန့်ကြာပြီမို့ ခုလိုဝတ်လိုက်ရတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးရှိသည်ဟု ကိုမင်းခံစားရ သည်။

ခုမှသတိထားမိသည်။ အင်္ကျီနှင့်တိုက်ပုံသည်ပင် အနည်းငယ်ချောင်သွားဟန် ရှိသည်။ ချောင်ပေမပေါ့၊ တိုကျိုရောက်မှ လျှောက်လိုက်ရသည့်လမ်း၊ သွားလိုက်ရသည့်ခရီးများ။

"စကားဝါ့အိမ်က ဝေးလား"

"ဝေးတော့မဝေးဘူး ဒါပေမယ့် မီးပွိုင့်တွေကများတော့နဲနဲကြာတယ်၊ မြို့ထဲမှာ ကားကိုလဲ အရမ်းမောင်းလို့ မရဘူးလေ"

ကိုမင်း အမေးကို စကားဝါ ကားမောင်းရင်းရှင်းပြသည်။

ခဏကြာသွားမိတော့ အထပ်မြင့်တိုက်များနည်းပါးသည့် ရပ်ကွက်တစ်ခုသို့ ရောက်လာသည်။

"ဒီဝန်းကျင်ကအဆောက်အဦတွေက ဟိုးအရင်ကတည်းက ရှိတဲ့ရှေးဟောင်း အိမ်လေးတွေလေ၊ သူ့ခြံ သူ့ဝင်းနဲ့ နေချင်တဲ့သူတွေ ကတော့ ဘိုးဘွားအမွေကို အထပ်မြင့်တိုက်မဆောက်ချင်ကြဘူး"

"ဒါဆို စကားဝါတို့ကလဲ ဒီလိုခြံဝင်းနဲ့ ရှေးဟောင်းအိမ်လေးမှာ နေတာပေါ့"

"ဂျပန်ရိုးရာအိမ်ဆိုရင်ပိုမှန်မယ်၊ အဘိုးလက်ထက်ကတည်းက ဆောက်ထားတာလေ"

"ဂျပန် ရုပ်ရှင်ကားထဲက ရှေးဟောင်းအိမ်လေးမျိုးလား"

"ကိုမင်းကလဲ အိမ်ရောက်ရင် တွေ့ရမှာပေါ့"

စကားဝါတို့ နေသောအိမ်ဝန်းကျင်သို့ရောက်လာသည်။ တောင်ကုန်းတောင်စွယ်များပေါ်တွင် ဆောက်ထားသော ရှေးဟောင်း အိမ် များအနက် အချို့ကလည်း သူ့ခြံသူ့ဝင်းနှင့်၊ အချို့ကလည်း ခြံဝန်းမရှိ၊ သို့သော် သပ်သပ်ရပ်ရပ်တော့ ရှိကြ၏။ အိမ်အမိုးများ ကတော့ ဆင်တူကြသည်။ ဂျပန်ရှေးဟောင်းရုပ်ရှင်ထဲကလို သစ်လုံးကြီး ငယ်များဖြင့် သွယ်တန်းထားသည်။ ချိတ်ဆတ်မိုးထားသည်ဟု ထင်ရ သည်။

ခြံဝင်းငယ်ရှေ့ရောက်တော့ စကားဝါကားကို ခေါင်းထိုးလိုက် သည်။ အမျိုးသမီးငယ်တစ်ဦး ခြံတခါးလာဖွင့်ပေးသည်ကို တွေ့ရသည်။

စကားဝါက ထိုအမျိုးသမီးငယ်ကို စကားအချို့ပြောလိုက်၏။ ဂျပန် စကားဖြစ်၍ ကိုမင်းနားမလည်။

ထိုအမျိုးသမီးငယ်က ခြံတခါးပိတ်ပြီး အိမ်ပေါ်သို့ အသော့ပြေး တက်သွားသည်ကို တွေ့လိုက်ရသည်။

-နိုင်ငံ့ဂုဏ်ရည်စာပေတိုက်-



စကားဝါ အိမ်ရှေ့တွင် ကားကို ထိုးရပ်လိုက်၏။

"ကိုမင်း ဆင်းလေ"

ခြံဝင်းအတွင်း ကြည့်နေမိစဉ် စကားဝါကဆင်းရန်ပြောသဖြင့် ကားပေါ်မှ ကိုမင်းဆင်းလိုက်သည်။

တိုက်ပုံအင်္ကျီကို သေသေသပ်သပ်ဖြစ်စေရန် ဆွဲချပြုပြင်ရင်း ခြံဝင်းအတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။

အုံ့ဆိုင်းနေသော မိုမိဂျိအပင်အချို့ကို တွေ့ရ၏။ ထိုအပင် တို့အောက်၌ အလှဆင်ထားသော လွှဲဒန်းတစ်စုံနှင့်အတူအနီးတွင် လေးထောင့်စားပွဲနှင့် ထိုင်ခုံအချို့ ချထားသည်။

အိမ်ရှေ့နှင့် မလှမ်းမကမ်းတွင် ပန်းအိုးလေးများဖြင့် အရောင်စုံ ပန်းအချို့ကို စိုက်ထားသည်။ ပန်းအမည်များကိုတော့ ကိုမင်းမခေါ်တတ်။

ထိုစဉ် အိမ်အတွင်းမှ အသက် ၅၀အရွယ်အမျိုးသမီးတစ်ဦးနှင့် အသက် ၄၀ကျော်အရွယ် အမျိုးသမီးတစ်ဦးတို့ ထွက်လာသည်။ သူတို့သည်လည်း ရိုးရာဝတ်စုံ ဝတ်လို့ပေပဲ။

နှစ်ဦးစလုံး ကီမိုနိုဝတ်စုံကို ဝတ်ဆင်ထားသည်ကို ကိုမင်း သတိထားမိ လိုက်သည်။

ခုန ခြံတခါးဖွင့်ပေးသော အမျိုးသမီးငယ်က ကိုမင်းတို့ရောက် ကြောင်း သတင်းပို့လိုက်၍ ထွက်ကြိုခြင်း ဖြစ်ဟန်တူသည်။ ဧည့်သည် လာမည်ဆို၍ မျှော်နေကြသည်ထင်။

စကားဝါက ထိုအမျိုးသမီးနှစ်ယောက်ကို ဂျပန်ဘာသာဖြင့် ပြောနေသည်။ စကားဝါ၏ဟန်ပန်ကိုကြည့်ခြင်းဖြင့် ကိုမင်းကို မိတ်ဆက် ပေးနေကြောင်း သိသာသည်။

ထိုအမျိုးသမီးနှစ်ဦးက ခါးညွတ်၍ ကိုမင်းကို နှုတ်ဆက်၏။ သည်စကားကိုတော့ ကိုမင်း နားလည်သည်။

– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –

ကွန်နီချီးဝါးတဲ့ မင်္ဂလာနေ့ခင်းပါဟု နှုတ်ဆက်လိုက်တာပဲ။

ဘယ်ရမလဲ ကိုမင်းကလဲ ကွန်နီချီးဝါးလုပ်လိုက်သဖြင့် ထိုအမျိုးသမီးနှစ်ဦး သဘောကျသွားသည်ကို ကိုမင်း တွေ့လိုက်ရသည်။

"ကိုမင်း ဒါက မေမေလေ၊ ဒီဘက်ကတော့ အမေ့ညီမ အဒေါ်ပေါ့"

ကိုမင်းက သူတို့နှစ်ဦးကိုကြည့်ကာ ပြုံးရင်းခေါင်းညိတ်ပြလိုက်သည်။

ညှော်ခန်းဟုထင်ရသော အခန်းကျယ်တစ်ခုထဲသို့ ကိုမင်းကို ခေါ်သွားသည်။ အခန်းတံခါးများသည် ဂျပန်ရိုးရာ ဆွဲတံခါးများဖြစ်ကြောင်း ကိုမင်း သတိထားမိ၏။

အိမ်က အကျယ်ကြီးမဟုတ်သော်လည်း အတန်အသင့်တော့ ကျယ်သည်ဟု ဆိုရမည်။

ညှော်ခန်းထဲတွင် စားပွဲ၊ ကုလားထိုင်များ၊ ပရိဘောဂများဖြင့် ပြည့်နေမည်ဟု ကိုမင်းထင်ထား၏။ သို့သော် အထင်နှင့်အမြင်လွဲသွားသည်။ ညှော်ခန်းထဲတွင် စားပွဲပုလေးတစ်လုံးနှင့် ခပ်လှမ်းလှမ်းထောင့်တွင် ဗီရိုငယ်တစ်လုံးကိုသာ တွေ့ရသည်။

အဲဒီဗီရိုငယ်တစ်လုံးပေါ်မှာတော့ ပစ္စည်းတစ်ခုကို ထူးထူးခြားခြား တွေ့ရ၏။

၎င်းသည်ကား မြန်မာ့စောင်း။

ကိုမင်း စိတ်ဝင်စားသွားပြီး သူတို့နှင့်အတူ မထိုင်ဖြစ်သေးပဲ စောင်းဆီသို့ စိတ်ရောက်သွားကာကြည့်မိသည်။

အခန်းကျယ်ကြီးတွင် ၎င်းတစ်ခုတည်း ထီးထီးပေမယ့် ကျက်သရေတော့ ရှိလွန်းလှသည်။

"အဲဒါ အဘိုးရဲ့စောင်း၊ မြန်မာ့စောင်းလေ၊ ကဲလာ ကိုမင်းကို





မေမေတို့က တွေ့ချင်နေတာ၊ မြန်မာပြည်သားက ဘယ်လိုပုံလဲဆိုတာ၊ ပြီးမှ ဒီစောင်းအကြောင်းကို စကားဝါ ပြောပြမယ်"

စကားဝါက ထိုသို့ဆိုပြီး စားပွဲပုအနီး ထိုင်နေကြသူများဆီသို့ ကိုမင်းကို ခေါ်သွားသည်။

စားပွဲခုံကို အလယ်မှာထားလျှက် စကားဝါအမေနှင့်အဒေါ်က တစ်ဖက်တွင် ထိုင်သည်။ စကားဝါနှင့် ကိုမင်းက တစ်ဖက်တွင် ထိုင်ရန် စကားဝါနေရာယူစဉ်

"ဟိုက်"

ကိုမင်း အထိုင်ရခက်သွားပြီ၊ သူတို့တွေက ရိုးရာအတိုင်း ဒူးတုပ်ထိုင်နေကြသည်။ စကားဝါကလည်း ထိုနည်းလည်းကောင်း။

ကိုမင်း ဘယ်လိုထိုင်ရမလဲ။ အခက်တွေ့ပြီ။

၎င်းကို စကားဝါရိပ်မိဟန် တူသည်။

"လာပါ ကိုမင်းရဲ့၊ ထိုင်တတ်သလိုထိုင်ပါ"ဟုဆိုကာ ကိုမင်းလက်ကို ဆွဲယူသည်။

ကိုမင်း အားနာပါးနာနှင့်ပင် တင်ပလ္လင်ခွေထိုင်လိုက်၏။

စကားဝါ့အမေနှင့်အဒေါ်က ကိုမင်းကို ပြုံး၍ကြည့်နေကြသည်။ မြန်မာပြည်သားကို လေ့လာနေကြဟန်တူပါရဲ့။

"အဘိုးမဆုံးခင်က ပြောပြထားတော့ မြန်မာတော့်အကြောင်းကို နားရေဝနေပြီလေ၊ မြန်မာပြည်သားကို အခုမှ အမေတို့က တွေ့ဖူးတာ".

စကားဝါ့အမေပြုံး၍ ခေါင်းညိတ်ပြနေပါလား၊ ကိုမင်းကလည်း အလိုက်သင့်ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဂျပန်မှာ ပျော်ပါသလား"

"ဟိုက်"

ကိုမင်းအံ့သြရပြီ။ စကားဝါ့အမေက မြန်မာလို ပြောတတ်နေပါလား။

"မြန်မာလို နည်းနည်းပါးပါးပြောတတ်တယ်။ စကားဝါ သင်ပေးထားတာလေ"ဟု စကားဝါ ကြားဝင်ရှင်းပြအပြီး ကိုမင်းနောက်တစ်ခါ'ဟိုက်'လိုက်၏။ ပျော်ပါသည်ဟူသော အဓိပ္ပာယ်။

"အော် ဟုတ်ကဲ့ ပျော်ပါတယ်၊ စကားဝါကလည်း ကူညီတယ်လေ"

စကားဝါ့အမေက ကိုမင်း ပြန်ဖြေသည်ကို အလုံးစုံနားမလည်သဖြင့် စကားဝါက ဘာသာပြန်ပြသည်။

ထိုစဉ် ကြွေအိုးငယ်တစ်ခုနှင့်အတူ ကြွေပုဂံငယ်များကို ခြံတခါးဖွင့်ပေးသူ အမျိုးသမီးငယ် ယူလာသည်။

စကားဝါ ကြွေအိုးငယ်ထဲမှ အရည်ကို ကြွေပုဂံများတဲ ငှဲ့ပေးသည်။

ကိုမင်းက ကြွေပုဂံငယ်ထဲကို ကြည့်လိုက်သည်။ "ဆာတေး" တွေများလား။

"ဘာကြည့်တာလဲ ကိုမင်းရဲ့၊ အဲဒါ ဂျပန်မှာ နာမည်ကြီးဂရင်းတီးလေ၊ လက်ဖက်စိမ်းရေနွေးကြမ်းလေ"

အော်–ဟုဆိုကာ ကိုမင်း ဂရင်းတီးတစ်ခွက်ကို မော့သောက်လိုက်သည်။

"အင်း ကောင်းပေသားပဲ၊ နည်းနည်းခါးသလိုလို ရှိပေမယ့် သောက်လို့တော့ ကောင်းတယ်နော်၊ လက်ဖက်နဲ့က သင်းနေတာပဲ၊ ကိုမင်း လက်ဖက်ရည် ကြမ်းကြိုက်တာနဲ့ အတော်ပဲ၊ ရန်ကုန်အပြန် ဝယ်သွားဦးမှ"





"မဝယ်ရပါဘူး ကိုမင်းရယ်၊ အပြန်လက်ဆောင်အဖြစ် အများကြီး ထည့်ပေးလိုက်ပါ့မယ်"

ထမင်းစားရန် အချိန်ကစောနေသေးသည်။

စကားဝါ့အမေနှင့် အဒေါ်တို့က ကိုမင်းနှင့် မိသားစုအကြောင်းများခေတ္တမျှ စကားပြောအပြီး နေ့လယ်စာအတွက် ပြင်ဆင်ရန် အခန်းထဲ ပြန်ဝင်သွားကြသည်။

စကားဝါ့အမေပြောသော စကားများထဲတွင် ကိုမင်းတစ်ခု သတိထား မိလိုက်သည်။ သူ့ကို မြန်မာပြည်က အဘိုးရဲ့ညှော်သည် အဖြစ် သဘောထားပြီး ညှော်ခံပါမယ်တဲ့။

"အမေက စကားဝါ့လိုပဲ အဆိုးကိုသိပ်ချစ်တယ်လေ။ အဘိုးရဲ့ ညှော်သည်ဆိုရင် အမေက ပျာပျာသလဲပဲ။ အခု ကိုမင်းကို အဘိုးရဲ့ ညှော်သည်လို သဘောထားမယ်ဆိုတာက ကိုမင်းကို ဂရုတစိုက် ညှော်ခံမယ်လို့ပြောတာ၊ ပြီးတော့ ကိုမင်းက ဟိုအဝေးကြီးမှာရှိတဲ့ မြန်မာပြည်က လာရတာလေ။ အဘိုးရဲ့မိတ်ဆွေ မြန်မာပြည်က ညှော်သည်ပေါ့"

"အာရိကတော့ကိုဇိုင်းမတ်(စ်)၊ ကျေးဇူးတင်ပါတယ် စကားဝါရယ်"

"ဟင်း ဟင်း ကိုမင်းကလဲ ဂျပန်စကား နှစ်လုံးကနေ မတက်တော့ဘူး၊ ကျန်တဲ့ သုံးလုံးကိုလဲ ကြားချင်ပြီလေ"

စကားဝါက ကိုမင်းအပြောကို ကျေနပ်စွာဖြင့်ပြုံး၍ တုံ့ပြန်သည်။

ဟုတ်သည်လေ။ ကိုမင်း ဂျပန်စကားငါးလုံးကို အလွတ်ကျက်ထားသည်ပဲ၊ စကားဝါနှင့်ရှိနေစဉ် ပြောမည်ဟုလဲ ကတိပေးခဲ့သည်လေ။ ဒါကတိုက်ဆိုင်မှုရှိမှ ပြောဖြစ်မည့်ကိစ္စ။

အခန်းတစ်ခုထဲသို့ ကိုမင်းကို စကားပါခေါ်သွား၏။

"ဒါ–အဘိုးရဲ့ အခန်းလေ၊ အဘိုးနေစဉ်ကအတိုင်း ထိန်းသိမ်းထားတာ၊ အဘိုးကိုအမြဲတမ်း သတိရနေအောင်လို့ပေါ့"

အခန်းက မကျယ်လှချေ။ အခန်းနံရံတွင် အဘိုး၏ဓာတ်ပုံ ထင်သည်။ ဂျပန်စစ်ဝတ်စစ်စားဖြင့်၊ အနီးတွင် ဂျပန်ဓားရှည်တစ်ချောင်းကို ချိတ်ထားသည်။

အဘိုးဓာတ်ပုံနှင့် မနီးမဝေးတွင် မိသားစုဓာတ်ပုံတစ်ပုံကို တွေ့ရ၏။ ကိုမင်း ထိုဓာတ်ပုံကို ကြည့်နေစဉ်–

"အဲဒါ စကားဝါတို့ မိသားစုဓာတ်ပုံလေ၊ အဘိုးချိတ်ထားတာ စကားဝါပေါ့၊ အဲဒီတုန်းက စကားဝါက လေးနှစ်သမီးပဲ ရှိသေးတယ်"

မိသားစုဓာတ်ပုံဘေးတွင် ၁၇နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦး၏ပုံ။

"အဲဒါက စကားဝါ့ပုံလေ၊ တက္ကသိုလ်စတက်တုန်းကပုံပေါ့"

ကိုမင်းက စကားဝါ့ဘက်တစ်ချက်လှည့်ကြည့်ပြီး ဓာတ်ပုံကို ပြန်ကြည့်သည်။ ပြီးနောက် စကားဝါကို ပြန်ကြည့်သည်။

ကိုမင်း ကျေနပ်စွာပြုံးနေလိုက်ပါ၏။

ပြီးတော့ အဘိုးဓာတ်ပုံ၏ အောက်နားခပ်ကျကျတွင် ရှေးမြန်မာဝတ်စုံနှင့် အမျိုးသမီးတစ်ဦး၏ဓာတ်ပုံကို တွေ့ရသည်။ လည်ပင်းမှာ ဘယက်လေးတစ်ကုံးနှင့်။

" ဒီဓာတ်ပုံက ဂျပန်သူတော့ ဟုတ်ဟန်မတူဘူးနော်"

"ဂျပန်သူ မဟုတ်ဘူး၊ ကိုမင်း အဲဒါ မြန်မာပြည်သူလေ"

"မြန်မာပြည်သူ ဟုတ်လား"

ဓာတ်ပုံကို ပြန်ကြည့်ရင်း ကိုမင်းအံ့ဩစွာ ဆိုလိုက်မိ၏။

"ဟုတ်တယ်လေ၊ သူ့အမည်က မသပြေတဲ့ ပုဂံသူပေါ့"

"မသပြေတဲ့လား"





ကိုမင်းနှုတ်မှ ရေရွတ်လိုက်မိ၏။

ထိုစဉ် အခန်းတွင်းသို့ စကားဝါ့အမေဝင်လာသည်။ စကားဝါအား ဂျပန်လို ပြောလိုက်သည်။

"ထမင်းစားလို့ရပြီ လာကြလေတဲ့"

စကားဝါတို့အိမ်သို့ လိုက်ခဲ့စဉ်က ကိုမင်း စိတ်အဝင်စားဆုံးက ဂျပန်မိသားစု ချက်သော မြန်မာထမင်းနှင့်ဟင်း။

အခုတော့ ပုဂံသူမလေး မသပြေအကြောင်းကို ပိုလို့စိတ်ဝင်စားခဲ့ရပြီလေ။

* * *

## အခန်း ( ၄ )

"စကားဝါ"

"ရှင်"

ချစ်စရာကောင်းလိုက်တာ။ "ရှင်" တဲ့။ မြန်မာသံမပီတာကလွဲ မြန်မာသူလေးအတိုင်းပါပဲ။

"မနက်က စကားဝါ့အိမ်မှာတွေ့ခဲ့တဲ့ မြန်မာ့စောင်းအကြောင်း မပြောရသေးဘူးနော်"

"ပြောမယ်လေ"

ယနေ့ ညနေပိုင်းအစီအစဉ်အရ အဖွဲ့သားများ ဂျပန်ရှေးဟောင်း ပြဇာတ်ကို ကြည့်ရန် ဂင်ဇာရပ်ကွက်ကြီးရှိ ကာဘူကီ ဇာတ်ရုံကြီးရှိ ရာသို့ ထွက်ခဲ့ကြသည်။

ဇာတ်ရုံသို့အသွား ကားပေါ်တွင် ကိုမင်းက စကားဝါ့ကို မနက်က တွေ့ခဲ့ရသော မြန်မာ့စောင်းအကြောင်းကို သတိတရ မေးလိုက်ခြင်း ဖြစ်သည်။

စကားဝါ ကိုမင်းဘက်လှည့်၍ "ပြောမယ်လေ"ဟုဆိုကာ ခဏ စဉ်းစားနေပြီးမှ–





"အဲဒီ မြန်မာ့စောင်း စကားဝါတို့အိမ်မှာ တွေ့ရတာနဲ့ ပတ်သက်လို့ ကိုမင်း ဘယ်လိုထင်နေလဲ"

"မထင်တတ်လို့ စကားဝါ့ကို မေးတာလေ"

ကိုမင်း မဖြေနိုင်မှန်း သိတော့မှ စကားဝါက–

"အချစ်သင်္ကေတဆိုရင် ကိုမင်း ယုံမှာလား"

"ဘယ်လို–ဘယ်လို စကားဝါ၊ အချစ်သင်္ကေတ ဟုတ်လား"

"ဟုတ်တယ်လေ၊ မနက်က အဘိုးရဲ့အခန်းထဲမှာတွေ့ခဲ့တဲ့ ဓာတ်ပုံရှင် မသပြေနဲ့ အဘိုးတို့ရဲ့ အချစ်သင်္ကေတပေါ့"

"ဘယ်လို၊ မသပြေနဲ့ စကားဝါ့အဘိုး ဟုတ်လား"

ကိုမင်း အံ့ဩတကြီး ဖြစ်ရပြီ။ မသပြေနဲ့ စကားဝါ့အဘိုး ဘယ်လို ပတ်သက်နေပါသလဲ။ ပုဂံမြေက မသပြေနဲ့ ဂျပန်ပြည်က ဓာတ်ပုံဆရာ မည်သို့ ပတ်သက်နေပါသလဲ။

"မသပြေနဲ့ အဘိုးက ချစ်သူတွေလေ"

"ဟင်"

ကိုမင်း အံ့ဩရပြန်ပါပြီ။

"စကားဝါ့ အိမ်မှာတွေ့ခဲ့ရတဲ့ မြန်မာ့စောင်းဟာ မသပြေက အဘိုးကို အမှတ်တရပေးခဲ့တဲ့ အချစ်သင်္ကေတ လက်ဆောင်ပေါ့"

ကိုမင်း စကားဝါ့အပြောကို အာရုံစိုက်နားစွင့်နေခြင်းမှတပါး ဘာမျှ ပြန်မပြောဖြစ်တော့ပါ။ သည်အကြောင်းတွေနဲ့ ပတ်သက်ပြီး ကိုမင်း သိလိုသော ဆန္ဒများရင်ထဲသို့ လှိုင်းလုံးကြီးတိုးဝင်လာသည့်ပမာ တိုးဝှေ့ရိုက်ခတ်လာခဲ့ပါပြီ။

မသပြေသည် ဘယ်သူနဲ့ဆင်ပါသနည်း။ မသပြေကို သူမြင်ဖူး သလိုလို ရှိသည်။ ဒါပေမယ့် မဖြစ်နိုင်။ သည်အချိန်ဆို မသပြေ ခေါ် ဒေါ်သပြေသည် လူ့လောကတွင် မရှိနိုင်တော့ပြီ။

သို့ဆိုလျှင် မသပြေနှင့် ဆင်သူကား…။

ကိုမင်း စကားဝါ့ကို စေ့စေ့ကြည့်လိုက်သည်။ စကားဝါက မြန်မာမလေးနှင့် ဆင်သည်ကတော့ မှန်သည်။ သို့ပေမယ့်…။

သို့ပေမယ့်ဆိုသော်လည်း သူ့အသွင်က မသပြေနှင့်တော့ အတော်ဆင်သည်။ သို့သော် ကိုမင်း၏ စိတ်အစဉ်တွင် မြင်နေသူကတော့ စကားဝါတော့မဟုတ်။ တွေးကြည့်တော့လည်း ရေးရေးမျှ မပေါ်။

"ကဲ– ကိုမင်း ဇာတ်ရုံရှေ့ရောက်ပြီ၊ ဆင်းရအောင်"

ဟိုတယ်မှ ထွက်လာရာ မိနစ် ၂၀ ခန့်ပင်ကြာမည်ထင်သည်။ ကာဘူကီဇာတ်ရုံရှေ့သို့ ရောက်လာသည်။ ကိုမင်းတစ်ယောက် မသပြေအကြောင်း သိလိုသော ဆန္ဒများကို မျိုသိပ်ထားလိုက်ရပြန်ပါပြီ။

"ဒီဇာတ်ရုံကြီး သက်တမ်းက နှစ်တစ်ရာကျော်ပြီလေ၊ ရှေးဟောင်းဇာတ်ရုံကြီးပေါ့၊ ၁၈၈၉ ခုနှစ်ကတည်းက စဆောက်ခဲ့တာ၊ ရှေးဟောင်းပြဇာတ်တွေကို အသားပေးပြတယ်။ အခုပြမယ့် ပြဇာတ်ကလဲ ၁၇ ရာစုက ဂျပန်ရိုးရာ ပြဇာတ်လေ"

စကားဝါက အနားမှာရှင်းပြနေစဉ် ကိုမင်းက ဇာတ်ရုံကို မော့ကြည့်မိသည်။ ဇာတ်ရုံက အထပ်မြင့်တော့မဟုတ်။ သုံးထပ် အဆောက်အအုံဖြစ်သည်။ ဂျပန်လူမျိုးတို့၏ ရှေးဟောင်းလက်ရာများဖြင့် ချယ်သထားသည်။ ကားလမ်းဘေး ဇာတ်ရုံဝန်းကျင်တွင် ပွဲကြည့် ပရိသတ်များကို တွေ့ရသည်။ အချို့အမျိုးသမီးများမှာ ရိုးရာ ကီမိုနိုဝတ်စုံ ဝတ်ဆင်ထားကြသည်။

"ကိုမင်း ဒီမှာ ဇာတ်ရုံလက်မှတ် ယူထားလိုက်ဦး။"

စကားဝါပျောက်သွားသည်ကို မသိလိုက်။ မစ္စတာ ဟီရိုကီနှင့်





အတူ စကားဝါဇာတ်ရုံထဲက ပြန်ထွက်လာပြီး လက်မှတ်လှမ်းပေးတော့မှ စကားဝါ့ကို သတိထားမိတော့သည်။

စကားဝါနှင့် မစ္စတာဟီရိုကီတို့ အဖွဲ့ဝင်များကို လက်မှတ်တစ်စောင်စီလိုက်ပေးနေသည်ကို တွေ့လိုက်ရသည်။

"ကိုမင်း ရုံထဲဝင်ရင် လက်မှတ်ပြလိုက်လေ။ ဟောဒီမှာ နားကျပ်ကလေး ပါယူထား။ ပြဇာတ်က ဂျပန်စကား ပြောဆိုတော့ ကိုမင်းတို့ နားလည်အောင် ဒီနားကျပ်ခွက်ကလေးက အင်္ဂလိပ်လို ဘာသာပြန်ပေးလိမ့်မယ်၊ ပြီးရင် အဲဒါရုံကို ပြန်ပေးရမှာနော်"

စကားဝါက ကိုမင်းကို ကလေးငယ်တစ်ယောက်အလား အမှတ်ထားကာ ပြောနေသလားမသိ။ ကိုမင်းကလည်း စကားဝါ ပြောသမျှကို ငြိမ်၍ နားထောင်နေသည်။ ပြီးမှ လက်ထဲက ရုံလက်မှတ်ကို ကိုမင်း သတိထားကြည့်လိုက်ရာ–

"ဟင် ဒီလက်မှတ်တစ်စောင်က ယန်းတစ်သောင်းတောင် ပေးရတယ် ဟုတ်လား"

"ဟုတ်တယ်လေ ကိုမင်း၊ ဘာဖြစ်လို့လဲ"

"ဈေးကြီးလိုက်တာ"

လက်မှတ်တန်ဖိုးကို ကိုမင်း စိတ်ထဲက မြန်မာကျပ်ငွေဖြင့် တွက်ကြည့်ရင်း ပြောလိုက်မိသည်။

ခဏကြာတော့ အားလုံး ဇာတ်ရုံထဲဝင်ခဲ့ကြသည်။

ဇာတ်ရုံထဲတွင် ကိုမင်းနှင့် မစ္စတူဖောင်းတို့အကြား လာထိုင်သူက စကားဝါ။

ပြဇာတ်က ၁၇ ရာစုခေတ် ဂျပန်လူမျိုးတို့၏ ဘဝသရုပ်ဖော် ဖြစ်သည်။ ပြဇာတ် စတင်ပြသည်နှင့် ကြောက်မက်ဖွယ် တီးလုံးနောက်ခံ လျက် ဇာတ်စင်ရှေ့ဘက်ဘေး ပရိသတ်များအကြားမှ ခပ်မြင့်မြင့်

ပြုလုပ်ထားသော လျှောက်လမ်းအတိုင်း ရှေးဟောင်းခေတ် လူဆိုးတစ်ဦး ဓားကိုဝင့်လျက် ဇာတ်စင်ပေါ် ပြေးတက်လာသည်။

ပြီးနောက် တီးလုံးပျောက်သွားသည်။ ထိုလူဆိုးက ဂျပန်လို အော်ဟစ် ပြောဆိုနေသည်။ သူမကျေနပ်သည်များကို ပြောကြား နေခြင်းဖြစ်ကြောင်း ဘေးနားက စကားဝါက မြန်မာဘာသာ ပြန်ပြ၍ သိရသည်။

ပြဇာတ်တွင် ပါဝင်သရုပ်ဆောင်သူများ၏ မျက်နှာတွင် မိတ်ကပ် အဖွေးသားနှင့် မျက်ခုံးမည်းနက်နက်ထူထူကို ဆွဲထားသည်။ ဝတ်ရုံ ဖားဖားကားကားကို ဝတ်ထားသည်။ အမျိုးသမီးများကမူ ရှေးခေတ် ဆံထုံးကြီးကြီးနှင့် ကီမိုနို အဝတ်အစားကို ဝတ်ဆင်ထားကြသည်။

ကိုမင်း ကြည့်ခဲ့ဖူးသော ဆာမူရိုင်းရုပ်ရှင်ကားများထဲက သရုပ် ဆောင်များနှင့် ဝတ်စားဆင်ယင်ပုံတူသည်။

ပြဇာတ်တွင် နောက်ခံတီးလုံးဟူ၍ မပါသလောက်ပင်ဖြစ်သည်။ စကားပြောများဖြင့် သရုပ်ဆောင်သွားကြသည်။

ဇာတ်ဆောင်များက ဇာတ်စင်နောက်မှ ထွက်လာခြင်းမျိုး မဟုတ်ဘဲ ဇာတ်စင်ရှေ့ဘက်ပရိသတ်များ၏ဝဲဘက်ဘေး လျှောက်လမ်း များမှတစ်ဆင့် ထွက်ပေါ်လာကာ ဇာတ်စင်ပေါ်သို့ တက်ကြသည်။ ဇာတ်ကွက်သည် ဇာတ်စင်ပေါ်မှ စတင်သည်မဟုတ်ဘဲ အံဆိုပါ လျှောက်လမ်းပေါ်တက်သည်နှင့် ဇာတ်ကွက်ကို စတင်သည်။ နောက်ခံ တီးလုံး၏ အပို့နှင့်အတူ ထိုလျှောက်လမ်းပေါ်မှ စတင်၍ သရုပ်ဆောင် ကြသဖြင့် ပွဲကြည့်ပရိသတ်များသည် Song effect သံများကြားလိုက် ရသည်နှင့် လျှောက်လမ်းပေါ်သို့ အကြည့်ရောက်သွားကြ၏။

ကိုမင်းကတော့ ဇိမ်ကျသည်။ ဂျပန်စကားပြောကို နားကျပ်ဖြင့် အင်္ဂလိပ်ဘာသာပြန် နားထောင်ရန်ပင်မလို။ စကားဝါက ဘေးနားက





မြန်မာလို ရှင်းပြနေသည်။ တစ်ဘက်ဘေးက မစွတူဖောင်းကတော့ အမြင်ကတ်ပြီး နားငြီးနေမလား တော့မသိ။ ကိုမင်းကတော့ ဟန်ကျနေ သည်။

တကယ်ဆိုလျှင် ထိုပြဇာတ်သည် အပြောနှင့် သရုပ်ဆောင်ကို အသားပေးထားသဖြင့် ဇာတ်လမ်း၏ အဓိပ္ပာယ်ကို နားမလည်လျှင် လက်မှတ်ဖိုး ယန်းတစ်သောင်းနှင့်တော့ တန်မည်မဟုတ်။ ဇာတ်ကြောင်း နားလည်ပြီး သရုပ်ဆောင်ဟန်က ကောင်းလေတော့ ကြည့်ရသူအဖို့ စိတ်ဝင်စားဖွယ် ဖြစ်သည်။

ကိုမင်းကတော့ သဘောကျသည်။ သရုပ်ဆောင်များ၏ ထိမိသော သရုပ်ဆောင်မှုကို အံ့ရုံတွင်ခံစားနိုင်သည်။ ဘေးနားက စကားဝါကလည်း ဂျပန်သံဝဲဝဲဖြင့် မြန်မာဘာသာ ပြန်ပေးနေသည် မို့လေ...။

ပြဇာတ်ပြီးတော့ ညနေ ငါးနာရီကျော်ပြီ။

အပြင်ဘက်တွင် တိုကျိုဆောင်းက အတော်ပင်အေးနေပြီ။ တစ်ချက်တစ်ချက်လေအသော့တွင် ပို၍အေးနေတော့သည်။

"ကိုမင်း သိပ်အေးနေပြီလား"

"နည်းနည်းတော့အေးတယ်၊ ရုံထဲမှာက နေလို့ကောင်းတယ် နော်၊ သိပ်မအေးဘူး"

"အင်း ပရိသတ်က ရုံအပြည့်၊ ပြီးတော့ အနွေးဓာတ်ကလဲ လွှတ်ထားတယ်လေ၊ အော်ဒါနဲ့ နက်ဖြန် ဟီရိုရှီးမားကို ခရီးဆက်ရမယ် နော်၊ ညစောစောလဲ အိပ်ဦး"

စကားဝါပြောမှ သတိထားလိုက်မိသည်။ သည်နေ့က တိုကျိုတွင် နောက်ဆုံးနေရမည့်ရက်ပေပဲ။

ဟိုတယ်ကို ပြန်ရောက်တော့ ညနေ ခြောက်နာရီထိုးလုပြီ။ ဟိုတယ်ထဲတွင် အနွေးဓာတ်လွှတ်ထားသဖြင့် နေလို့ကောင်းသည်။

ကိုမင်းတို့ကို ဟိုတယ်သို့ ပြန်ပို့အပြီး လိုက်ပို့သော မီနီဘတ်စ်နှင့်ပင် စကားဝါနှင့်မစ္စတာ ဟီရိုကီတို့နှစ်ဦး ပြန်လိုက်သွားသည်။

ကားပေါ်မတက်ခင် စကားဝါက သတိပေးသွားသေးသည်။

"ကိုမင်း ဒီနေ့အေးတယ်၊ ညဘက်ရေမချိုးနဲ့တော့" တဲ့။

ဂရုတစိုက်ပင် သတိပေးသွားသေးသည်။ ထိုအချိန်တွင် အနားမှာ ရှိနေသော မစ္စတူဖောင်းက သူတို့နှစ်ဦးကိုကြည့်၍ ပြုံးနေ၏။ ကိုမင်းနှင့် စကားဝါတို့ ဘာပြောလိုက်သည်ကို မသိလိုက်ပေမယ့် စကားဝါ၏ ကိုမင်းအပေါ် ဂရုတစိုက် ရှိမှုကိုတော့ သတိထားမိသည် ထင့်---။

"မစ္စဝါရှီက မစ္စတာဦးကို သိပ်ဂရုစိုက်တာပဲနော်"ဟု မစ္စတူဖောင်းက ပြုံးစိစိဖြင့် ကိုမင်းကို ပြောလာသဖြင့်-

"အော် ကျွန်တော်တို့တွေက မောင်နှမတွေလို သံယောဇဉ်ဖြစ်လာကြတော့ ဂရုစိုက်တဲ့ သဘောပါလေ"

မစ္စတူဖောင်းက တစ်မျိုးတွေးယူနေမှာစိုးသဖြင့် ကိုမင်း ဖုံးဖိစကားကို ဆိုလိုက်သည်။ ပြီးနောက် စကားလမ်းလွှဲကာ

"ဒါနဲ့ မနက်ဖြန်ဆို ဟီရိုရှီးမားသွားကြရတော့မှာနော်၊ တိုကျိုပြန်လက်ဆောင်တောင် မဝယ်ရသေးဘူး၊ စတိုးဆိုင်ကြီးတွေလဲ ည ၈နာရီဆို ပိတ်ပြီလို့ ပြောတယ်"

ကိုမင်းက မစ္စတူဖောင်းကိုပြောရင်း ဓာတ်လှေကားဆီသို့ လျှောက်လာကြသည်။

"ကျွန်မလဲ ဘာမှမဝယ်ရသေးဘူး၊ ဒီဟိုတယ်နဲ့ မလှမ်းမကမ်းမှာ ရှင်ကျူကု ညဈေးရှိတယ်လို့ မစ္စတာဟီရိုကီက ပြောဖူးတယ်။ ပစ္စည်းကို ဈေးဆစ်ဝယ်လို့ ရတယ်လို့လဲ ပြောတယ်။ မစ္စတာဦး သွားချင်ရင် အခန်းပြန် အဝတ်အစားလဲပြီး သွားကြရအောင်လေ၊ ညစာစားပြီး လော်ဘီမှာ ပြန်ဆုံကြတာပေါ့"





"ကောင်းသားပဲ ခုနစ်နာရီ ဆယ့်ငါးမိနစ်လောက် ဆင်းခဲ့မယ်"

နှစ်ဦးသား ညဈေးသို့ သွားရန်ချိန်းဆိုကာ အခန်းဆီသို့ ထွက်ခဲ့ကြသည်။

ညစာတဲ့။ မစ္စတူဖောင်းက ညစာဘာယ်လိုစီစဉ်မယ် မသိပေမယ့် ကိုမင်းရဲ့ ညစာကတော့ ရန်ကုန်ကယူလာတဲ့ ယမ်ယမ်ခေါက်ဆွဲထုပ်ပဲလေ။

ဟိုတယ်ခန်းရောက်တော့ ယမ်ယမ်ခေါက်ဆွဲထုပ်နှစ်ထုပ်ကို ဖောက်၊ ရေနွေးတွင်ထည့်ပြုတ်၏။ အဲ-ညစာအတွက် ခေါက်ဆွဲပြုတ်ကို အအေးခံထားစဉ် ကိုမင်း ရေချိုးခန်းတွင် မျက်နှာသစ်လိုက်သည်။ စကားဝါမှာသည့်အတိုင်း ရေတော့မချိုးတော့ပါဘူးလေဟု တွေးလိုက်မိ၏။

အပြင်မှာတော့ အတော်အေးမည်။ ဘောင်းဘီရှည်ကိုဝတ်ပြီးနောက် အတွင်းအင်္ကျီလက်ရှည်ထူထူတွင် ဂျပန်ခရီးစဉ်အတွက် ဝယ်လာခဲ့သော ဂျာကင်ထူထူကို ဝတ်လိုက်သည်။ ပြီးနောက် ညစာခေါက်ဆွဲပြုတ်ကို စားလိုက်၏။ (နောင်တွင် အဖွဲ့ဝင်ဖြစ်သူ လာအိုကိုယ်စားလှယ်က ကိုမင်းညစာထွက် စားလေ့မရှိဘဲ ခေါက်ဆွဲပြုတ်ကိုသာ စားလေ့ရှိသဖြင့် ကိုမင်းကိုငှင်းက Noodle man (နူးဒဲလ်မန်း)ဟု ကင်မွန်းတပ်ခဲ့လေရဲ့)

တိုကျိုည---။

ဟိုတယ်အပြင်ဘက်မှာတော့ အတော်အေးနေသည်။ လေအသော့တွင် အေးကနဲ စိမ့်ကနဲပင် ဖြစ်သွား၏။

ကိုမင်းနှင့် မစ္စတူဖောင်းတို့နှစ်ဦး အထပ်မြင့်တိုက်များကို အမှတ်အသား ပြုရင်း ရှင်ကျူကုညဈေးဘက်သို့ ခပ်သွက်သွက်ကလေး လျှောက်ခဲ့ကြသည်။ အချမ်းလဲပြေ၊ အမြန်ရောက်ရန်အတွက်လည်း ဖြစ်၏။

လမ်းကိုတော့ မစ္စတူဖောင်းက သိလေတော့ သူ့ကိုအပျောက် မခံဘဲ ကပ်၍လိုက်နေမိသည်။

တိုကျိုလမ်းမကြီးများပေါ်တွင် လူသွား လူလာစည်ကားနေဆဲ။ ကားများ ဥဒဟိုသွားနေကြဆဲ။

မစ္စတူဖောင်း၏ ခြေလှမ်းတို့က သွက်သည်။ ကိုမင်းခပ်သွက်သွက်လိုက်နေရ၏။ မစ္စတူဖောင်းက အရပ်အနည်းငယ်နိမ့်သဖြင့် လမ်းသွားလမ်းလာများအကြား ပျောက်သွားနိုင်သည်။

မိနစ် ၂၀ ခန့် လျှောက်မိပြီးချိန်မှာတော့ လူစည်ကားရာ ရှင်ကျူကု ညဈေးသို့ ရောက်လာသည်။

ဈေးဆိုင်များသည် လမ်းမလမ်းသွယ်များအကြား ခင်းကျင်းထားသည်။ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာရီ၊ အဝတ်အထည်၊ ကင်မရာပစ္စည်းများ၊ မိုလ်ဘိုင်းလက်ကိုင်ဖုန်းများ စသည်ဖြင့် ပစ္စည်းအမယ်စုံဆိုင်ကြီး၊ ဆိုင်ငယ်များဖြင့် ရောင်းချလျက်ရှိသည်။ စားသောက်ဆိုင်များကိုလည်း တွေ့ရသည်။ ဆိုင်များတွင် နီယွန်မီးများကိုလည်း အပြိုင်အဆိုင် ထွန်းထားကြ၏။

ဈေးဝယ်သူများ၊ ညဘက်မျက်စိစားပွဲထိုင် လိုက်ကြည့်သူများ များပြားလှသည်။

ကိုမင်းတို့နှစ်ယောက် ပစ္စည်းများကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ကြည့် ကြ၏။ မစ္စတူဖောင်းကလည်း သူနှစ်သက်သော ပစ္စည်းများကို မေးမြန်း ဈေးဆစ်ဝယ်ယူနေ၏။

ကိုမင်းမှာ တစ်ချက် တစ်ချက် မစ္စတူဖောင်းကို လှမ်းကြည့်နေရသည်။ လူကွဲပြီး ပျောက်သွားမှာစိုးသည်။ ပြောရလျှင် အပြန်လမ်းကို ကိုမင်း မမှတ်မိ။

နှစ်ဦးသား လျှပ်စစ်ပစ္စည်းမျိုးစုံရောင်းချသည့် ဆိုင်တစ်ဆိုင်





အတွင်းသို့ ဝင်ဖြစ်ကြသည်။ ကိုမင်းက ဂျပန်နာမည်ကြီး ဒီဂျစ်တယ် ကင်မရာနှင့် ဗီဒီယိုကင်မရာများကိုကြည့်ရန် ဖြစ်သည်။ အကြိုက်လည်း တွေ့၊ ငွေလည်း အလုံအလောက်ရှိလျှင် ဗီဒီယိုကင်မရာတစ်လုံးဝယ်ရန် စိတ်ကူးမိသည်။ မစ္စတူဖောင်းကတော့ ဈေးသင့်လျှင် လက်တော့ပ် ကွန်ပျူတာတစ်လုံးဝယ်ချင်သည်ဟု ဆိုသည်။

ထိုဆိုင်တွင် ဗီဒီယိုကင်မရာ အကြီးအသေးစုံသည်။ ဂျပန် ကုမ္ပဏီထုတ် ဆိုနီ၊ ကွန်နီကာ၊ ပနက်ဆိုနစ် စသည်ဖြင့် အမျိုးစုံသည်။ ဈေးနှုန်းလေဘယ်များကို ကြည့်လိုက်တော့ ယန်းခုနစ်သောင်းမှ သုံးသိန်းအထိအစားစား ရှိသည်။

ကိုမင်း ယန်းရှစ်သောင်းကျော်တန် ကင်မရာတစ်လုံးကို တွေ့ သည်။ အရောင်းဆိုင် စာရေးမကို လက်ဟန်ပြ ခေါ်လိုက်ရာ အနားသို့ ရောက်လာသည်။ စာရေးမက အင်္ဂလိပ်စကားကို နားမလည်။ ကိုမင်း ကလည်း ဂျပန်စကားကို မတတ်။ သည်တော့ အများနားလည်နိုင်သည့် လက်ဟန်ပြဘာသာစကားဖြင့် သာပြောလိုက်ရတော့သည်။

သည်တော့မှ စာရေးမက ကင်မရာကို ယူ၍ပြသည်။

ကင်မရာက အဆင့်မြင့်သည်။ တံဆိပ်က ဆိုနီ။ ဈေးကလည်း သင့်သည်။ ယန်းရှစ်သောင်းကျော်။ မြန်မာငွေနှင့်တွက်လျှင် ကျပ်ရှစ်သိန်း ခန့်ရှိမည်။ ရန်ကုန်မှာဆို အနည်းဆုံး ၁၅ သိန်းခန့်ရှိမည်၊ ကိုမင်း စိတ်တွက်တွက်ရင်း အကြိုက်တွေ့နေသည်။

စာရေးမအား တစ်လုံးဝယ်ချင်သည်ဟု လက်ဟန်ပြလိုက်တော့ ခဏနေဦးဟု လက်ကိုတားပြကာ အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ သူမပြန်အထွက်တွင် လူတစ်ဦးနောက်က ပါလာသည်။ ဆိုင်မန်နေဂျာ ဖြစ်ကြောင်း မိတ်ဆက်သည်။

ပြီးနောက် အင်္ဂလိပ်လို ပြောသည်။

"ဗီဒီယိုကင်မရာက ဂျပန်ဖားရှင်းဖြစ်နေတယ်။ အသုံးတည့်ပါ့မလား"ဟု ဆိုသည်။

ကိုမင်းအခက်တွေ့ပြီ။ ဗီဒီယိုကင်မရာတွင် ဂျပန်ဘာသာစကားထည့်သွင်းထားသည်။ ကြိုက်ပြီး ဈေးသင့်တော့လည်း အသုံးမတည့်ဖြစ်ရသည်။ လက်လျှော့လိုက်ရပါပြီ။

"ကျေးဇူးတင်ပါတယ်"ဟု ကိုမင်းကျက်ထားသော ဂျပန်စကားပြောဖြင့် နှုတ်ဆက်လေတော့ အားရဝမ်းသာဖြင့် ဦးညွှတ်အခါခါနှုတ်ဆက်နေတော့သည်။

တကယ်တော့ ဘာသာစကားသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးအတွက် လွန်စွာအရေးပါလှသည်။

လျှပ်စစ်ပစ္စည်းဆိုင်မှ နှုတ်ဆက်ပြီးထွက်တော့ အနီးရှိ အလတ်စား ဆိုင်တစ်ဆိုင်ကို ကိုမင်းသတိထား ကြည့်လိုက်မိသည်။ မိုလ်ဘိုင်းဖုန်း HAND SET များရောင်းချနေသည်ကို တွေ့လိုက်ရ၏။ ရန်ကုန်တွင် ကိုမင်းအသုံးပြုနေသော HAND SET က ဟောင်းနေပြီ ဖြစ်၍ ကြုံတုန်းအသစ်တစ်လုံး ဝယ်သွားဦးမှဟု စိတ်ကူးကာ အဆိုပါ ဆိုင်ဆီသို့ ကူးခဲ့သည်။

အရောင်အသွေးစုံ၊ အမျိုးအစားစုံသော HAND SET များကို တွေ့ရသည်။ ဈေးနှုန်းများကပ်ထားသည်ကိုလည်း တွေ့ရသည်။ ဈေးနှုန်းက ယန်းတစ်သောင်း အများဆုံး နှစ်သောင်းဝန်းကျင်သာရှိသည်။

အရောင်အသွေးလည်းလှ၊ ခိုင်ခံ့မှုလည်း ရှိမည်ဟု ယူဆရသော HAND SET တစ်လုံးကိုကောက်ယူ၍ ဆိုင်ထိုင် အမျိုးသမီးကို လှမ်းပြလိုက်သည်။

ထိုအမျိုးသမီးက ကိုမင်းထံ လျှောက်လာပြီး–

"ဝယ်မှာလား" ဟု မေးသည်။





ပြီးနောက် ကိုမင်းကို စူးစမ်းသော အကြည့်ဖြင့် ကြည့်ကာ "နိုင်ငံခြား ဧည့်သည်လား" ဟု ထပ်မေးသည်။

"ဟုတ်ပါတယ်" ဟုဖြေတော့–

"ဂျပန်မှာ သုံးမှာဆိုရင်တော့ ဝယ်လို့ ရပါတယ်။ နိုင်ငံခြားကို ယူသွားမယ် ဆိုရင်တော့ မရောင်းပါဘူး"

"ဘာဖြစ်လို့ မရောင်းတာလဲ" ဟုမေးတော့ "လေဆိပ်မှာ သိမ်းခံရလိမ့်မယ်၊ ပြည်ပကို ယူသွားလို့ မရပါဘူး" ဟုဆိုသည်။

ဘာကြောင့်လဲဟု ကိုမင်းထပ်မမေးတော့၊ အခွန်ကြောင့်ပေလား။ ဒါမှမဟုတ် သယ်ဆောင်ခွင့် ခွင့်ပြုချက်လိုလို့လား။ ကိုမင်းမေးဖြစ်တော့။ စိတ်ပျက်စွာဖြင့်ပင် HAND SET ကို ပြန်ချထားလိုက်မိသည်။

သို့ပေမယ့် ဈေးကတော့ သက်သာသား။ ယန်းတစ်သောင်းတဲ့။ ဂျပန်ပြဇာတ်ရုံ ဝင်ခလက်မှတ်ဖိုးမျှသာ ရှိသည်လေ–––။

စိတ်ပျက်လက်ပျက်နှင့် ဆိုင်အတွင်းမှ ထွက်လာခဲ့၏။ အဲ–မလှမ်းမကမ်းတွင် တွေ့လိုက်ရသည်။ နာရီမျိုးစုံရောင်းသည့်ဆိုင်။ ကိုယ့်အတွက် ပစ္စည်းမရပေမယ့် မိတ်ဆွေများအတွက်တော့ ဂျပန်ပြန်နာရီလက်ဆောင်များ ဝယ်သွားမည်ဟု စိတ်ကူးပြီး နာရီဆိုင်ဘက်သို့ ကိုမင်းကူးခဲ့၏။

ဆိုင်အတွင်းမှာတော့ နာရီအကြီးအသေး မျိုးစုံသည်။ အချို့နာရီများကို ကိုင်ကြည့်၍ရသည်။ အချို့ကိုတော့ မှန်ဘီရိုထဲမှာ ထည့်ထားသဖြင့် ကြည့်ချင်က ဆိုင်စာရေးတစ်ဦးဦးက ဖွင့်ပြမှရသည်။ ကိုမင်းဆိုင်ထဲသို့ ရောက်သည်နှင့် အနီးသို့ ဆိုင်ဝန်ထမ်း အမျိုးသမီးတစ်ဦးရောက်လာသည်။ သူက ကြည့်ချင်တာ ပြောပါဟု လက်ဟန်နှင့်ပြသည်။

ကိုမင်းက မှန်ဗီရိုထဲမှ လက်ပတ်နာရီ နှစ်မျိုးကို ကြည့်ချင်ကြောင်း ပြောတော့ ဆိုင်ဝန်ထမ်းမလေးက ဗီရိုဖွင့်ကာ ထုတ်ပြသည်။ နာရီများကို ဈေးနှုန်းကပ်ထားသည်။ သို့ပေမယ့် မြန်မာပီပီ ဈေးဆစ်ကြည့်မည်ဟု စိတ်ကူးမိသည်။ ရန်ကုန်မှာတော့ ဈေးနှုန်းကပ်ထားလျှင် ဈေးဆစ်ခွင့်မရှိ။ သည်မှာတော့ ရလိုရငြား ဆစ်ကြည့်မည်။

"ဝန်ထမ်းမလေးကို ဈေးလျှော့ပါဦး" ဟု ကိုမင်း အင်္ဂလိပ်ဘာသာဖြင့် ပြောသည်။ ဝန်ထမ်းမလေး နားမလည်။ ကိုမင်း လက်ဟန်ခြေဟန်နှင့်ပြသည်။ သူမ နားမလည်ပြန်။

ကိုမင်းတို့နှစ်ဦး အပြန်အလှန်နားမလည်ကြသော ဖြစ်အင်ကို တွေ့သဖြင့် အရောင်းကောင်တာမှ တာဝန်ခံဟုထင်ရသူ အမျိုးသမီးတစ်ဦး အနားသို့ ရောက်လာပြီး

"ဘာအလိုရှိပါသလဲ"ဟု အင်္ဂလိပ်လို မေးတော့မှ ကိုမင်းဟန်ကျကာ

" ဒီနာရီလေး လျှော့ပေးပါဦး၊ နှစ်လုံး ယူမယ်"

နာရီပေါ်မှာတော့ ယန်း ၃၀၀၀ ဟုရေးထားသည်။ ဂျပန်လုပ်ဖြစ်ပြီး နာရီက အကောင်းစားမဟုတ်သည့်တိုင် အညံ့စားတော့ မဟုတ်။ သုံးပျော်သည်။ အကြမ်းခံနိုင်သည်။

တာဝန်ခံအမျိုးသမီးက ကိုမင်းကို ကြည့်နေသည်။ လေ့လာနေဟန်တူ၏။ တစ်ပြည်သားဆိုသည်ကိုတော့ သူမ သတိထားမိဟန်တူသည်။ ဈေးနှုန်းကပ်ထားသည်ကို ဈေးဆစ်မိသဖြင့် မကျေ မနပ်ဖြင့် တစ်ခုခု ပြောချလိုက်မည်ကို ကိုမင်း စိုးရိမ်နေ၏။

"နည်းနည်းတော့ လျှော့ပေးမယ်လေ"တဲ့။

အဲ– ညင်သာလိုက်သည့် ရောင်းသူ၏ အသံ။

"ယန်း ၂၀၀၀ တော့ထားဗျာ၊ နှစ်လုံးယူသွားမယ်"





"အဲဒီလောက်တော့ မရပါဘူး။ ၂၇၀၀ အထိလျှော့ပေးမယ်"

ဘာရမလဲ။ မြန်မာပဲ။ ရသလောက်တော့ ထပ်ဆစ်ဦးမည်ဟု စိတ်ကူးလိုက်သည်။

"လုပ်ပါ၊ ဟိုးအဝေးကြီးကတောင် ·လာဝယ်ရတာ"

"ဘယ်နိုင်ငံကလဲ"

"မြန်မာပြည်ကလေ"

"ဟုတ်လား အဝေးကြီးပဲနော်။ ယူလေ ၂၅၀၀ နဲ့ ပေးပါ့မယ်"

အဲ– ဟုတ်ပြီ။ ဒါလောက်ဆို မဆိုးဘူး။

ကိုမင်း စိတ်ကြိုက်နှစ်လုံး ယူလိုက်ပြီး ကောင်တာတွင် ငွေရှင်းရန် တာဝန်ခံအမျိုးသမီးနောက်သို့ လိုက်သွား၏။

တာဝန်ခံ အမျိုးသမီးက နာရီများကို ဗူးများတွင်ထည့်၊ စိတ်ရှည်လက်ရှည် ထုတ်ပေးနေသည်။

ပြီးနောက် ငွေရှင်းပေးကာ ကိုမင်းကပင်

" အာတေကာတော့ ကိုဆိုင်းမတ်ဆု" ဟု ကျေးဇူးတင်ကြောင်း ဂျပန်ဘာသာ စကားဖြင့် ပြောလိုက်ရာ သူမက အားရဝမ်းသာစွာဖြင့် "ဂျပန်စကားပြောတတ်တယ်ဟုတ်လား" ဟုဆိုကာ သူမကပင် ပြန်၍ ဦးညွှတ်ခါခါပြုရင်း "ကိုဆိုင်းမတ်ဆု" ဟူ၍ အကြိမ်ကြိမ် နှုတ်ဆက်နေလေတော့သည်။

တော်ပါသေး၏။ ရန်ကုန်မှာဆို ဈေးနှုန်းကပ်ထားလျှင် ဈေးဆစ်၍မရ။

ယခု ဂျပန်တွင် ဈေးနှုန်းကပ်ထားသော်လည်း ဈေးဆစ်၍ ရသည်ကို မစွတူဖောင်းပြောထား၍ တော်တော့သည်။ နို့မဟုတ်ရင်...။

"ဟိုက်"

သွားပြီ။ မစ္စတူဖောင်းဆိုမှ သတိရလိုက်သည်။မစ္စတူဖောင်း ဘယ်မှာကျန်ခဲ့လေသလဲ။ ပစ္စည်းများကို တစ်ဆိုင်ပြီး တစ်ဆိုင် အငမ်းမရလိုက်ကြည့်ရင်း မစ္စတူဖောင်းကို မေ့သွားခဲ့ပြီ။

ကင်မရာဆိုင်တွင် မစ္စတူဖောင်းကျန်ခဲ့သည်။ သူမကို မတွေ့လျှင် ကိုမင်း အပြန်ခက်ရပြီ။

အပြေးအလွှားပင် ကင်မရာဆိုင်ဘက်သို့ သွားပြီး မစ္စတူဖောင်းကို ရှာလိုက်သည်။

မတွေ့...။ မတွေ့တော့...။

ခက်ပြီ။ ဟိုတယ်သို့ မည်သို့ ပြန်ရမည်နည်း။

မစ္စတူဖောင်းကလည်း ကိုမင်းကို ရှာနေပေလိမ့်မည်။ ကိုမင်း မပြန်တတ်သည်ကို သူမသိထားသည်။ သူကိုရှာမတွေ့၍ မစ္စတူဖောင်း ဟိုတယ်သို့ ပြန်သွားလေပြီလား...။

ခက်ပြီ...။ ခုတော့ ခက်ချေပြ။

မပြန်သေးလျှင် အနီးအနားတွင် မစ္စတူဖောင်းကို တွေ့နိုင် သေးသည်ဟု ထင်သည်။ ထပ်ကြိုးစား၍ ရှာဦးမည် ဆုံးဖြတ်ကာ အနီးအနားဝန်းကျင်ဆိုင်များနှင့် လမ်းများဆီတွင် ရှာနေမိသည်။

အချိန်ပင် အတော်လင့်နေပြီ။ ရှာမတွေ့တော့။

ကိုမင်း ဘယ်လိုလုပ်ရမည်နည်း။ တစ်နည်းသာရှိတော့၏။ တက္ကစီကွင်းကိုရှာ၍ တက္ကစီဖြင့် ဟိုတယ်ပြန် ရုံသာရှိတော့သည်။

* * *





ည ၁၂ နာရီထိုးလုပြီ။

ဟိုတယ်သို့ ကိုမင်းတစ်ယောက် ပြန်ရောက်မလာသေး။

စကားဝါ စိတ်ပူလှပြီ။

မစ္စတူဖောင်း ဖုန်းဆက် အကြောင်းကြားလာစဉ်က စကားဝါ အိပ်ရာဝင်စပင် ရှိသေးသည်။ မနက်စောစော ဟီရိုရှီးမားသို့ ခရီးဆက် ရန်ရှိသဖြင့် စကားဝါ စောစောပင် အိပ်ရာသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ အိမ်သို့ဖုန်းလာသဖြင့် ကောက်ကိုင်လိုက်တော့ အသံတုန်တုန်ရီရီ ဖြစ်နေသော မစ္စတူဖောင်း၏အသံကို ကြားလိုက်ရသည်။

"မစ္စတာဦး ရှင်ကျူကုညဈေးမှာ ပျောက်သွားလို့"တဲ့

စကားဝါ့ ခေါင်းထဲတွင် ထူပူသွားသည်။

"မစ္စတာဦးကို ညဈေးမှာ လိုက်ရှာသေးတယ်။ ဘယ်ဆိုင် ထဲဝင်သွားမှန်းလဲ မသိဘူး" ဟု မစ္စတူဖောင်းက ဆိုပြန်သည်။

စကားဝါ စဉ်းစားမနေတော့ဘဲ ကားကိုကိုယ်တိုင်မောင်းကာ ဟိုတယ်သို့ ထွက်ခဲ့၏။

ဟိုတယ်ရောက်တော့ မစ္စတူဖောင်းကို ဟိုတယ်လော်ဘီထဲတွင် တွေ့ရသည်။ ရောက်ရောက်ချင်း မစ္စတူဖောင်းက စကားဝါ့ကို စိုးရိမ် တစ်ကြီး ပြောသည်။

မစ္စတူဖောင်း တစ်ယောက် ကိုမင်းကို ရှာမရသည့်အဆုံး ဟိုတယ်သို့ ပြန်ခဲ့ပုံ၊ ကြံရာမရ ဖြစ်ရာမှ စကားဝါ့ထံ စိုးရိမ်ကြီးစွာဖြင့် ဖုန်းဆက်အကြောင်း ကြားခဲ့ပုံစသည်တို့ကို အကြောင်းစုံရှင်းပြသည်။

စကားဝါက ပိုလို့ စိုးရိမ်ပေမပေါ့။ ကိုမင်းက တစ်ပြည်တစ်ရွာ ကလေ။ ပြီးတော့ သူတာဝန်ယူထားရတဲ့ ဧည့်သည်။ ဒါတင်မက ကိုမင်းက စကားဝါရဲ့...။ အဲ အရေးကြီးပုဂ္ဂိုလ်လေ။ ဟော– အခုတော့ သူပျောက်နေပြီတဲ့။

နာရီကြည့်တော့ ည ၁၂နာရီထိုးခါနီးပြီ။ အမှန်ဆိုလျှင် ဟိုတယ်ဖုန်းနံပါတ်ကိုသိလျှင် ဟိုတယ်ကို ဆက်သွယ်အကူအညီတောင်းနိုင်သည်။ ဟိုတယ်က လမ်းညွှန်ပြီးကူညီမှာပေါ့။ ဒါမှမဟုတ် တက္ကစီကွင်းကိုသွား၊ အဲဒီကမှတစ်ဆင့် ဟိုတယ်ကို ပြန်လာ။ ဒါလဲ ရတာပဲ။

တိုကျိုမှာက တက္ကစီတွေကို သတ်မှတ်တဲ့တက္ကစီကွင်းမှာ သွားစီး။ ဒါမှ အဆင်ပြေမှာ။ လမ်းကကား တားစီးလို့ကတော့ မလွယ်။ မပြုလုပါနေသည်က များ၏။

တက္ကစီကွင်းကို ရှာဖို့ကလဲ ကိုမင်းအတွက် လွယ်ပါ့မလား။

စကားဝါတစ်ယောက် ကိုမင်းအတွက် အမျိုးမျိုးလှည့်တွေးကာ စိတ်ပူရင်း ဟိုတယ်အဝင်ဝသို့ လှမ်းကြည့်နေစဉ် တက္ကစီတစ်စီး ထိုးဆိုက်လာသည်။

တွေ့လိုက်ရပြီ။ ကိုမင်းမှ ကိုမင်းအစစ်။

စကားဝါ အပြေးလေးသွားပြီး ကိုမင်းအနားတွင်ရပ်ကာ ခါးထောက်ပြီး ကိုမင်းကို မျက်ထောက်နီဖြင့် ကြည့်နေလိုက်သည်။

ကိုမင်း ကားခရှင်းပေးအပြီးနောက်အလှည့်တွင်–

"ဟင်– စကားဝါ"

စကားဝါက ဘာမျှ ပြန်မပြော။ စိတ်ဆိုးသော အမူအယာဖြင့် ကိုမင်းကို စိုက်ကြည့်နေသည်။

"ဟို–ဟို လမ်းပျောက်သွားလို့၊ အခု တက္ကစီကွင်းက ကားစီးလာတာ"

စကားဝါ စိတ်ပူနေမှန်းသိလိုက်သဖြင့် မျက်နှာမချိုမချဉ်ဖြင့် ကိုမင်း နှစ်သိမ့်မည်ပြုစဉ် စကားဝါက စိတ်ဆိုးဆိုးဖြင့် ကိုမင်း ပုခုံးကို နှစ်ချက်ဆက်တိုက် ထုရိုက်ကာ လော်ဘီထဲသို့ လှည့်ဝင်သွားသည်။





ကိုမင်း နောက်က လိုက်သွားပြီး စကားဝါ့ကိုချော့ရန် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်စဉ် တွေ့လိုက်ရသည်က–အိုး–စကားဝါ့မျက်ဝန်းက မျက်ရည်တွေနဲ့ပါလား–––။

စကားဝါ ကိုမင်းကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်၏။ မျက်ရည်တွေကတော့ စိတ်ရှိတိုင်း စီးကျနေသည်လေ။

ကိုမင်းချော့ပါသည်။ စကားဝါ့ကို ကိုမင်းတတ်သမျှ မှတ်သမျှ ချော့ပါ သည်။

"ကိုမင်းလဲ ဆိုင်တွေဘက် အာရုံရောက်နေလို့ မစ္စတူဖောင်းကို သတိမထားမိဘဲ ဖြစ်သွားတာပါ။"

စကားဝါ ကိုမင်းကို လှည့်မကြည့်ပါ။

ကိုမင်း စကားဝါ့အနားတိုးပြီး ထပ်ပြောပြန်သည်။ သည်တစ်ခါတွင်တော့ ကိုမင်း စကားဝါ့လက်ကလေးကို ကိုင်မိရက်သားဖြစ်နေ၏။

"ကဲပါ– ကိုမင်း တောင်းပန်ပါတယ်။ ကိုမင်းကြောင့် စကားဝါ စိတ်ဒုက္ခရောက်ရတဲ့အတွက် တောင်းပန်ပါတယ်"

ထိုအခါ စကားဝါက သူမလက်ကို ဆတ်ခနဲဆွဲယူရင်း

"စိတ်ဒုက္ခပေးရုံတင် ဘယ်ဟုတ်မလဲ။ စိတ်သောကပါ ပေးနေတာ။ ဒီမှာ ဘယ်လောက် စိတ်ပူရလဲ၊ ကိုမင်းကညွှန့်သည်၊ ပြည်တွင်းက သာမန်ညွှန့်သည်ဆို ဘာပူစရာလိုလဲ၊သွားတတ်လာတတ် ပြန်တတ်တယ်။အချိန်မှန် ပြန်မလာလို့ စိတ်ပူရုံ၊ စိတ်ဒုက္ခရောက်ရုံပဲ ရှိတယ်။ အခုက မသွားတတ်၊ မလာတတ်၊ မပြန်တတ်တဲ့ ညွှန့်သည်။ ဒီမှာ ဘယ်လောက် သောကရောက်ရလဲ"

စကားဝါ့အသံက စိတ်ဆိုးသံကြောင့် အနည်းငယ်ကျယ်သွားသဖြင့် ကိုမင်း အနီးဝန်းကျင်ကို သတိထား ကြည့်မိလိုက်၏။ အချိန်က

ည ၁၂နာရီကျော်နေပြီဖြစ်၍ ဟိုတယ်လော်ဘီထဲတွင် ညည့်သည်များ မရှိတော့။ ကောင်တာမှ ဟိုတယ်စာရေးသည်ပင် ငိုက်မြည်းနေသည်ကို တွေ့ရသည်။

"အင်းပါ စကားဝါရယ်၊ စကားဝါ့ကို ကိုမင်းတောင်းပန်ပြီးပြီပဲ။"

"ဒါတင်ဘယ်ကမလဲ"

စကားမဆုံးခင် အပြောရပ်၍ စကားဝါ ကိုမင်းကို တစ်ချက်မော့ ကြည့်လိုက်သည်။ ပြီးမှ–

"ကိုမင်း သွားချင်ရင် စကားဝါ့ကို ပြောသင့်တယ်" ဟုပြောကာ အသံ တိတ်သွားသည်။

စကားဝါ စိတ်ဆိုးပြေသွားခဲ့ပြီ။ ကိုမင်း သတိတစ်ချက်လွတ် သွားခဲ့၏။ ကိုမင်း ဖြစ်ချင်သည်ကိုပြောလျှင် စကားဝါ စီစဉ်ပေးမည်သာ။ ၎င်းကို ကိုမင်း မေ့သွားခဲ့သည်။

စကားဝါက သူ့ကိုမပြောဘဲ မစ္စတူဖောင်းနှင့် အတူသွားခဲ့သည့် အတွက် မကျေမနပ် ဖြစ်နေသည်လည်း အကြောင်းတစ်ချက်ပါ သည်လေ။ ၎င်းကို စကားဝါ့နှုတ်က ဖွင့်မပြောခဲ့။ သို့သော် ကိုမင်းက တော့ သိနေသည်။

"ကဲပါ– နောက် ကိုမင်းဘယ်သွားသွား ဘယ်လာလာ စကားဝါ့ ကိုပြောမယ်။ အခုတော့ အိမ်ပြန်နားတော့၊ မနက်လဲ အစောကြီး ခရီးထွက်ရဦးမယ်ဆိုတော့ နေမကောင်း ဖြစ်နေဦးမယ်"

ကိုမင်း စကားဝါ့ကို နှစ်သိမ့်ကာ ဟိုတယ်ဝဆီသို့ ပို့ဆောင်ပေးခဲ့ သည်။ သူကိုယ်တိုင် ကားတံခါးကို ဖွင့်ပေးပြီး စကားဝါ့ကို ကားပေါ် တက်စေ၏။

ကားပေါ်အရောက်တွင် စကားဝါက ကိုမင်းကို တစ်ချက်





မော့ကြည့်သည်။ ကိုမင်းက သူမ၏ခေါင်းကို အသာအယာ ပုတ်လိုက် ကာ–

" ဂွတ်နိုက် စကားဝါ၊ ဖြေးဖြေးမောင်းသွားနော်" တဲ့။

စကားဝါ ခေါင်းကို အသာညိတ်ပြရင်း ကားကို အသာမောင်း ထွက်သွားသည်။

ကြည်နူးဖွယ်ည။ လှပသောည။ ရင်ခုန်ရသောည။ မေ့မရ သော ညတစ်ညပါလေ။ အိမ်မက်မဟုတ်သော တစ်ကယ့်အဖြစ်မှန် ညတစ်ညအဖြစ်သတိထားမိရင်း ကိုမင်းတွေးလိုက်မိသည်ကား––။

"ရင်မှာသံယောဇဉ်လိပ်ပြာတို့ စကားဝါနှင့်အတူ လိုက်ပါသွားခဲ့ လေသလား"...ဟူ၍–။

* * *

## အခန်း(၁၈)

ဟာနေဒါ လေဆိပ်...။

တိုကျို၏ ဒုတိယမြောက်လေဆိပ်။ ထိုလေဆိပ်တွင် ပြည်တွင်းခရီးစဉ် လေယာဉ်များသာ အတက်အဆင်း ပြုလုပ်ကြကြောင်း သိရသည်။ နာရီတာလေဆိပ်ကြီးတွင်တော့ ပြည်ပမှ လေကြောင်းလိုင်းများ အတက်အဆင်း ပြုလုပ်ကြသည်။

ကိုမင်းတို့အဖွဲ့ ဟာနေဒါလေဆိပ်ရောက်တော့ နံနက်ရနာရီ ထိုးပြီ။

တိုကျိုဆောင်းက အအေးပိုဆဲ။ လေဆိပ်ရှိ အပူချိန်ပြဇယားတွင် ကြည့်လိုက်တော့ ယနေ့ တိုကျိုမြို့၏ အပူချိန်က ၇ ဒီဂရီစင်တီဂရိတ်တဲ့။

လေယာဉ်ကွင်းအတွင်းကြည့်လိုက်တော့ ဂျပန်လေကြောင်းလိုင်းများဖြစ်သည့် နီပွန်လေကြောင်းလိုင်း၊ ဂျပန်အဲယားလိုင်းတို့မှ လေယာဉ်ကြီးများ အတက်အဆင်း ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ခပ်လှမ်းလှမ်းဆီကို ကိုမင်း သတိထားကြည့်လိုက်မိတော့ မီးခိုးငွေ့ဖြူဖြူများ တလူလူထွက်နေသော ဓာတ်ပေါင်း အိုးကြီးများကို လှမ်းတွေ့ရသည်။ သိချင်သဖြင့် မစ္စတာဟီရိုကီကို မေးလိုက်တော့–

"အဲဒါ အနုမြူဓာတ်ပေါင်းဖိုတွေလေ။ စက်မှုဇုန်ဒေသပေါ့။





တိုကျို တစ်မြို့လုံးကို အဲဒီက လျှပ်စစ်ဓာတ်အားတွေ ဖြန့်ဝေပေးတယ်လေ–"

ငှင်းနေရာ၏ ဟိုဖက်မှာတော့ တိုကျိုပင်လယ်အော်ရှိသည်။ တိုကျိုမြို့တွင် ပင်လယ်အော်မှ စီးဝင်သော မြစ်ချောင်းများဖြင့် ပတ်ပတ်လည် ဝိုင်းနေသော်လည်း၊ ကျောက်ဆောင်တောင်ကုန်းများဖြင့် ပြည့်နှက်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးကတော့ အခက်အခဲမရှိ၊ လမ်းများ၊ တံတားများကတော့ ခေတ်မီ လိုက်သည် ဖြစ်ခြင်း။

ဟာနေဒါလေဆိပ်သည်ပင် ကျောက်တောင်များအကြား ခေတ်မီစွာ တည်ဆောက်ထားသည်လေ။

လေယာဉ်က နံနက် ၈ နာရီထွင် ဟီရိုရှီးမားသို့ ထွက်မည်။

စကားဝါကတော့ အဖွဲ့သားများအဆင်ပြေစွာ လိုက်ပါနိုင်ရေးအတွက် စီစဉ်နေသဖြင့် ကိုမင်းအနားတွင် မရှိ။ Luggageများ လေယာဉ်ပေါ်တင်ရန် စီစဉ်ပြီးတော့ ကိုမင်းအနားသို့ စကားဝါရောက်လာသည်။

ကိုမင်းသတိထား ကြည့်လိုက်မိတော့ စကားဝါ့မျက်နှာလေး ချောင်ကျနေသည်ကို တွေ့လိုက်ရ၏။ ညက အိပ်မှအိပ်ရပါလေစ။ မနက်ကလည်း ဟိုတယ်သို့ နံနက် ၅နာရီခွဲကတည်းက ရောက်နေသည်။

"စကားဝါ ပင်ပန်းနေပြီနော်၊ ညက အိပ်မှ အိပ်လိုက်ရရဲ့လား" ဟု ကိုမင်းမေးလိုက်တော့ စကားဝါက မော့ကြည့်ရင်း–

"လူကတော့အိပ်ရပါတယ်။ ဒါပေမယ့် စိတ်ကတော့ အိပ်မပျော်ဘူးလေ။ လူတစ်ယောက်က နှောင့်ယှက်နေလို့"

သူ့ကို ခနဲ့ပြောလိုက်မှန်း ကိုမင်း သိလိုက်၏။ ကိုမင်း ပြုံးနေလိုက်ပါသည်။

ခဏကြာတော့ လေယာဉ်ပေါ်တက်ခဲ့ကြ၏။

အဖွဲ့သားများ၏ ခရီးဆောင်အိတ်ငယ်များကို နေရာချထားပေးပြီးတော့ စကားဝါ ကိုမင်းအနားမှာ လာထိုင်သည်။

ထိုစဉ် ကိုမင်းက

"ကဲ စကားဝါ နားလိုက်တော့၊ တရေးလောက် အိပ်လိုက်ဦး"

ဟုပြောရာ–

"ရတယ်၊ လေယာဉ်စီးရင်း မအိပ်တတ်ဘူးလေ"

ထိုသို့ပြောရင်း မကြာပါ။ ကိုမင်း ပုခုံးပေါ် ခေါင်းမှီရင်း အိပ်ပျော်သွားလိုက်သည်မှာ ဟီရိုရှီးမားလေဆိပ် ရောက်ခါနီး ကိုမင်းနှိုးတော့မှ နိုးတော့သည်လေ…။

"ဟီရိုရှီးမားရောက်ပြီလား ကိုမင်း"

အိပ်နေရာမှ အနိုးတွင် ကပိုကယိုဖြစ်နေသော ဆံနွယ်စများကို အသာသပ်တင်ရင်း စကားဝါ မေးလိုက်ခြင်း ဖြစ်၏။

"လေယာဉ်တောင်ကွင်းထဲ ထိုးဆင်းနေပြီလေ"

လေယာဉ်ကွင်းထဲ ထိုးဆင်းရန် လေယာဉ်လမ်းကြောင်း ယူနေပြီဖြစ်သည်။ ဟီရိုရှီးမားတစ်မြို့လုံးကို လေယာဉ်ပေါ်မှ ကိုမင်း လှမ်းမြင်နေရ၏။

တစ်ဘက်က ပင်လယ်ပြင်။ ပြီးတော့ မြို့ဝန်းကျင်က ကျောက်တောင် အနိမ့်အမြင့်များ။ ထူးခြားစွာ တွေ့မြင်လိုက်ရသည်က ကျောက်တောင်အနှံ့ ဖုံးလွှမ်းပေါက်ရောက်နေသော မိုမိဂျီရောင်စုံသစ်ပင် အုန့်အုန့်ဆိုင်းဆိုင်းများ…။

တစ်ချိန်က ဟီရိုရှီးမားသည် အနုမြူဗုံးဒဏ်ကြောင့် အစိတ်စိတ်အမွှာမွှာ ပျက်သုဉ်းခဲ့ရသည်။ မီးလောင်ပြင် ဖြစ်ခဲ့ရသည်။ လူသုံးသိန်းကျော် သေကြေခဲ့ရသည်။ ယခုသော်ကား ဟီရိုရှီးမားမြို့သည် လှပ၍နေပေပြီ။ ဖွံ့ဖြိုး၍နေပေပြီ။





လေဆိပ်တွင် ကြိုတင်စီစဉ်ထားသော မီနီဘတ်စ်တစ်စီးက အသင့်စောင့်ကြိုနေ၏။ ဟီရိုရှီးမားသည် ကမ္ဘာသိ မြို့ကြီးတစ်မြို့ဖြစ်၍ အဖွဲ့သားများအားလုံး စိတ်ဝင်တစားရောက်ရှိလိုကြသော မြို့လည်း ဖြစ်သည်။

လေဆိပ်မှအထွက်တွင် မြို့ထဲ တည်းခိုရာဟိုတယ်သို့ မသွားသေးဘဲ ဟီရိုရှီးမားမြို့၏ ပင်လယ်ဆိပ်ကမ်းဒေသလည်းဖြစ်၊ ရှေးဟောင်းရိုးရာ ယဉ်ကျေးမှုများစုဝေးရာဒေသလည်းဖြစ်သော မီဆန်တောင် (Mt-Misen) ဝန်းကျင်သို့ သွားရောက်လေ့လာကြမည်။

ကိုမင်းတို့ စီးလာသော မီနီဘတ်စ်က မြို့ပြင်လမ်းအတိုင်း တောင်စွယ်တောင်တန်းများကို ဖြတ်ကျော်ကာ မီဆန်တောင်ရှိရာ မီရာဂျီးမားပင်လယ် ဆိပ်ကမ်းဒေသသို့ မောင်းနှင်လာခဲ့၏။ စကားဝါကတော့ အရင်လို လန်းလန်းဆန်းဆန်း မရှိ။

"စကားဝါ နေကောင်းရဲ့လား၊ ကိုမင်းအတွက်နဲ့ စကားဝါလဲ ပင်ပန်းနေပြီ"

"ကောင်းပါတယ် ကိုမင်း၊ ခေါင်းထဲက နဲနဲနောက်နေလို့ပါ၊ ပင်လယ်လေရှုလိုက်ရင် ကောင်းသွားမှာပါ"

မကြာပါ။ မီရာဂျီးမားဆိပ်ကမ်းသို့ ရောက်လာသည်။ ဆိပ်ကမ်းတွင် ခရီးသည်များဖြင့် စည်ကားနေ၏။ ရေပြင်ကျယ်ကြီးကို ဖြတ်ကျော်၍ ဟိုမှာဘက် ဆီသို့ လှမ်းကြည့်လိုက်လျှင် Mt-Misen ကို တွေ့နေရသည်။ မြန်မာနိုင်ငံ၏ ပုပ္ပားတောင်ထွဋ်နှင့်ပင် သဏ္ဌာန် တူတော့၏။

မီရာဂျီးမားဟိုမှာဘက်ရှိ Mt-Misen ဆိပ်ကမ်းဘက်ဆီတွင် ရှေးဟောင်း လက်ရာများဖြင့် ဗုဒ္ဓဘာသာ ဘုရားကျောင်းများ ရှိသကဲ့သို့ တောင်ခြေဝန်းကျင် တစ်ခွင် မိုမိဂျီရောင်စုံသစ်ပင်များဖြင့် လှန်စွာလှပကြောင်း၊ ရှုခင်းများလည်း အလွန်သာလှကြောင်း သိရသည်။

စကားဝါက အဖွဲ့သားများအတွက် သဘော်လက်မှတ် ဝယ်နေသည်။ ဆိပ်ကမ်းတွင် လူများသဖြင့် အဖွဲ့သားအားလုံး တစ်နေရာတည်းတွင်စုနေရန်လည်း မှာသွား၏။ ကိုမင်းတစ်ယောက် အနီးဝန်းကျင်လျှောက်ကြည့်ချင် သော်လည်း တစ်ခါကြုံဖူး၍ စကားဝါမှာသည့်အတိုင်း သတ်မှတ်သည့်နေရာတွင်ပင် စောင့်နေလိုက်၏။

ကူးတို့သဘော်က အချိန်နှင့်ထွက်သည်။ လူဦးရေကန့်သတ်ထားသည်။ ဆိပ်ကမ်းတာဝန်ရှိသူများက လိုက်ပါမည့်သူများကို အချိန်တကွခေါ်မှ ရေဆိပ်သို့ ဆင်းရမည်ဖြစ်သည်။

ကိုမင်းတို့စီးမည့်သဘော်ချိန်ရောက်ရန်လိုသေးသဖြင့် နံနက်စာကိုဆိပ်ကမ်းတွင် မိမိအစီအစဉ်ဖြင့် စားလိုက်ကြသည်။ စကားဝါကတော့ ကိုမင်းမပြောမီကပင် အသင့်စား ထမင်းဘူးဝယ်လာသည်။ "သိတတ်လိမ္မာသူလေး"ဟု ကောက်ချက်ချကာ စကားဝါကို ကိုမင်းစိတ်ထဲမှ ချီးကျူးနေမိပါသည်။

သဘော်ချိန်ရောက်တော့ ရေဆိပ်သို့ဆင်းကြ၏။ ကူးတို့သဘော်ပေါ်မှနေ၍ ကိုမင်း မီရာဂျီးမားဆိပ်ကမ်းဘက်ရှိ ဟီရိုရှီးမားမြို့ကြီး၏အလှကို သမင်လည်ပြန် ငေးကြည့်နေမိသည်။ တောင်စွယ်တောင်တန်းများဖြင့် လှပဖွံ့ဖြိုးနေသော မြို့ကြီးပါပေ။

မီရာဂျီးမားရေပြင်ကြီးကာ ကျယ်ပြောလှ၏။ Mt-Misen ရှိသည့်ဒေသသည် ပင်လယ်ထဲက ကျွန်းကြီးတစ်ကျွန်းဖြစ်ပြီး ၎င်းကျွန်းကို ပင်လယ်ပြင်ကြီးက ဝိုင်းပတ်၍နေသည်။

သဘော်ပေါ်မှနေ၍ ပင်လယ်ပြင်အလှကို ကိုမင်း ငေးမောကြည့်နေစဉ် အနားသို့ စကားဝါရောက်လာပြီး–

"ကိုမင်း ငေးလှချည်လား၊ ပင်လယ်ပြင်အလှကိုကြည့်ပြီး တစ်ယောက်သောသူကို သတိရနေပြီထင်တယ်"





အပြုံးလေးနှင့် နောက်ပြောလိုက်သော စကားပါ့ကို ကိုမင်း လှည့်ကြည့်ကာ–

"စိတ်လက်ပေါ့ပါး၊ ကြည်နူးလွန်းလို့ပါ၊ သတိရစရာဆိုလို့ ကိုမင်းရင်ထဲမှာ မရှိပါဘူး"

စကားဝါ ပြုံး၍နေ၏။ ကိုမင်းက စကားဝါ့အပြုံးကို သတိထားကြည့်မိရင်း–

"ကြည့်စမ်း– ကိုမင်း အလှတစ်ခုကိုရှာနေတာ အခုမှတွေ့တော့တယ်"

"ဘယ်မှာလဲဟင် ကိုမင်း"

စကားဝါ သိချင်ဇောနှင့် ပြန်မေးလိုက်၏။

"ဟောဒီမှာလေ၊ စကားဝါ့အပြုံးနဲ့ မီရာဂျီးမားရဲ့ ဝန်းကျင်အလှ၊ ဘယ်လောက်လိုက်ဖက်ပြီး လှပလိုက်သလဲဆိုတာ"

စကားဝါ ရှက်စနိုးဖြင့် ကိုမင်းပခုံးကို အသာထုလိုက်သည်။

"သွားမဟုတ်တဲ့နဲ့"တဲ့...။

စကားဝါ့ ရှက်ပြုံးလေးကို ကိုမင်းတွေ့လိုက်ရ၏။ ကိုမင်း ကျေနပ်ရပါသည်။ ရင်မှဖြစ်သော ပီတိများနှင့်အတူ ကိုမင်း ကျေနပ်ရပါသည်။

ကိုမင်း ဆုတောင်းလိုက်မိပါသည်။ ဂျပန်ပြည်တွင် စကားဝါနှင့်တွေ့ဆုံခဲ့ရပုံများ၊ စကားဝါနှင့် ခင်မင်ခဲ့ရပုံများ။ ပြီးတော့ စကားဝါနှင့်ပတ်သတ်၍ အမှတ်တရခံစားမှုလေးများ...။ ဒါတွေဟာ နောင်သောအခါ အိပ်မက်ပမာ ပျောက်ပျယ် မသွားပါစေနဲ့လို့...။

Mt-Misen တောင်ကမ်းခြေရောက်တော့ မီရာဂျီးမားဆိပ်ကမ်းကို ပြန်ကြမည့် ခရီးသည်များကိုတွေ့ရသည်။ ဆိပ်ကမ်းမှ တောင်ခြေသွားလမ်းပေါ်၌လည်း ခရီးသွားများ၊ ဘုရားဖူးများကို စည်ကားစွာလှမ်းတွေ့နေရ၏။

မွန်းလွဲနေဖြစ်သော်လည်း ပူလွန်းခြင်းကား မရှိ။ ဆောင်းရိပ်၊ ဆောင်းငွေ့တို့က ဖုံးလွှမ်းနေသဖြင့် အအေးဘက်တွင် ရှိနေ၏။

ရေဆိပ်မှ တောင်ခြေလမ်းကလေးအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းဘေးတစ်လျှောက် အမှတ်တရပစ္စည်းဆိုင်များကို တွေ့ရသည်။ ခရီးသွား ဧည့်သည်များထဲတွင် နိုင်ငံခြားသား အတော်များများကို တွေ့ရသည်။

သည်တစ်ခါ လူပျောက်မခံတော့။ စကားဝါ့အနားတွင် ကိုမင်းကပ်လိုက်၍ နေတော့သည်။

စကားဝါက–

"အမှတ်တရ ပစ္စည်းလေးတွေ ဝယ်ချင်ရင်ပြောလေ" တဲ့။

"အမှတ်တရ ပစ္စည်းလေးတွေထက် ခုလိုစကားဝါနဲ့ သွားနေရတဲ့ အမှတ်တရတွေကို ပိုပြီးနှစ်သက်တယ်စကားဝါ"

"ရှင်"

ကိုမင်းထံမှ မထင်မှတ်သော စကားကိုကြားလိုက်ရသဖြင့် စကားဝါ ကိုမင်းကို လှမ်းကြည့်လိုက်သည်။ ထို့နောက် နှစ်ဦးသား ငြိမ်နေမိလိုက်ကြ၏။

ခဏကြာမှ–

" ကိုမင်း ဘာကိုဆိုလိုချင်တာလဲဟင်"ဟု စကားဝါက ကိုမင်းကို မကြည့်ဘဲ မေးလိုက်သည်။

"ကိုမင်း အခုလို စကားဝါနဲ့သွားနေရတာ စိတ်ချမ်းမြေ့လွန်းလို့ပါ"

စကားဝါ ဘာမျှ ပြန်မဖြေခဲ့ပါ။ သို့သော် စကားဝါ့ ရင်ထဲမှာတော့ ကျေနပ်မှု လှိုင်းထမ်းပိုးများ ရိုက်ခတ်လို့ နေသည်ကို ကိုမင်း ခန့်မှန်း၍ ရနေခဲ့ပါသည်။

တောင်ခြေရောက်ဖို့ လမ်းတော်တော်လျှောက်ရ၏။ တောင်ခြေ





ရင်းသို့ မရောက်မီ ဘုရားကျောင်းများကို ဝင်ဖူး ဖြစ်ကြ၏။ အဖွဲ့သားများ အဖွဲ့လိုက်၊ တစ်ဦးချင်းစီအလိုက် ဓာတ်ပုံရိုက်ကြသည်။

တောင်ခြေရောက်တော့ ဘုရားကျောင်းတစ်ကျောင်းတွင် အဖွဲ့သားများ အနားယူကြရင်း ဟိုးအဝေးတွင် လှမ်းမြင်နေရသော ပင်လယ်ပြင်နှင့် ဟီရိုရှီးမား မြို့၏အလှကို လှမ်းမျှော်ကြည့် ဖြစ်ကြ၏။ အချို့ကလည်း တောရိပ်တောင်ရိပ်နှင့် Mt-Misen ၏အလှတွင် နှစ်မျှောကာ မိုမီဂျိပင်များကို နောက်ခံပြုလျက် အမှတ်တရ ဓာတ်ပုံရိုက်နေကြ၏။ အချို့ကမူ ဘုရားကျောင်းအတွင်း ရှေးဟောင်းလက်ရာများကို လေ့လာနေကြသည်။

တောင်ခြေ ဘုရားကျောင်းတွင် ခရီးသွားဧည့်သည်များ၊ အပန်းဖြေသူများဖြင့် စည်ကား၍ နေသည်။

ကိုမင်းတို့အားလုံး တောင်ခြေအတိုင်း ပြန်ဆင်းလာကြ၏။ ဆက်သွယ်ရေးအရာရှိ မစ္စတာဟီရိုကီက ရေဆိပ်တွင်ဆုံမည့် သတ်မှတ်ချိန်ကို ချိန်းဆိုပေးလိုက်ပြီး လမ်းတစ်လျှောက် အမှတ်တရပစ္စည်းဆိုင်များတွင် အဖွဲ့သားများအား နှစ်သက်ရာဝယ်ခွင့်ပေးလိုက်၏။

ကိုမင်းနှင့် စကားဝါတို့နှစ်ဦးမှာ မီရာဂျီးမား ပင်လယ်ပြင်၏အလှကို ရှုမောခံစားရင်း ရေဆိပ်ဆီသို့ ထွက်လာခဲ့ကြ၏။

တကယ်ဆို စကားဝါသည်ပင် အဖွဲ့သားအားလုံးကို ဆက်သွယ်ရေးတာဝန် ယူရသူလေးမဟုတ်ပါလား။ သို့ပေမယ့် အခုတော့ ကိုမင်းအတွက် တစ်ဦးတည်း မူပိုင်ဖြစ်နေခဲ့လေပြီ။ ကိုမင်းကရော စကားဝါ့အတွက် မူပိုင် ဖြစ်နေပြီလား၊ ၎င်း၏ အဖြေမှန်သည်ကား ကိုမင်းနှင့် စကားဝါတို့၏ ရင်တွင်းမှာသာ ရှိနေမည် ဖြစ်ပါသတည်း။

* * *

## အခန်း (၁၁)

နိုဝင်ဘာ ၂၃ ရက်နေ့...။

ဟီရိုရှီးမားညှ။

ကိုမင်းတို့အားလုံး မိုးချုပ်ခါနီးမှ ဟိုတယ်သို့ ပြန်ရောက်လာကြ၏။ ဟီရိုရှီးမားအင်တယ်လီဂျင့်ဟိုတယ်(Hiroshima Intelligent Hotel)တွင် တည်းဖြစ်ကြသည်။ အနည်းဆုံး ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီး ဖြစ်သည်။

ဟိုတယ်ရောက်ပြီး ရေမိုးချိုးကာ ည ၈နာရီတွင် ညစာစားရန် ကိုမင်း၊ စကားဝါနှင့် မစ္စတူဖောင်းတို့ လော်ဘီထဲတွင် ချိန်းထားကြ၏။ ည ၈နာရီကျော်သည့်တိုင် စကားဝါတစ်ယောက် လော်ဘီထဲ ရောက်မလာ။ အရင်ကဆိုလျှင် အမြဲတမ်းအချိန်မှန်တတ်သည့် စကားဝါ။ အခုတော့ ထူးထူးခြားခြားနောက်ကျနေပြီ။

ကိုမင်းက စိတ်ပူစွာဖြင့် မစ္စတူဖောင်းအား–

"မစ္စဝါရှိ ဘာဖြစ်နေလဲမသိဘူး၊ အခုထိ မရောက်သေးဘူး"

"ဟုတ်တယ် မစ္စတာဦး၊ သူ့ကြည့်ရတာ သိပ်မလန်းဆန်းဘူး၊ သူ့အခန်း ပြန်တက်ကြည့်ရအောင်လား"

နှစ်ဦးသား စကားဝါ့အခန်းဆီသို့ တက်ခဲ့ကြ၏။





ဘဲလ်တစ်ချက်တီးသည်။ စကားဝါ့အသံ မကြားရ။ နောက်တစ်ချက်တီးသည်။ အခန်းတွင်းမှ မည်သည့်လှုပ်ရှားသံမျှမပြု။ ကိုမင်း စိတ်ပူလာသည်။

ဟိုတယ်အောက်ထပ်ကောင်တာဆီသို့ ကိုမင်းအခန်းထဲမှ ဖုန်းလှမ်းဆက် လိုက်သည်။ စကားဝါ့အခန်းတံခါးဖွင့်ရန် အပိုသော့ကဒ်တစ်ခု ယူလာပေးရန် ဖြစ်၏။

ကောင်တာစာရေး ရောက်အလာတွင် စကားဝါ့အခန်းဖွင့်လိုက်တော့ စကားဝါ့ကို အိပ်ရာပေါ်တွင် အိပ်မောကျလျက်တွေ့ရသည်။ တစ်ကိုယ်လုံး ချွေးစီးတွေ ပြန်နေသည်။ ကိုယ်ကလဲ ခြစ်ခြစ်တောက်ပူလို့.––။

ကိုမင်း စိတ်ပူသွားသည်။ ကမန်းကတန်းပင် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်ကာ စကားဝါ့ နဖူးပြင်တစ်ဝိုက်မှ ချွေးလေးများကို အသာအယာ သုတ်ပေးလိုက်၏။ မစ္စတူဖောင်းကလဲ–

"သူသိပ်ပင်ပန်းသွားတယ်နဲ့တူတယ်။ အဖျားတွေလဲ တက်နေတယ်။ ကျမအခန်းမှာ ဆေးပါလာတယ်။ ကိုယ်ပူကျဆေးတော့ တိုက်ထားမှထင်တယ်"

"ကောင်းသားပဲ မစ္စတူဖောင်း၊ ကျွန်တော်အပူကျအောင် သူ့ကို ရေခဲ အုပ်ထားပေးလိုက်မယ်"

ပြောပြောဆိုဆို မစ္စတူဖောင်း သူ့အခန်းဆီသို့ မြန်ထွက်သွားစဉ် အခန်းထဲရှိ ရေခဲသေတ္တာမှ ရေခဲရေအချို့ကို ယူကာ သူ့လက်ကိုင်ပုဝါတွင် ဆွတ်လိုက်၏။

ပြီးနောက် စကားဝါ့ နဖူးပေါ် အသာအယာတင်ပေးလိုက်ပြီး မကြာမကြာ ရေညှစ်လိုက် ပြန်အုပ်ပေးလိုက် လုပ်နေတော့သည်။

သိပ်မကြာလိုက်ပါ။ မစ္စတူဖောင်း ပြန်ရောက်မလာမီပင် ကိုယ်အပူချိန်ကျပြီး စကားဝါ့ မျက်လုံးလေးပွင့်လာသည်။

"စကားဝါ သက်သာလား"

ကိုမင်း၏ အမေးကို ပြန်မဖြေသေးဘဲ စကားဝါ ကိုမင်းကို စေ့စေ့လေးကြည့်နေ၏။

"စကားဝါ သိပ်ပင်ပန်းသွားတယ်နဲ့တူတယ်။ မနေ့ကလဲ ကိုမင်းကြောင့် အိပ်ရေးပျက်ရတယ်။ ဒီနေ့လဲ တစ်နေ့လုံးသွားရလာရရှင်းပြရနဲ့၊ အထူးသဖြင့် ကိုမင်းအနားကမခွာဘဲ ဂရုတစိုက် ရှင်းပြခဲ့ရလို့လေ"

စကားဝါ ကိုမင်းကိုကြည့်ကာ အသာအယာ ခေါင်းခါပြလိုက်သည်။ ပြီးမှ–

"ကိုမင်းအတွက် ရှင်းပြပြောပြနေရရင် ဘယ်လောက်ကြာကြာ မမောပါဘူး၊ လူကနည်းနည်း အားနည်းသွားလို့ပါ"

ထိုစဉ် မစွတူဖောင်း ဝင်လာပြီး ရေနွေးပါအသင့်ယူလာကာ–

"ရေနွေးကျိုနေလို့ နည်းနည်းကြာသွားတယ်၊ ဒီမှာ ဆေးယူလာတယ်၊ ရေနွေး ပူပူလေးနဲ့သောက်လိုက်ဦး"

မစွတူဖောင်းက ဆေးတိုက်ရန် ပြင်ဆင်နေစဉ် ကိုမင်းက စကားဝါ့ကို ပွေ့ထူလိုက်၏။

စကားဝါ့ ခန္ဓာကိုယ်လေး ကိုမင်းရင်ခွင်ထဲသို့ အလိုက်သင့်ပါလာသည်။

"စကားဝါ ဆေးသောက်လိုက်ဦးနော်။ ကိုယ်ပူကျသွားပြီဆိုပေမယ့် ပိုပြီးသက်သာသွားအောင် ဒီဆေးလေး သောက်လိုက်"

ကိုမင်းက မစွတူဖောင်းထံမှ ဆေးအချို့ကိုယူ၍ စကားဝါ့ကို တိုက်လိုက်၏။ ပြီးနောက် ရေနွေးကို သိပ်ပူမပူ ကိုမင်း တစ်ငုံစမ်းသောက်ပြီးမှ–

"ကဲ ရေနွေးခပ်နွေးနွေးလေး၊ အတော်ပဲ၊ သောက်လိုက်၊ ဒါနဲ့ စကားဝါ ညနေကလဲ ဘာမှ မစားရသေးဘူးနော်"





စကားဝါ ဘာမျှ ပြန်မပြောမီ မစွတူဖောင်းက–

"ဟုတ်တယ် မစွတာဦး၊ ညနေက သူဘာမှ စားသေး ဂန်
တူဘူး၊ အခု ခပ်ပျော့ပျော့ တစ်ခုကျွေးရင် ကောင်းမယ် ထင်တယ်"

ကိုမင်း ခေါင်းထဲတွင် ဖျက်ကနဲသတိရလိုက်၏။ သူ၏ လက်စွဲတော် ယမ်းယမ်းခေါက်ဆွဲ။

စကားဝါ့ကို ပြန်မအိပ်စေဘဲ ခေါင်းအုံးတွင် အသာနောက်မှီစေလိုက်ပြီး ယမ်းယမ်းခေါက်ဆွဲကို သူ့အခန်းဆီတွင် သွားယူလိုက်သည်။

ခဏအကြာ ကိုမင်း ပြန်ရောက်လာကာ စကားဝါ့အခန်းတွင်ပင် ခေါက်ဆွဲကို ပြုတ်လိုက်၏။ ကိုမင်း ခေါက်ဆွဲပြုတ်နေပုံ လှုပ်ရှားမှုများကို စကားဝါနှင့် မစွတူဖောင်းတို့ ကြည့်နေကြသည်။

"ကဲ–ရပြီ စကားဝါ၊ ခေါက်ဆွဲပြုတ်လေးသောက်လိုက်၊ ပြီးရင် အနားယူလိုက်၊ အများကြီး သက်သာသွားလိမ့်မယ်"

ပြောပြောဆိုဆို ကိုမင်း ခေါက်ဆွဲပြုတ်ကို ခွက်တစ်ခုထဲတွင် ထည့်ပြီး စကားဝါ့ကို တိုက်လိုက်၏။ ပထမတစ်ဇွန်းအတိုက်တွင် ကိုမင်း၏ စကားဝါ့အပေါ် ဂရုတစိုက်ပြုမူလှုပ်ရှားမှုများအပေါ် သတိထားမိသော မစွတူဖောင်းက အသာပြုံးလိုက်မိသည်။ မစွတူဖောင်း၏ အပြုံးကို ရုတ်တရက်တွေ့လိုက်မိသည့် စကားဝါတစ်ယောက် ရှက်သွားသည်ထင့်…။

"ကိုမင်း ရတယ်၊ စကားဝါ့ဖာသာ သောက်မယ်လေ"ဟု ဆိုကာ ခေါက်ဆွဲခွက်ကို လှမ်းယူလိုက်၏။

"မစွတာဦး စကားဝါ့ကို တိုက်လိုက်ပါ။ စကားဝါ့ကို အားကျလို့ ပြုံးလိုက်မိတာပါ။ စကားဝါ့ကိုကြည့်ပြီး ကျွန်မတောင် နေမကောင်းဖြစ်ချင်ပြီ"

"ဟာ မစ္စတူဖောင်းကလဲဗျာ၊ နောက်နေပြန်ပြီ။ ကျွန်တော်က တစ်ကယ့် ညီမလေးတစ်ယောက်လိုပါ"

ကိုမင်းတို့ နှစ်ယောက်ပြောနေကြသည်ကို ကြားသော်လည်း ပြန်မပြောဘဲ ခေါင်းငုံ့ထားသူက စကားဝါရယ်ပါ။ သူမရင်ထဲက ကျေနပ်သည်လား၊ ရှက်နေသည်လားဆိုသည်ကိုတော့ စကားဝါ အသိဆုံး ဖြစ်မှာပါ။

စကားဝါ့ကို မစ္စတူဖောင်းနှင့်ထားခဲ့ပြီး ကိုမင်း စကားဝါ့အခန်းမှ ထွက်လာခဲ့သည်။ စကားဝါလည်း သက်သာသွားပြီလေ။ ပြီးတော့ ယောက်ကျား လေး တစ်ယောက်က မိန်းကလေးအခန်းထဲမှာ ကြာရှည်နေ၍က မကောင်း။ အခုတော့ မစ္စတူဖောင်းနှင့် စကားဝါတို့ ဘာတွေပြောနေကြပြီလဲ။ သူ့အကြောင်းလား။ ဒါမှမဟုတ် သူနဲ့ စကားဝါတို့ အကြောင်းပေပဲလား။

ကိုမင်း သူ့အခန်းသို့ မသွားသေးဘဲ ဟိုတယ်အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဟီရိုရှီးမားည ဟိုတယ်ဝန်းကျင်တွင် လူအသွားအလာနည်းလျက် ရှိသည်။ စတိုးဆိုင်များ၊ ကားဂိတ်များသည် ဟိုတယ်ဝန်းကျင်တွင်မရှိ။ မနီးမဝေးရှိ မိုတိုယာစုမြစ်ကို ဖြတ်ပြီးမှသာ တွေ့နိုင်၏။

မိုတိုယာစုမြစ်ဟူသည် မြစ်ပြင်ကျယ်ကြီးကားမဟုတ်။ ဟီရိုရှီးမားမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသော မြစ်ငယ်တစ်ခုမျှသာ ဖြစ်သည်။ ပြောရလျှင် ချောင်းသာသာရှိ၏။ မြစ်အပေါ်တွင် ခုံးကျော်တံတားတစ်ခု ဖြတ်ကျော် တည်ဆောက်ထားသည်။

ကိုမင်း မြစ်ဖြတ်ခုံးတံတားဆီသို့ လျှောက်သွားခဲ့၏။

ခုံးတံတားပေါ်မှ ကိုမင်း မြစ်တစ်လျှောက်ဝဲယာကို မျှော်ကြည့်လိုက်မိသည်။ တစ်ချိန်က ဤမြစ်ပြင်ဝယ် အနုမြူဗုံးဒဏ်သင့် ပြည်သူ





များ စုပြုံမျောဆင်းခဲ့ဖူးသည်။ ဤမြစ်ပြင် ရေပြာပြာတို့သည် သွေးတို့ဖြင့် နီမြန်းရဲတွတ်ခဲ့ဖူးသည်။ စစ်၏ အနိဋ္ဌာရုံမြင်ကွင်းများကို မိုတိုယာစုမြစ် ကောင်းကောင်း တွေ့ခဲ့ရဖူးပြီ။ စစ်၏ ဆိုးဒဏ်ကို ကောင်းကောင်း ခံစားခဲ့ရဖူးပြီ။

နောင်တွင် ဂျပန်လူမျိုးတို့သည် စစ်ကိုမုန်းတီးခဲ့သည်။ စစ်ကို ချိုးနှိမ်ခဲ့သည်။ ဂျပန်နိုင်ငံကို လက်နက်နိုင်ငံတစ်ခုအဖြစ် ထူထောင်ခြင်းကို အစိုးရကရော ပြည်သူများကပါ အားမပေးတော့ချေ။

ဟီရိုရှီးမားဗုံးဒဏ်ခံ ပြည်သူများနှင့် ပတ်သက်၍အတိတ်သမိုင်းကို ကိုမင်း တွေးတောနေစဉ် မိုတိုယာစုမြစ် အပေါ်ဖြတ်သန်းတိုက်ခတ်လာသောလေနုအေးကြောင့် ကိုမင်းရင်ထဲတွင် စိမ့်ကနဲဖြစ်သွားသည်။

မနက်ဖြန်ဆိုလျှင် ဟီရိုရှီးမားဗုံးဒဏ်ခံဒေသနှင့် ပြည်သူများ အကြောင်းကို အသေးစိတ်လေ့လာနိုင်မည့် ပြတိုက်နှင့် ဒေသဝန်းကျင်ကို လေ့လာခွင့်ရမည်။ ဗုံးဒဏ်ကိုယ်တွေ့ခံစားရပြီး အသက်ရှင်လျက် ရှိနေသူများနှင့်လည်း တွေ့ရမည်။

သည်အကြောင်းတွေကို စကားဝါ ကြိုပြောထား၍ အနည်းအကျဉ်း သိထားသည်။ နက်ဖြန်တွင် စကားဝါ သူ့ကို သိလိုသမျှ ရှင်းပြပေးဦးမည်။ စကားဝါ၏ ချိုမြသော အသံလေးကို ကြားရဦးမည်။ စကားဝါ့အသံလေးကြားရလျှင် ကိုမင်းချမ်းမြေ့ရပါသည်။ စကားဝါနှင့် အတူသွားနေရလျှင် ကိုမင်းပျော်ရပါသည်။

မနက်တွင် စကားဝါကောင်းကောင်းနေကောင်းပါစေ။ မနက်မိုးလင်းလျှင် စကားဝါ၏ ကြည်လင်သောမျက်နှာနှင့် ချိုမြသော စကားသံလေးများကို မြင်ရကြားရပါစေဟု ကိုမင်းဆုတောင်းနေမိသည်။

ဟိုတယ်ကိုပြန်ရောက်တော့ ည ၁၁နာရီပင် ကျော်နေပြီ။

* * *

ကိုမင်းအခန်းမှ တယ်လီဖုန်းသံမြည်လာသည်။ လက်ပတ်နာရီကြည့်လိုက်တော့ နံနက်ပြနာရီပင်ထိုးနေပြီ။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး တစ်ဖက်က အသံကိုနားထောင်လိုက်တော့...။

"ကိုမင်း နိုးနေပြီလား၊ ဂွတ်မောနင်းနော်"

ချိုလွင်သောအသံ။ စကားဝါရဲ့ အသံလေးပါ။

"ကိုမင်းညက အိပ်ပျော်ရဲ့လား၊ နေရောကောင်းရဲ့လား"

စကားဝါ့အသံက ဆက်တိုက်ပေါ်လာသည်။ သူကပင်ပြန်မေးနေသည်။ "နေကောင်းရဲ့လား"တဲ့။

"ကောင်းပါတယ် စကားဝါ။ စကားဝါရော နေကောင်းသွားပြီလား..."

"ကောင်းသွားပြီလေ၊ ညက ဂရုဏာရှင်တစ်ဦးရဲ့အပြုစုကောင်းလို့လေ"

စကားဝါ သူ့ကိုပြောနေမှန်း ကိုမင်း သိလိုက်သည်။ ကိုမင်းပြုံးလိုက်ပါသည်။

စကားဝါကပင်ဆက်၍-

"ကဲ ရေမိုးချိုး အဝတ်အစားလဲ၊ မနက်စာ သွားစားရအောင်လေ"ဟု ဆိုပြန်သည်။ ပြီးတော့-

"ရေချိုးရင် ရေနွေးနဲ့ စပ်ချိုးနော်"တဲ့။

ကြားချင်လှသောအသံကို ကြားရ၍ ကိုမင်းချမ်းမြေ့ရပါသည်။

ပြီးနောက် ကိုမင်းအိပ်ရာမှထ၊ ရေချိုးကာ အဝတ်အစားလဲလိုက်၏။ ယနေ့ နံနက်ပိုင်းတွင် ဟီရိုရှီးမား ပုံးဒဏ်သင့် အထိမ်းအမှတ်ပြတိုက်သို့ လေ့လာရန်ရှိသဖြင့် အပြင်သွားမည့် အဝတ်အစားပါတစ်ခါတည်း လဲလိုက်သည်။ အင်္ကျီလက်ရှည်အဖြူ၊ ကွင်းထိုးပြီးသားနက်ကတိုင်ကို အသာစွပ်၊ ပြီးတော့ နက်ပြာရောင် ဘောင်းဘီရှည်ကို





ဝတ်၊ ပြီးတော့ စကားဝါ့ အခန်းဘက်ကူးရန် တံခါးကို ဖွင့်လိုက်ရာ–

"ဟင်– စကားဝါ အခန်းရှေ့ကို ဘယ်အချိန်က ရောက်နေတာလဲ"

အခန်းရှေ့တွင် အသင့်စောင့်နေသော စကားဝါကို တွေ့လိုက်ရ၏။ စကားဝါ့မျက်နှာ ကြည်လင်လန်းဆန်းနေသည်။ မနေ့က နေမကောင်းဖြစ်ခဲ့သည်မှာ စကားဝါမှဟုတ်ပါလေစ။ မနေ့က သူမဟုတ်ခဲ့သလိုပါပဲလား။

စကားဝါ့မျက်နှာ ကြည်လင်၍ ဖွေးနုနေသည်။ မျက်ခုံးကကောင်းတော့ မျက်လုံးပါ ပေါ်လွင်နေ၏။ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖီးသင်ကာဘေးနှစ်ဘက်တွင် ကလစ်ထိုးထားသည်။ အင်္ကျီလက်စက ပန်းနုရောင်၊ ထမီစကာဒ် ပန်းရောင်မရင့် တရင့်ဖြင့် လိုက်ဖက်လွန်းလှသည်။

"ကိုမင်း လူကို ကြည့်လှချည်လား။ မမြင်ဖူးဘူးနဲ့ တူတယ်"

"ဒီနေ့ ပိုလှနေသလားလို့ပါ"

ဟိုတယ်ခန်းရှေ့ မီးရောင်အောက်တွင် စကားဝါလှနေသည်က အမှန်ပဲလေ။

"ကဲ ကိုမင်း သိပ်မြှောက်မနေပါနဲ့။ ဒီမနက်စာက ဟိုတယ်ကကျွေးမှာ၊ နေ့လည်စာကိုတော့ ကိုမင်းအတွက် စကားဝါက သီးသန့်ကျွေးမှာပါ"

ကိုမင်း ပြုံး၍ နေလိုက်ပါသည်။ ပြီးနောက် ဓာတ်လှေကားဆီသို့ သွားရန် ကိုမင်း ဟန်ပြင်စဉ်––

"ကိုမင်း ခဏ" ဟုဆိုကာ ကိုမင်းလက်မောင်းကို စကားဝါဆွဲထားလိုက်၏။

"ဟောဒီမှာ ကြည့်ပါဦး၊ ကော်လာက ခေါက်ဝင်၊ နက်ကတိုင်ကလဲ လျော့နေပါလား"ဟု ဆိုကာ သူ့မျက်နှာ ကိုမင်းအနားသို့

ကပ်လာပြီး ခေါက်ဝင်နေ သောကော်လံကို အသာအယာ ဆွဲထုတ်ပေးလိုက်၏။

ပြီးတော့ ပြေလျော့နေသော နက်ကတိုင်ကွင်းကို လည်ပင်းဆီ ဆွဲတင် ပေးလိုက်သည်။ ထိုဖြစ်စဉ်ခဏ ကိုမင်းအနီးသို့ ဖြတ်သန်းလွင့်မျောလာသော စကားဝါ၏ ကိုယ်သင်းရနံ့တို့သည်ကား ကိုမင်းရင်အတွင်းသို့ စူးနစ်ဝင်ရောက်ကာ ရင်ခုန်မှုကို မြန်စေခဲ့သည်လေ။ အယုအယ အကြင်အနာတို့သည် အချစ်ကို ဖန်တီးကြလေသလား။ အချစ်တို့သည် အယုအယ အကြင်အနာကို မြစ်ဖျားခံလေသလား။ အချစ်ဟူသည် ဘာလဲ...။ ကိုမင်း ဝေခွဲမရ နိုင်ဖြစ်နေဆဲမှာပင် အသေအချာသိလိုက်သည်ကတော့ ကိုမင်းရင်မှာ ချမ်းမြေ့ကြည်နူးရသည်ကိုပဲလေ...။

"ကဲ ကိုမင်း သွားကြရအောင်"

စကားဝါ့ ကိုယ်သင်းရနံ့တို့ ဝေ့ဝဲနေစဉ်မှာပင် စကားဝါက သတိပေးလိုက်သဖြင့် နှစ်ဦးသား မနက်စာစားရန် အောက်ထပ်သို့ ဆင်းခဲ့ကြ၏။

စားသောက်ခန်းရောက်တော့ စကားဝါက–

"ညက ကိုမင်း သူ့အပေါ် ပြုစုနေခဲ့တာ၊ ကြင်နာခဲ့တာတွေကို တစ်သက် မမေ့ပါဘူး" တဲ့။

ပြီးတော့ ပြောသေးသည်။

"ဒီနေ့ ကိုမင်း သိချင်တာမေးပါ၊ ပြောပြမယ်" တဲ့။

ကိုမင်း သိချင်တာ နှစ်ခုရှိပါသည်။ တစ်ခုက စကားဝါ့ အဘိုးနဲ့ မသပြေတို့ အကြောင်း...။ နောက်–တစ်ခုက–။

"ကဲ–ပြောလေ၊ ဘာတွေသိချင်လဲ၊ နေ့လယ် နားချိန်ကျရင်





ဟိရိုရှီးမားပြတိုက်အနီးက ပန်းခြံထဲမှာ ကိုမင်း သိချင်သမျှ အကုန်ပြောမယ်လေ။ သိချင်တာက ဘယ်နှစ်ခု ရှိလဲ"

"နှစ်ခု"

ကိုမင်း နှုတ်က လွှတ်ကနဲ ထွက်သွား၏။

"တစ်ခုက စကားဝါ့အဘိုးနဲ့ မသပြေတို့အကြောင်း"

"နောက်တစ်ခုကရော"

ပြောရရင်ကောင်းမလား ကိုမင်းစဉ်းစားနေသည်။

"ဟို အဲဒါက နေ့လယ်ကျမှ နော်–နော်" တဲ့။

ကိုမင်း ဝေ့လည်ကြောင်ပတ် လုပ်ပစ်လိုက်သည်။

ရင်ထဲမှ ဖြစ်အင်များကို အဓိပ္ပာယ် မဖွင့်နိုင်သေးချိန်၌ မပြောသေးတာပဲ ကောင်းပါတယ်ဟု ကိုမင်း ဆုံးဖြတ်လိုက်သည်။ စိတ်အလိုကို လိုက်လို့မဖြစ်ဘူးလေ။

သို့ပေမယ့် စကားဝါ့ကို ကိုမင်း သံယောဇဉ်တွယ်နေမိသည်ကတော့ အမှန်ပါ။ စကားဝါ့ ရင်ထဲ၌လည်း ဤသို့ပင် ရှိနေမည် ထင်ပါသည်။

အဆိုပါ သံယောဇဉ်သည် မောင်ချစ် နှမချစ် ၅၂၈ လား။ သို့တည်းမဟုတ် သမီးရည်းစားအချစ် ၁၅၀၀ပေပဲလား...။ ဝေခွဲမရနိုင်သေးပါ။

* * *

## အခန်း (၁၂)

နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်း...။

နေဝန်းထွက်ပြူလာသော်လည်း အအေးက ပိုနေဆဲ။

ဟီရိုရှီးမားဗုံးဒဏ်ခံရစဉ်က ကျန်ခဲ့သည့် တစ်ခုတည်းသော အဆောက်အအုံ ရှေ့သို့ ရောက်စဉ် နံနက် ၇နာရီခွဲပင် ရှိသေးသည်။

ထိုအဆောက်အအုံကို စာအုပ်များ၊ စာစောင်များထဲတွင် တွေ့ဖူးသည်။ အခုတော့ လက်တွေ့မြင်ရခြင်းဖြစ်သည်။ ထိုအဆောက် အအုံသည် ဗုံးဒဏ်မခံရစဉ်က ဟီရိုရှီးမားကုန်သွယ်မှုဆိုင်ရာ ပြပွဲခန်းမ (Hiroshima Commercial Exhibition Hall)ဖြစ်ကြောင်း သိရသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ရက် တနင်္လာနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဗုံးဒဏ်ခံရပြီးနောက် ဟီရိုရှီးမားတစ်မြို့လုံး မီးဟုံးဟုံးတောက်ကာ ပြာပုံအထိ ဖြစ်ခဲ့ရသော်လည်း ထိုအဆောက်အအုံမှာ အင်္ဂတေများကွာကျ ပျက်စီးရုံသာ ဖြစ်ခဲ့ပြီး အဆောက်အအုံ အလုံးပုံစံ မပျက်ဘဲ သံပေါင်များ တစ်နည်းအားဖြင့် Skeleton များကျန် ရှိခဲ့သည်။ အမြင့် ၅၈၀မီတာမှ ပစ်ချခံခဲ့ရပြီးနောက် တောက်လောင်ခဲ့သော မီးအပူရှိန် တစ်နည်းအားဖြင့် ဗုံးကျစဉ်က တစ်မြို့လုံး ခံစားရသော အပူချိန်မှာ မနည်းလှ။၄၀၀၀ ဒီဂရီ စင်တီဂရိတ်မျှ ရှိသည်။ အပူငွေ့





ဟပ်သည့် မီးအပူရှိန်သည်ပင် လူ့အရည်ခွံများ ကွာကျကာ သေဆုံးကြရ၏။ သံတို့သည်ပင် အပူချိန် ၁၅၃၆ ဒီဂရီစင်တီဂရိတ်တွင် အရည်ပျော်ရာ ဟီရိုရှီးမား ဗုံး၏ မီးအပူရှိန်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

ကုန်သွယ်မှုဆိုင်ရာ ပြပွဲခန်းမအဆောက်အအုံသည် ပေ ၂၀၀ ကျော်ပတ်လည်ရှိ ခြံဝင်းအတွင်း ရှိသည်။ ၎င်း၏ တောင်ဘက်မှာတော့ ကိုရီးယားမယ်တော်ဟု ခေါ်မလား၊ အမှတ်တရ ရုပ်တုကြီးဟု ပြောမလား၊ အမျိုးသမီး ရုပ်တုကြီး တစ်ခုရှိသည်။ ထိုရုပ်တုကြီးကို ဟီရိုရှီးမား ဗုံးဒဏ်ကြောင့် သေဆုံးသွားသော ကိုရီးယား လူမျိုးများ အတွက် အမှတ်တရ ထုထားခြင်းဖြစ်ကြောင်း သိရသည်။

၁၉၄၅ ခုနှစ်ဝန်းကျင်က ဟီရိုရှီးမားတွင် လူဦးရေ သုံးသိန်းခွဲခန့်ရှိရာ ကိုရီးယားလူမျိုး တော်တော်များများလည်း နေထိုင်ခဲ့ကြ၏။ သေဆုံးသူဦးရေမှာ ၁၉၇၆ ခုနှစ်တွင် ကုလသမဂ္ဂက ထုတ်ပြန်သော စာရင်းအရ တစ်သိန်းလေးသောင်းကျော်ရှိပြီး ကိုရီးယားလူမျိုးများစွာ ပါဝင်ခဲ့သည်။ ထိုရုပ်တုတွင် ဟီရိုရှီးမားရောက် ကိုရီးယားလူမျိုး သေဆုံးသူများ အတွက် လာရောက်ဆုတောင်းမှု ပြုလုပ်ကြသည်။

၎င်းတို့နှင့် မလှမ်းမကမ်းတွင် ငြိမ်းချမ်းရေးအမှတ်တရ ပန်းခြံကြီးရှိသည်။ ပန်းခြံအတွင်းသို့ မဝင်မီ မိုတိုယာစု မြစ်ဖြတ် တံတားငယ်ကို ဖြတ်ကြရ၏။ ထိုပန်းခြံသည် မိုတိုယာစုမြစ်နှင့် ယွန်ကာဝါမြစ်ဆုံနေရာတွင် ရှိသည်။ မြစ်များဟု ဆိုသော်လည်း ချောင်းသာသာရှိသည်။ တစ်ချိန်က ထိုမြစ်များသည် ဟီရိုရှီးမား ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရသူများ၏ သွေးများဖြင့် ချင်းချင်းနီခဲ့ဖူးသည်။ ထိုမြစ်များသည် ဟီရိုရှီးမား ဗုံးဒဏ်သမိုင်းကြောင်းကို ဖော်ညွှန်းမော်ကွန်းထိုးလျက် ရှိသည်။

ကိုမင်းတို့အဖွဲ့ ပန်းခြံကြီးထဲဝင်တော့ လေ့လာသူနိုင်ငံခြားသား ဧည့်သည်များ၊ သေဆုံးသူများအတွက် အမှတ်တရ အုတ်ဂူတွင်

သုတေသနပြုလုပ်နေသူများ၊ပြတိုက်လေ့လာသူကျောင်းသားကျောင်းသူများဖြင့် စည်ကားနေ၏။

"ကိုမင်း– ဟောဟိုက ဗုံးဒဏ်ခံအဆောက်အအုံရယ်၊ ဒီပန်းခြံထဲက အမှတ်တရအုတ်ဂူနဲ့ ဟိုဘက်မှာတွေ့ရတဲ့ ပြတိုက်ကို ကြည့်ပါအုံး၊ ထူးခြားတာ ဘာတွေ့ရလဲ"

စကားဝါ မေးတော့ ကိုမင်း သတိထားကြည့်လိုက်မိသည်။

"ဟင်အင်း– အမှတ်တမဲ့ပဲ"

"အဲဒီအဆောက်အအုံတွေ တစ်တန်းတည်း ဖြစ်နေတာလေ"

ဟုတ်ပေသားပဲ။ ဗုံးဒဏ်ခံကျန်ခဲ့သည့် အဆောက်အအုံ၊ ပန်းခြံအလယ်က အမှတ်တရ အုတ်ဂူရယ်၊ ဟိုတောင်ဘက်ဆီက ကန့်လန့်ဖြတ် တည်ထားတဲ့ ပြတိုက်ရယ်က တစ်တန်းတည်း ရှိနေတာပဲ။

"ဟောရှေ့က တွေ့ရတဲ့ အမှတ်တရအုတ်ဂူတွေထဲမှာ သေဆုံးသူတွေရဲ့ အမည်တွေကိုရေးထိုးပြီး ထည့်ထားတယ်။ ဟိုရှေ့မှာ တွေ့ရတဲ့ ပြတိုက်ထဲမှာတော့ ဗုံးဒဏ်ကျခံစဉ်က သရုပ်ဖော်ပြကွက်တွေ၊ မှတ်တမ်းဓာတ်ပုံတွေ၊ တွေ့ရှိထိန်းသိမ်းထားတဲ့ ဗုံးဒဏ်ခံရသူတွေရဲ့ အဝတ်အစားအသုံးအဆောင်တွေကို ပြထားတယ်"

စကားဝါ ရှင်းပြသည်ကို ကိုမင်းအာရုံရူးစိုက် နားထောင်နေရင်း ဟီရိုရှီးမား အနုမြူဗုံးကျခဲ့စဉ်က ဖြစ်အင်များကို ပြေး၍ မြင်မိသည်။

ဟီရိုရှီးမား ဗုံးဒဏ်ခံရစဉ်က ဖြစ်အင်များကို ရိုက်ကူးပြသထားသည့် Hiroshima အမည်ရှိ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကိုမင်း ကြည့်ဖူးသည်လေ။ အမေရိကန်တို့ရဲ့ ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဗုံးကြဲတိုက်ခိုက်ခံရသည်ကို အခြေပြုလို့ စစ်မီးဖြစ်ပွားခဲ့ရာက ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နဂါစကီးမြို့များ ဗုံးဒဏ်ခံရပုံ အဆင့်ဆင့်ကို ရိုက်ကူးပြသထားသည့် ဇာတ်ကား။





အေးချမ်းစွာပင် ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများနှင့် သူနာပြုများ၊ အလုပ်သမားများ၊ မိသားစုများ တဒင်္ဂအတွင်း မမျှော်လင့်ဘဲ မီးလောင်တိုက်သွင်းခံလိုက်ရသကဲ့သို့ ပျက်သုန်းခဲ့သည့် ဖြစ်စဉ်များ–

ထိုအချိန်မှစ၍ ဂျပန်တို့ စစ်ကိုမုန်းတီးခဲ့ပုံ။ စစ်ကို အားမပေးခဲ့ပုံတို့ကို ဖော်ညွှန်းထားသည့် ရုပ်ရှင်ကား–––။

"ကိုမင်း ဘာတွေ စဉ်းစားနေတာလဲ"

"အော် ကိုမင်းကြည့်ခဲ့ရတဲ့ ဟီရိုရှီးမား ရုပ်ရှင်ဇာတ်ကားအကြောင်းပါ" "ကဲလာ၊ ပြတိုက်ထဲမှာ အဲဒီရုပ်ရှင်ထက်ပိုပြီး လေးနက်တဲ့ ပြကွက်တွေ ရှိတယ်။ ကြည့်ကြရအောင်"

ပြောပြောဆိုဆို နှစ်ဦးသား အဖွဲ့သားများနှင့်အတူ ပြတိုက်ပေါ်သို့ တက်ခဲ့ကြသည်။ ပြတိုက်သည် ခြေတံရှည် အဆောက်အအုံဖြစ်၍ မြေညီထပ်တွင် ကားထားရန်နှင့် လူနားနေရန်နေရာများရှိသည်။ ပြခန်းများကား ပထမထပ်တွင် ဖြစ်၏။

ပြတိုက်ထဲသို့ ဝင်သည်နှင့် ထိုစဉ်ကာလ ဗုံးဒဏ်ခံရပုံ ရုပ်ရှင်ပြကွက်ကို နောက်ခံအသံများနှင့် အတူပြသလျက် ရှိသည်ကို တွေ့ရသည်။ အနီးတွင်ပင် ဗုံးဒဏ်ခံရပုံ မြင်ကွင်း မြေပုံပုံစံကို ရုပ်လုံးများဖြင့် ထွင်းထုပြသထားသည်။

ပြခန်းတစ်ခန်းပြီး တစ်ခန်းဝင်ကြည့်တော့ ဗုံးဒဏ်ခံပြည်သူများ၏ ကျန်ရစ်သောအဝတ်အစားများ၊ သေကျေပျက်စီးမှုမြင်ကွင်းများ၊ အခြားအသုံးအဆောင်များ၊ နံရံတွင်ချိတ်ဆွဲထားသည့် အနုမြူဗုံး နမူနာပုံစံစသည်တို့ကို သံဝေဂရဖွယ် မြင်တွေ့ရသည်။

ပြခန်းများထဲက ထွက်လာတော့ စစ်၏အနိဋ္ဌာရုံမြင်ကွင်းများ၊ စစ်ဘေးဒဏ်ကြောင့် သေဆုံးရသူများအတွက် ခံစားရသော မွန်းကျပ်မှုများထဲမှ လွတ်မြောက်လာသကဲ့သို့ ရှိ၏။

ပြတိုက်၏ အပြင်ဘက်လျှောက်လမ်းတွင် လာရောက်လေ့လာသူများ လေ့လာမှုအမှတ်တရအဖြစ် ပြတိုက်တံဆိပ်တုံးလေးကို ထုရိုက်သွားနိုင်ကြောင်း စကားဝါက ပြောသဖြင့် ဘောင်းဘီအိတ်ထဲမှ ဒိုင်ယာရီစာအုပ်ငယ်ကိုထုတ်ကာ အမှတ်တရ တံဆိပ်တုံးလေးကို စာအုပ်တွင် ထုလိုက်မိသည်။

တကယ်တော့ ဤပြတိုက်ရှိ ပြကွက်များသည် ဂျပန်ပြည်သူများအတွက်သာမက ကမ္ဘာ့ပြည်သူများအတွက်ပါ စစ်ဘေးဒဏ်အပေါ် တရားရစရာ၊ သံဝေဂရစရာ တကယ့်ဖြစ်ရပ်မှန် မြင်ကွင်းများပင် ဖြစ်၏။

ပြတိုက်မှ ထွက်လာတော့ ၁၀ နာရီကျော်နေပြီ။ နောက်အစီအစဉ်တစ်ခုက ဗုံးဒဏ်ခံရစဉ်က အသက်ရှင်လျက် ကျန်ရစ်သူတစ်ဦး၏ အတွေ့အကြုံရှင်းလင်းပွဲ ဖြစ်၏။

ရှင်းလင်းမည့်သူက အသက် ၇၅နှစ်ဝန်းကျင်ရှိ အငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်သူ Mr Kam Mounhi ဖြစ်၏။ သူ ကျောင်းသားဘဝက ကိုယ်တွေ့မျက်မြင်ကြုံတွေ့ခဲ့ရသော အနုမြူဗုံးကျစဉ် မြင်ကွင်းကို ရှင်းပြခဲ့သည်။ လေယာဉ်သံကြားပြီး မကြာမီ မီးပွင့်ကြီးနှင့်အတူ မိုးပေါ် တစ်လိပ်လိပ်တက်သွားသော မှိုပွင့်ကြီးပုံ မီးခိုးလုံး မြင်ကွင်းများ၊ ဘေးသို့ အရှိန်ပြင်းစွာ ပြန့်ကားသွားသော မီးခိုးလုံးကြီးများ၊ ၎င်းတို့ကြောင့် သေဆုံးခဲ့ရသူများအကြောင်း၊ ပြီးနောက် ယနေ့တိုင် ဗုံးဒဏ်ကြောင့် လူစင်မမီဖြစ်နေရသူများအကြောင်း စုံလင်စွာ ရှင်းပြခဲ့သည်။ ရှင်းပြနေစဉ် မစ္စတာကန်၏ မျက်ဝန်းထဲတွင် ကြေကွဲရိပ်များ ယှက်သန်းနေသည်ကို ကိုမင်းတို့ တွေ့ရသည်။

ရှင်းလင်းပွဲပြီးတော့ ၁၁ နာရီခွဲကျော်ပြီ။

ပန်းခြံတွင် နားကြမည်။ နေ့လည်စာ စားကြမည်။ ပြီးနောက် မွန်းလွဲ ၁နာရီတွင် ကားရှိရာ စုရပ်တွင် ပြန်ဆုံကြမည်။





ပန်းခြံအတွင်းလေ့လာလိုက မိမိအစီအစဉ်ဖြင့် လေ့လာနိုင်သေးသည်။ မိမိအစီအစဉ်ဖြင့် နေ့လည်စာ စားနိုင်သည်။

မစ္စတာဟီရိုကီက တန်းဖြုတ်လိုက်တော့ ဦးဆုံးအစီအစဉ်က နေ့လည်စာ စားရန်ဖြစ်၏။ မစ္စတာဟီရိုကီက နေ့လည်စာ စားနိုင်သည့် ဆိုင်တစ်ဆိုင်သို့ လိုက်နိုင်ကြောင်းပြောသဖြင့် အဖွဲ့သားများ လိုက်ကြရန်ပြင်စဉ် ကိုမင်းကလဲ လိုက်ဟန်ပြင်လိုက်သည်။

ထိုစဉ် စကားဝါက ကိုမင်းလက်မောင်းကိုဆွဲ၍–

"ဘယ်သွားမလို့လဲ"

"နေ့လယ်စာ စားမလို့လေ၊ သူတို့နဲ့ အတူလိုက်သွားရအောင်"

"ကဲ လာပါ"ဟုဆိုသဖြင့် စကားဝါ ဆွဲခေါ်ရာနောက်သို့ ကိုမင်း ယောင်မလည် ပါသွား၏။

"ကိုမင်းကလဲ နေ့လည်စာကို သီးသန့် ကျွေးမယ်လို့ မနက်က ပြောခဲ့တယ်လေ"

ပြောရင်း စကားဝါက သူ့ဘေးမှ လွယ်ထားသော အိတ်ကြီးကို တ်ပြသည်။

ကိုမင်း စကားဝါ ခေါ်ဆောင်ရာနောက်သို့ လိုက်သွား၏။

"ကဲ ဒီမှာထိုင် အရိပ်လဲကောင်းတယ်။ ပန်းခြံလာတဲ့သူတွေ ိုရင် ဒီလိုအရိပ်ကောင်းတဲ့ သစ်ပင်ကြီးတွေ အောက်မှာနားရင် သားစုထမင်းဗိုင်းလေး ဖွဲ့တတ်ကြတယ်"

ပြောရင်း အိတ်ထဲမှ ထမင်းဘူးနှစ်ဘူးနှင့် ဖျော်ရည်ဗူးများကို တ်လိုက်သည်။ အံမယ် ပန်းသီးတွေတောင် ပါလိုက်သေး။

"စကားဝါရယ် နေမကောင်းတဲ့အထဲ ဒါတွေထည့်ပြီး ဒီအိတ်ကြီး တစ်လမ်းလုံးသယ်လာရသေးတယ်"

"အဲဒါ ကိုမင်းအတွက်လေ၊ ကိုမင်းအတွက်ပေါ့၊ ကိုမင်းက ား၀ါ့ကို သိပ်ဂရုစိုက်ခဲ့တာလေ"

စကားဝါတစ်ယောက် ခုံတန်းအနီးစားပွဲငယ်ပေါ်တွင် ပြင်ဆင်နေသည်ကို ကိုမင်း မမိုတ်မသုန်ကြည့်နေမိ၏။

"ဒါက ထမင်းလေ၊ ခေါက်ဆွဲချည်း စားနေတော့ အပြောင်းအလဲလေး ဖြစ်အောင်"

တွယ်ပြီ၊ လာအိုက မိတ်ဆွေပြောသလို သူ့ကို Noodle Man အဖြစ် ပြောလိုက်ခြင်း ဖြစ်၏။

စကားဝါကတော့ အမှတ်တရလေးတွေ တစ်ခုပြီးတစ်ခု ပြနေတော့သည်။ ဟီရိုရှီးမားပန်းခြံထဲက အမှတ်တရ ထမင်းဗိုင်လေးတစ်ဗိုင်း စကားဝါ ဖန်တီးနေပြီ။

"နေမကောင်းတဲ့သူက စားနိုင်သားပဲ" ဟု ထမင်းစားအပြီး ကိုမင်းက ပြောတော့–

"နေကောင်းသွားပြီလို့ ပြောသားပဲ"

"နေကောင်းတာကလဲ မြန်လိုက်တာနော်"

ထိုအခါ စကားဝါက ပြုံး၍

"ကိုမင်းရဲ့ အကြင်နာကြောင့်လေ" တဲ့။

ကိုမင်း ဘာမျှ ပြန်မပြောဖြစ်တော့၊ ထိုစဉ် ခုနအိတ်ကြီးထဲကပင် စာအုပ်တစ်အုပ်ကို စကားဝါ နှိုက်ထုတ်လိုက်ပြန်၏။

"ဟောဒီမှာ ဒိုင်ယာရီစာအုပ်၊ အဘိုးရဲ့စာအုပ်လေ ကြည့်ပါဦး"

စာအုပ်ကို ယူကြည့်စဉ် စာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံကျလာသည်။ ဓာတ်ပုံက စကားဝါ့အိမ်တွင် တွေ့ခဲ့သော မသပြေရဲ့ပုံပေပဲ။ စာအုပ်ကတော့ အတော်နွမ်းနေပြီ။ စာတွေက ဂျပန်စာတွေပဲ။

"စာအုပ်က အတော်နွမ်းနေပြီနော် စကားဝါ"

"စာအုပ်ထဲက စာတွေကတော့ မနွမ်းသေးပါဘူး။ ကိုမင်းနဲ့ စကားဝါတို့အတွက် အမြဲတမ်းလန်းဆန်းသစ်လွင် နေဆဲပါပဲ"

–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–



ဘာကိုဆိုလိုသည်ကို ကိုမင်း ရုတ်တရက်နားမလည။ လောလောဆယ် သိချင်သည်က စာအုပ်ထဲရေးထားသည့် အကြောင်းအရာများ။

"ဒီစာအုပ်ဟာ အဘိုးရဲ့ မြန်မာပြည်သွားခရီး ဂ်တမ်းစာအုပ်လို့ ပြောလို့ရတယ်။ ဒါ့အပြင် အဘိုးနဲ့ မသပြေတို့ရဲ့ အချစ်မှတ်တမ်း စာအုပ်လဲ ပြောလို့ရတယ် ကိုမင်း"

စကားဝါ ပြောသည်ကို ကိုမင်းနားထောင်နေမိ၏။

"တကယ်တော့ အဘိုးဟာ သာမန်ဓာတ်ပုံဆရာလေး တစ်ယောက်ပါ။ ဓာတ်ပုံရိုက်တာ တစ်ခုကိုပဲ သူဝါသနာပါခဲ့တယ်။ ဒါပေမယ့် စစ်အတွက် လိုအပ်လာတော့ မဝင်ချင်ဘဲ စစ်ထဲဝင်ခဲ့ရတယ်။ စစ်ကာလမှာ သာမန် စစ်ဗိုလ်လေးအဖြစ်နဲ့ မြန်မာပြည်ကို ရောက်ခဲ့ရတယ်။ မြန်မာပြည်မှာတော်လှန်ရေးတွေလုပ်ပြီးတဲ့နောက် ၁၉၄၅ခုနှစ် မေလလောက်မှာ စစ်ပြေးရင်း ပုဂံနားက ကျောက်ပန်းတောင်းဆိုလား အဲဒီကားလမ်းမကြီးပေါ်မှာ လေယာဉ်က ကြဲချတဲ့ ဗုံးဒဏ်ထိခဲ့တယ်။ ဒီကနေ ဒဏ်ရာနဲ့ပြေးရင်း ကားလမ်းဘေး တုရင်တောင်အနီးတောထဲ လဲနေချိန်မှာပဲ ပုဂံသားသားအဖနှစ်ယောက်က တွေ့လို့အိမ်ခေါ် ပြုစုထားတယ်လို့ ရေးထားတယ်"

"အဲဒီမှာ ပုဂံသူ မသပြေနဲ့ စတွေ့တာပေါ့၊ ဟုတ်လား စကားဝါ"

"ဟုတ်တယ်၊ မသပြေတို့ သားအဖက အဘိုးကို ဒဏ်ရာပျောက်အောင် ဆေးကုပေးရုံတင်မကဘဲ လိုလေသေးမရှိ စောင့်ရှောက်ပြုစုခဲ့ကြတယ်။ ပုဂံသားတွေရဲ့ ဖော်ရွေမှု၊ ရိုင်းပင်းကူညီမှုသိလာရတဲ့အဖိုးဟာ မသပြေတို့ မိသားစုအပေါ် သံယောဇဉ်တွယ်လာခဲ့တယ်၊ နောက်တော့ မသပြေအပေါ် သံယောဇဉ်ပိုပြီး ချစ်ခဲ့တယ်"

– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –

စကားဝါက အဘိုး ဒိုင်ယာရီထဲမှ အကြောင်းများကို စီကာပတ်ကုံး ပြောပြနေသဖြင့် ကိုမင်း စိတ်ဝင်တစား နားထောင်နေမိသည်။ ငြိ ၁ စကားဝါကပင် ဆက်၍–

"အဘိုးနဲ့ မသပြေတို့ ချစ်သူတွေဖြစ်နေတာကို မသပြေတို့ အိမ်ကသိတော့ သဘောမတူခဲ့ဖူး။ တစ်ပြည်သား ဖြစ်လို့လေ။ ဒါပေမယ့် ဒီကြားထဲ အဘိုးနဲ့ မသပြေတို့ စတွေ့ခဲ့တဲ့ တုရင်တောင်အနီးက တစ်နေရာမှာ နှစ်ဦးသားစေတီလေးတစ်ဆူ တည်ဖြစ်ခဲ့ကြတယ်။ စေတီရဲ့ ဘွဲ့အမည်က ရွှေစေတီတဲ့။ ဘွဲ့ကဗ္ဗည်းလေးတောင်ထိုးပြီး ကျောက်စာတိုင် စိုက်ခဲ့ကြတယ်လို့ အဘိုးရဲ့ စာအုပ်ထဲမှာ ရေးထားတယ်။ "

"နောက်တော့ကော၊ မသပြေနဲ့ စကားဝါ့အဘိုးတို့ ယူဖြစ်ကြသလား"

"မယူဖြစ်ဘူး၊ မသပြေက သူ့အဖေရဲ့ စကားကို နားထောင်ခဲ့တယ်။ မသပြေက သိပ်မြန်မာဆန်တာပဲတဲ့။ မသပြေက အဘိုးကို ချစ်ပေမယ့် အိမ်ထောင်ဖက်အဖြစ် ဂျပန်ကို လိုက်ဖို့ကိုတော့ သူငြင်းဆန်ခဲ့တယ်လေ"

"အော်–ဒါဆို စကားဝါ့ အဘိုးနဲ့ မသပြေတို့က ချစ်ခွင့်ရဖို့ အတွက်ပဲ ဆုံဖြစ်ခဲ့ကြတာပေါ့နော်"

"ဟုတ်တယ်–ကိုမင်း၊ အချစ်ဆိုတာ သံယောဇဉ်ကြီးမားလှတဲ့ အစိုင်အခဲကြီး တစ်ခုပါပဲ။ အဘိုးဟာ မသပြေအပေါ် ချစ်ခွင့်သာ ပိုင်ဆိုင်ခဲ့ရပေမယ့် အိမ်ထောင်ဖက်အဖြစ်တော့ ရယူ မပိုင်ဆိုင်ခဲ့ရပါဘူး"

"နောက်တော့ကော"

"နောက်တော့ မကြာပါဘူး၊ အဲဒီနှစ် ဩဂုတ်လထဲမှာ ဟီရိုရှီးမားနဲ့ နဂါစကီးမြို့တွေမှာ အမေရိကန်တွေ ပုံးကြဲခဲ့လို့ လူတွေ





အများကြီး သေဆုံးခဲ့ရတာတွေ၊ ဂျပန်တွေ အကြွင်းမဲ့လက်နက်ချလိုက်ရပြီဆိုတာတွေ ကြားလိုက် ရတဲ့ အပြင် ဟီရိုရှီးမားဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရသူတွေထဲမှာ အဘိုးရဲ့ အမျိုးတွေပါတယ်လို့ သိရရော အဘိုးဟာ ဂျပန်ကို အမြန်ဆုံးပြန်ခဲ့ရတော့တာပါပဲ။ ရွှေစေတီကို ထီးတင်ဖို့ကိစ္စ စီစဉ်မယ်လို့ စိတ်ကူးထားခဲ့ပေမယ့် ထီးမတင် ဖြစ်ခဲ့ဖူးလေ"

"ဒါဆို စကားဝါ့အဘိုးက ဂျပန်ပြန်ရောက်မှ အိမ်ထောင်ကျတာပေါ့"

"ဟုတ်တယ်–ကိုမင်း၊ တိုကျိုမှာပဲ မိဘတွေ သဘောတူညီတဲ့သူနဲ့ အိမ်ထောင်ပြုခဲ့တယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ မသပြေပါပဲ။ သူ့အစွဲအလမ်းကြောင့်လားမသိဘူး စကားဝါ့ကို မွေးလာပြီး အရွယ်ရောက်လာတော့ အဘိုးက မသပြေရဲ့ ဓာတ်ပုံကိုပြပြီး စကားဝါက ဓာတ်ပုံထဲက မသပြေနဲ့ ဆင်တယ်လို့ ပြောခဲ့တယ်။ တကယ်ပဲ စကားဝါက မသပြေနဲ့ ဆင်သလားဟင်"

ကိုမင်း စကားဝါ့ကို ကြည့်၍

"ဆင်တော့ ဆင်တယ်။ မသပြေအပြင် အခြားတစ်စုံတစ်ယောက်နဲ့များ ဆင်နေသေးသလားလို့" ဟု ဆို လိုက်သည်။

"ကိုမင်းကို တစ်ခုမေးမယ်နော်၊ အဲဒီလို တစ်စုံတစ်ဦးအပေါ် အစွဲအလမ်းကြီးရင် မွေးလာတဲ့ မျိုးဆက်ထဲမှာ စွဲလမ်းခဲ့သူနဲ့ ဆင်တာမျိုး ရှိလားဟင်"

"ရှိတတ်ပါတယ်၊ ဒါကလဲ တော်တော်ရှားပါတယ်"

ကိုမင်း အလိုက်သင့် ပြန်ဖြေလိုက်မိ၏။ ပြီးနောက် စကားဝါက စကားဆက်၍–

"ပြီးတော့ အဘိုးမဆုံးခင်မှာ မှာသွားသေးတယ်၊ ပုဂံမှာ အဘိုးထီးတော် မတင်ဖြစ်ခဲ့တဲ့ ရွှေစေတီကို အခွင့်သင့်ရင် ထီးတင်ပေးဖို့နဲ့

စကားဝါကိုလဲ မြန်မာပြည်က မသပြေတို့ဆီသွားပြီး လိုအပ်တာရှိရင် အတတ်နိုင်ဆုံး ကူညီပေးဖို့ မှာသွားခဲ့တယ်။ အဘိုးက မြန်မာတွေရဲ့ ဖော်ရွေမှုနဲ့ မေတ္တာတရားကို အမြဲသတိတရ တဖွဖွပြောနေခဲ့တာလေ”

အော်- မြန်မာတွေကို ချစ်တတ် ခင်မင်တတ်သော မြေးအဘိုး ပါပေ။ ဒါ့ကြောင့် သူသည်လည်း စကားဝါတို့ မိသားစု၏ သံယောဇဉ် နွယ်မျှင်ထဲမှာ ရစ်ပတ်တွယ်ငြိနေခဲ့ မိလေရော့သလား---ဟု ကိုမင်း စဉ်းစားရင်း စကားဝါ့ကို စေ့စေ့လေး ကြည့်နေလိုက်မိပါတော့သည်။

* * *



## အခန်း (၁၃)

မွန်းလွဲ ၁ နာရီခွဲ...။

ဟီရိုရှီးမားဘူတာမှ ကျည်ဆံရထား(Bullet Train)ဖြင့် ကျိုတိုမြို့သို့ ခရီးဆက်ခဲ့ကြသည်။ ရထားများ အချိန်မှန်ခြင်း၊ သတ်မှတ်ထားသည့် နေရာတွင် ရပ်တန့်ပေးနိုင်ခြင်းတို့ကို လက်တွေ့ကြုံရ၏။ မိမိ လက်မှတ်ပါ တွဲနံပါတ်ရပ်မည့် နေရာတွင် စောင့်နေရုံမျှဖြင့် ရထားရပ် ချိန်၌ တွဲပေါ်သို့ အလွယ်တကူတက်နိုင်သည်။

ရထားထွက်ပြီး မကြာမီ ကိုဘီမြို့သို့ ရောက်လာသည်။ သို့သော် ရထားက ကိုဘီမြို့တွင်မရပ်။ ရထားပြတင်းမှနေ၍ ကိုဘီဝန်းကျင်ကို လှမ်းကြည့်လိုက်စဉ် ဖွံ့ဖြိုးတိုးတက်နေသည်ကို ကိုမင်းတွေ့ရ၏။ လွန်ခဲ့သော ၁၅ နှစ်ကျော်က ကိုဘီမြို့တွင် ငလျင်အကြီးအကျယ်လှုပ်ပြီး တစ်မြို့လုံးနီးပါး ပျက်စီးခဲ့ရသည်။ ယခုသော် ကိုဘီမြို့သည် စက်မှုမြို့တော် ဖြစ်နေလေပြီ။

ထို့နောက် နာမည်ကျော် အိုဆာကာမြို့သို့ ရောက်လာ၏။ ကိုမင်းနာရီကို ကြည့်လိုက်တော့ မွန်းလွဲ၂နာရီ ၁၅မိနစ်ရှိပြီ။ အိုဆာကာ တွင်လည်း ရထားကမရပ်။ ရထားအရှိန်အနည်းငယ် လျော့ရုံသာ ရှိသည်။

ရထား၏ မြန်နှုန်းက တစ်နာရီ ကီလိုမီတာ ၃၀၀နှုန်း။ ရထားက ပြေးလမ်းပေါ်တွင် ရိပ်ကနဲ ရိပ်ကနဲ ပြေးနေသည်။ အိုဆာကာဝန်းကျင် ကြည့်လိုက်တော့ မိုးရွာနေသည်ကို တွေ့ရ၏။ မိုးစက် မိုးပေါက်တို့ ရထားပြတင်းမှန်သို့ လာရောက်ရိုက်ခတ်သည်ကို ကိုမင်း သတိထား လိုက်မိသည်။

စကားဝါကတော့ ကိုမင်းနံဘေးတွင် ငြိမ်၍ လိုက်ပါလာသည်။ ကိုမင်း၏ သဘာဝရှုခင်းများအပေါ် ခံစားမှုကို အနှောင့်အယှက်မပေး ခြင်းလည်း ဖြစ်ပေလိမ့်မည်။

"စကားဝါ ငြိမ်လှချည်လား။ ပင်ပန်းနေပြီထင်တယ်၊ စကားလေး ဘာလေး ပြောပါဦး"

"ပြောမယ်လေ၊ ကိုမင်း သိချင်တာမေးလေ၊ ကိုမင်း သိချင်တာ နောက်တစ်ခု ရှိသေးတယ် မဟုတ်လား"

အင်း– ဟုတ်ပေသားပဲ။ မနက်က သိချင်တာ နှစ်ခုရှိသည်ဟု ကိုမင်း ပြောခဲ့သည်လေ–––။

"ပြောလေ ကိုမင်း– သိချင်တာ နောက်တစ်ခုက ဘာလဲ"

စကားဝါ ထပ်မေးပြန်ပါသည်။

ကိုမင်း မမေးသင့်မှန်း၊ မပြောသင့်မှန်း မနက်ကတည်းကပင် သိခဲ့၍ စကားဖြတ်ခဲ့ပါသည်။ သို့ပေမယ့် စကားဝါ့ကိုတော့ စကားစ ခဲ့မိပြီးဖြစ်၍ တစ်ခုခုတော့ ပြောရမည် ဖြစ်သည်။

"ဒီလိုပါ အခုလို ကိုမင်းတို့နှစ်ယောက် အတူတူသွားနေ ကြတာတွေ၊ သိချင်တာလေးတွေ အပြန်အလှန်မေးနေကြတာတွေ တစ်ယောက်ကို တစ်ယောက် ဂရုစိုက်နေကြတာတွေနဲ့ ပတ်သက်လို့ စကားဝါ့ရင်ထဲမှာ ဘယ်လိုရှိလဲ၊ ဘယ်လိုခံစားရလဲလို့ မေးချင်လို့ပါ"

"စကားဝါ ကျေနပ်တယ် ကိုမင်း၊ စကားဝါ့နားမှာ ကိုမင်း ရှိနေရင် စကားဝါ ပျော်တယ်"





မဆိုင်းမတွ စကားဝါ ဖြေပါသည်။ ပြီးမှ ဆက်၍

"ဒါပဲလား၊ မေးဦးလေ၊ ဆက်မေးဦးလေ ကိုမင်း"

ဆက်ဖြေချင်သော အဖြေများ စကားဝါ့ရင်ထဲတွင် ရှိနေမှန်း ကိုမင်း သိနေပါသည်။ သို့သော် မမေးသင့်ပါ။ ကြားလိုသော်လည်း မကြားသင့်ပါ။ သို့သော် စကားဝါ့ကို ကိုမင်း သံယောဇဉ်ငြိတွယ်နေ သည်ကတော့ အမှန်ပင် ဖြစ်ပါ၏။

ကျိုတိုရောက်တော့ ညနေ ၃နာရီ ၁၅မိနစ်ရှိပြီ။ ကျိုတိုမိုးက သူတို့ကို ကြိုနေပါသည်။

ကျိုတိုမြို့သည် ဂျပန်နိုင်ငံ၏ ရှေးဟောင်းဘုရင်များ နန်းစိုက်ရာ ရှေးဟောင်းမြို့တော်ဖြစ်၏။ တိုကျိုမြို့ကြီး လောက်ခေတ်မီပြီး မိုးမျှော် အဆောက် အအုံ မပေါ်များသော်လည်း ခေတ်မီသော မြို့ကြီးတစ်မြို့ ဖြစ်ပါသည်။

ကျိုတိုတွင် ရှေးဟောင်းနန်းတော်ရာနှင့်အတူ ထင်ရှားသော ရှေးဗဟောင်း ဗုဒ္ဓဘာသာ ဘုရားကျောင်းများရှိသည်။အချိန်ရသေးသဖြင့် တည်းခိုမည့် ဟိုတယ်သို့ မသွားသေးဘဲ ကျိုတိုမြို့တွင် ထင်ရှားသည့် ကီယိုမီဇူ Kiyomizu (Deya) ဘုရားကျောင်းသို့ ဝင်ခဲ့ကြသည်။ ဘုရားကျောင်းသည် တောင်ကုန်းမြင့်ထက်တွင် ရှိသည်။

ဘုရားကျောင်း တောင်ခြေရှိ ကားကွင်းရောက်တော့ မိုးကဖွဲဖွဲ ကျနေဆဲ ဖြစ်၏။ တောင်ခြေမှ ဘုရားကျောင်း အထိ လမ်းတစ်လျှောက် ဝဲယာတွင် ဒေသထွက် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များရှိသည်။ မိုးဖွဲဖွဲ ကျနေသော်လည်း ဘုရားဖူးများဖြင့် စည်ကားနေ၏။

ကားကွင်းအနီးဆိုင်တစ်ဆိုင်မှ ထီးတစ်ချောင်းကို ယန်း ၄၀၀ ဖြင့် ကိုမင်းဝယ်လိုက်သည်။ ထီးအရွက်က အမည်းရောင် ပိတ်သား မဟုတ်။ အကြည် ရောင်ပလက်စတစ် အမှာသားဖြစ်သည်။ ကိုမင်းက

စကားဝါ့အတွက် နောက်တစ်ချောင်းဝယ်ရန် ရွေးလိုက်၏။ ထိုစဉ် စကားဝါက–

"နောက်တစ်ချောင်း မဝယ်နဲ့တော့လေ၊ တစ်ချောင်းထဲလဲ နှစ်ယောက်ဆောင်းလို့ရတာပဲ" တဲ့လေ...။

ခက်ပြီ။

သို့ပေမယ့် မိုးရွာတုန်းခဏဆောင်းတာပဲလေ။ နောက်တော့လဲ လိုမှာ မဟုတ်ပါဘူးဟု ကိုမင်းတွေးရင်း စကားဝါနှင့် နှစ်ယောက်အတူ ထီးဆောင်းကာ တောင်ပေါ်သို့ တက်ခဲ့ကြသည်။ အဖွဲ့သားများသည် လည်း ထီးကိုယ်စီဝယ်၍ တောင်ပေါ်တက်နှင့် ကြပြီလေ။

တက်လမ်းတလျှောက် လူကလည်း များလိုက်သည်ဖြစ်ခြင်း။ တစ်ဖက်လူများနှင့် ထီးအချင်းချင်း မချိတ်မိအောင် ထီးကို မြှောက်လိုက် နှိမ့်လိုက်လုပ်နေရသည်မှာလည်း ကိုမင်းအတွက် အလုပ်တစ်ခု လိုဖြစ် နေ၏။

စကားဝါနှင့်လည်း ပုခုံးချင်းထိလိုက်၊ ခွာလိုက်ဖြစ်နေရသည် ကလည်း အကြိမ်ကြိမ်။ ပြီးတော့ စကားဝါ့ ကိုယ်လေး လူကြားထဲ ညပ်ပြီး ကျန်ခဲ့သဖြင့် လူတွေကြားစောင့်ခေါ်ရသည်ကလည်း မကြာ ခဏ။ ချစ်သူတွေသာဆိုရင် ဘယ်ရမလဲ။ လက်ကိုမြဲမြဲဆုတ်တွဲ၊ ခန္ဓာကိုယ်လေးကို အသည်းထဲနစ်အောင် ဖိဆွဲလို့ ခုလိုဘယ်အကွဲခံ လိမ့်မလဲ---။ အင်းခုတော့လဲလေ---။

တောင်ပေါ်ရောက်တော့ မိုးကစဲလုပြီ။ ဘုရားပွဲကာလမဟုတ် သော်လည်း ဤဘုရားကျောင်းတွင် ဆုတောင်းပြည့်သည်ဟုဆို၍ လူအများစည်ကားစွာ လာရောက်ခြင်း ဖြစ်ကြောင်း သိရ၏။

တောင်ပေါ်က ပြန်ဆင်းတော့ ညနေအတော်စောင်းပြီ။ မိုးတိမ် များကြောင့် မှိုင်းညို့ညို့ရှိနေသည်။ အိမ်တွင် အလှထားရန် ဂျပန်ပြန်





အမှတ်တရ ပစ္စည်းလေး ဝယ်မည်ဟု ကိုမင်း စိတ်ကူးမိ၏။ သို့နှင့် တောင်ခြေနားရှိ ကြွေထည်လက်မှု ရုပ်ကလေးများ ရောင်းချရာဆိုင် တစ်ဆိုင်အတွင်းသို့ ဝင်ကြည့်ခဲ့ကြသည်။

ဆိုင်အတွင်းပြထားသော ပစ္စည်းလေးများကို ကိုမင်း ကြည့်နေ စဉ် စကားဝါက–

"ဒီပစ္စည်းလေး ဝယ်ပါလား" တဲ့။

စကားဝါ ညွှန်ပြရာကို ကြည့်လိုက်တော့ ကီမိုနိုဝတ် ဂျပန် မိန်းမပျိုလေးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့၏ စုံတွဲကြွေထည် လက်မှု ရုပ်ကလေး----။

"ကောင်းသားပဲ၊ လှတယ်နော်" ဟု ကိုမင်း ကျေနပ်စွာပြောနေ စဉ်တွင်ပင် စကားဝါက ထိုအရုပ်များကိုယူ၍ ဆိုင်ရှင်ကို ပါကင်ထုတ်ပေး ရန် ပြောကာ ငွေပါ ရှင်းပေးနေပြီလေ...။

ပြီးတော့ နှစ်ဦးသား တောင်ခြေကားကွင်းဆီသို့ ဆင်းခဲ့ကြ၏။

မိုးကတော့ စဲမလိုလိုနှင့် ဖွဲဖွဲတော့ကျနေဆဲ။ စကားဝါက ကိုမင်းလက်ထဲမှထီးကိုယူပြီး "ထီးထဲဝင် မိုးစိုကုန်ဦးမယ်" ဟု သတိပေး ကာ ကိုမင်းကို အမိအရ ဆောင်းပေးနေသည်။

"ကိုမင်း သတိထားနော်၊ မိုးရွာထားလို့ မြေခင်းက ချောနေ တယ်"

ကွန်ကရစ်ကြမ်းခင်း ချောနေကြောင်း စကားဝါ သတိပေး လိုက်ခြင်း ဖြစ်၏။

ဟိုးရှေ့ မနီးမဝေးတွင် ကားဆီသို့ သွားနေသော မစ္စတူဖောင်း ကို လှမ်းတွေ့ရသည်။ သူသည်လည်း ချော်မည် စိုးသဖြင့် သတိထား သွားနေရဟန် တူ၏။ တစ်ဘက်က ထီးကိုကိုင် တစ်ဖက်က လက်ဆောင်ထုပ်ကြီး ထင်ပါရဲ့။ ဘာတွေများ လောဘတကြီး ဝယ်လာ သည် မသိ။

ဟော...လဲပြီ။ ကြည့်နေရင်း မစွတူဖောင်း ချော်လဲပြီ...။

ကိုမင်း အပြေးသွားကာ မစွတူဖောင်းကို ထူလိုက်၏။

ရုတ်တရက် ဖြစ်အင်မြင်ကွင်းကြောင့် စကားဝါနေရာတွင်ပင် မလှုပ်မယှက် ရပ်နေမိသည်။

ကိုမင်းကတော့ မစွတူဖောင်းကို ထူပေးပြီးနောက် ထိန်းတွဲကာ ကားဆီသို့ ခေါ်သွားနေတော့သည်။

မစွတူဖောင်း လမ်းကောင်းကောင်း မလျှောက်နိုင်တော့။

၎င်းကို ငူငူကြီး ရပ်ကြည့်နေသူကား စကားဝါ။

သူ့ကိုထားပစ်ခဲ့၍ မကျေမနပ် ဖြစ်နေသူကား စကားဝါ။

ကားပေါ်တွင် ထိုင်မိသည့်တိုင် မစွတူဖောင်း၏ မျက်နှာ ရှုံ့မဲ့နေ၏။ အတော်နာသွားဟန်တူသည်။ ဒူးခေါင်းတွင်လည်း ပြဲသွားသည်။

ကိုမင်းက သူ့လက်ကိုင်အိတ်ထဲတွင် အသင့်ဆောင်ထားသော ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးဘူးလေးကို မစွတူဖောင်းအားပေးရင်း–

"မစွတူဖောင်း ဒီဆေးလေးလူးပြီး ဒူးခေါင်းမှာရော ခြေလည် သွားတဲ့ နေရာမှာရော လူးထားလိုက်"

ဆေးဘူးကို မစွတူဖောင်းလှမ်းယူပြီး ကိုမင်း ပြောသည့်အတိုင်း လူးလိုက်သည်။

ဘေးတွင် ကိုမင်းကို မကျေမချမ်း ကြည့်နေသူကား စကားဝါ။

ခဏကြာတော့ မစွတူဖောင်းက

"ကျေးဇူးတင်ပါတယ် မစွတာဦး၊ ဒီဆေးက အစွမ်းထက် သားပဲ၊ ဒူးခေါင်းက သွေးလဲတိတ်၊ ဒဏ်လဲသက်သာသွားတယ်၊ ဆေးလိမ်းလိုက်တာနဲ့ ပူကနဲ နေသွားတာပဲ၊ အဲဒါ ဘယ်နိုင်ငံက ထုတ်တာလဲ"





"မြန်မာနိုင်ငံကပဲလေ၊ တိုင်းရင်းဆေးပါပဲ၊ နောက်လိုရင် သုံးရ အောင် ယူထားလိုက်လေ"

"ကျေးဇူးတင်ပါတယ် မစွတာဦး"

ကိုယ်သိမ်ဂူ ဘုရားကျောင်းက ထွက်လာတော့ မှောင်ရီပျိုးစပြုနေပြီ၊ ကျိုတိုမြို့တွင် နီယွန်မီးအလင်းရောင်များက နေရာယူလျက်ရှိပြီ။ တိုကျိုမြို့လောက် မစည်ကားသော်လည်း ကျိုတိုညက လှပဆဲ။

ဟိုတယ်အသွားလမ်းတစ်လျှောက်လုံး စကားဝါ စကားမပြောဘဲ ငြိမ်၍ လိုက်ပါလာခဲ့၏။ စိတ်ကောက်နေမှန်း ကိုမင်း ရိပ်မိသည်။ တစ်ခါတစ်လေ စကားဝါက ဆရာမကြီးဟန်ဖြင့် သူ့ကို ဂရုတစိုက် မှာနေတတ်သော်လည်း တစ်ခါတစ်လေကျတော့လည်း ကလေး ဆိုးကြီးပမာ ဤသို့ပင် စိတ်ကောက်နေတတ်၏။ ကိုမင်း ခွင့်လွှတ်ရ ပါသည်။ စကားဝါ့ကို ကိုမင်း ခွင့်လွှတ်ရပါသည်။ စကားဝါက နှမငယ် လေး အရွယ်ပဲလေ။ ကလေးလို့ ပြောရင်လည်း ရတာပါပဲ။ ဤသို့ စကားဝါ့အပေါ် ကိုမင်း နားလည်ထားလိုက်ပါ၏။

ဘရိုက်တန်စီးတီး ယာမာရှိနိုဟိုတယ် (Hotel Brighton city Yamashino)တွင် တည်းကြ၏။ ဟိုတယ်ကို ရောက်တော့ ည ၇နာရီ ကျော်ပြီ။

မစွတာ ဟီရိုကီက အခန်းသော့ တစ်ချောင်းစီကို သက်ဆိုင် သူများထံ လှမ်းပေးရင်း နှုတ်ဆက်နေ၏။ ဒီည ညစာက ကိုယ့်အစီ အစဉ်နှင့် ကိုယ်ပဲလေ။

သော့ကိုယူပြီး အခန်းဆီသို့တက်ရန် ဓာတ်လှေကားဆီသို့ သွားမည်ပြုတော့ စကားဝါက အနားမှာ မရှိတော့။ ဓာတ်လှေကားဆီ သွားနှင့်ပြီလေ။

ဒီနေ့တော့ ကိုယ်လက်သန့်စင်ပြီး အပြင်တွင် တစ်ခုခု ထွက်ဝယ်

ချည်ဟု ကိုမင်း စိတ်ကူးမိသည်။ နေ့တိုင်းလိုလို ခေါက်ဆွဲပြုတ်စားရသည်မှာ ရိုးအီ၍လာပြီ။

ခဏကြာတော့ စကားဝါအခန်းဆီသို့ တယ်လီဖုန်းဆက်၍ "စကားဝါ အပြင်မှာ ညစာတစ်ခုခုသွားဝယ်ရအောင်လေ။"ဟု ကိုမင်းခေါ်မိသည်။

ပထမတော့ စကားဝါဘက်က အကြောင်းမပြန်လာ။ထပ်၍ –

"စကားဝါ ကိုမင်း ပြောတာကြားလား"

"ကြားတယ်။ မလိုက်တော့ဘူး မစ္စတူဖောင်းကိုခေါ်သွား"

အငေါ်တူးပြီ။ မကျေမနပ်နှင့် သူ့ကိုပြန်ပြောပြီ။ "မစ္စတူဖောင်းက ခြေထောက်နာနေတယ်လေ"ဟု ပြောလိုက်လျှင် ပိုဆိုးမည်။

ထို့ကြောင့် –

"လာပါ–ကျွတ်ကိုညကိုကြည့်ရင်း လမ်းလျှောက်ကြရအောင်ပါ။"

"မလိုက်တော့ပါဘူးလို့ဆိုနေ"

"ဒါဆို ကိုမင်း စကားဝါအခန်းဘက်လာခဲ့မယ်လေ"

"မလာနဲ့ တံခါးဖွင့်မပေးဘူး။"

အခြေအနေက မကောင်း။ ကဲ ဒီညအဖို့ရှိစေတော့။ ကိုမင်းဆုံးဖြတ်လိုက်၏။ သူတစ်ယောက်ထဲပင် သွားတော့မည်ဟူ၍"။

ကျွတ်ဆောင်းသည် ပိုအေးသည်ဟုထင်ရသည်။ အမှန်တော့ ညနေက မိုးရွာလိုက်၍ဖြစ်၏။ အပြင်ဘက်တွင် လေနအေးတို့ တိုက်ခတ်နေသည်။ စိမ့်ကနဲ စိမ့်ကနဲပင် အေးနေ၏။

မူလက စကားဝါနှင့် လမ်းအတူ လျှောက်ရင်း၊ ပြီးတော့ညစာအတူစားရင်း ကျွတ်ကိုညကို ကုန်ဆုံးစေမည်ဟု ကိုမင်းစိတ်ကူးခဲ့သည်။

ယခုတော့ တစ်ယောက်ထဲ ပျင်းခြောက်ခြောက်နိုင်လှသည်။ သို့သော် ကျွတ်ကိုညကို အိပ်ရင်းဖြင့် အချိန်မကုန်စေချင်။ ရောက်ခဲ့လု





သောဂျပန်ပြည်။ ကိုယ့်စရိတ်နှင့် ကိုယ်လာလျှင်ပင် မနည်းကုန်ကျမည့်ခရီးစဉ်။ ပြီးတော့ ထင်ရှားသော မြို့ကြီးများ။ ရှုသမျှလှေ့လာမှတ်သားခွင့်ရခြင်းကပင် ကိုမင်းအတွက်များစွာ အကျိုးရှိလှသည်။

ဟိုတယ်နှင့် ခပ်လှမ်းလှမ်းရောက်တော့ စတိုးဆိုင်များကို တွေ့ရသည်။ ဂျပန်လူမျိုးအတော်များများသည်လည်း အသင့်စားထမင်းဘူးများ၊ ဟင်းလျာများကို ဝယ်ယူနေသည်ကို တွေ့ရ၏။

ထမင်းဘူး၊ ဟင်းဘူးများသည်ပင် ပူနွေးနွေးရှိသေးသည်။ ဆိုင်ထဲရှိ မှန်သေတ္တာများအတွင်း ပြထားသော ထမင်းနှင့် ဟင်းဘူးများထဲမှ ကြက်သားနှင့် ထမင်းတစ်ဘူး၊ ပြီးတော့ ရေသန့်တစ်ဘူးဝယ်လိုက်၏။ တွက်ကြည့်တော့ ထမင်းဘူးက ယန်း ၃၉၀၊ ရေသန့်က ၁၀၅ ယန်း၊ Tax အပါအဝင် ၅၁၉ ယန်း။ မြန်မာငွေနှင့် တွက်ကြည့်လျှင်တော့ ထမင်းတစ်နပ် ကျပ်လေးထောင်ကျော် ငါးထောင်နီးပါးပါပဲ။ ဒါတောင်အဝစားမဟုတ်သေး၊ ဒါတွေကလဲ သူ့နေရာနှင့် သူ့ဈေးပဲလေဟု ကိုမင်းတွေးလိုက်မိ၏။

စကားဝါ့အတွက်ပါ ထမင်းတစ်ဘူးဝယ်ရန်စိတ်ကူးမိသေးသည်။ သို့သော် စကားဝါစိတ်ကောက်နေသည်က သည်နေ့ညတော့ ပြေဦးမည်မထင်။

သည်တစ်ခါ ဟိုတယ်အပြန်မှာတော့ တန်းတန်းမတ်မတ်ရောက်သည်။ ရောက်ပေမပေါ့။ ကျွတ်ကိုမှာက တိုကျိုမှာထက် ထိုးထိုးထောင်ထောင်အဆောက်အအုံတွေ နည်းသည်။ ကိုမင်းတို့တည်းသော ဟိုတယ်သည်ပင် အနီးအနားတွင် အမြင့်ဆုံး။ မှတ်ရလွယ်သဖြင့် ဟိုတယ်သို့ တန်းတန်းမတ်မတ်ပင် ရောက်ခဲ့ရခြင်း ဖြစ်သည်။

ဟိုတယ်ရောက်တော့ ကိုမင်း သူ့အခန်းရှေ့တွင် ရပ်ရင်း စကားဝါ့ အခန်းဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ သူ့အခန်း

နံပါတ် ၆၀၃၊ ကိုမင်းအခန်းနံပါတ်က ၆၀၅။ စကားဝါအခန်းဘက်သွားပြီး စိတ်ဆိုးပြေမပြေ ကြည့်ရင်ကောင်းမလား။ ကိုမင်းစဉ်းစားသည်။ ချီတုံချတုံဖြစ်နေစဉ် ကိုမင်း သူ့အခန်းထဲသို့ပင် ဝင်ဖြစ်လိုက်သည်။ စကားဝါကို သည်ညတော့ လွတ်လွတ် လပ်လပ် စိတ်ကောက်ခွင့်ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

စားသောက်ပြီးတော့ အတော်နှင့် အိပ်မပျော်။ အခန်းထဲရှိ ရုပ်မြင်သံကြား ဂြိုလ်တုလိုင်းများကြည့်ပြီး ခဏကြာတော့ အခန်းတွင်း မှန်လိုက်ကာကိုဖယ်ကာ ဟိုတယ်အပြင်ဘက် ညမြင်ကွင်းများကို ကြည့်နေမိ၏။ အခန်းက ဟိုတယ်၏ ခြောက်ထပ်တွင် ရှိ၍ အမြင့်ကြီးဟု မဆိုသာ။ ဟိုတယ်အပြင်ဘက် မြင်ကွင်းများကို အထင်အရှား မြင်နေရသည်။

ဟိုတယ်အနီး အဆောက်အဦးများတွင်တော့ မီးရောင်စုံများ ထွန်းညှိထားသည်။ လမ်းမများပေါ်တွင် ကားများ အသွားအလာ ကြဲနေပြီ။ အချိန်ကလည်း ည၁၀နာရီခန့်ပင် ရှိနေပြီလေ။ ဟိုတယ်အနီးတွင် တက္ကစီကွင်း တစ်ကွင်းကို လှမ်းတွေ့ရ၏။ တက္ကစီကွင်းအတွင်း၌ တက္ကစီများ တန်းစီစောင့်ဆိုင်းကာ ခရီးသည်တင်ရန် အနီးရှိ မှတ်တိုင်သို့ တစ်စီးပြီးတစ်စီး ထွက်ခွာနေကြသည်။

ညဉ့်နက်လာသော်လည်း တက္ကစီစီးသူများက မှတ်တိုင်သို့ တစ်ယောက်ပြီးတစ်ယောက်၊ အချို့လည်း နှစ်ယောက်သုံးယောက် ရောက်ရှိလာတတ်သည်။ ခရီးသည်လာသည်ကို မြင်လျှင် တက္ကစီကွင်းမှ ကားများအလှည့်ကျထွက်ပြီး ခရီးသည်ကို တင်သည်။ အလေးအပင် ပစ္စည်းမပါလျှင် ကားနောက်ခန်းတံခါး သူ့အလိုလိုပွင့်လာ၏။ ခရီးသည်များ အလွယ်တကူ ကားပေါ်သို့ တက်နိုင်ကြသည်။ ပစ္စည်းပါလျှင်တော့ နောက်ဘက်အဖုံး အလိုလိုပွင့်လာပြီး ယာဉ်မောင်းက





ကားထဲမှထွက်ကာ ပစ္စည်းကို သယ်တင်ပေးသည်။ ကားတံခါးများ၊ နောက်အဖုံးများ အလိုလိုပွင့်လာရန် ယာဉ်မောင်းကရှေ့ခန်းမှ ခလုတ်ဖြင့် ဖွင့်ပေးသည်။

ကားပေါ်တက်လိုက်သည်နှင့် ကားခအတွက် ယာဉ်မောင်းက မီတာကို ချိုးလိုက်သည်။ ယန်း ၆၆၀တဲ့။ ကားထွက်လျှင်တော့ ခရီးအကွာအဝေးအလိုက် ကျသင့်သမျှပေါင်းထည့်ပေးရပြီပေါ့။

ကားခပိုတောင်းရန်၊ မီတာပိုတက်ရန် ယာဉ်မောင်းများကလည်း ခရီးရှည်အောင် ကွေ့ပတ်မောင်းလေ့မရှိ။ မောင်း၍လည်းမရ။ အဘယ့်ကြောင့်ဆိုသော် စတီရာရင်ဘေးရှိ လမ်းပြမြေပုံ ရုပ်မြင်မှန်သားပြင်မှ တစ်ဆင့် ယာဉ်သွားရာလမ်းကြောင်းကို ခရီးသည်က ကြည့်နိုင်သည်လေ။

ဟိုတယ်ပြင်ပ တက္ကစီကွင်းများတွင် ကားများစနစ်တကျ ဝင်ထွက်ကာ ခရီးသည်တင်ပြီး မောင်းနှင်ထွက်ခွာနေကြသည်ကို ကိုမင်း စူးစမ်းကြည့်ရှုနေရာမှ အိပ်ချင်လာသဖြင့် နာရီကြည့်လိုက်တော့ ညဉ့် ၁၂နာရီ ၁၅မိနစ်ပင် ရှိနေပြီ။

ကျိုတိုညသည်လည်း ကုန်မြန်လွန်းပေစွ။

＊＊＊

## အခန်း (၁၄)

နိုဝင်ဘာ ၂၅ ရက်...။

ကျိုတိုမြို့သည် ရှေးဟောင်း ဂျပန်ဘုရင်များ နန်းစိုက်ရာမြို့ ဖြစ်သည်။ မြန်မာနိုင်ငံမှ မန္တလေးနှင့် တူသည်။

ကျိုတိုတွင် နန်းတော်ရာများ ရှိသည်။ ရဲတိုက်များ ရှိသည်။ ရဲတိုက်များကို ဂျပန်စစ်သူကြီးများက အုပ်ချုပ်ပြီး စစ်ရေးစစ်ရာများကို စီမံခန့်ခွဲသည်။

ကိုမင်းတို့အဖွဲ့ ယနေ့မနက်တွင် ကျိုတိုမြို့၏ ထင်ရှားသော ရှေးဟောင်း ရဲတိုက်နှင့် နန်းတော်သို့ သွားရောက် လေ့လာကြမည်။

ရဲတိုက်အမည်က နီဂျိုရဲတိုက်(Nijo Castle)ဖြစ်၏။ နန်းတော် က နီနိုမာရူးနန်းတော် (Ninomaru Palace)ဖြစ်သည်။

ယနေ့မနက်တွင် ကိုမင်းတစ်ယောက်တည်း Breakfast Roomတွင် မနက်စာစားဖြစ်သည်။ မနက်အိပ်ရာက နိုးတော့ ရေချိုး အဝတ်အစားလဲပြီးသည်နှင့် စကားဝါ့အခန်းသို့ ဖုန်းဆက်သည်။ ခေါ်၍ မရ။ သို့နှင့် အခန်းဘက်သွားပြီး ဘဲလ်နှိပ် ခေါ်ကြည့်သည်။ ပြန်ထူးသံ မကြားရ။ Breakfast Roomတွင် တွေ့မလားဟု ရှာပြန်တော့လည်း မတွေ့။





ကိုမင်း စားသောက်ပြီးလို့ Lobbyထဲရောက်မှ အဖွဲ့သားအချို့နှင့် စကားပြောနေသော စကားဝါ့ကို တွေ့ရသည်။ သူမ မြင်သာအောင် အနီးသို့ လျှောက်သွားတော့လဲ မသိဟန်ဆောင်ပြီး တစ်ဘက် လှည့်သွားသည်။ စကားဝါကတော့ ကလေးဆိုးကြီးကျနေတာပဲ။

သို့ပေမယ့် ကားပေါ်ရောက်တော့ ကိုမင်းအနားတွင် လာထိုင်သူကတော့ စကားဝါပါပဲ။

ကိုမင်း စကားဝါ့ကို တစ်ချက်ငဲ့ကြည့်ရင်း ပြုံးလိုက်၏။ ပြီးမှ-

"မနက်စာ စားပြီးပြီလား"

စကားဝါ ဘာမျှ ပြန်မပြော။

"အိပ်ရာနိုးတော့ ဖုန်းတောင်ဆက်လိုက်သေးတယ်"

စကားဝါ မကြားဟန်ဆောင်နေသည်။

"အခန်းဘက်ကို လာကြည့်တော့လဲ စကားဝါ့ကမှ မရှိဘူး"

သူမကတော့ ခပ်တည်တည်ပါပဲ။ မျက်နှာက တင်းလို့။

"မနေ့ညက ကိစ္စအတွက် စိတ်ကောက်နေတုန်းပဲလား"

ပြန်မဖြေပါ။

ကိုမင်း ဘာမျှမမေးတော့ဘဲ ကားပြတင်းမှတစ်ဆင့် ကျိုတိုမြို့ ရှုခင်းများကိုသာ ငေးကြည့်ရင်း ဆိတ်ဆိတ်နေလိုက်တော့သည်။

ခဏကြာတော့ စကားဝါ့ဆီမှ ရှိုက်သံလိုလိုကြားလိုက်ရသည်။ အိုး-စကားဝါ့ မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလား။ ဝမ်းနည်းမှု လှိုင်းတံပိုးများကြောင့် စကားဝါ့ဆီမှ ရှိုက်သံတို့ တွန်းကန်ထွက်လာသည်ပဲ---။

ထိုစဉ် ကိုမင်း အသံနှိမ့်၍ စကားဝါ့ကို ပြောလိုက်၏။

"ဟိတ် ဘယ်နှယ့်ဝမ်းနည်းနေတာလဲ။ လူတွေကြားထဲမှာ၊ မျက်ရည်တွေ သုတ်လိုက်ဦး။"

ကားပေါ်တွင် မည်သူမျှ မရိပ်မိ၍ တော်တော့သည်။

"စကားဝါကလဲကွာ အဖွဲ့ထဲမှာ စကားဝါ့ကို အခင်ဆုံးပါ။ ကိုယ့်ညီမလေးတစ်ယောက်လို တွယ်တာနေတာပါ"

ထိုသို့ပြောစဉ် စကားဝါ ကိုမင်းကို တစ်ချက်လှည့်ကြည့်သည်။ ပြီးမှ ကိုမင်းကပင် ဆက်၍–

" မြန်မာဆိုတာ တစ်ဖက်သားဒုက္ခရောက်တာမြင်ရင် ကူညီတတ်တာ ယဉ်ကျေးမှုတစ်ခုပဲ။ ဒါကို စကားဝါ့ အဘိုးကလဲ ပြောပြထားတယ်ဆို၊ စကားဝါကလဲ ဒါကို လက်ခံထားတယ်မဟုတ်လား။ ဒါဟာ အမှန်တွေပဲလေ။ မနေ့က မစ္စတူဖောင်း ဒုက္ခရောက်တာကို ကူညီတာ၊ ရှိုင်းပင်းတာဟာ မြန်မာတွေရဲ့ စိတ်ဓာတ်လေ၊ စကားဝါ့ကို အလေးမထားတာမှ မဟုတ်ဘဲ"

စကားဝါ မျက်ရည်စများ မသိမသာ သုတ်နေသည်ကို ကိုမင်း သတိ ထားမိ၏။

"တကယ်တော့ စကားဝါဟာ ကိုမင်းရဲ့ နံပါတ်တစ်ပါ"

"ကိုမင်း ညာတယ်"

စကားဝါ လှည့်မကြည့်ဘဲ ပြောလိုက်သည့် စကားက "ကိုမင်း ညာတယ်" တဲ့။

ကိုမင်း ညာသတဲ့လား။ ကိုမင်းတကယ်ညာနေတာလား–––။ ကိုမင်း ပြန်စဉ်းစားမိသည်။

တကယ်တော့ ကိုမင်း စကားဝါ့ကို ညာခြင်းတော့မဟုတ်ဟန်မတူ။ ကိုယ့်ကိုကိုယ် ညာနေမိခြင်းပဲ ဖြစ်ပါလိမ့်မည်။

နီကိုရဲတိုက်ရောက်တော့ မနက် ၈ နာရီခွဲပြီ။ ရဲတိုက်ဝန်းကျင်တွင် မိုမီဂျီရောင်စုံသစ်ပင်များက ဝိုင်းရံလို့နေသည်။

"ကိုမင်း ရဲတိုက်ကိုရောက်ပြီ၊ ဆင်းရအောင်"





စကားဝါ၏ ချိုသောအသံလေးကို ပြန်ကြားရပြီ၊ ရဲတိုက်ဝန်းကျင်[က] မိုမီဂျီရောင်စုံသစ်ပင်တို့သည် ယနေ့ပို၍ လှနေသည်ဟု ကိုမင်း [တွေး]စားမိ၏။

ပြောရလျှင် ရဲတိုက်ကြီး ပရိဂုဏ်အနီး၌ နီနိုမာရူးနန်းတော်ရှိ[သ]ည်။ စတုရန်းမီတာ ရ၃၀၀ကို ရဲတိုက်အဆောက် အအုံများက [ယ]နေရာယူထားသည်။ နန်းတော်ဧရိယာက ၃၃၀၀ စတုရန်းမီတာရှိသည်။ [၁]၆၀၁ ခုနှစ်တွင် နီဂျိုရဲတိုက်ကို စတင်တည်ဆောက်ခဲ့ပြီး နန်းတော်ကိုမူ [၁]၆၀၃ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။ တည်ဆောက်[ခ]ဲ့သူက တိုကူဂါဝါ(Tokugawa)စစ်သူကြီး ဖြစ်သည်။ ယခုအခါ နီဂျို [ရ]ဲတိုက်ကို ယူနက်စကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေစာရင်း[တ]ွင် ထည့်သွင်းထားခဲ့ပြီ ဖြစ်သည်။

ရဲတိုက်အတွင်းကအထွက် နီနိုမာရူးနန်းတော်သို့ ရောက်လာ[သ]ည်။ နန်းတော်တွင် အဆောက်အအုံကြီး ငါးခုရှိသည်။ အခန်း[ပ]ေါင်းက ၃၃ ခန်းရှိသည်။ အခန်းတိုင်းတွင် လှပစွာရက်လုပ်ထားသော [က]ောက်ရိုးဖျာများ ခင်းထားသည်ကို တွေ့ရ၏။

အခန်းတိုင်းအခန်းတိုင်းတွင် ရှေးဘုရင်များ၊ မိဖုရားများ၊ နန်းရေး[ဝ]န်များ တာဝန်ထမ်းဆောင်မှု သရုပ်ဖော်ရုပ်တုများ၊ ပန်းချီပုံများကို [ထ]ုလုပ်ရေးဆွဲထားသည်။

ရှေးဟောင်းနန်းတော်အတွင်းလှည့်လည်ကြည့်ရှုပြီးတော့ ဝန်းကျင်[က]ို လှေ့လာရန်ထွက်ခဲ့ကြသည်။ ရောင်စုံမိုမီဂျီပင်များက အုံအုံဆိုင်း[ဆ]ိုင်း ရှိနေသည်။ လမ်းဘေးတစ်ဘက်တစ်ချက်တွင် အစီအရီပေါက်[ရ]ောက်နေသဖြင့် ဖြာထွက်နေသော အချို့အကိုင်းအခက်တို့သည် [ခ]ေါင်းကိုပင် မလွတ်ချင်။

ထိုင်းမလေးကတော့ မိုမီဂျီကြက်သွေးရောင်အရွက်တစ်ရွက်ကို

သူမ၏ ဒစ်ဂျစ်တယ်ကင်မရာဖြင့် အနီးကပ် ဓာတ်ပုံရိုက်ယူနေသည်။ သူတို့၏ထိုင်းနိုင်ငံတွင် လည်း ၎င်းကဲ့သို့ သစ်ပင်သစ်ရွက် ဘယ်ရှိလိမ့်မလဲ။

"ဒီသစ်ပင်တွေက အုံ့အုံ့ဆိုင်းဆိုင်းနဲ့ သိပ်လှတာပဲနော်"လို့ ကိုမင်းက သစ်ပင်များကို ကြည့်ရင်းပြောတော့–

"စကားဝါတို့ နှစ်ယောက်အတူဓာတ်ပုံရိုက်ကြရအောင်လေ"တဲ့။

ပြောပြောဆိုဆို ဓာတ်ပုံရိုက်ရန်နောက်ခံကောင်းသည့် နေရာသို့ စကားဝါ ကိုမင်းကို ဆွဲခေါ်သွား၏။

"ဘယ်သူရိုက်ပေးမှာလဲ" မေးတော့–

"မစ္စတာကမ္ဘောဒီးယားကို အကူအညီတောင်းမယ်လေ"တဲ့။

မစ္စတာကန်ဆိုဖီရှန်ကို မစ္စတာကမ္ဘောဒီးယားတဲ့၊ ပြောပြောဆိုဆို မစ္စတာဖီရှန်က ကိုမင်းတို့အနားရောက်လာသဖြင့် ကိုမင်းက

"မစ္စတာဖီရှန် ဓာတ်ပုံရိုက်ပေးပါဦး" အကူအညီတောင်းလိုက်ရာ

"စုံတွဲပုံလား"တဲ့။

မစ္စတာဖီရှန်က နောက်သည်။ စကားဝါကတော့ ပြုံးနေပါသည်။

ထိုစဉ် မစ္စတူဖောင်း အနားသို့ရောက်လာပြီး

"မစ္စတာဖီရှန် ပြီးရင် ကျမကိုလဲ တစ်ပုံရိုက်ပေးနော်၊ မစ္စတာဦးကင်မရာနဲ့ တစ်ပုံရိုက်မယ်နော်၊ ပြီးရင် ဓာတ်ပုံပို့ပေးနော်"တဲ့။

မစ္စတူဖောင်းက ကင်မရာပါမလာသဖြင့် ကိုမင်းက မကြာခဏ ဓာတ်ပုံ ရိုက်ပေးနေကျဖြစ်သည်။ အခုလည်း အကူအညီတောင်းသလိုလို ပူဆာသလိုလိုဟန်နှင့် ပြောလိုက်ခြင်း ဖြစ်၏။

ကိုမင်း စကားဝါ့ကို လှည့်ကြည့်လိုက်တော့ သူမမျက်နှာတွင် ပြုံးရိပ်မတွေ့ရတော့။ မစ္စတူဖောင်းကို သဝန်တိုနေပြီလား–––။

"မစ္စတာဖီရှန် မစ္စတူဖောင်းကို ရိုက်ပေးလိုက်ပါဦး။"

– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –



အရင်က ကိုမင်းကိုယ်တိုင် မစ္စတူဖောင်းကို ရိုက်ပေးနေကျ။ အခုတော့ စကားဝါ မျက်နှာပျက်နေသည်ကို ကြည့်၍ မစ္စတာဖီရှန်ကို အကူအညီတောင်းလိုက်ခြင်း ဖြစ်၏။

ဓာတ်ပုံရိုက်ပြီးကြတော့ အဖွဲ့သားများ ကားပေါ်တက်ကာ ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေစာရင်းဝင် ရွှေကျောင်းတော်(The Golden pavilion Rokuon-ji-Temple)သို့ ထွက်လာခဲ့ကြသည်။

ရွှေကျောင်းတော်သည် တကယ်ပင် သုံးထပ်စလုံး ရွှေရောင်အတိပြီးသည်။ ရွှေကျောင်းတော်သည် ပန်းခြံကြီးတစ်ခုအတွင်း ရှိသည်။ ပန်းခြံကြီးအတွင်းဝင်ပြီး အဆောက်အဦးအချို့ကို ဖြတ်ကျော်အပြီးတွင် ရေကန်ကြီး တစ်ကန်ကို တွေ့ရသည်။ ရေကန်ကြီး၏ မြောက်ဘက်ရေပြင်ပေါ်တွင် ရွှေကျောင်းတော်ကြီး ရှိသည်။ ရွှေကျောင်းတော်ကြီးကို ရိုကွန်ဂျီဘုရားကျောင်း(Rokuon-ji-Temple)ဟုလည်းခေါ်သည်။ တတိယမြောက် မူရိုမာချိ(Muromachi) ဘုရင်လက်ထက်ခေတ်ရာစုတွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ကျောင်းတော်ရှိရာ ဥယျာဉ်ကြီးအတွင်း၌ကား နေရာအနှံ့တွင် မိုမိဂျိပင်များက ဖုံးလွှမ်းလျက်ရှိသည်။

ကိုမင်းတို့အဖွဲ့ ကျောင်းတော်ကြီးဝန်းကျင်တွင် ဟိုတစ်စုသည်တစ်စု အမှတ်တရဓာတ်ပုံရိုက်ကြပြီးနောက် ဥယျာဉ်အတွင်းလမ်းများအတိုင်း လှည့်လည်ကြည့်ရှုကြသည်။ ဥယျာဉ်အတွင်းကန်ငယ်အချို့တွင် အလှမွေးငါးများ မွေးထားသည်ကို တွေ့ရသည်။

စကားဝါတစ်ယောက် အလာကနှင့်မတူတော့၊ သူမဟုတ်သလို တက်ကြွရွှင်လန်းနေသည်။ ရွှေကျောင်းတော်ကြီးအကြောင်း ရှင်းပြနေသည်မှာလည်း မမောနိုင်အောင်ပင် ရှိတော့၏။

ပန်းခြံကအထွက် ဂိတ်ဝရှိ မိုမိဂျိပင်များ အုံ့အုံ့ဆိုင်းဆိုင်းအောက်တွင် အဖွဲ့သားများစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်တော့ စကားဝါက ကိုမင်း ပခုံးကို မှီလို့လေ...။

–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–

ဓာတ်ပုံရိုက်ပေးသူ ဆက်သွယ်ရေးအရာရှိ မစ္စတာဟီရိုကီက နောက်တစ်နေ့ ဓာတ်ပုံလာပေးလို့ ကြည့်တော့မှ အမယ် ကိုမင်းပခုံးကို မှီထားတဲ့ စကားဝါ့မျက်နှာက ကျေနပ်တဲ့အပြုံးနဲ့ပါလား---။

သူ့အပြုံးက တစ်ကယ်ချစ်စရာလေးပါ။

ကိုမင်း မနေနိုင်လို့ နှုတ်ကဖွင့်ပြောပြီး

"စကားဝါ့အပြုံးက ဓာတ်ပုံထဲမှာသိပ်လှတာပဲ၊ အပြင်မှာလဲ အမြဲတမ်းပြုံးနေရင် သိပ်ကောင်းမှာပဲ" လို့ ပြောလိုက်တော့-

စကားဝါက ဘာပြန်ပြောတယ်မှတ်လဲ

"အဲဒါကိုမင်း အပေါ်မူတည်တယ်လေ။ ကိုမင်းက စကားဝါ့ရဲ့ အပြုံးဖန်တီးရှင်လေ"တဲ့။

သည်အဓိပ္ပာယ်ကို ကိုမင်း ဘယ်လိုနားလည်ရမလဲ။ ရိုးရိုးလေးပင် ကိုမင်း တွေးလိုက်မိပါသည်။ အနေနီး၍ သံယောဇဉ်တွေ ငြိတွယ်နေခြင်းပေပဲဟု---။ ကိုမင်းကိုယ်တိုင် ယခုတိုင်မဝေခွဲနိုင် သည်ကတော့ စကားဝါ သူ့အပေါ် တွယ်ငြိနေသည်က ၅၂ရာလား- ၁၅၀ဝလား။ ကိုမင်း ဝေဝါးလို့ နေဆဲဖြစ်ပါသည်။

ရွှေကျောင်းတော်ကြီးကအပြန် ကိုမင်းတို့တစ်တွေ စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာအဖြစ် ပီဇာဝင် စားဖြစ်ကြသည်။ ပြီးနောက် အချိန်ရသေးသဖြင့် ကျိုတိုမြို့ စတိုးဆိုင်ကြီးတစ်ဆိုင်အတွင်း ဝင်ကြည့်ရာ မစ္စတူဖောင်းက ကင်မရာ တစ်လုံးလောက်ဝယ်ချင်သည် ဟုဆို၍ ကိုမင်း လိုက်ဝယ်ပေးခဲ့သေးသည်။

မွန်းလွဲပိုင်းတွင် တိုကျိုသို့ ပြန်ကြမည်။

မနက်ပိုင်းဟိုတယ်က ထွက်လာကတည်းက Check Out လုပ်ခဲ့ကြခြင်း ဖြစ်သည်။ ကားပေါ်တွင် ပစ္စည်းအားလုံး တင်ခဲ့ကြသည်။

ကျိုတိုဘူတာတွင် တိုကျိုသို့သွားမည့် ကျည်ဆန်ရထားကို စောင့်ကြသည်။





အလာခရီးတွင် တိုကျိုမှ ဟီရိုရှီးမားသို့ လေယာဉ်ဖြင့် လာခဲ့ သည်။ ဟီရိုရှီးမားမှ ကျိုတိုသို့ ကျည်ဆန်ရထားဖြင့် နောက်ကြောင်း ပြန်ခဲ့သည်။ ယခုထပ်မံ၍ ကျိုတိုမှ တိုကျိုသို့ နောက်ကြောင်း ထပ်ပြန်ခြင်း ဖြစ်သည်။ တကယ်တော့ ဟီရိုရှီးမားနှင့် တိုကျိုခရီး၏ အလယ်တွင် ကျိုတိုရှိနေခြင်း ဖြစ်၏။

ခရီးစဉ်အားလုံး ကျေနပ်ရပါသည်။ ဂျပန်ပြည်သားမိသားစုများ၏ ဖော်ရွေမှုများက အမှတ်ရစရာတွေပါ။ ကိုမင်းကတော့ စကားဝါနဲ့ ပတ်သက်လို့ အမှတ်ရစရာတွေ အများကြီးပါပဲ။ တစ်ခါတစ်ခါ တွေးမိသလို ဂျပန်ပြည်ရောက်ခဲ့ခြင်းဟာ အိပ်မက်ပမာ မဖြစ်ပါစေနဲ့လို့ ကိုမင်းဆုတောင်းနေမိသည်က အမှန်ပါ။

ကျိုတိုတွင် ဂျပန်အရက်ဆာကေး နာမည်ကြီးသည်ဟု ကိုမင်း ကြားဖူးသည်။ မြန်မာပြည်က မိတ်ဆွေများအတွက် အမှတ်တရ ဝယ်ချင်သဖြင့် စကားဝါ့ကို မေးကြည့်လိုက်တော့ ဘူတာရုံရှိ စတိုးဆိုင် များဆီသို့ ကိုမင်းကို ခေါ်သွား သည်။

ဟုတ်ပေသားပဲ။ စတိုးဆိုင်ကြီးအတွင်း ဂျပန်ဆာတေး အရက် မျိုးစုံကို ပုလင်းကြီး၊ ပုလင်းငယ်များဖြင့် တွေ့ရသည်။ ပုလင်းပုံစံက အမျိုးမျိုး။ ဓာတ်ပုံဖလင်လိပ်အရွယ်မှ ငါးလီတာပုလင်းအထိပင်ရှိသည်။

များများဝယ်လျှင် ဖန်ခွက်လှလှလေးများပင် လက်ဆောင်ပေး လိုက်သေး။

ကိုမင်း ဂျပန်ဆာကေးပုလင်းတစ်လီတာဝင် တစ်လုံး ယန်း ၁၅၀ဝ၊ လီတာဝက်ဝင်တစ်ပုလင်းကို ၅ရာဖြင့် သုံးလုံးစီဝယ်ပြီးတော့ စကားဝါက "ရထားချိန်နီးပြီ သွားရအောင်"တဲ့လေ။

ဂျပန်စံတော်ချိန် ၄နာရီ ၃၅မိနစ်တွင် ကျိုတိုဘူတာသို့ ကိုမင်း တို့စီးမည့် ကျည်ဆန်ရထားဆိုက်လာသည်။ ဘူတာတွင် သိပ်ကြာ

ကြာတော့မရပ်။ ခရီးသည် အားလုံးတက်ပြီးသည်နှင့် တွဲအားလုံး အတက်အဆင်းတံခါးများ အလိုအလျောက်ပိတ်ကာ ခရီးစတင်တော့သည်။

ရထားစထွက်ပြီ။ ဖြေးဖြေးနှင့် မှန်မှန်ဖြစ်၏။ ခဏအကြာ ရထား အရှိန် မြင့်လာသည်။ မကြာမီ တွဲထိပ်နံရံပေါ်တွင် စာတန်းပေါ်လာ၏။

တစ်နာရီ ကီလိုမီတာ ၃၀၀ နှုန်းခုတ်မောင်းမည်ဟူသည့် စာသား---။

ဝန်းကျင်ကို ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းဆီမှ အဆောက် အအုံများ၊ အချို့နေရာများတွင် လယ်ကွင်းများ၊ အချို့စက်ရုံများ ရိပ်ကနဲရိပ်ကနဲ ကျန်ခဲ့သည်ကို တွေ့ရ၏။

ရထားက မြန်လွန်းသည်ဆိုသော်လည်း တည်ငြိမ် ငြိမ့်ညောင်း မှုရှိ၏။

ညနေ ၅နာရီ ၁၅တွင် နဂိုယာမြို့ကို ဖြတ်သည်။ ၎င်းဘူတာတွင် ရပ်နားခြင်းကားမရှိ။ ထို့နောက် ၅နာရီ ၄၅တွင် ဟိုကိုင်းဒိုး၊ ၆နာရီ ၅မိနစ်တွင် ရှီဂူကာ၊ ၆နာရီ ၃၇မိနစ်တွင် အာတာမီ၊ ၇နာရီ၁၀မိနစ် တွင် ရှီနာဂါဝါ မြို့များကို အသီးသီးဖြတ်ကျော်ပြီး ညနေ ၇နာရီ ၁၃ မိနစ်တွင် တိုကျိုဘူတာသို့ ဆိုက်သည်။ ကျိုတိုနှင့် တိုကျိုခရီးကား နှစ်နာရီခွဲကျော်ခန့်သာကြာသည်။

တိုကျိုဘူတာတွင် အားလုံးဆင်းကြတော့ အပြင်တွင် မိုးဖွဲဖွဲ ကျနေသည်ကို တွေ့ရ၏။

ဘူတာအပြင်အထွက်တွင် စကားဝါက ထီးဖွင့်ပြီး အနားရောက် လာသည်။ ''ကိုမင်း မိုးရွာနေတယ် ထီးထဲဝင်လေ'' ဟုဆိုကာ အနားသို့ တိုးလာ၏။

''ကားလာမကြိုဘူးလား''





အဖွဲ့သားများ ပစ္စည်းများဖြင့် စုစုရုံးရုံးဖြစ်နေစဉ် ကိုမင်းက မေးလိုက်ခြင်း ဖြစ်၏။

''လာမကြိုဘူး တက္ကစီနဲ့ပဲ ဟိုတယ်ကို ပြန်ကြမယ်။ မစ္စတာ ဟီရိုကီ- ဟောဟိုမှာ တက္ကစီငှားဖို့လုပ် နေတယ်-''

လူက ၁၂ ယောက်။ တစ်စီးကို သုံးယောက်ဆိုတော့ အားလုံး လေးစီးငှားမှ လောက်ပေမည်။

ကတ္တရာလမ်းပေါ်တွင် မိုးများဖြင့် ချော်နေသည်။ တက္ကစီတစ်စီး ဆိုက်လာတော့ ကိုမင်း၊ စကားဝါနှင့် မစ္စတူဖောင်းတို့ တက်ကြသည်။ စကားဝါတစ်ယောက် လက်တစ်ဘက်က ပစ္စည်းအချို့ကိုဆွဲရင်း လက်တစ်ဘက်ကလည်း ထီးမိုးလျက်ကားဆီသို့ အသွားတွင် ရုတ် တရက်ချော်လဲမလိုဖြစ်သဖြင့် ကိုမင်းက စကားဝါလက်မောင်းတစ်ဘက် ကို ဖမ်းထိမ်းလိုက်၏။ သို့သော် စကားဝါ ခန္ဓာကိုယ်က ဟန်ချက်မမိဘဲ လည်ဆင်းသွားသဖြင့် ကိုမင်းက ကျန်လက်တစ်ဘက်ဖြင့် ပွေ့သိုင်း ဆွဲယူလိုက်၏။

စကားဝါ့ခန္ဓာကိုယ်လေး အလိုက်သင့်ပါလာသည်။ ကိုမင်း ရင်ခွင်ထဲ ပွေ့မိရက်သားဖြစ်နေပြီ၊ စကားဝါလက် တစ်ဖက်က ကိုင်ထား သော ထီးကလည်း လွတ်ထွက်သွားကာ သူတို့နှစ်ဦးပေါ်သို့ အုပ်မိ လျက်သားဖြစ်နေ၏။ ကားခေါင်းခန်းသို့တက်ဟန်ပြင်သော မစ္စတူဖောင်း က ထိုမြင်ကွင်းကြောင့် အထိတ်တလန့်ဖြစ်ကာ ''ဟယ်''ဟု နှုတ်မှ ထွက်သွားသည်။

သို့သော် ကိုမင်းနှင့် စကားဝါတို့၏ နှုတ်ကဘာသံမျှ မထွက်နိုင် ဘဲ နှစ်ဦးသားရင်ထဲမှာတော့ နွေးကနဲဖြစ်ကာ ရင်ခုန်သံတို့ မြန်ခဲ့ရ ပြီလေ...။

* * *

## အခန်း (၁၅)

နိုဝင်ဘာ ၂၆ ရက်...။

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးနေသည်မှာ မြန်လွန်းလှသည်ဟု ကိုမင်း ထင်နေမိသည်။

မကြာမီ ဂျပန်ပြည်မှ ကိုမင်းပြန်လည်ထွက်ခွာရတော့မည်။

ဂျပန်ပြည် ခရီးစဉ်သည် အချိန်ကြာလာသည်နှင့်အမျှ ဝေဝါးပျောက် ကွယ်သွားမည်လား----။

တကယ်တော့ ကိုမင်း၏ရင်တွင် ဂျပန်ခရီးစဉ်နှင့်ပတ်သက်၍ အမှတ်တရ များစွာရှိနေခဲ့ပါပြီ။ အဆိုပါအမှတ် တရများစွာထဲက မမေ့နိုင်စရာ တစ်သက်တာ အသည်းမှာ စွဲထင်ကျန်ရစ်နေမည့် အကြောင်းအရာများကား စကားဝါနှင့် ပတ်သက်သည်များ---။

"တီ--တီ---တီ"

ဟိုတယ်အခန်းမှ ဘဲလ်သံကြား၍ ကိုမင်းအခန်း တခါးဖွင့်ကြည့်လိုက်၏။

"ဟင်-စကားဝါ"

လှပစွာ ဝတ်စားပြင်ဆင်ထားသော စကားဝါ။ သည်နေ့ညနေတွင် ယဉ်ကျေးမှုတေးဂီတပွဲ ကြည့်ကြမည်။ အချိန်က ညနေ၃နာရီ။ အင်း- အခုမှ မွန်းတည့် ၁၂ နာရီပင် မထိုးသေး။





"ကိုမင်း- ဘာကြည့်တာလဲ- ဧည့်သည်ကို အခန်းထဲခေါ်ဦးလေ..."

အသားလေးဝင်းဝါဝါနှင့် လိုက်ဖက်သော အထက်အောက်နံ့သာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မြန်မာဆန်ဆန် လှချင်တိုင်းလှနေသည့် စကားဝါကို ကိုမင်းတအံ့တသြငေးကြည့်နေမိခြင်း ဖြစ်၏။

"အော်-စကားဝါ အစောကြီးပါလား ကပွဲကညနေ၃နာရီမှဆို..."

"ကိုမင်းနဲ့ ရတဲ့အချိန်လေးမှာ အတူနေချင်လို့၊ အခုကိုမင်း ထမင်းမစားရ သေးဘူး မဟုတ်လား၊ လာလေထမင်း သွားစားရအောင်၊ ပြီးတော့ မြို့တစ်ပတ် လျှောက်လည်ကြတော့ပေါ့၊ စကားဝါထမင်း ယူလာတယ်၊ ဒီနေ့က ရုံးပိတ် ရက်ဆိုတော့ မြို့ထဲကို အပန်းဖြေ ထွက်တဲ့လူတွေနဲ့ အရမ်းစည်တယ်"

ပြောရင်း စကားဝါ အခန်းထဲဝင်လာသည်။

"ဟို-ကိုမင်း ရေမချိုးရသေးဘူး။ ဒီနေ့ မနက်ခရီးစဉ်မရှိတာနဲ့ အိပ်ရာထ နည်းနည်းနောက်ကျသွားတယ်"

ကိုမင်း ပြောချင်သည်က "ရေချိုးပြီး ဆင်းလာခဲ့မယ်၊ လော်ဘီ ထဲမှာ စောင့်ပါလား စကားဝါရယ်" ဟူသည့် စကား။

တကယ်တော့ သူ့နှုတ်က ပြောမထွက်။ "နှင်ရက်လေသည်"ဟု စကားဝါ စိတ်ထဲတွင် မထင်ရစ်စေချင်။ နှစ်ယောက်ထဲ အခန်းထဲတွင် ရှိမနေသင့်သည်ကတော့ အမှန်။

"ရေချိုးလေ- စကားဝါစောင့်မှာပေါ့"တဲ့။

အခန်းရှိ မှန်တင်ခုံရှေ့တွင် ဝင်ထိုင်ရင်း စကားဝါက ပြောသည်။

စကားဝါ့ ကိုယ်က ကိုယ်သင်းရနံ့က အခန်းတွင်းလွှင့်ပျံ့လို့နေ၏။ ဟိုတယ် ခန်းကလည်း ကျဉ်းသည်။ကုတင်နှင့် မှန်တင်ခုံကြားလမ်းသည်ပင် လူနှစ်ယောက် ရှောင်နိုင်ရန်ခက်သည်။

ကုတင်ပေါ်တွင် ကိုမင်း၏ အဝတ်အစားများက ပြန့်ကျဲနေသည်။ သေတ္တာကလည်း ကုတင်ပေါ်တွင် ပွင့်လျက်သား။

ကိုမင်း ရေချိုးခန်းဝင်တော့ ကုတင်ပေါ် ပြန့်ကျဲနေသည့် အဝတ်အစားများကို စကားဝါခေါက်သိမ်းနေမိသည်။ ပြီးနောက် ကိုမင်း ရေချိုးပြီးလျှင် ဝတ်မည့်အဝတ် အစားများကို သေတ္တာထဲမှ ရွေးထုတ်ပေးရန် စဉ်းစားမိသည်။ ခေါက်ပြီးသား အဝတ်အစားများကို သေတ္တာထဲ အစီအရီထည့်ရင်း ကိုမင်းနှင့် ပိုလိုက်မည့် အင်္ကျီကိုရွေးနေစဉ် အမှတ်မထင် ကိုမင်း၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို တွေ့လိုက်မိ၏။

ပိုင်ရှင်မသိဘဲ ယူကိုင်ကြည့်ခွင့်မရှိသည်ကို စကားဝါသိပေမင့် ထိုစာအုပ်ကို ယူကြည့်ချင်သည့်စိတ်များ တဖွားဖွား ပေါ်လာသည်။ စကားဝါ လေးစားရသော၊ စကားဝါ မြတ်နိုးရသော ကိုမင်းအကြောင်းကို စိတ်ဝင်စားနေမိ၏။

ရုတ်ခြည်းပင် စာအုပ်ကို ကောက်ယူကာ လှန်လှောကြည့်နေမိ၏။ စာအုပ် စာမျက်နှာများပေါ်တွင် ဂျပန်ပြည်ရောက် ခရီးစဉ်များအကြောင်း၊ ပြီးနောက် အာဆီယံ မိတ်ဆွေများအကြောင်း၊ အဲတစ်နေရာတွင်မတော့–

မနေ့က နေ့စွဲဖြင့် စကားဝါနှင့် ကိုမင်းတို့အကြောင်း...။

"မိုးဖွဲဖွဲဖြင့် ပြင်ပတွင် အေးနေသော်လည်း တိုကျိုဘူတာအရောက် အငှားယာဉ်ပေါ်အတက် စကားဝါ ရုတ်တရက် ချော်အလဲ မမျှော်လင့်ဘဲ ရင်ခွင်ထဲရောက်လာသော စကားဝါ့ကိုယ်လုံးလေးက နွေးကနဲ၊ ရင်ထဲမှာတော့ သွေးခုန်နှုန်း မြန်လွန်းလှသည်ဟု ခံစားမိသည်။ စကားဝါ့ကို ချစ်နေမိပြီလား။ သေချာသည်ကတော့ စကားဝါ့ကို တွေ့ရရင်၊ စကားဝါနဲ့စကားပြောနေရရင် ပျော်နေသည်ပဲလေ၊ ဒါကို "အချစ်"ဟူ၍ ဆိုစေဦးတော့ စကားဝါက တစ်ပြည်သူဖြစ်နေပြန်တော့





'ချစ်တယ်'ဆိုတဲ့စကားကို ရင်ထဲမှာ သိမ်းထားလိုက်တာက အကောင်းဆုံး ပါပဲလေ။"ဟူသော စာသားများ...။

စကားဝါ့ရင်ထဲ "လှပ်"ကနဲ ဖြစ်သွားသည်။ အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ ရင်ထဲလှိုက်၍ တက်လာ၏။ မှတ်တမ်းစာအုပ်လက်ထဲမှ "ဘုတ်ကနဲ "ပြုတ်ကျသွားသည်။ ပြီးနောက် စာအုပ်ကို အသာကောက်ကာ သူ့နေရာတွင် ပြန်ထားလိုက်ပြီး ကုတင်ပေါ်တွင် မှင်တက်စွာထိုင်နေမိသည်။ အတွေးတို့က ကြည်နူးခြင်း၊ ဝမ်းသာခြင်းများစွာဖြင့်...။

"စကားဝါ ပျင်းနေပြီလား၊ ကိုမင်း အဝတ်အစားလဲလိုက်ဦးမယ်။"

ရေချိုးခန်းမှအထွက် ကိုမင်းပြောလိုက်မှ စကားဝါ သတိဝင်လာပြီး–

"အော် ဒါဆို၊ စကားဝါ လော်ဘီထဲက စောင့်နေမယ်လေ" ဟုဆိုကာ အခန်းထဲမှ လှစ်ကနဲ ထွက်သွားသည်။

"ရေချိုးလေ၊ စကားဝါစောင့်နေမှာပေါ့" ဟုဆိုခဲ့ပြီးမှ ယခုတော့ အသော့ကလေး ပြေးထွက်သွားပါပေါ့လား။

ထူးတော့ထူးနေသည်ဟု ကိုမင်း တွေးလိုက်မိ၏။

ခုတင်ပေါ်တွင် အဝတ်အစားတစ်စုံကို တွေ့လိုက်ရသည်။ စကားဝါ ထုတ်ပေးထားခြင်းဖြစ်မည်ဟု တွေးလိုက်မိပြီး ကိုမင်း ယူဝတ်လိုက်သည်။

ယခု မွန်းတည့် ၁၂ နာရီကျော်ကျော်ပင် ရှိသေးသည်။ ညနေကပွဲက ၃နာရီမှဆိုတော့ ကြားတွင် သုံးနာရီခန့် အချိန်ရသေးသည်။ သုံးနာရီအတွင်း စကားဝါ သူ့ကို တိုကျိုမြို့၏ အလှအပနေရာများဆီသို့ ခေါ်သွားမည်ဟု ထင်သည်။ တစ်ကယ်တော့ ကိုမင်းအတွက်

တိုကျိုမြို့၏ အလှအပသည် စကားဝါဟူသော မိန်းကလေးဖြစ်ကြောင်း စကားဝါတစ်ယောက် သိခဲ့ပါလျှင်...။

* * *

အဖွဲ့သားများ မရောက်မီ ဂင်ဇာရပ်ကွက်ရှိ ကာဘူကီဇာ ဇာတ်ရုံကြီးသို့ စကားဝါတို့နှစ်ဦး အရင်ရောက်လာသည်။

ကျန်အဖွဲ့သားများကို ညနေ ၃နာရီထိုးခါနီးမှ မစ္စတာဟီရိုကီ ခေါ်လာမည်ဖြစ်သည်။ စကားဝါက ရုံဝင်လက်မှတ် ဖြတ်ရန် ကြိုတင်ရောက်ရှိလာခြင်း ဖြစ်၏။

အာဆီယံ–ဂျပန် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် ဂျပန်နိုင်ငံ၏ နာမည်ကြီးရိုးရာတေးဂီတအဖွဲ့က အဆိုပါဇာတ်ရုံကြီး၌ ဖျော်ဖြေမည် ဖြစ်သည်။

တေးဂီတအဖွဲ့အမည်က ရော့ကာဆန်(Rokkasen)တေးဂီတ အဖွဲ့။

ထိုအဖွဲ့သည် ကမ္ဘာ့နိုင်ငံအနှံ့လှည့်လည်ဖျော်ဖြေနေသည့်အပြင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်လည်း လာရောက် ဖျော်ဖြေခဲ့ဖူးသည့် အဖွဲ့ဖြစ်သည်။

ရော့ကာဆန် ဂျပန်ရိုးရာတေးဂီတအဖွဲ့ကို ၁၉၉၂ ခုနှစ်က စတင်ဖွဲ့စည်းပြီး အဖွဲ့ခေါင်းဆောင်မှာ မစ္စတာ ရှိရှိယူကီကိုဇူဖြစ်သည်။

တေးဂီတပွဲမစမီ ဆက်သွယ်ရေးအရာရှိ မစ္စတာ ဟီရိုကီက အဖွဲ့သားများကို တေးဂီတအဖွဲ့ခေါင်းဆောင်နှင့် မိတ်ဆက်ပေးမည်ဟု ဆိုကာ ဇာတ်ရုံ အနောက်ဘက်သို့ ခေါ်သွား၏။

နောက်ဘက်ခန်းထဲရောက်တော့ အခန်းတွင်းရှိစင်များပေါ်တွင် မြန်မာ့စောင်း ၁၁လက် အစီအရီတင်ထားသည်ကို ကိုမင်းသတိထား မိလိုက်သည်။





အခန်းထဲဝင်မိသည်နှင့် တေးဂီတအဖွဲ့ခေါင်းဆောင် မစ္စတာ ကီကိုဇူက အားရဝမ်းသာ နေရာထိုင်ခင်းပေးသည်။

နေရာယူထိုင်လိုက်ကြပြီးသည်နှင့် မစ္စတာကီကိုဇူက

"အားလုံးကို တွေ့ရတာဝမ်းသာပါတယ်။ ဒါနဲ့ မြန်မာပြည်က ဧည့်သည်များ မပါဘူးလား"

တေးဂီတအဖွဲ့ခေါင်းဆောင်က မြန်မာပြည်က ဧည့်သည်ကို စုံမေးသည်။

"ကျွန်တော်ပါ မြန်မာပြည်ကပါ "

ကိုမင်းထံ၌ မိတ်ဆက်ရင်း Name Card ပေးလိုက်တော့ မစ္စတာ ကီကိုဇူက အားရဝမ်းသာဖြင့်–

"တွေ့ရတာဝမ်းသာတယ် မစ္စတာမင်းဝေလှိုင်၊ ကျုပ်တို့ မြန်မာ ပြည်မှာဖျော်ဖြေဖူးတယ်။ မြန်မာပြည်ကသိပ်လှတာပဲ၊ သာယာအေးချမ်း မှုလဲရှိတယ်၊ မြန်မာပြည်က ပြန်ရောက်ပြီး မြန်မာပြည်ကို လွမ်းနေတာ၊ တွေ့ရတာဝမ်းသာတယ်။ ဟောဟိုက စောင်းတူရိယာတွေကို မြန်မာ ပြည်ကဝယ်ခဲ့တာ၊ ကျုပ်တို့အဖွဲ့မှာ စောင်းကို မြတ်မြတ်နိုးနိုး တီးနေကြ ပြီဗျ"

မစ္စတာ ကီကိုဇူက ကိုမင်းကို မတွေ့ရတာကြာပြီဖြစ်သော မိတ်ဆွေတစ်ယောက်ပမာ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်နေ၏။ မြန်မာ့ စောင်းကိုအကြောင်း ပြု၍ မြန်မာပြည်ဂုဏ်တက်ခြင်းအတွက် ကိုမင်း အားရကျေနပ်ရပါသည်။

ပြီးနောက် ကိုမင်းတို့အဖွဲ့ဇာတ်ရုံထဲ ဝင်ခဲ့ကြသည်။

မကြာမီ အခမ်းအနား အစီအစဉ်ကို စသည်။

အခမ်းအနားမှူးက ဂျပန်ဘာသာဖြင့် မိတ်ဆက်စကားပြောတော့ ကိုမင်းက နားမလည်။ ဒါပေမဲ့ ဟန်ကျပါသည် စကားဝါက အနား

တွင် ဘာသာပြန်ပေးနေ၏။

ဖျော်ဖြေပွဲအစတွင် ဂျပန်ရိုးရာတူရိယာများဖြင့် ဂျပန်လုံမပျိုများက ဖျော်ဖြေသည်။ ထိုတေးဂီတအဖွဲ့၏ ထူးခြားချက်မှာ အမျိုးသမီး တူရိယာပညာရှင် အများစုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ပြီးနောက် အာဆီယံနိုင်ငံများအလိုက် တေးဂီတဖျော်ဖြေမှုများကို ဆက်လက် တင်ဆက်သည်။

မြန်မာတူရိယာဖြင့် တီးခတ်ဖျော်ဖြေခန်းတွင်မတော့ အစီအစဉ် ကြေညာပြီး မကြာခင် ဇာတ်စင်ထောင့်က တိုက်ပုံအင်္ကျီအဖြူ၊ အစိမ်း နုရောင်ခေါင်းပေါင်း၊ အစိမ်းရောင်ပိုးပုဆိုးဖြင့် အမျိုးသားတစ်ဦး စောင်းပိုက်ကာထွက်လာသည်။ ပြီးနောက် အနီရောင်ကတ္တီပါ ခင်းခုံမြင့် ပေါ်တွင် စောင်းပိုက်ကာ ထိုင်လိုက်၏။

စောင်းသံတစ်ချက်နှစ်ချက်တီးခတ်လိုက်၏။

ပရိသတ်များ ငြိမ်ကျသွားသည်။ ထိုအချိန်တွင် ဂျပန်အမျိုး သမီးတစ်ဦး စင်ရှေ့သို့ထွက်လာပြီး မြန်မာ့စောင်းအကြောင်း သိကောင်း စရာများကို ရှင်းပြနေတော့သည်။ ငြိမ့်ညောင်းသော စောင်းသံကမူ နောက်ခံလျက်။

ဂျပန်ပျိုဖြူ၏ မိတ်ဆက်အပြီး စောင်းသံက မြင့်တက်လာသည်။ ဇာတ်ရုံ တစ်ခုလုံး စောင်းသံတို့လွှမ်းခြုံသွား သည်။ ပရိသတ်များက ငြိမ်သက်စွာ နားစွင့်နေကြ၏။ ထိုစောင်းသံမျိုး ကိုမင်းမကြားရသည်မှာ ကြာခဲ့ပြီ။ ယနေ့ကြားရသော စောင်းသံသည်ပင် ပို၍နားဝင်ချိုနေ သည်လားမသိ။

စောင်းသံနောက်ခံတီးလုံး၏ တေးသွားသံစဉ်က 'ကောင်းခြင်း မင်္ဂလာ' တေးသံသာ...။

စောင်းသံက တိုးညှင်းစွာအဝင်...။





ပြီးတော့ စောင်းသံစဉ်အရပ်။

ပရိသတ်ဆီမှ တခဲနက်သော လက်ခုပ်သြဘာသံတို့က အားပါး တရ ပေါ်ထွက်လာသည်။

ကိုမင်းကြည်နူးလိုက်သည်ဖြစ်ခြင်း။ မြန်မာတစ်ယောက်ဖြစ်သည့် ကိုမင်း အတွက် အားရမှု ကျေနပ်မှုတို့က နက်ရှိုင်းလှ၍ နေပါတော့သည်။

မဆိုင်းမတွဆိုသလိုပဲ အနားတွင်ထိုင်နေကြသော အာဆီယံ မိတ်ဆွေများက ကိုမင်းကို 'မြန်မာကွ' ဟု ဆိုကာ လက်မထောင်ရင်း လှမ်း၍ မိတ်ဆက်နေကြတော့၏။

စောင်းတီးခတ်သူက မြန်မာပြည်က သီးသန့်ဖိတ်ကြားထားသည့် ယဉ်ကျေးမှုတက္ကသိုလ်က စောင်းပညာရှင် ကထိက ဦးစောဝင်းဖြစ်၏။

သည်နောက် နောက်ဆုံးအထူးအစီအစဉ်တစ်ခုအဖြစ် ဖျော်ဖြေ ရန်ရှိသည်ဟု အစီအစဉ်ကြေညာသူကဆိုလာ ပြန်သည်။

'မြန်မာစောင်းများဖြင့် ဂျပန်လုံမပျိုတို့၏ တီးခတ်ဟန်' အစီ အစဉ်ဖြစ်ကြောင်း သိလိုက်ရ၏။

ဂျပန်လုံမပျို ၁၁ ဦး စင်ရှေ့သို့ စောင်းကိုယ်စီပိုက်၍ ထွက်လာ ကြသည်။ သတ်မှတ်ထိုင်ခုံအသီးသီးတွင် နေရာယူပြီးနောက် စောင်းများ ကို ပေါင်ပေါ်တွင် တင်လိုက်ကြ၏။

ပြီးနောက် ဂျပန်ရိုးရာတေးသီချင်းတစ်ပုဒ်ကို စောင်းလက်သံဖြင့် သံပြိုင် တီးခတ်ဖျော်ဖြေတော့သည်။

ပရိသတ်များမှာ အားရပါးရ ထပ်မံအားပေးကြတော့၏။ စောင်းသံ စဲသည်နှင့် အားပေးကြသော ပရိသတ်တို့၏ လက်ခုပ်သံတို့သည် ရုံပွင့်မတတ်ပင်ရှိမည်ဟု ကိုမင်းပီတိအဟုန်ဖြင့် ရင်ခုန်လှုပ်ရှား ခံစား လိုက်မိသည်။

ခဏအကြာ လက်ခုပ်သံများ ငြိမ်ကျသွားပြီး ပရိသတ်များ

စောင်းသံကို အာရုံစူးစိုက်နားထောင်နေကြသည်။

ပြီးနောက် မြန်မာ့စောင်းသံအဆုံး၊ စောင်းသံအရပ်ပွဲပြီး မီးအဖွင့်နှင့်အတူ ပရိသတ်တို့၏ လက်ခုပ်သံများ ထပ်မံပေါ်ထွက်လာသည်။

အာဆီယံမိတ်ဆွေများထံကလည်း အဲဒါ 'မြန်မာ့အင်စရူးမင့်' ကွဟု အားပါးတရအော်ရင်း ကိုမင်းထံလျှောက်လာကာ ဂုဏ်ပြုနှုတ်ဆက်ကြနေတော့သည်။

ထိုအချိန်တွင် အဖွဲ့ဝင်တစ်ဦးက အင်္ဂလိပ်ဘာသာဖြင့် လှမ်းအော်မေးလိုက်သည်က –

"မစ္စတာဦး အဲဒီ တူရိယာရဲ့ အမည်ကဘာလဲ" တဲ့–။

"အဲဒါ မြန်မာ့ဟတ်ပ်–မြန်မာစောင်းလေ၊ မြန်မာ့စောင်းပေါ့"ဟု အားပါတရ ခံပေါက်ဖြေလိုက်သူက မြန်မာပြည်ကိုချစ်သော ဂျပန်သူလေး စကားဝါရယ်ပါ။

တေးဂီတပွဲပြီးတော့ ညနေစောင်းပြီ။

ကာဘူကီဇာဇာတ်ရုံထဲက စောင်းသံများသည် နောက်က တကောက်ကောက် လိုက်ပါနေသည်ဟု ကိုမင်းခံစား ရသည်။ ကိုမင်းနားထဲတွင် စောင်းသံတို့က သာယာနာပျော်ဖွယ်ရိုက်ခတ်နေဆဲ။

အဲ…သဲနေသူကတော့ ဂျပန်သူလေး စကားဝါပါပဲ။

သူ့အိမ်မှာရှိနေသည့် မြန်မာစောင်းအကြောင်း အဖွဲ့သားများကို ရေပတ်မဝင် ကြွားပြောပြောနေသည်မှာလည်း အားမရနိုင်အောင်ပါပဲ…။

စကားဝါ့ကိုကြည့်ပြီး သည်အပျော်လေးတွေ၊ တစ်နည်းဆိုရသော် စကားဝါနှင့်အတူ တစ်ခရီးတည်းသွားစဉ် တွေ့ကြုံခံစားရသည့် အပျော်လေးတွေ ထာဝရ ဖြစ်တည်ခံစားရပါစေဟု ဆုတောင်းနေမိသည်





မှာလည်း ကိုမင်းရင်ထဲ အခါခါပါပဲ…။

"ကိုမင်း– ဟိုတယ်ပြန်ရောက်တော့မယ်လေ၊ ဘာတွေစဉ်းစားနေတာလဲ"

"တာနိုရှီခတ်တဒီဆု– စကားဝါ"

"ဟင်– သိပ်ပျော်တာပဲ ဟုတ်လား၊ အဲဒါ ကိုမင်းရဲ့ တတိယ ဂျပန်စကားလုံးပေါ့ ဟုတ်လား"

ကိုမင်း ရင်ထဲက စကားကို ဂျပန်ဘာသာဖြင့်ဖွင့်ဟပြောကြားလိုက်မိ၏။

"ဟုတ်တယ်စကားဝါ၊ ဒီစကားဟာ ကိုမင်းရင်ထဲက ပွင့်ထွက်လာတဲ့ စကားပါ၊ စကားဝါနဲ့ ခုလိုသွားလာနေရတာဟာ ကိုမင်းအတွက် ရင်နဲ့အမျှ ပျော်ရွှင်ကြည်နူးရတယ် စကားဝါ"

ထိုစဉ်ခဏ စကားဝါ၏ ကြည်နူးရိပ်ဖြာနေသောမျက်ဝန်းနှင့်အတူ အပြုံး မျက်နှာလေးကို ကိုမင်း တွေ့လိုက်ရပါသည်။

* * *

## အခန်း (၁၆)

နိုဝင်ဘာ ၂၇ ရက် ညနေခင်း...။

ယနေ့မနက်ပိုင်းက တိုကျိုမြို့ အန်းနားဟိုတယ်( ANA HOTEL)တွင် ကျင်းပသည့် အာရှ–ပစိဖိတ်နိုင်ငံများမှ သတင်းစာဆရာများ၏ တွေ့ဆုံဆွေးနွေး ပွဲသို့ အဖွဲ့သားများ တက်ရောက်ခဲ့ကြသည်။

အာရှ–ပစိဖိတ်နိုင်ငံများမှ သတင်းစာဆရာအဖွဲ့များနှင့်အတူ ဂျပန်နိုင်ငံမှ ဌာနေသတင်းစာဆရာများ တက်ရောက်ကြသည်။ သတင်းစာဆရာဦးရေ စုစုပေါင်း ၂၀၀ ခန့်ပင် ရှိမည်ထင်သည်။

သတင်းစာဆရာများ တွေ့ဆုံဆွေးနွေးပွဲကို လွန်ခဲ့သည့် သုံးရက်ကပင် ကျင်းပခဲ့ခြင်း ဖြစ်၏။ ကိုမင်းတို့အဖွဲ့က လေ့လာသူများအဖြစ် ယခုနောက်ဆုံးရက်တွင် တက်ရောက်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ယနေ့ညတွင် တွေ့ဆုံဆွေးနွေးပွဲ အမှတ်တရအဖြစ် အန်းနားဟိုတယ်တွင်ပင် ညစာစားပွဲ ကျင်းပမည် ဖြစ်သည်။ ကိုမင်းတို့အဖွဲ့ တက်ရောက်ကြရမည် ဖြစ်၏။

တည်းခိုရာ ရှင်ကျူကုဝါရှင်တန်ဟိုတယ်မှ ထွက်လာတော့ ညနေစောင်းပြီ။





တိုကျို စံတော်ချိန် ညနေ ၆ နာရီ...။

တိုကျို၏ ညနေခင်းသည် လှပနေသည်။ နေလုံးကြီး အနောက်ဆီသို့အဝင် မြင့်မားသော တိုက်များအကြား ဖြာဆင်းနေသည့် နေရောင်ခြည်တန်းတို့က တိုကျို၏ ညနေခင်းကို ပို၍ လှသွားစေသည်လား...။

တိုကျိုမြို့လမ်းမများဆီမှာတော့ မြို့သူမြို့သားများ ပျားပန်းခတ်မျှ သွားလာနေကြ၏။ လမ်းမများပေါ်တွင် လူအများ စည်ကားနေကြသည်။ စတိုးဆိုင်အကြီးအငယ်များတွင်လည်း ရောင်းသူဝယ်သူများဖြင့် ပြည့်နေသည်။

မီးပွိုင့်များတွင် လမ်းဖြတ်ကူးရန် စောင့်နေကြသူများ၊ မီးပွိုင့်များ အရောက် အရှိန်လျော့၍ မောင်းနေသော ကားကြီး၊ ကားငယ်များကို တွေ့နေရ၏။ ကားကြီး၊ ကားငယ်ဟုဆိုသော်လည်း အများစုမှာ ကားငယ်များ၊ ဆလွန်းကားများသာ ဖြစ်ကြ၏။ အငှားယာဉ်များ ပို၍များသည်ဟုပင် ထင်ရသည်။

အချို့ စတိုးဆိုင်ကြီးများ၊ အဆောက်အဦးကြီးများရှိ ကြော်ငြာဘုတ်များတွင်ပင် နီယွန်ရောင်စုံမီးများကို ထွန်းညှိထားကြပြီ။

"ကိုမင်း အန်းနားဟိုတယ်ကို ရောက်တော့မယ်"

စကားဝါ ·သတိပေးလိုက်တော့မှ ရှေ့ဆီသို့ မျှော်၍ ကြည့်လိုက်မိ၏။ ဟုတ်ပေသားပဲ။ အဆောက်အအုံ မြင့်မြင့် ဖိုတယ်ကြီးတစ်ခု၊ အန်းနားဟိုတယ်( ANA HOTEL )တဲ့။

လမ်းခရီးတစ်လျှောက် အနီးမြင်ကွင်းများကို အာရုံခံစားရင်း တိုကျိုမြို့နှင့် ဂျပန်သူလေးစကားဝါကို ခွဲခွာရမည့်အရေး တွေးနေမိသည်က အမှန်ပါ။

မနက်ဖြန်ဆိုလျှင် ဂျပန်နိုင်ငံကြီးဆီမှ ကိုမင်း ထွက်ခွာရပေတော့မည်။

ကိုမင်း ဂျပန်ကို ရောက်ခဲ့သည်မှာ ယနေ့ညနှင့်ပါဆိုလျှင် ၁၁ ညမြောက် ရှိခဲ့ပြီ။

တစ်နည်းအားဖြင့်ဆိုရသော် ကိုမင်းဂျပန်တွင် တစ်ဆယ့်တစ်ည နေခွင့်ရခဲ့သည်။ နိုဝင်ဘာ ၁၇ရက်က ဂျပန်သို့ရောက်ခဲ့သည်။ နိုဝင်ဘာ ၂၈ရက်တွင် ပြန်လည်ထွက်ခွာရမည်။ Eleven Night in Japan ဟုဆိုရမည်လား...။

တစ်ဆယ့်တစ်ညတာကာလမှာ ဂျပန်ပြည်မှ မြင်ကွင်းများသည် လျှပ်တပျက် အိပ်မက်ပမာ ဖြစ်လေမည်လား...။ စကားဝါသည် အဆိုပါ လျှပ်တပျက်အိပ်မက်မှ မင်းသမီးလေးပမာ နိုးထသော် ပျောက်ကွယ်သွားမည်လား...။

ဤသို့ကား မဖြစ်နိုင်ပါ။ ကိုမင်းအတွက် ဤသို့ မဖြစ်နိုင်သည်မှာ သေချာ ပါသည်။ ဂျပန်မြင်ကွင်း ဖြစ်စဉ်များသည် အိပ်မက်မှ နိုးထသောအခါ ပျောက်ကွယ်သွားနိုင်သည်မှန်စေ၊ စကားဝါနှင့် ပတ်သက်သည့် ဖြစ်စဉ်မြင်ကွင်း များသည်ကား အိပ်မက်မှ နိုးထသည့်တိုင် ကိုမင်း၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်နေမည်သာ...။

ပြောရလျှင် ယနေ့ညသည်ကား အာရှ–ပစိဖိတ် သတင်းစာဆရာများ အတွက် နှုတ်ဆက်ညစာစားပွဲဟု ဆိုသည့်တိုင်–

တကယ်တော့ ယနေ့ည ညစာစားပွဲသည် ကိုမင်းနှင့် စကားဝါတို့အတွက် နှုတ်ဆက်ပွဲဟုဆိုလျှင်ကား ပို၍မှန်လေမည်လား...။

မကြာမီခွဲခွာကြရတော့မည်။ တိုကျိုတွင် သည်နေ့တစ်ည...။ ပြီးတော့...။

အချိန်တို့သည် ကုန်မြန်လွန်းလှသည်ဟု ကိုမင်း စိတ်တွင်ခံစားမိ၏။ အချိန်တို့ကို ဆွဲယူ၍ရလျှင် ကောင်းလေစွ။

ကိုမင်းတို့ ဟိုတယ်ခန်းမအတွင်းဝင်တော့ ညစ်ခံပွဲတွင် လူစုံနေပြီ။





အာရှ–ပစိဖိတ်နိုင်ငံများမှ သတင်းထောက်များ အပါအဝင် ဂျပန်ဒေသခံ သတင်းထောက် အများအပြား ဤပွဲတွင် ဆုံကြသည်။

ယနေ့ည ညစာစားပွဲသည် ကိုယ်တိုင်ယူစနစ် ဘူဖေးညစာစားပွဲ။

ညစာစားပွဲ မစခင် မိမိကြိုက်နှစ်သက်ရာ အဖျော်ယမကာကို သောက်ရင်း သတင်းစာဆရာများ အပြန်အလှန် စကားပြောဖြစ်ကြသည်။

ထိုစဉ် ကိုမင်းအနီးသို့ ကမ္ဘောဒီးယားမှ သတင်းစာဆရာကြီး တစ်ဦး ရောက်လာပြီး ၎င်း၏ Name Card ကိုပေးရင်း မိတ်ဆက်လာသည်။ နှစ်နိုင်ငံယဉ်ကျေးမှုအကြောင်းများ၊ စီးပွားရေးအကြောင်းများ ပြောရင်း အပြန်အလှန် ဆွေးနွေးဖြစ်ကြ၏။

စကားဝါကလည်း အဆိုပါ သတင်းစာဆရာကြီးနှင့် ကမ္ဘောဒီးယားဘာသာစကားဖြင့် အပြန်အလှန်စကား ပြောနေကြ၏။ ဘာပြောသည်ကိုတော့ ကိုမင်း နားမလည်။

ပြီးတော့ ဂျပန်သတင်းစာဆရာကြီးတစ်ယောက် ကိုမင်းအနား ရောက်လာသည်။ စကားဝါနှင့် မူလကတည်းက ခင်မင်နေသူ ဖြစ်ဟန်တူ၏။ ကိုမင်းကို အဆိုပါ ပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးသည်။ ၎င်းက ဂျပန်–မြန်မာချစ်ကြည်ရေး "သွေး" ဇာတ်ကားအကြောင်း ပြောသည်။ ရိုက်ကူးရေးကိစ္စများ ပြီးသွားသဖြင့် ဂျပန်တွင် ဒီဇင်ဘာလအတွင်း ရုံတင်ပြရန်ရှိကြောင်း ပြောသည်။ ကိုမင်းကလည်း ဂျပန်ရုပ်ရှင်ကားများကို ကြိုက်ကြောင်း၊ The Princess of Photographer ကို အလွန်ကြိုက်မိကြောင်း ပြောနေစဉ် စကားဝါက မျက်လုံးကလေး ကလည်ကလည်နှင့် ကိုမင်းတို့နှစ်ဦး ပြောနေသောရုပ်ရှင်များ အကြောင်းများကို စိတ်ဝင်တစား နားထောင်နေ၏။

ဂျပန်သတင်းစာဆရာကြီး ထွက်သွားတော့ စကားဝါက–

"ခုနက The Princess of Photographer ဇာတ်ကားကို ကြိုက်တယ် ဟုတ်လား..."

"ဟုတ်တယ်လေ...၊တစ်နယ်ကရောက်လာတဲ့ မင်းသမီးလေးနဲ့ ဂျပန်ဓာတ်ပုံဆရာလေးတို့ရဲ့ အချစ်ဇာတ်လမ်းလေ၊ ဘယ်လောက်ကောင်းလဲ..."

"အိုမကောင်းပါဘူး၊ လုံးဝ မကောင်းပါဘူး"

စကားဝါ ခါးခါးသီးသီးငြင်းနေသည်ကို ကိုမင်းတအံ့တဩ တွေ့လိုက်ရ၏။

"ဘာဖြစ်လို့လဲ၊ မင်းသမီးလေးနဲ့ဓာတ်ပုံဆရာလေး ဘယ်လောက်သနားဖို့ ကောင်းသလဲ"

"ဟုတ်တယ်၊ အဲဒါကြောင့်လို့ မကောင်းဘူးလို့ ပြောတာ။ အချိန်တန်တော့ သူတို့နှစ်ဦး ချစ်လျက်နဲ့ခွဲခွာခဲ့ကြရတယ်လေ၊ အဲဒါ ကောင်းလား၊ အဲဒါ–ဘာကောင်းလို့လဲ"ဟုဆိုစဉ် စကားဝါ့မျက်နှာမှ ပြုံးရိပ်တို့လွင့်စင် ပျောက်ကွယ်သွားသည်ကို ကိုမင်း သတိထားလိုက်မိ၏။

ဟုတ်ပေသားပဲ။ သည်ဇာတ်လမ်းဟာ တစ်ကယ်တော့ တစ်ပြည်သူနဲ့တစ်ပြည်သား ချစ်သူနှစ်ဦးကွဲကွာသွားရတဲ့ ဇာတ်လမ်းပေပဲ။ ရုတ်တရက် သတိ မထားလိုက်မိသည်က ကိုမင်း အမှားပါပဲ စကားဝါရယ်...။ ထိုစဉ် ကိုမင်းတို့အနီးသို့ အဖျော်ယမကာဗန်းသယ်ဆောင် လာသော ဝိတ်တာတစ်ဦး ရောက်လာသဖြင့် ဗန်းပေါ်မှ ဝီစကီခွက်ကို ယူကာ ဆက်ကာဆက်ကာ သောက်ပစ်လိုက်တော့၏။

ပြီးနောက် နောက်တစ်ခွက်ကို လှမ်းအယူ...

"ဟင်–ကိုမင်း ဘယ်လိုဖြစ်နေတာလဲ၊ ဝီစကီကို ရေသောက်သလို သောက်နေတာလား"

"ကိုမင်း ဘာမှမဖြစ်ပါဘူး၊ လောလောဆယ်တော့ ကိုမင်း မေ့ချင်တယ်၊ အားလုံးကို မေ့ထားချင်တယ်"





"ကိုမင်းကလဲ၊ မဟုတ်တာ"

စကားဝါက လူကြီးလေးပမာ ကိုမင်းကို ဖျောင်းဖျနေပြန်သည်။

"ဟင် စကားဝါက အချိုရည်တွေသောက်လို့ပါလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟောဟိုမှာကြည့်စမ်း၊ နိုင်ငံခြားသူတွေ၊ အမျိုးသမီးတွေ ဝီစကီတွေ၊ ဘီယာတွေနဲ့၊ ဘာလဲ ကိုမင်းရှေ့မှာမို့ မသောက်တာလား"

"ဒါဆို ကိုမင်းကို တစ်ခုမေးမယ်၊ မြန်မာမလေးတွေ ဝီစကီတို့၊ ဘီယာတို့၊ အရက်တို့ သောက်ကြလား"

"နိုး–ဝေးသေး၊ မြန်မာမလေးစစ်စစ်ဆိုရင် မသောက်ဘူး၊ အဲဒါနဲ့ စကားဝါက ဘာဆိုင်လို့လဲ"

"စကားဝါက မြန်မာမလေး ဖြစ်ချင်တဲ့သူလေ"

"ဟင်"

ကိုမင်း တအံ့တဩဖြစ်သွားပြီး စကားဝါ့ကို စေ့စေ့ကြည့်လိုက်သည်။ ပြီးနောက် တစ်ချက်ပြုံးရင်း–

"မဖြစ်နိုင်ဘူး၊ အခု စကားဝါက ဂျပန်မလေးလေ၊ ဂျပန်မလေးမှ ဂျပန်မလေးအစစ်"

"အခုဘဝမဖြစ်ရင် နောက်ဘဝပေါ့–"

"ဟင်"

စကားဝါ သူ့ကိုစေ့စေ့ ကြည့်ရင်းပြောနေစဉ် စကားဝါ့ မျက်ဝန်းများမှ မျက်ရည်များ ရစ်ဝိုင်းလာသည်ကို ကိုမင်း တွေ့လိုက်ရပါသည်။

အကြည့်ချင်းဆုံစဉ်ခဏ စကားဝါ့ရင်ထဲမှ ဖြစ်အင်များ ကိုမင်း ရင်ထဲ ကူးစက်ခံစားလာခဲ့ရသည်။ စကားဝါနှင့် မနက်ဖြန်ဆို ခွဲရတော့မည်။ ကိုမင်း၏ မျက်ဝန်းတွင် မျက်ရည်တို့ ရစ်ဝိုင်းမလာသော်ငြား ကိုမင်း၏ နှလုံးသားတွင်တော့ ကြီးမားသော လှိုင်းတံပိုးတစ်ခု ရိုက်ခတ်လာသည်ဟု ခံစားလိုက်မိပါသည်။

ငှင်းလှိုင်းတံပိုးသည့်ကား အချစ်လေလား။

ကိုမင်း မဝေခွဲတတ်ပါ။

ချက်ချင်းဆိုသလိုပင် လက်ထဲမှ ဝီစကီခွက်ကို တစ်ကျိုက် မော့ချလိုက်၏။

"မေ့ချင်တယ်၊ ကိုမင်း အားလုံးကို မေ့ချင်တယ်"

"ကိုမင်း ဘာကိုမေ့ချင်တာလဲ၊ ကိုမင်း မေ့ချင်တာမဟုတ်ဘူး၊ ကိုမင်း ညာနေတာ၊ ကိုမင်း ကိုယ့်ကိုယ်ကို ညာနေတာ၊ ကိုမင်း တစ်ခုခုကို ပြောချင်နေတာ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ကိုမင်း ပြောချင်နေတယ်"

"ပြောချလိုက်ပါ ကိုမင်း၊ ကိုမင်း ဘာပြောချင်တယ်ဆိုတာ စကားဝါ သိနေတယ်"

ဟိုတယ်ခန်းထဲက ကိုမင်း၏ ဒိုင်ယာရီစာအုပ်ကို ပြေးမြင်ရင်း စကားဝါ ပြောချလိုက်ခြင်း ဖြစ်ပါ၏။

ကိုမင်း ရင်ထဲ ဖြစ်တည်နိုင်မြဲနေသော ခံစားမှုများကို တွန်းကန် ဆန့်ကျင် လျက် စကားတစ်ခွန်းကို ပြောချလိုက်သည်။

"စကားဝါဆိုတဲ့ ဂျပန်မလေးကို မေ့ချင်တယ်၊ ဒါတွေဟာ အိမ်မက်တွေပဲ ဖြစ်ပါစေတော့"

သို့ပေမယ့် စကားဝါကတော့–

"ကိုမင်းကိုတော့ စကားဝါ မမေ့နိုင်ပါဘူး ကိုမင်းရယ်" တဲ့လေ။

နှစ်ဦးသား အကြည့်ချင်းဆုံစဥ်ခဏ မျက်ဝန်းများမှ စကားလုံး ပေါင်းများစွာ ပြောဖြစ်ခဲ့ကြပြီလေ...။

* * *



## အခန်း(၁၇)

တိုကျိုည...

ကိုမင်းအတွက်လွမ်းဆွတ်ဖွယ်ညတစ်ည။

နက်ဖြန်ဆို ဂျပန်လေကြောင်းလိုင်းလေယာဥ်ကြီးဖြင့် အမိမြေသို့ ပြန်ရပေတော့မည်။

အလွမ်းခြေရာများစွာ တိုကျိုမြေတွင် ကျန်ရစ်ပေတော့မည်။

ဘာတွေလဲ။ ကိုမင်းရဲ့အလွမ်းခြေရာတွေက ဘာတွေလဲ။ ကိုမင်း ရင်မှာစွဲထင်ကျန်ရစ်မယ့် အလွမ်းခြေရာတွေဟာ ဘာတွေလဲ။

ခေတ်မီလှပသော တိုကျိုမြို့ရဲ့ ရှုခင်းမြင်ကွင်းတွေလား။

အဝေးကသာ ခပ်ရေးရေးလှမ်းမြင်ခဲ့ရတဲ့ ရေခဲတွေ ဖုံးလွှမ်းနေတဲ့ နာမည် ကျော် ဖူဂျီယားမား တောင်ကြီးပေလား...။

ဂျပန်တစ်ပြည်လုံး အနှံ့ပေါက်ရောက်နေတဲ့ အလွန်လှပသော မိုမိဂျီရောင်စုံ သစ်ပင်ကြီးတွေပဲလား...။

ဒါမှမဟုတ် ဂျပန်ပြည်သူတွေရဲ့ ဖော်ရွေမှုနဲ့ ကူညီစောင့်ရှောက် မှုတွေပဲလား...။

စည်ကားလှတဲ့ တိုကျိုညဈေးက မြင်ကွင်းတွေကိုပဲလား...။

သို့တည်းမဟုတ် တစ်ခရီးတည်းအတူသွားခဲ့ကြသော အာဆီယံ မောင်နှမတွေကိုပဲလား...။

အဲ–ပြီးတော့...။

"တီ–တီ–တီ"

ညစာစားပွဲမှအပြန် အိပ်ရာပေါ်ခေတ္တလှဲရင်း နက်ဖြန်ပြန်ရမည့် အရေးတွေးပြီး အလွမ်းခြေရာလေးများကို ပြန်လည်ခံစား ရင်မော နေမိသည်မှ မဆုံးမီ အခန်းမှ ဘဲလ်တီးသံမြည်လာသဖြင့်––

ကိုမင်းလှဲနေရာမှထပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"ဟင်"

ညစာစားပွဲမှ အပြန်သူ့ကို နှုတ်ဆက်ပြီး အိမ်ပြန်သွားသော စကားဝါ တစ်ယောက် တစ်ခေါက်ပြန်၍များလာလေသလားဟူသော အထင်ဖြင့် ကိုမင်း အခန်းကို ဖွင့်လိုက်သောအခါ–

တွေ့လိုက်ရသူကား စကားဝါမဟုတ်ပါ။

ထိုင်းမလေး မစ္စပါဝီနာ–။ သူမနှင့် အတူပါလာသူက မစ္စ တူဖောင်း–။

အချိန်က ည၁၀နာရီပင် ကျော်နေပြီ။ ကိုမင်းနှင့် သုံးခန်းကျော် တွင် မစ္စပါဝီနာနေသည်။

အဘယ်ကိစ္စကြောင့် ထိုင်းမလေး မစ္စပါဝီနာ သူ့ဆီလာလေ သလဲ။ ကိုမင်း စဉ်းစား၍ မရဖြစ်နေသည်။

မစ္စပါဝီနာနှင့် ပတ်သက်၍ပြောရလျှင် နည်းနည်းရှည်ပေမည်။ သို့သော် အတိုချုံး၍ ပြောရလျှင်–

မစ္စပါဝီနာသည် ထိုင်းနိုင်ငံထုတ် သတင်းစာကြီးတစ်စောင်မှ သတင်းထောက် မလေးတစ်ဦးဖြစ်သည်။ အသက်မှာ ၂၆နှစ် ဝန်းကျင် ရှိမည်ဟု ခန့်မှန်းရသည်။

သတင်းထောက်ပီပီ သွက်လက်သည်။ စူစမ်းလေ့လာမှုရှိသည်။ ပြီးတော့ ဖော်ရွေသည်။ သို့ပေမယ့် ကိုမင်းအပေါ်တော့ မဟုတ်။





ကျန်အဖွဲ့သားများနှင့် အရောတဝင်နေသော်လည်း ကိုမင်းကိုတော့ ခပ်ရှောင်ရှောင်နေသည်။ ခပ်တန်းတန်းနေသည်။ ကိုမင်းက အဖွဲ့သား တစ်ဦးအဖြစ် ခင်မင်မှုဖြင့် စကားပြောလျှင် ဝတ်ကျေတန်းကျေသာ ပြန်ပြောတတ်သည်။ ဖော်ဖော်ရွေရွေ မရှိ။ သူ့အနားရောက်သွား လျှင်ပင် ခပ်လှမ်းလှမ်းသို့ ရှောင်သွားတတ်သည်ကို ကိုမင်းသတိ ထားမိသည်။ မိန်းကလေးနှင့် ယောက်ကျားလေးဖြစ်နေလို့။ ဒါမှမဟုတ် မိမိ၊ စကားဝါနှင့် မစ္စတူဖောင်းတို့၏ အဖွဲ့ထဲသို့ မရောနှောချင်လို့ ဤသို့ စိမ်းနေသည်ဟုပင် ကိုမင်း ယူဆထားလိုက်သည်။ ထို့ကြောင့် နောက်ပိုင်းတွင် မစ္စပါဝီနာကို အကြောင်းမရှိဘဲ စကားမပြောဖြစ်တော့။ ခပ်စိမ်းစိမ်းပင်နေခဲ့ကြသည်ဟု ဆိုရမလို...။

ဟော–အခုတော့ ကျွန်တော့်အခန်းဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေပြီ။

"မစ္စတာဦး– ကျွန်မတို့ကို အခန်းထဲတောင်ဝင်ဖို့ မခေါ်တော့ ဘူးလား"

မစ္စပါဝီနာ၏ ရင်းနှီးမှုအပြုံးကို ကိုမင်း ပထမဆုံးတွေ့လိုက်ရပါ သည်။

"အော်–ဆောရီး၊ဝင်ပါမစ္စပါဝီနာ ကျွန်တော့်ဆီလာတာ အံ့ဩနေလို့"

မစ္စပါဝီနာက အင်္ဂလိပ်စကားကျွမ်းကျင်သူလေးပါ။ သူမက ကမ္ဘာ ပတ်နေသူပဲလေ။ သူတို့သတင်းစာကြီးကလည်း ကမ္ဘာအနှံ့ရောက်နေ သည်ပဲ မဟုတ်လား။

သို့သော် မစ္စပါဝီနာ၏ အင်္ဂလိပ်စကားကို ကိုမင်းကောင်းကောင်း နားလည်ပါသည်။ သူမ၏ စကားပြောဟန်သည် ကိုမင်းအပေါ် ဖော်ရွေမှုကို ပြနေကြောင်း သိသာလွန်းလှပါ၏။

မစ္စပါဝီနာနှင့် မစ္စတူဖောင်းတို့ ခုတင်ပေါ်ထိုင်ပြီး ကိုမင်းက မှန်တင်ခုံရှေ့က ထိုင်ခုံကိုယူ၍ ထိုင်လိုက်သည်။

"မစ္စတာဦးတော့ အံ့သြနေမှာပဲ၊ ကျွန်မအခုလို လာတွေ့တာကို"

"ဟုတ်ပါတယ်၊ အံ့သြမိတာအမှန်ပဲ"

"ကျွန်မ မစ္စတာဦးကို တွေ့ချင်နေတာ၊ အေးအေးဆေးဆေး စကားပြောချင်နေတာ ပြီးခဲ့တဲ့ နှစ်ရက်လောက်ကတည်းကပါ။ ပြီးတော့ မစ္စတူဖောင်းနဲ့ စကားပြောဖြစ်တုန်း မစ္စတာဦးအကြောင်း ပိုသိလာလို့ ဒီနေ့တော့ မဖြစ်မနေတွေ့မယ်လို့ ဆုံးဖြတ်ပြီး မစ္စတူဖောင်းကို အကူ အညီတောင်းပြီး လာခဲ့တာပါ။"

မစ္စပါဝီနာ၏ ပြောစကားကို ကိုမင်း မရှင်းပါ။သို့ပေမယ့် သူမ ပြောသော စကားကိုဆက်၍ နားထောင်နေမိလိုက်မိပါသည်။

"မစ္စတာဦး နားရှင်းဦးမှာ မဟုတ်ဘူး၊ အရင်ဆုံး ဒါလေးကို လက်ဆောင်အဖြစ် ပေးပါရစေ"

ပြောပြောဆိုဆို မစ္စပါဝီနာက သူမလက်ထဲမှ ကတ္တီပါဗူးလေး တစ်ခုကို လှမ်းပေးသည်။

ကိုမင်း ဖွင့်ကြည့်လိုက်တော့ ထိုင်းအလံအမှတ်တံဆိပ်ပါ ကီးချိန်း လှလှ လေးတစ်ခု။

"နက်ဖြန် မစ္စတာဦး မြန်မာပြည်ပြန်ရတော့မှာ ဖြစ်လို့ ဒီနေ့တော့ တွေ့မှဖြစ်မယ်ဆိုပြီး လာခဲ့တာပါ"

ကိုမင်း သူမ၏စကားကိုဆက်၍ နားထောင်နေမိသည်။

"မစ္စတာဦးကို အရင်ဆုံးတောင်းပန်ပါရစေ"

ဟိုက်– ကိုမင်းနားက ဘာတွေကြားနေရပါသလဲ။ အမြဲတမ်း သူ့ကို ရှောင်နေတတ်သော ထိုင်းမလေး သူ့ရှေ့မှာ ဘာတွေလာပြော နေတာလဲ။





"အမှန်အတိုင်း ပြောရရင် အာဆီယံအဖွဲ့သားတွေ ဒီမှာလာ ဆုံကြတဲ့အခိုက် မစ္စတာဦးကို ကျွန်မရှောင်နေခဲ့မိတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာပြည်အကြောင်း၊ မြန်မာတွေအကြောင်းကို ကျွန်မ ဒီမလာခင်ကတည်းက နားမဆန့်အောင် ကြားခဲ့သိရှိရလို့ပါပဲ"

"မစ္စပါဝီနာ ဘာတွေ သိထားလို့လဲ၊ ဘယ်ကနေ သိတာလဲ"

"မြန်မာပြည်အကြောင်း မကောင်းသတင်းတွေကို မုသားဆင်ပြီး၊ မြန်မာပြည်ကို မသွားသင့်ဘူးလို့ ပြည်ပသတင်းဌာနအချို့နဲ့၊ သတင်း စာကြီးအချို့က ရေးသားထုတ်လွှင့်နေတာတွေကို သိခဲ့ဖတ်ခဲ့ရတယ်။ ပြီးတော့ တစ်ချိန်က ကျွန်မတို့နိုင်ငံထဲက နယ်မြေတွေကို လွှမ်းခဲ့တဲ့ နှစ်ပေါင်း ၅၀၀ လောက်က မြန်မာတွေ သိမ်းပိုက်ခဲ့တာတွေ၊ ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာမှာ ကိုလိုနီလက်အောက် မရောက်ခဲ့ရဖူး လို့ထင်ခဲ့ ပေမယ့် မြန်မာတို့ရဲ့ လက်အောက်မှာနေခဲ့ရဖူးတယ်ဆိုတာတွေကို သိရတဲ့အခါ မစ္စတာဦးတို့ကို ကျွန်မ မိတ်ဆွေမဖွဲ့ချင်ခဲ့တာ အမှန်ပါပဲ"

သူမအပြောကို ကိုမင်း ပြုံး၍ နားထောင်ရင်း

"ခုတော့ရော"ဟု မေးလိုက်မိ၏။

"ခုတော့ ဒါတွေရှင်းသွားပြီ၊ ကျွန်မအသိတွေ၊ အတွေးတွေဟာ လက်တွေ့ မကျဘူးလို့ ကျွန်မနားလည်သွားပြီ။ မြန်မာပြည်ကို သိပ်ချစ်ပါတယ်ဆိုတဲ့ စကားဝါနဲ့ တွေ့တော့ ကြားခဲ့ရတဲ့ စကားတွေ၊ ကိုမင်းကိုယ်တိုင် မစ္စတူဖောင်း အပါအဝင် ကျွန်မတို့တစ်ဖွဲ့သားလုံး အပေါ် အာဆီယံမောင်နှမတွေလို ကူညီစောင့်ရှောက်ခဲ့တာတွေဟာ ကျွန်မအတွက်တော့ လက်တွေ့ဆန်တယ်လို့ ခံစားမိတယ်"

"ဟုတ်တယ် မစ္စပါဝီနာ ၊ လက်တွေ့ဆန်မှ အမှန်ဆိုတာကိုရမှာ၊ အခု မစ္စပါဝီနာကမြန်မာပြည်အကြောင်း မကောင်းသတင်းတွေလွှင့် နေတဲ့ သတင်းဌာနတွေ၊ စာနယ်ဇင်းတွေက အမြင်တွေကို ကြားသိ

ဖတ်ရှုရမှုအပေါ် တစ်ဖက်သက်မြင်ခဲ့တဲ့အတွက် ခုလို လွဲချော်မှုတွေ ဖြစ်ခဲ့တာပေါ့၊ ဖြစ်တတ်ပါ တယ်လေ"ဟု ကိုမင်း ပြောလိုက်မိသည်။

"ပြောရရင် ကျွန်မဟာသတင်းထောက်တစ်ယောက်အနေနဲ့ ကမ္ဘာအနှံ့ ရောက်ခဲ့ဖူးသူပါ။ ကမ္ဘာပတ်ရင်းတွေ့ခဲ့တဲ့ ကနေဒါနိုင်ငံသား တစ်ယောက်နဲ့ မကြာခင်မှာ လက်ထပ်တော့မှာပါ။ ကျွန်မရဲ့ စိတ်အစဉ်မှာ အနောက်နိုင်ငံသားတွေကို အထင်ကြီးနေတယ်လို့ ဆိုရမလားပဲ။ အိမ်နီးချင်းတွေကိုတော့ ကျွန်မအမြင်တွေ စောင်းနေမိခဲ့တယ်လေ"

"ကျွန်တော်အနေနဲ့ကတော့ အမှန်တွေ ဘာတွေလဲဆိုတာ ထပ်မပြောတော့ပါဘူး မစ္စပါဝီနာ၊ မြန်မာပြည်ကိုလာခဲ့ပါ။ ကျွန်တော် နွေးထွေးစွာ ကြိုဆိုနေပါ့မယ်။ အဲဒီကျရင် အမှန်တရားတွေကို လက်တွေ့မြင်ရကြားရပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာဦး၊ ကျွန်မပေးတဲ့ လက်ဆောင်လေးကိုလည်း အမှတ်တရသိမ်းထားစေချင်ပါတယ်"

"စိတ်ချပါ၊ ဒါဟာကျွန်တော့အတွက် မမေ့နိုင်တဲ့ အမှတ်တရ တစ်ခုပါ။ ဒီခရီးမှာ ကျွန်တော့အတွက် တန်ဖိုးရှိတဲ့ အိမ်နီးချင်းကောင်း မိတ်ဆွေတစ်ဦးတိုးတယ်လို့ မှတ်ယူထားလိုက်ပါ့မယ်"

ကတ္တီပါဗူးထဲမှ ကီးချိန်းလေးကိုထုတ်ကာ သူအမြဲဆောင်ထားလေ့ရှိသော သော့တွဲတွင် ချိတ်လိုက်သည်။ ပြီးနောက်

"ဟောဒီမှာ ကျွန်တော်အမြဲတမ်းကိုင်တဲ့သော့တွဲမှာ အမှတ်တရ ချိတ်ထားလိုက်ပြီနော်" ဟု ကိုမင်း ပြောလိုက်တော့–

မစ္စပါဝီနာက "ကျေးဇူးတင်ပါတယ်၊ မြန်မာပြည်ကိုလာရင် ဆက်သွယ်လိုက်မယ်၊ ကြိုနေနော်" တဲ့။

"စိတ်ချ"ဟုဆိုကာ ကိုမင်း အားပါးတရ ခေါင်းညိတ်ပြလိုက်ပါသည်။





မစ္စပါဝီနာ တစ်ယောက် ရင်ထဲပေါ့သွားဟန်ဖြင့်–

"ကောင်းသောညပါ မစ္စတာဦး"ဟုဆိုကာ နှုတ်ဆက်ထွက်ခွာသွားခဲ့ပါလေပြီ။

ဩော်– တစ်ခါတစ်လေတော့လဲ တစ်ဘက်သ[illegible] အမြင်စောင်းခြင်း၊ အမှန်းပွားခြင်းကို ခံရတတ်ပါသလားဟု ကိုမင်း တွေးမိရင်း တိုကျိုညကို မှန်ပြတင်းလိုက်ကာလှပ်ပြီး ကြည့်လိုက်မိပါသည်။

တိုကျိုသည်ပင် ချမ်းအေးသောညတွင် အိပ်မောကျ၍ နေလေပြီ၊ ကောင်းသောညပါ တိုကျိုရယ်…။

* * *

## အခန်း(၁၈)

နိုဝင်ဘာ ၂၈ ရက်…

မင်္ဂလာနံနက်ခင်းပါ တိုကျို။

တိုကျိုနံနက်ခင်းကို ကိုမင်းစိတ်ထဲမှ နှုတ်ခွန်းဆက်လိုက်၏။

အိပ်ရာနိုးတော့ နံနက် ၆ နာရီထိုးလုပြီ။

တိုကျိုကိုတင်လား…။ မဟုတ်။

ခင်မင်ရပါသော–––တွယ်တာရပါသော…ပြီးတော့…ရပါသော စကားဝါကိုပါ နှုတ်ဆက်ရပါတော့မည်။

ကိုမင်း ဂျပန်ပြည်ကြီးကို ရောက်ခဲ့စဉ်ကာလအတွင်း ကျေနပ်မှုများစွာ၊ ကြည်နူးမှုများစွာ၊ ပျော်ရွှင်မှုများစွာ၊ ခင်မင်မှုများစွာ၊ ဗဟုသုတပေါင်းများစွာ၊ နားလည်မှုများစွာ ရရှိတွေ့ကြုံခံစား ခဲ့ရပါသည်။

ဤခရီးစဉ်ကား အောင်မြင်ခဲ့ပါ၏။

ဤခရီးစဉ်အတွင်း အာဆီယံမောင်နှမများနှင့် ဂျပန်မိတ်ဆွေတို့၏ ချစ်ကြည်ရင်းနှီးမှုများ ရခဲ့ပါသည်။

သံသာချိုအေး စောင်းတေးသံဖြင့် မြန်မာတို့၏ဂုဏ်ဒြပ်ကို ၎င်းတို့ရင်ထဲတွင် ထင်ဟပ်စေခဲ့ပါသည်။

မြန်မာတို့၏ ကူညီတတ်သောစိတ်၊ ယှိဖိတ်တတ်သော မေတ္တာ၊





ကြင်နာတတ်သော နှလုံးသားကို သူတို့တတွေ တွေ့မြင်ခံစားခွင့်ရခဲ့ပါသည်။

ဤတွင်မက မြန်မာ့ဖြစ်စဉ် စိတ်ထင်လေသမျှလက်တွေ့ကျကျသိခဲ့လေသူ ထိုင်းမလေးမစွပါဝီနာကဲ့သို့ အခြားအာဆီယံမိတ်ဆွေများကလည်း မြန်မာကိုငင်းတို့၏ မိသားစုပမာ စာနာနားလည်သွားခဲ့ပါချေပြီ။

ဤခရီးစဉ်၏ အကျိုးတရားများကို ပြန်လည်စဉ်းစားရင်းကိုမင်းကြည်နူးပီတိဖြစ်ခဲ့ရပါ၏။

ဤသို့ ကြည်နူးပီတိများခံစားရမှုများ အရှိန်ရနေဆဲတွင် မိတ်ဆွေများနှင့် ခွဲခွာရပေတော့မည်။

ရေးရေစက်ကြောင့် အာဆီယံမောင်နှမများနှင့် ဤဂျပန်ပြည်ကြီးတွင် လာရောက်ဆုံတွေ့ခဲ့ကြရသော်လည်း ခွဲခွာရပြီးနောက် ပြန်လည်ဆုံတွေ့ရန်ကား ရေစက်မျှပင်ရှိပါဦးလေမလား။

မည်သို့ဆိုစေ ရေးရေစက်အကြောင်းဖန်လို့ ပေါင်းဆုံရန်အရေးတစ်ခုကိုတော့ တောင်းဆိုချင်ပါသေးသည်။

စကားဝါ မည်သော မိန်းမချောလေး။ မြန်မာမလေးဖြစ်ချင်သော ဂျပန်သူလေးနှင့်တော့ တစ်ကြိမ်ပြန်ဆုံချင်ပါသေးသည်။

"တီ–တီ"

ကိုမင်း လေဆိပ်ဆင်းရန်ပြင်နေစဉ် အခန်းဘဲလ်သံကြားလိုက်ရ၏။ လေဆိပ်သို့ နံနက် ၁၁ နာရီ အရောက်သွားရမည်။ လေယာဉ်က မွန်းလွဲ ၁၂နာရီ ၄၀တွင် ထွက်မည်။

ယခု နံနက် ၈ နာရီခွဲပင် ရှိသေးသည်။

စကားဝါလာခေါ်မည်ဟု ပြောထားသည်။

ဘဲလ်သံပိုင်ရှင်က စကားဝါလေလား…။

ကိုမင်းအခန်းတံခါးဖွင့်လိုက်သည်နှင့် ထင်သည့်အတိုင်း တွေ့လိုက်ရသည်က စကားဝါ။

"ဟင် စကားဝါ၊ စောလှချည်လား…အို"

ကိုမင်း စကားမဆုံးမီပင် စကားဝါတစ်ယောက် ကိုမင်းကို ပြေးဖက်ကာ ရင်ခွင်ထဲ ခေါင်းဝှက်ထားလိုက်တော့၏။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကိုမင်း မှင်တက်သွားသည်။

ခဏအကြာ စကားဝါ့ထံမှ ရှိုက်သံကြားလိုက်ရ၏။ မျက်နှာကိုတော့ ကိုမင်းရင်ခွင်ထဲ ဝှက်ထားဆဲ။

"အို စကားဝါ ငိုနေတယ်၊ ကဲ ဒီမှာကြည့်ပါဦး"

ကိုမင်းက စကားဝါကို ရင်ခွင်ထဲမှ ဆွဲယူရန် ကြိုးစားသော်လည်း စကားဝါကတော့ တင်းတင်းဖက်ထားဆဲပါ။ ရှိုက်သံက ပိုလို့ကျယ်လာသည်။

ခက်ပြီ စကားမပြောဘဲ ငိုရှိုက်နေသည်။

"ကဲပါ ကိုမင်းကို ကြည့်ပါဦး။ ကလေးလေးကျနေတာပဲကွာ၊ မျက်ရည်တွေနဲ့" ဟု ဆိုကာ အသာအယာဆွဲယူတော့မှ စကားဝါ့ကိုယ်လေး အလိုက်သင့်ပါလာသည်။

"ကဲ ဒီမှာကြည့်ပါဦး" ဟုဆိုကာ ကိုမင်းကပြောစဉ် မျက်ရည်များဖြင့် ပြည့်နေသော စကားဝါ့မျက်နှာလေး အသာမော့လာသည်။

"မျက်ရည်တွေ သုတ်လိုက်ဦးကွာ" ပြောရင်း ကိုမင်းက စကားဝါ့မျက်ဝန်းတစ်ဝိုက်မှ မျက်ရည်များကို သုတ်ပေးနေစဉ်–

စကားဝါက–

"မပြန်ပါနဲ့ဦးလား ကိုမင်းရယ်"တဲ့လေ။

"ဘာဖြစ်လို့လဲ"လို့မေးတော့–

"ကိုမင်းကို မခွဲနိုင်ဘူး"တဲ့လေ။





ပြီးမှ စကားဝါ့ကို တွဲခေါ်ကာ မှန်တင်ခုံရှေ့ ထိုင်ခုံတွင် ထိုင်စေပြီး ကိုမင်းက–

"ကိုမင်းရဲ့ ဂျပန်မှာနေခွင့်ကာလက ကုန်ပြီလေ၊ အချိန်တန်တော့ အိမ်ပြန်ကြရတာပဲ မဟုတ်လား"

"ဒါပေမယ့် စကားဝါ့အတွက်တော့ အချိန်မတန်သေးဘူး ကိုမင်းရယ်၊ နေလို့မရမှန်း သိပေမယ့် နေပါအုံးလို့ ပြောချင်တယ်"

"ကိုမင်း နေချင်ပါတယ်၊ ကိုမင်း ဒီမှာနေစဉ်ကာလ ၁၀ ရက်တာ ကာလဟာ ဘာမှမကြာဘူးလို့ ထင်ရပေမယ့် စကားဝါ့အပေါ် တွယ်ညိခဲ့တဲ့ သံယောဇဉ်ဟာ ကာလနဲ့မမျှအောင် ခိုင်မာခဲ့တယ်ဆိုတာ ယုံစေချင်တယ်"

"ကိုမင်း ဟိုရောက်ရင် စကားဝါကို မေ့သွားမှာလားဟင်"

"ဖြစ်ရပ်တော်တော်များများဟာ ကြာရင်မေ့သွားတတ်တယ် ဆိုပေမယ့် စကားဝါဆိုတဲ့ ဂျပန်မလေးကတော့ ကိုမင်းရင်ထဲ ထာဝရ ရှိနေမှာပါ"

"တကယ်နော် ကိုမင်း"

"ယုံပါလို့ ကိုမင်းပြောပြီးပြီပဲ"

"ဒါတွေဟာ ကိုမင်းရင်ထဲကစကားဆိုတာအမှန်ပဲလား…"

"ခက်ပါပြီ၊ အမှန်တွေပါလို့ဆိုနေ"

"ဒါဆို ကိုမင်းရင်ထဲက စကားနှစ်ခွန်းကို စကားဝါ နားထောင်ချင်နေတယ် ဆိုရင်ရော၊ ကိုမင်းပြောမယ့် ဂျပန်စကားငါးလုံးထဲက ကျန်တဲ့နှစ်လုံးလေ"

ဪ စကားဝါ မှတ်မိနေတုန်းပါပဲလား…။

မှန်ပါသည်။ ကိုမင်း ကိုယ်တိုင်လည်း မှတ်မိနေပါသည်။

ပြောချင်နေပါသည်။ ရင်ထဲကစကားဆိုပေမယ့် ပြောသင့် မပြောသင့် စဉ်းစားနေခဲ့သည်။

လူသားနှစ်ဦးအကြား အတားအဆီးဟူ၍ အရာခပ်သိမ်း မရှိခဲ့လျှင်---။

ယောက်ကျားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်အကြား စောင့်စည်းရမည့်အကြောင်းအရာများ မရှိခဲ့လျှင်---။ ကိုမင်းရင်၌ ဖြစ်တည်နေသော ခံစားမှုများ၊ တွန်းထိုးပွင့် ထွက်လုမတက်ဖြစ်နေသော စကားရပ်များကို ကိုမင်း ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ခံစားပြောကြားလိုက်ချင်ပါသည်။

သို့သော် ယခုတော့----။

"ကိုမင်း ပြောမယ်လေ။ ကိုမင်းနဲ့ စကားဝါက ခွဲကြရသေးတာမှ မဟုတ်ဘဲ။ စကားဝါက ကိုမင်းကို လေဆိပ်လိုက်ပို့ဦးမှာ မဟုတ်လား။ ပြောမယ်လေ၊ လေဆိပ်ကျတော့ ပြောတာပေါ့။ အခု ၉နာရီကျော်နေပြီ။ လေဆိပ်ဆင်းရအောင်၊ ဟိုကျမှ မနက်စာအတူစားရင်း ပြောကြတာပေါ့။ အောက်ထပ် လော်ဘီထဲမှာ မစ္စတူဖောင်းတို့အဖွဲ့ ကိုမင်းကို နှုတ်ဆက်ဖို့ စောင့်နေလောက်ရောပေါ့" ဟုဆိုကာ ကိုမင်း စကားဝါ့စကားကိုဖြတ်လိုက်သည်။

အခန်းထဲမှ ပစ္စည်းများကို စစ်ဆေးသိမ်းဆည်းတော့ စကားဝါအနားက ကူပေးနေရှာသည်။ မခွဲချင်သော်လည်း အချိန်တန်ခွဲရမည်ဟူသော အသိက သူ့ခေါင်းထဲတွင် စိုးမိုးသွားပြီဟု ကိုမင်းတွေးယူလိုက်မိပါသည်။

ပစ္စည်းတွေ သိမ်းပြီးတော့နှစ်ဦးသား ဓာတ်လှေကားမှတစ်ဆင့် လော်ဘီထဲသို့ ဆင်းခဲ့ကြ၏။

လော်ဘီထဲတွင်တော့ အဖွဲ့သား တစ်ချို့ကို တွေ့လိုက်ရသည်၊





အစုံ အလင်တော့ မဟုတ်တော့။ အချို့က လေကြောင်းလိုင်းမတူသဖြင့် မနက် ကတည်းကပင် လေဆိပ်သို့ ဆင်းသွားကြပြီ။ ယခုကျန်နေသူများက ညနေပိုင်း လေကြောင်းလိုင်းခရီးစဉ်များတွင် လိုက်ပါကြမည့်သူများ ဖြစ်သည်။

မစ္စတူဖောင်း၊ မစ္စဖီရှန်တို့ ကျန်သေးသည်။ သူက ညထွက်မည့် လေကြောင်းလိုင်းဖြင့် ပြန်ကြမည်။ ထိုင်းမလေး မစ္စပါဝီနာကတော့ မနက်ပိုင်း လေကြောင်းခရီးဖြင့် ပြန်နှင့်ပြီ။

ကိုမင်းနှင့် စကားဝါတို့ လော်ဘီထဲတွင် လျှောက်လာသည်ကိုမြင်တော့ မစ္စတူဖောင်းက-

"တို့တော့ မစ္စတာဦးကို လွမ်းနေမှာပဲ"ဟု စကားဝါ့ဘက်ကို ငဲ့စောင်းကြည့်ရင်း နောက်ပြောပြော၏။ စကားဝါ တစ်ယောက် ငိုချင်ရက်လက်တို့ဖြစ်နေသည်ကိုတော့ မစ္စတူဖောင်း သတိထားမိဟန် မတူ။

ထိုစဉ် ကမ္ဘောဒီးယားသား မစ္စတာဖီရှန်က ကိုမင်းကို လက်ဆွဲနှုတ်ဆက်ရင်း-

"ဂွတ်ဘိုင်လို့ ကျွန်တော် နှုတ်မဆက်ချင်ဘူး၊ ကျွန်တော်တို့ တစ်တွေ ပြန်ဆုံကြရဦးမယ်လို့ မျှော်လင့်ထားတယ်၊ မစ္စတာဦးတို့ရဲ့ သာယာလှပတဲ့ မြန်မာပြည်ကြီးကို တစ်နေ့လာချင်ပါသေးတယ်၊ မြန်မာ့စောင်းရဲ့ ဂီတသံကိုတော့ ကျွန်တော်တစ်သက်မမေ့တော့ပါဘူး"

"ကြိုနေမယ် မစ္စတာ ဖီရှန်၊ လာဖြစ်အောင်လာခဲ့ပါ"

နွေးထွေးလှိုက်လှဲသော နှုတ်ဆက်စကားများ ဖြစ်လင့်ကစား အချိန်တန်လို့ ခွဲကြရမည်ဆိုတော့လဲ ရင်ထဲက မကောင်းကြပါ။

အနားတွင်ရပ်နေသော စကားဝါကတော့ ကိုမင်းကို ဤသို့ မနှုတ်ဆက် နိုင်ပါ။ မစ္စတာဖီရှန်နှင့် မစ္စတူဖောင်းတို့၏ နှုတ်ဆက်

စကားများသည် စကားဝါအတွက် ရင်နှင့်အမျှ ဆို့နစ်ဝမ်းနည်း ဖွယ်ရာ တွေပါ။

"မစ္စဝါရှိ၊ အော်–စကားဝါ၊မစ္စတာဦးကို နှုတ်ဆက်လိုက်ဦးလေ" ဟု မစ္စတူဖောင်းက ပြောလိုက်စဉ် စကားဝါ့ မျက်ဝန်းတွင် မျက်ရည်ဥတို့ တွဲခိုနေ သည်ကို ကိုမင်းတွေ့လိုက်ရသည်။

ထိုမြင်ကွင်းကြောင့် ကိုမင်းက ချက်ချင်းပင်–

"အော်–စကားဝါက ကျွန်တော့်ကိုလေဆိပ်လိုက်ပို့မှာလေ" ဟုပြောကာ အားလုံးကို နှုတ်ဆက်ပြီး ကိုမင်းနှင့် စကားဝါတို့ ဟိုတယ်ရှေ့ စကားဝါ့ကားလေး ရပ်ထားရာသို့ လျှောက်ခဲ့ကြသည်။

ကားပေါ်မတက်ခင် ကိုမင်း ရှင်ကျူကုဝါရှင်တန်ဟိုတယ်ကြီးကို တစ်ချက်လှည့်ကြည့်လိုက်မိသည်။

သူသည်လည်း စကားပြောတတ်လျှင် နှုတ်ဆက်ဦးမည်လား။

စကားဝါ ကိုယ်တိုင် ကားကိုမောင်း၍ နာရေတာလေဆိပ်ဆီသို့ ထွက်ခဲ့ကြ၏။

လမ်းတစ်လျှောက် ကားကို ညင်သာစွာမောင်းရင်း စကားဝါ တစ်ယောက် နှုတ်ဆိတ်လို့နေသည်။

ဟိုတယ်မှ လေဆိပ်ရောက်ရန် အတော်မောင်းရသည်။ ဟိုတယ်မှ ထွက်လာပြီး မိနစ် ၃၀ခန့်ကြာတော့ ဘောအုပ်ဆိုင်းဆိုင်းလေးအကျော် ကုန်းငယ် တစ်ခုထိပ်ပေါ်အရောက်လမ်းဘေးတစ်နေရာတွင် စကားဝါက ကားကို ဘေးချရပ်လိုက်၏။

"ဟင်– ကားဘာဖြစ်လို့လဲ"ဟု ကိုမင်း စကားဝါ့ကို လှည့်မေးစဉ်

အို– စကားဝါ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလား–––။

"စကားဝါ– ကားကို ကိုမင်းမောင်းရမလား"

"ရတယ် ကိုမင်း၊ဒီမှာ ခဏနားချင်လို့ပါ"





"စကားဝါကလဲကွာ ကိုမင်းတို့က ခဏခွဲရမှာပဲလေ"ဟုဆိုကာ စကားဝါ့မျက်ဝန်းတွင် တွဲခိုနေသော မျက်ရည်စများကို ကိုမင်း လက်ကိုင်ပုဝါဖြင့် အသာအယာ သုတ်ပေးလိုက်၏။

"တို့တွေ တစ်ယောက်နဲ့ တစ်ယောက်အနေဝေးလို့ လူချင်း မတွေ့နိုင်ပေမယ့် စာနဲ့လဲတွေ့နိုင်တယ်၊ ဖုန်းနဲ့လဲတွေ့နိုင်တာပဲ၊ ပြီးတော့ စကားဝါလဲ မြန်မာပြည်ကို လာရဦးမယ်မဟုတ်လား၊ ပုဂံမှာ ဘုရားထီးတင်ဖို့ရှိသေးတယ်လေ၊ အဲဒီအခါကျရင် လူချင်းထပ်တွေ့ရဦးမှာပဲ၊ မြန်မြန်တွေ့နိုင်အောင် ကြိုးစားပေါ့၊ကိုမင်း မြန်မာပြည်ကနေ စကားဝါ့ကို စောင့်နေမယ်လေ"

"မဟုတ်ဘူး ကိုမင်းနဲ့အတူ အခုတည်းက မြန်မာပြည်ကို လိုက်ချင်တာ"

"အို– အရူးမလေး၊ အခုတော့ မဖြစ်နိုင်သေးဘူးလေ၊ ဘယ်လို လိုက်လို့ ရမှာလဲ"

"ကိုမင်းက လေယာဉ်နဲ့ မသွားနဲ့ပေါ့၊ စကားဝါက ဟောဒီကားကို မောင်းပြီး မြန်မာပြည်ကို လိုက်ပို့ပေးမယ်လေ"

ကိုမင်းအားရပါးရ ရယ်ကာ စကားဝါ့ခေါင်းလေးကို အသာပုတ်လိုက်မိသည်။ စကားဝါ့အပြောကို ကိုမင်းတစ်ကယ်ပင် သဘောကျမိပါ၏။

"မဖြစ်နိုင်တာ စကားဝါရယ်၊ ရေတစ်တန် ကုန်းတစ်တန်နဲ့ ခရီးကလည်း ဝေးသေး၊ ကားနဲ့သွားလို့ရတယ်ဆိုရင်တောင် လမ်းခရီးက အကြာကြီးသွားရမှာ"

"အဲဒီလိုကို ကိုမင်းနဲ့အကြာကြီးနေချင်တာ"

စကားဝါ့အပြောကို ကိုမင်း မနိုင်တော့ပါ။

"ကိုမင်းအရှုံးပေးပါတယ် စကားဝါရယ်၊ကဲ– လေဆိပ်ရောက်

အောင် ဆက် မောင်းတော့၊ ဟိုကျမှ နေလယ်စာ အတူတူစားကြရအောင်"

စိတ်ကြည်သွားပြီထင့်"သွားမယ်လေ"ဟုဆိုကာ စကားဝါ ကားကို အသာမောင်းထွက်လိုက်သည်။

ရေပတ်လည်ဝိုင်းနေသော တိုကျိုမြို့၏ ရှုခင်းသည် တစ်ရိပ်ရိပ်ဖြင့် နောက်တွင် ကျန်ရစ်ခဲ့သည်။

တစ်ကယ်တော့ နာရေတာလေဆိပ်သည် တိုကျိုပင်လယ်အော်နှင့် မလှမ်းမကမ်းတွင် ရှိသည်။ လေဆိပ်နှင့်နီးလာလေ ပင်လယ်အော်ရေပြင်ကျယ်ကြီးကို ပို၍မြင်ရလေဖြစ်၏။

လေဆိပ်ဆင်ဝင်အောက်ရောက်တော့ ကားပေါ်မှ ပစ္စည်းများချပြီး စကားဝါက ကားပါကင်တွင် ကားကိုထားလိုက်သည်။

ပြီးနောက် နှစ်ဦးသားလေဆိပ်အတွင်းသို့ဝင်ခဲ့ကြ၏။ ဘန်ကောက်သို့ ထွက်မည့် JAL လေကြောင်းလိုင်း ကောင်တာတွင် လေယာဉ်လက်မှတ်ပြပြီး Boarding Card ကိုယူသည်။ ပြီးနောက် luggage လုပ်ပြီးအချိန်ကြည့် လိုက်တော့ ၁၁ နာရီကျော်ပင် ရှိသေးသည်။

စကားဝါနှင့်စကားပြောရန်၊ စကားဝါနှင့်အတူနေရန်၊ ပြောရလျှင် စကားဝါ့မျက်နှာလေးကို ကြည့်ခွင့်ရရန် အချိန်တစ်နာရီကျော် ကျန်သေးသည်။

စကားဝါည့်ကြိုအဖြစ် လေဆိပ်သို့ မကြာခဏရောက်သဖြင့် လေဆိပ် ဝန်ထမ်းအချို့နှင့်ပင် ရင်းနှီးနေသည်။ စကားဝါစီစဉ်ပေးသဖြင့် လေဆိပ်လုပ်ငန်းများ အချိန်တိုအတွင်းပြီးသွားသည်။

အလာခရီးက ထိုင်းလေဆိပ်တွင် Transit Counter ပျောက်၍ ရှာနေရသလို၊ ဘာသာစကားအခက်အခဲကြောင့် အခက်တွေ့ရသလို နှောင့်နှေးကြန့်ကြာမှုမရှိခဲ့။





"လာ...ကိုမင်း နံနက်စာ စားရအောင်"

ပြောပြောဆိုဆို ကိုမင်းလက်ကို စကားဝါ အသာဆွဲ၍ ခေါ်သွားသည်။ ကိုမင်းကလည်း စကားဝါ့လက်ကလေးကို ပြန်ဆုပ်ထားပြီး လိုက်သွားခဲ့မိ၏။

ပြောရလျှင် ကိုမင်းသည်ပင် စကားဝါ့ကို မခွဲချင်သည်က အမှန်။ တီတီတာတာပြောတတ်သူလေး၊ ခရီးစဉ်အတွက် လိုအပ်ချက်မှန်သမျှကို ကူညီတတ်သူလေး၊သူ့အပေါ် မိသားစုဝင်တစ်ဦးပမာ ဂရုစိုက်တတ်သူလေး...။ယုတ်စွအဆုံး တာဝန်ရှိသူများက သူ့အတွက်ပင် စေလွှတ်လိုက်လေသလားဟု ထင်ရလောက်အောင် သူ့အတွက် မူပိုင်ဖြစ်နေခဲ့သူလေး–––။

ထိုသို့"သူလေး"မည်သော ဂျပန်သူလေး မစ္စဝါရှို(ခေါ်) စကားဝါ့အပေါ် ကိုမင်း တွယ်တာခဲ့မိသည်မှာ မဆန်းဟု ဆိုချင်သည်။

သို့သော် အခုတော့ တွယ်တာခဲ့မိသည်များကို ရင်မှာပိုက်ပြီး ကိုမင်းတစ်ယောက် အိမ်ပြန်ခရီးကို စတင်ရပေတော့မည်။

"ကိုမင်း ဘာစားမလဲ"

လေဆိပ်အတွင်း စားသောက်ဆိုင်တစ်ခုတွင် ထိုင်မိတော့ စကားဝါက မေးလိုက်၏။

"အင်း ဂျပန်အစားအစာပဲ စားမယ်လေ၊ ရှေ့ညှိုထမင်းလိပ်ပေါ့"

ဟုပြောလိုက်တော့ စကားဝါက နေရာမှထကာ ကောင်တာတွင် သွား၍ မှာသည်။

ခုမှဆိုင်ကို သတိထားကြည့်မိသည်။ စားသောက်ဆိုင် ဆိုပေမယ့် ဆူဆူ ညံညံဖြင့် လူအများ ဥဒဟိုဝင်ထွက် နေခြင်းမရှိ၊ ဇနီးမောင်နှံများ၊ ချစ်သူစုံတွဲများ အေးအေးဆေးဆေး စကားပြောနိုင်ရန် စီစဉ်ပေးထားသည်။ နောက်မီထိုင်ခုံ မြင့်မြင့်ဖြင့်ကာရံထားသော ဆိုင်ဖြစ်သည်။

စားသောက်နေသူအများစုက အနောက်နိုင်ငံသားခရီးသွားများဖြစ်သည်ကို တွေ့ရ၏။ ဆိုင်အတွင်းထိုင်ရင်း မိမိလိုက်ပါမည့် လေယာဉ်ထွက်ခွာချိန်ကို မလှမ်းမကမ်းတွင် ချိတ်ထားသော လေယာဉ် ခရီးစဉ်များနှင့် အချိန်ပြရုပ်မြင်သံကြားမှတစ်ဆင့်ကြည့်နိုင်သည်။

မကြာမီ မှာထားသော အစားအသောက်များ ရောက်လာ၏။

"ကိုမင်းက ဂျပန်မှာနေတုန်း ဂျပန်အစားအစာတွေစားရတာ မဝသေးဘူးနဲ့တူတယ်"

"ဟိုကျရင် ဒါတွေစားဖြစ်မှာ မဟုတ်ဘူးလေ၊ ဒါကို ချက်ကျွေးမယ့်သူလဲ မရှိဘူး"

"စကားဝါ ချက်ကျွေးမယ်လေ၊ လိုက်ခဲ့ရမလား"

"ခေါ်ချင်ပါတယ် စကားဝါရယ်၊ တကယ်ပါ"

ပြောသာပြောရသည်။ တကယ်တော့ နှစ်ဦးစလုံး နေ့လယ်စာကို တို့ကနန်း ဆိတ်ကနန်းသာစားဖြစ်သည်။

"ကိုမင်း"

"ပြောလေ စကားဝါ"

"ကိုမင်း ရင်ထဲက စကားလေးနှစ်ခွန်း စကားဝါ့ကို ပြောဖို့ရှိသေးတယ်နော်"

ပြောရင်း ရေဖန်ခွက်ကို ကိုင်ထားသော ကိုမင်း၏လက်ကို သူမ လက်ဖဝါး နုနုလေးဖြင့် လာကိုင်သည်။

"ပြောလေ-ကိုမင်း"ဟုဆိုကာ ဆုပ်ထားသည့်လက်ကို ကိုင်လှုပ်ရင်း အားမလိုအားမရ မေးလာပြန်သည်။

ကိုမင်း ဘာပြောရမည်နည်း။ ရင်ထဲရှိတဲ့အတိုင်း ပြောရမှာလား...။

ရင်ထဲရှိသည့်အတိုင်း ပြောရရင် သင့်လေမလား...။





တကယ်တော့ မိမိကိုယ်ကိုယ် မိမိမလိမ်ချင်ပါ။ စကားဝါပြောသလို ကိုမင်း ကိုယ့်ကိုယ်ကို လိမ်နေတာလား၊ ဒါမှမဟုတ် လိမ်ဖို့ညာဖို့ ကြိုးစားနေတာလား။

ဝန်ခံပါသည်၊ ကိုမင်း မလိမ်တော့ပါ၊ မိမိကိုယ်ကိုမိမိ မညာတော့။

တစ်ကယ်တော့ ကိုမင်း စကားဝါ့ကို ချစ်နေမိသည်မှာ အမှန်ပါ။ နှုတ်က ထုတ်ပြောရမည်လား။ အခုလိုခွဲခွာခါနီးမှာ ထုတ်ပြောသင့်ပါသလား...။

"ချစ်တယ်"ဟူသော စကားက လူတိုင်းပိုင်ဆိုင်ခွင့်ရှိသော စကား မဟုတ်ပါလား။

"ချစ်တယ်"ဆိုသောစကားမှာ ယောက်ျားပျိုတစ်ဦးက မိန်းမပျိုတစ်ဦးကို ပြောခွင့်ရှိသော စကားပေပဲ မဟုတ်ပါလား...။

မည်သို့သော အကြောင်းကိစ္စတွေ ရှိနေပါစေ။ မည်သို့သော အဟန့်အတား တွေ ရှိနေပါစေ။ " ချစ်တယ်" ဟူသော ဝေါဟာရနှင့် ချစ်ချင်းတရားကိုတော့ လူတိုင်းပိုင်ဆိုင်ခွင့် ရှိသည် မဟုတ်ပါလား။

မိမိချစ်သောသူနှင့် အိမ်ထောင်ဖက်ဖြစ်သည် မဖြစ်သည်ထက် တစ်ဦးပေါ် တစ်ဦး ချစ်ခွင့်လေးတော့ ပိုင်ဆိုင်သင့် သည်မဟုတ်ပါလား...။

တစ်ဖက်သားကသိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ့အပေါ် ချစ်ခွင့်လေးတော့ ပိုင်ဆိုင်ခွင့်ရှိနိုင်သည် မဟုတ်ပါလား။

ကိုမင်း အတန်တန်စဉ်းစား ရပါသည်။ ပြောသင့် မပြောသင့် အတန်တန် စဉ်းစားပါသည်။

ပြီးနောက် ကိုမင်းတစ်ယောက် စကားဝါ့လက်ကလေးကို တင်းတင်းဆုပ်ကိုင် ထားရင်း ရင်ထဲက စကားတစ်ခွန်းကို ပြောချလိုက်မိပါသည်။

"မာတကီတိုင်း တီဆု–စကားဝါ"

"ဟင်"

စကားဝါ ရင်မောစွာဖြင့် နားစွင့်နေခဲ့သော စကားတစ်ခွန်း၊ စကားဝါမျှော်လင့်ထားသော စကားတစ်ခွန်း…။

စကားဝါ ကြားလိုက်ရပါသည်။ သို့သော် နားစွင့်မျှော်လင့် ကြားချင်ခဲ့သော စကားတစ်ခွန်းတော့ မဟုတ်ခဲ့ပါ။

ကိုမင်းက "နောက်တစ်ခေါက်လာချင်သေးတယ်"တဲ့လေ။

မျှော်လင့်ထားသော စကားဖြစ်မလာသဖြင့် ဝမ်းနည်းမှုပုံရိပ် အဖြစ် စကားဝါမျက်ဝန်းတွင် မျက်ရည်တို့ ရစ်ဝိုင်းလာခဲ့ရပါသည်။

"ကိုမင်း စကားဝါ့ကို တွေ့ချင်သေးတယ်၊ ဒါ့ကြောင့် ဂျပန်ကို နောက်တစ်ခေါက်လာချင်သေးတယ်" ပြောလိုက်တော့ ကြွေလုလု မျက်ရည်ဥတို့ စကားဝါ့ပါးပြင်ထက် စီးဆင်းလို့လာခဲ့ရပြီလေ။

"ကဲပါ–မျက်ရည်တွေနဲ့ မလှပါဘူး"ဟု ပြောရင်း ကိုမင်း စကားဝါ့ ပါးပြင်ထက်မှ မျက်ရည်တွေကို သုတ်ပေးလိုက်တော့–

စကားဝါက" ကိုမင်း ညာတယ်တဲ့လေ"

မှန်ပါသည်။ စကားဝါ ပြောသည့်အတိုင်းကိုမင်း ညာခဲ့ရပြန်ပါပြီ။ ကိုမင်းကိုယ်တိုင်ကပင် အမှန်ကိုဆန့် ကျင်လျက် ပြောရသည်မို့ ရင်ထဲမှာ ပင်ပန်းလှသည်လေ…။

ပြီးနောက် စကားဝါက သူ့လက်ကိုင်အိတ်ထဲမှ အထုပ်တစ်ထုပ် နှင့် စာတစ်စောင်ကိုထုတ်ပြီး

"ကိုမင်း ဒီထဲက ပစ္စည်းလေးဟာ ကိုမင်းအတွက် စကားဝါရဲ့ အမှတ်တရ လက်ဆောင်လေးပါ၊ ဒီစာကတော့ လေယာဉ်ပေါ်ရောက်မှ ဖတ်ဖို့"ဟုပြောရင်း ကိုမင်းလက်ထဲသို့ ထည့်ပေးလိုက်၏။

အချိန်ကို ကြည့်လိုက်တော့ မွန်းတည့်၁၂ နာရီကျော်နေပြီ။





ားသောက် ဆိုင်ထဲရှိ ခရီးစဉ်ပြ ရုပ်မြင်သံကြား ဖန်းစက်ကို ကြည့်လိုက် တော့ JAL717 ဖြင့် ဘန်ကောက်သို့လိုက်ပါမည့် ခရီးသည်များကို ခေါ်နေကြောင်း တွေ့ရ၏။

"စကားဝါ လေယာဉ်ချိန်နီးပြီ သွားရအောင်"ဟု ပြောကာ စကားဝါ့လက်ကလေးကို ကိုမင်းဆုပ်ကိုင်ဆွဲယူ လိုက်မိစဉ် နေရာမှ ကားဝါ အလိုက်သင့် ထလာသော်လည်း ဦးတည်ရာကား စားသောက် ခန်းဝဆီသို့ မဟုတ်ဘဲ ကိုမင်းရင်ခွင်ထဲသို့ ဖြစ်နေလေတော့၏။

စကားဝါ ကိုမင်းကို တင်းကြပ်စွာ သိုင်းဖက်ထားရင်း မျက်နှာ အပ်ကာ ရှိုက်ကြီးတငင်ငိုပါတော့သည်။ ကိုမင်း ရုတ်တရက်မို့ မှင်တက် သွားသည်။ ဆိုင်အတွင်း မျက်လုံးဝေ့ကြည့်လိုက်တော့ လူရှင်းနေ၍ တော်တော့သည်။ ခပ်လှမ်းလှမ်းတွင် ဥရောပနိုင်ငံသား ဇနီးမောင်နှံလား သမီးရည်းစားလား မမှန်းနိုင်သော စုံတွဲတစ်တွဲကိုသာ တွေ့ရ၏။

ကိုမင်း ပထမတွင် စကားဝါ့ကိုယ်လေးကို အသာဆွဲယူရန် ဉ်းစား မိပါသေးသည်။ သည်တစ်ခါ ငိုနေသည်က အားပါးတရ ှိုက်ကြီးတငင်…။

စကားဝါ အားရအောင် ငိုပါစေတော့လေ။ နှုတ်ကပြောသည့် ှုတ်ဆက်စကား အစားရင်ထဲက ပြောသော နှုတ်ဆက်စကား အဖြစ် ကားဝါတစ်ယောက် အားရအောင် ငိုပါစေတော့လေ…။ ကိုမင်း ကိုယ်တိုင်သည်ပင် ရင်နှင့်အမျှ ခံစားနေရပြီ မဟုတ်ပါလား…။

တစ်ကယ်ဆိုရလျှင် စကားဝါအငိုတိတ်အောင် ချော့နိုင်စွမ်း ကိုမင်းတွင် မရှိတော့ပါ။ ကိုမင်း စကားဝါနှင့် ထပ်တူခံစားနေရ သည်ပဲလေ။

စကားဝါ အားရအောင်ငိုပြီးတော့ ပြောလာပြန်သည်။

"ကိုမင်းရင်ထဲမှာ စကားဝါကို ပြောဖို့စကားတစ်ခွန်း ကျန်သေး
တယ်၊ ပြောမှာလားဟင်"

ဟုတ်ပါသည်။ ကိုမင်းရင်ထဲက ငါးခွန်းမြောက် စကားတစ်ခွန်း
ပြောရန် ကျန်ပါသေးသည်။

သည်တစ်ခါတော့ စကားဝါအတင်းအကြပ်တောင်းဆိုမှု မပြုတော့
ပါ၊ ဆန္ဒရှိရင် ပြောနိုင်ကြောင်းသာ သတိပေးလိုက်ဟန်တူပါသည်။

သည့်နောက် ကိုမင်းက–

"စကားဝါကို နှုတ်က မပြောပေမယ့် ကိုမင်းရင်ထဲက စကားကို
စကားဝါ ကြားလိမ့်မယ်လို့ ကိုမင်းထင်ပါတယ်"

"ဒါဆို ပြောမှာလားဟင်"

"စကားဝါ ကိုမင်းနဲ့ မတွေ့တော့တာမှ မဟုတ်ဘဲ၊ မြန်မာပြည်ကို
စကားဝါ လာအုံးမယ်၊အဲဒီကျတော့ ကျန်တဲ့စကားတစ်ခွန်းကို ပြောမယ်
လေ"

စကားဝါ့ကို နှစ်သိမ့်ရင်းကျန်သည့် စကားတစ်ခွန်းကို ကိုမင်း
ရင်မှာ သိမ်းဆည်းထားလိုက်မိပါသည်။

စကားဝါ့လက်ကို ဆွဲရင်းကိုမင်း စားသောက်ခန်းထဲမှ ထွက်ခဲ့
ပါသည်။

ခရီးစဉ်ပြ ရုပ်မြင်သံကြားဖမ်းစက်ကလည်း ခရီးသည်များ
လေယာဉ်ပေါ် တက်ကြရန် အချက်ပြနေပေပြီ။

လေယာဉ်ဆိုက်ကပ်ထားရာ ချန်နယ်လိုင်းထဲ ကိုမင်းဝင်ရတော့
မည်။

"ကဲ စကားဝါ ကိုမင်းသွားတော့မယ်၊ စကားဝါ့ကို ကိုမင်း
မြန်မာပြည်က မျှော်နေမယ်၊ ဒီကြားထဲ စကားဝါ့ ဆီစာလဲရေးမယ်





ကိုမင်းတို့အတူရိုက်ထားတဲ့ ဓာတ်ပုံလေးကိုလဲ အမှတ်တရ သိမ်းထား
မယ်"

စကားဝါ့လက်ကလေးနှစ်ဖက်ကို အသာဆွဲရင်း ကိုမင်းပြော
နေစဉ်မှာ စကားဝါ့ရဲ့နှလုံးသားမိုးတိမ်မှ မျက်ရည် တို့ မျက်ဝန်းမှ
ရွာချလို့နေပြန်ပါပြီ...။

"စကားဝါ ကိုမင်းသွားခါနီးကွယ်"ဟု ပြောလိုက်စဉ် မျက်ဝန်းမှ
မျက်ရည်များကို ကဗျာကယာသုတ်ရင်း

"ကိုမင်း"

"ပြောလေ စကားဝါ"

"ကိုမင်းကို စကားဝါနှုတ်မဆက်တော့ဘူး။ လမ်းခရီးဖြောင့်ဖြူး
ပါစေလို့ စကားဝါဆုတောင်းပေးနေပါ့မယ်"

ပြောအပြီး စကားဝါ့လက်ကလေးကို ကိုမင်းလွှတ်ကာ လှည့်ထွက်
ခဲ့၏။ ခပ်လှမ်းလှမ်းအရောက် စကားဝါ့ကို ကိုမင်းလည်ပြန်လှည့်ကြည့်
မိတော့ စကားဝါသူ့ကိုကြည့်ရင်း လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုအုပ်ကာ
ရှိုက်ကြီးတငင် ငိုနေပါပေါ့လား...။

ပြောရလျှင် ကိုမင်းကိုယ်တိုင်သည်ပင် စကားဝါနှင့်ထပ်တူ
ရင်နှင့်အမျှခံစားနေရပါပြီ စကားဝါရယ်...။

* * *

"ကိုမင်း–

ကိုမင်း ဒီစာကိုဖတ်နေချိန်မှာ မြန်မာပြည်ကြီးကို ကိုမင်းအပြန်ခရီး စနေပြီပေါ့နော်၊ စကားဝါကို အချိန်တိုင်း သတိရနေလိမ့်မယ်လို့လဲ ထင်ပါတယ်၊ စကားဝါကတော့ ကိုမင်းကို မေ့မရတော့ပါဘူး။ မြန်မာ မိန်းကလေးတွေဟာ သူတို့ရင်ထဲက ချစ်တယ်ဆိုတဲ့စကားကို အရင် ဦးအောင် ပြောလေ့မရှိဘူးလို့ စကားဝါ သိထားတယ်။ စကားဝါက မြန်မာမလေးဖြစ်ချင်သူမို့ အဲဒီစကားကို စကားဝါ့ရင်ထဲမှာပဲ သိမ်းထား လိုက်ပါတော့မယ်။ ကိုမင်း စကားဝါ့ကို တစ်သက်တာ သတိရနေစေဖို့ အထိမ်းအမှတ်လက်ဆောင်လေးတစ်ခုကို ပေးလိုက်ပါတယ်။ ကိုမင်း ဖောက်ကြည့်နိုင်ပါပြီ "

ချက်ချင်းပင် ဖောက်ကြည့်လိုက်တော့–

ဟင်–ချစ်သူများအထိမ်းအမှတ် မောင်နှံကြွေရုပ်လေးပါလား။ ဘေးမှာလဲ ကြိုးလေးနဲ့ဆွဲလို့။ ဘာတဲ့–

"ကိုမင်းအတွက် စကားဝါ့ရဲ့ တစ်သက်တာ အမှတ်တရတဲ့"

ဩော် ဤမျှပင်သံယောဇဉ်ကြီးတွေ နိုင်မြဲ ညိတွယ်နေသလား ကွယ်...။

စာအိတ်နဲ့ မောင်နှံရုပ်ကလေးကို ဗူးထဲအသာပြန်ထည့်လိုက်သည်။ ပြီးနောက် လေယာဉ်ပြတင်းပေါက်က အောက်ကိုကြည့်လိုက်တော့ ကိုမင်းလိုက်ပါလာသော JAL လေယာဉ်ကြီး ဂျပန်ပြည်ကို အဝေးမှာထားခဲ့ပြီး တိုကျိုပင်လယ်အော်ကိုပင် ဖြတ်ကျော်လို့နေခဲ့ပြီ မဟုတ်ပါလား...။

နှုတ်ဆက်ခဲ့ပါတယ် တိုကျိုရယ်...။

* * *



## အခန်း (၁၉)

"မင်းသိချင်တဲ့ ဂျပန်ပြည်က ဇာတ်လမ်းက အဲဒါပဲ စိုးလွင်အောင်"

"အင်း ဒါကြောင့် ဂျပန်ပြည်ကို နောက်တစ်ခေါက် ပြန်သွားချင်တယ်လို့ မင်းပြောတာကိုး"

ဂျပန်သူလေး စကားဝါနှင့်တွေ့ဆုံခဲ့ရပုံအလုံးစုံကို မင်းဝေလှိုင် ပြောပြလိုက်တော့ သူငယ်ချင်းဖြစ်သူ စိုးလွင်အောင် တစ်ယောက် အချစ်အလွမ်းဇာတ်လမ်းတစ်ပုဒ်ကို ကြားလိုက်ရသကဲ့သို့ ခံစားနားလည် တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်၏။

ယနေ့မနက် ရုံးသို့ မင်းဝေလှိုင်အရောက် စိုးလွင်အောင်က စာတစ်စောင် လာပေးခဲ့သည်။ ဂျပန်သူလေး စကားဝါ့ထံမှ ပေးပို့လိုက်သော အမြန်ချောစာ ဖြစ်၏။

မင်းဝေလှိုင်တစ်ယောက် စာကိုချက်ချင်း ဖောက်ဖတ်ပြီးသည်နှင့် စိုးလွင်အောင်၏ စပ်စုသောအမေးကို ဇာတ်လမ်းတစ်ပုဒ်ပမာ မင်းဝေလှိုင် ရည်လျားစွာ ပြောပြလိုက်ခြင်း ဖြစ်၏။

အံ့ဩဖွယ်ဖြစ်ရပ်တစ်ခုဟု ဆိုနိုင်သော်လည်း အချစ်နှင့်ပတ်သက်သော ဖြစ်ရပ်များစွာတို့သည် အံ့ဩဖွယ်ဖြစ်ရပ်များ၊ တိုက်ဆိုင်မှုများဖြင့်

ရောယှက်နေတတ်ကြောင်း စိုးလွင်အောင် နားလည်ထားသည်။

တကယ်တော့ အချစ်ဟူသည် ရိုးရိုးလေးပင် ဖြစ်၏။ အချစ်ဟူသည် စွမ်းအားကြီးခြင်း၊ သံယောဇဉ်ကြီးမားခြင်းတို့ဖြင့်ဖွဲ့နှောင်ထားသည်ဖြစ်၍ အတားအဆီးအဟန့်အတားမှန်သမျှတို့သည် လွင့်စင်ပျက်ပြယ်ကုန်ကြ၏။ အချစ်ဟူသည် ယောက်ကျားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့၏ မွေးရာပါ ဖြူစင်သော တွယ်တာနှောင်ဖွဲ့မှု ပြယုဂ်မျှသာ ဖြစ်၏။

အဆိုပါ ယောက်ကျားနှင့် မိန်းကလေးတို့၏ မွေးရာပါမဟုတ်သော ပတ်ဝန်း ကျင်အရ၊ ဘဝအကျိုးပေးအရ ဖြစ်တည်ပြောင်းလဲနေမှုတို့ကိုပါထည့်သွင်းစဉ်းစား လျှင်မူကား အချစ်ဟူသည်အရောင် အမျိုးမျိုးဖြင့် ရောယှက်နေကာ အလွမ်း၊ အဆွေးတို့နှင့်အတူ ကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆန်းနှင့် ရောပြွမ်းနေတတ်သည်လေ။

ကိုမင်းနှင့် စကားဝါတို့၏ တွယ်တာမှုသည်ကား တစ်ပြည်သူနှင့် တစ်ပြည် သားတို့၏ ဖြစ်ရပ်ဆန်းဟု ဆိုနိုင်သော်လည်း တစ်ကယ်တော့ လူသားနှစ်ဦးတွေ့ဆုံ ခဲ့ကြသည့် အချစ်ဇာတ်လမ်း ရိုးရိုးလေးပင် ဖြစ်တော့၏။

သို့သော် သူတို့နှစ်ဦးရင်ထဲရှိနေပြီးဖြစ်သော သံယောဇဉ်လေးများကိုတော့ ဖွင့်ဟကြေညာရန် ခက်လွန်းလေစွ။

ဟော–အခု စကားဝါ့စာအရ မကြာခင် သူမရန်ကုန်ကို လာမယ်တဲ့လေ။

"နေပါဦး– သူတစ်ကယ်ပဲဒီကိုရောက်လာရင် မင်းဖွင့်ပြောဖို့ စိတ်ကူးထားသလား"

"ခက်တယ်လေ၊အဲဒါ ခက်နေတာပေါ့၊ ဝှဲရမှာတွေက အများကြီး"

"ဒါမှမဟုတ် မြကြာဖြူအပေါ် သံယောဇဉ်မကုန်သေးလို့လား"





"အာ–မဟုတ်တာ၊ သူနဲ့တောင်မတွေ့တာကြာပြုပဲ၊ ငါတို့ သုံးယောက်ကျောင်းပြီးကတည်းက မဟုတ်လား"

"အေး–ဒါနဲ့ ပြောရဦးမယ်၊ အခု မြကြ ဖြူတစ်ယောက် ပုဂံ–ညောင်ဦးမှာပဲ ယွန်းထည်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်၊ မင်းရဲ့စကားဝါ လာရင်တော့ ဘုရားထီးတင်ဖို့ကိစ္စ နယ်ခံဖြစ်တဲ့ မြကြာဖြူကိုပဲ အကူအညီတောင်းရမှာပဲ"

"ကောင်းပါ့မလား၊ အဆင့်မသင့်လို့ ဝေးခဲ့ကြတာ ၁၀နှစ်ကျော်ကြာပြီးမှ အခုလိုပြန်ပြီး အကူအညီတောင်းတော့"

"မင်းကသာ နေနိုင်နေတာပါ၊ဟိုကဖြင့် မင်းအကြောင်း မကြာခဏမေးနေတာ၊ ငါနဲ့တော့ အဆက်အသွယ် မပြတ်ပါဘူးကွ"

"အေးလေ စကားဝါလာတော့ ကြည့်စီစဉ်ကြတာပေါ့၊ ငါလဲ သူလာရင်ခွင့် ၁၀ရက်လောက်တော့ ယူဦးမှပဲ၊ ဂျပန်ပြည်မှာ ငါ့အပေါ် ညွှဝတ်ကျေခဲ့သူကို ဒီရောက်တဲ့အခါလဲ ညွှဝတ်မပျက်ချင်ဘူး"

"ဒါနဲ့ မင်းရဲ့စကားဝါက ဘယ်တော့လာမှလဲ"

"နောက်တစ်ပတ် တနင်္လာနေ့"

အချိန်တို့သည် ခုနစ်လခန့်ကြာခဲ့ပြီ ဖြစ်သော်လည်း အဖြစ်အပျက်တို့သည်ကား မနေ့တစ်နေ့ကလိုပါပဲလား"

* * *

ရန်ကုန်အပြည့်ပြည့်ဆိုင်ရာလေဆိပ်။

ညနေပိုင်းတွင် TG ဖြင့် ဘန်ကောက်မှတစ်ဆင့် စကားဝါရောက်လာမည်။

စကားဝါအသွင်သည်မတွေ့ရသော ခုနစ်လတာအတွင်း မည်သို့ပြောင်းလဲနေမည်လဲ။ ပိန်သွားမလား၊ ဝလာမလား၊ပြီးတော့ ပိုလှလာသလား။

ကိုမင်းလေဆိပ်တွင် လေယာဉ်ဆိုက်ရောက်မည့်အချိန်ကို စောင့်စားရင်း ဂျပန်တွင် စကားဝါနှင့် တွေ့ဆုံခဲ့ရပုံ၊ ရင်းနှီးကျွမ်းဝင်ခဲ့ရပုံဖြစ်အင်များကို ပြန်လည်သတိတရ ရှိနေခဲ့သည်။

သူနှင့်အတူ စောင့်ဆိုင်းနေသူက သူငယ်ချင်းစိုးလွင်အောင်–

"မင်းဝေလှိုင်–ဒီနေ့လေယာဉ်နဲ့ပါလာမယ်ဆိုတာကရော သေချာရဲ့လား၊ မင်းတို့ နှစ်ယောက် ဒီကြားထဲ ဆက်သွယ်မိကြသေးလား"

"သေချာပါတယ်ကွ၊ ပြီးခဲ့တဲ့အပတ်က သူနဲ့ငါ ဖုန်းပြောဖြစ်ကြပါသေးတယ်"

စိုးလွင်အောင်က ပူပန်မှုလေသံဖြင့် မေးလိုက်ခြင်း ဖြစ်ပါသည်။

ကိုမင်းကတော့ စကားဝါ့အကြောင်းသိပြီးသူမို့ စကားဝါပါလာသည့်လေယာဉ် ဆိုက်ရောက်မည့်အချိန်ကို မျှော်နေမိသည်မှတစ်ပါး ကိုမင်းရင်ထဲတွင် စိုးရိမ်စိတ် တစ်စုံတစ်ရာမျှ မရှိချေ။

လေယာဉ်က ည ၇ နာရီကျော်မှ ဆိုက်ရောက်မည်ဖြစ်သည်။

စကားဝါရောက်လာလျှင် တည်းခိုရန် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်တွင် စီစဉ်ထားသည်။ ရန်ကုန်တွင် နှစ်ရက်နေမည်။ ပြီးတော့ ပုဂံ–ညောင်ဦးသို့ ခရီးဆက်မည်။ ပုဂံ–ညောင်ဦးတွင် နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေးကိစ္စများ စီစဉ်ထားပြီး ဖြစ်၏။





ပုဂံ–ညောင်ဦးတွင် ကုန်သည်လုပ်ငန်းဖြင့် ကြီးပွားနေသော တင်မောင်ဦးရှိသည်။

ပြောရလျှင် မင်းဝေလှိုင်၊ စိုးလွင်အောင်နှင့် တင်မောင်ဦးတို့သည်ငယ် သူငယ်ချင်းများ ဖြစ်ကြ၏။

ပြီးတော့ မြကြာဖြူ...။

သူတို့သုံးဦးနှင့်အတူ မြကြာဖြူသည် ဆယ်တန်းအထိ တစ်နယ်တည်းသား ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြ၏။

မင်းဝေလှိုင်တို့ သုံးဦး မန္တလေးတက္ကသိုလ် တက်နေချိန်တွင် မြကြာဖြူက ပုဂံ–ညောင်ဦးတွင် ယွန်းသိပ္ပံ ကောလိပ်တက်ခဲ့ရသည်။

ယွန်းသိပ္ပံ ကောလိပ် တက်ခဲ့ရအည်ဟု ဆိုရခြင်းမှာ ဤသို့ဖြစ်၏။

သူငယ်ချင်းလေးယောက် ဆယ်တန်းအရောက်တွင် မင်းဝေလှိုင်နှင့် မြကြာဖြူတို့ ချစ်သူတွေဖြစ်သွားကြလေ၏။ ၎င်းကို မြကြာဖြူအိမ်က သိတော့ သဘောမတူ၊ ခွဲကြလေသတည်းပေါ့။ မြကြာဖြူ၏အမေကဆိုရင် မင်းဝေလှိုင်ကို သူ့သမီးနှင့် ကြိုက်ရကောင်းလားဟုဆိုကာ ပြောလိုက်သည်မှာ နားမခံသာအောင်ပင်...။

ထို့နောက် ဆယ်တန်းအောင်တော့ သူတို့လေးယောက် မန္တလေးတက္ကသိုလ် အတူတက်ခွင့်မရတော့။ မိဘ လက်ငုတ်လက်ရင်းဖြစ်သောမိသားစု ယွန်းထည် လုပ်ငန်းတွင် လုပ်ရန်ဟူသောအကြောင်းပြချက်ဖြင့် မိဘများက မြကြာဖြူကို ပုဂံ–ညောင်ဦးက ယွန်းသိပ္ပံကောလိပ်တွင်သာ တက်စေခဲ့တော့သည်။

သည်နောက် မင်းဝေလှိုင်နှင့် မြကြာဖြူတို့နှစ်ယောက် ဝေးခဲ့ရသည်မှာ ယခုဆိုလျှင် ဆယ်စုနှစ်တစ်စုပင် ကျော်ခဲ့ပြီ မဟုတ်ပါလား။

"မင်းဝေလှိုင်– စကားဝါ ပုဂံ–ညောင်ဦးမှာ သွားရေးလာရေး အဆင်ပြေဖို့ အတွက် မြကြာဖြူကို အကူအညီ တောင်းထားတယ်"

မင်းဝေလှိုင်တစ်ယောက် လေဆိပ်တွင် လေယာဉ်အလာကို စောင့်ရင်း အတွေးနယ်ချဲ့နေစဉ် စိုးလွင်အောင်က ပြောလိုက်သဖြင့်–

"ဟင်"

"ဘာလဲ မင်းကိုကြိုတင် မတိုင်ပင်လို့ စိတ်ဆိုးသွားသလား"

"စိတ်ဆိုးစရာမရှိပါဘူး၊ သူနဲ့ငါနဲ့ဇာတ်လမ်းက ပြီးခဲ့ပြီပဲ။ သူနဲ့ ဖြစ်ပါ့မလားလို့ပဲတွေးမိတာ၊ သူနဲ့ငါနဲ့–ပြီးတော့သူ့မိသားစုနဲ့ အဲဒါတွေက ရှိသေးတယ်လေ။ သူ့အမေကြီး ငါ့ကိုပြောခဲ့တာ ဒီနေ့အထိ တောင် နားထဲက မထွက်သေးဘူး"

"မင်းကသာတွေးပူနေတာ၊ မြကြာဖြူကတော့ ကိုမင်းဝေ မိတ်ဆွေဆို သူ့မိတ်ဆွေပဲတဲ့၊ ကူညီရမှာပေါ့တဲ့"

"ကိုမင်းဝေတဲ့လား သူက"

တစ်ချိန်က သူ့ကို "ကိုမင်းဝေ"ဟု ခေါ်ဖြစ်ခဲ့ပုံလေးကို ကိုမင်း သတိရလိုက် သည်။ "သူငယ်ချင်း အဆင့်ဆို ကိုမင်းဝေလှိုင်ပေါ့၊ ချစ်သူတွေဖြစ်သွားကြတော့ "ကိုမင်းဝေ" လို့ခေါ်မယ်လေ၊ နှစ်ယောက် အတူနေဖြစ်တော့"ကိုမင်း" ပေါ့နော်တဲ့"

မြကြာဖြူ့စကားကို ကိုမင်း ပြန်လည် သတိရမိ၏။

"မင်းအပေါ်ကို သံယောဇဉ်မကုန်သေးတဲ့ သဘောရှိတယ်နော် မင်းဝေလှိုင်၊ အခုထိ အိမ်ထောင်မပြုသေးတာလဲ မင်းရဲ့ ပယောဂ မကင်းသေးဘူးလို့ထင်တယ် ဟဲ . . . ဟဲ"

"ဒါတွေက ပြီးခဲ့ပြီလေ၊ အခုအချိန်မှာတော့ စကားဝါဒီမှာနေတုန်း အဆင်ပြေဖို့ပဲ လိုပါတယ်"

"ပြီးတော့ ဟိုမှာ တင်မောင်ဦးလဲရှိတော့ သူ့ကိုအစစအရာရာ ကူညီဖို့ လှမ်းဆက်သွယ်ထားတယ်၊ ငါတော့ ပုဂံ–ညောင်ဦးကို မလိုက် တော့ဘူး၊ တင်မောင်ဦးပဲ အဲဒီမှာ လိုအပ်တာလုပ်ပေးလိမ့်မယ်"





"ကောင်းပြီလေ၊ မင်းစီစဉ်တာလဲ မဆိုးပါဘူး၊ ကျေးဇူးပဲ၊ ငါလဲ တင်မောင်ဦးနဲ့ ထပ်ဆက်သွယ်လိုက်ဦးမယ်"

လေဆိပ်တွင် စောင့်ဆိုင်းနေသူများ လှုပ်လှုပ်ရှရှ ဖြစ်လာသည်။ ထိုင်းလေယာဉ် ဆိုက်ပြီထင်၏။

"လာ မင်းဝေလှိုင်၊ လေယာဉ်ဆိုက်ပြီထင်တယ်၊ ရောက်လာရင် ငါ့ကိုလဲ မိတ်ဆက်ပေးဦးနော်ကိုယ့်လူ"

"အေးပါကွာ မင်းကလဲ၊ မင်းကိုခေါ်လာပြီးတော့မှ မိတ်ဆက် မပေးလို့ ရမလား"

"မင်းက စကားဝါ့ကို တွေ့သွားရင် မေ့သွားမှာစိုးလို့ပါကွာ"

"ဟာကွာ ဒီကောင်"

စိုးလွင်အောင် နောက်သဖြင့် သူ့ပုခုံးကို လက်သီးဖြင့် ကိုမင်း ခပ်ဖွဖွလေး ထိုးလိုက်မိ၏။

ဟော–ဟိုမှာ တွေ့လိုက်ရပြီ၊ စစ်ဆေးရေးကောင်တာများကို ဖြတ်ကျော် ပြီးနောက် Luggage Circle အနီး ပစ္စည်းရွေးနေသော စကားဝါ။

အို ချိတ်ထမီအဖြူ၊ ရင်ဖုံးအင်္ကျီလေးနဲ့ မြန်မာဆန်ဆန် လှလိုက်တဲ့ စကားဝါ----။

ပစ္စည်းတင်တွန်းလှည်းလေးကို တွန်းရင်း ဟိုကြည့်သည်ကြည့် ဖြင့် လှမ်းလာနေသော စကားဝါကို ကိုမင်းကြည့်နေစဉ်–

"တွေ့လား စိုးလွင်အောင်၊ စကားဝါ ဟိုမှာလာနေပြီ"

"ဘယ်မှာလဲကွာ"

စိုးလွင်အောင်က မတွေ့။

သို့နှင့် အနီးရောက်လာတော့...။

စကားဝါက ကိုမင်းကို လှမ်းအတွေ့...။ ပစ္စည်းတင်တွန်း လှည်း

ကို အသာဘေးမှာရပ်လို...။ ကိုမင်းထံ အားရဝမ်းသာ အပြေးလာပြီး။ ကိုမင်း အနားသို့ အရောက် ထမီတုပ်လျက်

"ကိုမင်း"

"အို"

ထမီ တုပ်လျက်လဲမည်အပြု ကိုမင်းရုတ်တရက် လှမ်းထိန်းဖမ်းလိုက်တော့...။

အင်း စကားဝါ တစ်ယောက် ကိုမင်းရင်ခွင်ထဲဇွေ့ကနဲရောက်သွားခဲ့ရလေပြီပေါ့...။

သည်ဖြစ်အင်ကိုကြည့်ရင်း တအံ့တသြ ဖြစ်နေမိသူက စိုးလွင်အောင်-။ ဪ ဂျပန်မလေး စကားဝါဆိုတာ သူပါပဲလားဟူသော အတွေးဖြင့်...။

ထို့နောက် စကားဝါ့ကိုယ်လုံးလေးကို ကိုမင်း အသာမထူရင်း-

"ကံကောင်းလို့ စကားဝါရယ်၊မတော်တဆ မှောက်လျက်များ လဲလို့ကတော့ အခုလဲ မဝတ်တတ် ဝတ်တတ်နဲ့ ထမီကိုဝတ်လာရတယ် လို့"

"စကားဝါ ထမီဝတ်နည်းကို ဟိုမှာ တစ်လကျော်လောက် လေ့ကျင့်ခဲ့ပြီးပြီ၊ အခုကျမှ လဲမလိုဖြစ်ရတယ်လို့"

"ထမီဝတ်နည်းသာကျင့်ခဲ့တာ၊ ထမီဝတ်ပြီးအပြေးမကျင့်ခဲ့ဘူး မဟုတ်လား"

"ကျင့်တော့ ကျင့်ခဲ့ပါတယ်၊ အခုဟာက ကိုမင်းတွေ့လိုက်ရတော့ အားရဝမ်းသာဖြစ်ပြီး သတိလက်လွတ်ဖြစ်သွားတာ၊ပြီးတော့ ကိုမင်းကိုလဲ ဖက်ထားချင်လို့"

"လူလည်မ၊ နေပါဦး၊ အခုလို့ ဒီအဝတ်အစားတွေ ဝတ်လာရ





တာလဲ၊ သူများနိုင်ငံခြားသူတွေလို ဘောင်းဘီရှည်လေး ဝတ်လာရင်ပြီးရော"

"စကားဝါက မြန်မာမလေး ဖြစ်ချင်တဲ့သူလေ၊ ကိုမင်းက သိရဲ့သားနဲ့"

"အင်း ဒီမှာတော့ ကိုမင်းသူငယ်ချင်းက ဂျပန်သူလေးအနားရောက်တာ တောင် ရှာမတွေ့ဘူးဖြစ်နေတယ်၊ ဟုတ်တယ် မဟုတ်လား စိုးလွင်အောင်"

အနားတွင် ဂျပန်သူလေး စကားဝါကို တအံ့တသြငေးမောကြည့်နေသော စိုးလွင်အောင်အားလှည့်၍ ပြောရင်း

"ဪ မိတ်ဆက်ပေးရဦးမယ်၊ဒါက ကိုမင်းငယ်ငယ်က ကျောင်းနေဖက် သူငယ်ချင်း စိုးလွင်အောင်တဲ့"

"တွေ့ရတာဝမ်းသာပါတယ် မစကားဝါ၊ ကျွန်တော်က ဂျပန်သူလို့တောင် မထင်ဘူး၊ စကားသံဝဲတာကလွဲလို့ ကျန်တာအားလုံး မြန်မာမလေးအတိုင်းပဲ"

စိုးလွင်အောင်က "မြန်မာမလေးအတိုင်းပဲ" လို့ပြောလိုက်တော့ မြန်မာမလေးဖြစ်ချင်တဲ့ စကားဝါတစ်ယောက် ကျေနပ်သွားခဲ့သည်လေ---။

"ကဲ့-မိုးလဲချုပ်လာပြီ ညနေစာတောင် မစားရသေးဘူး နို့သုံးယောက် ညနေစာစားပြီးမှ ဟိုတယ်သွားကြတာပေါ့။"

စိုးလွင်အောင် စီစဉ်လိုက်သဖြင့် အားလုံးသဘောတူကာ လေဆိပ်မှ ထွက်ခွာလာခဲ့ကြသည်။

လေဆိပ်၏ ပြင်ပတွင် မိုးဖွဲဖွဲကျနေ၏။ လေညှင်းသဲ့သဲ့ တိုက်ခတ်မှုနှင့်အတူ မိုးဖွဲဖွဲကျနေသော ရန်ကုန်မြို့၏ ဂူလိုင်ညသည် အေးမြနေသည်။

အအေးတိုင်းပြည်မှလာသော စကားဝါအတွက် ကောင်းသော ရာသီဥတု ဖြစ်မည်ထင်ပါသည်။ ရန်ကုန်တွင် နှစ်ရက်နေစဉ်အခိုက် ရွှေတိဂုံစေတီနှင့် အခြားသောတန်ခိုးကြီးဘုရားများ၊ အမျိုးသားပြတိုက်နှင့် ပြည်သူ့ဥယျာဉ်စသည့် နေရာများသို့ ပို့ဆောင်ပေးမည်ဟု ကိုမင်း စိတ်ကူးထားသည်။

ကိုမင်းတို့သုံးဦး ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းရှိ စားသောက်ဆိုင်တွင် အတူစားသောက်ကြပြီးနောက် စကားဝါ့ကို တည်းခိုမည့် စင်ထရယ်ဟိုတယ်သို့ ပို့ဆောင်ပေးခဲ့သည်။

စကားဝါ့ကို ဟိုတယ်မှာထားခဲ့ပြီး ပြန်ထွက်မည်ပြုတော့ စကားဝါက အားငယ်သောလေသံဖြင့်

"ကိုမင်း နက်ဖြန်စောစောလာခဲ့နော်" တဲ့။

အနားရှိ စိုးလွင်အောင်ကတော့ ပြုံးလိုက်မိပါသည်။ စိုးလွင်အောင်သည်ပင် စကားဝါနှင့် ခဏတာတွေ့ဆုံရအခိုက် စကားဝါ့ရင်ထဲမှ ကိုမင်းနှင့် ပတ်သက်သည့် ပုံရိပ်များကို အထင်အရှားတွေ့မြင်နေရပါပြီ။

ရှေ့ဆက်ဘယ်လိုစခန်းသွားမှာလဲ မင်းဝေလှိုင်။

မြန်မာမလေးဖြစ်ချင်သူ တစ်ပြည်သူမရွှေထားလေးကို တကယ်ပင် မြန်မာမလေး ဖြစ်ခွင့် ပြုတော့မှာလား။

ချစ်ခွင့်ကြုံခိုက် ချစ်ခွင့်ကို ပိုင်ပိုင်ယူတော့မှာလား သူငယ်ချင်း မင်းဝေလှိုင်၊ အဲဒီကမှတစ်ဆင့် မြန်မာမလေးအဖြစ် ဖြစ်ခွင့်ပြုတော့မှာလားရယ်လို့...။

* * *



## အခန်း (၂၀)

ယနေ့ မိုးအုံ့နေသည်။

မင်းဝေလှိုင် ကိုယ်တိုင်ကားမောင်းပြီး စကားဝါနှင့်အတူ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာ၏။

စကားဝါကမူ မြန်မာဆန်ဆန်ပင် ထမီနှင့် အင်္ကျီကို ဝတ်ဆင်ထားသည်။ မနေ့က တစ်နေ့လုံး ဈေးဝယ်ချင်သည် ဆို၍ ဗိုလ်ချုပ်ဈေးသို့ ပို့ပေးခဲ့၏။

ဈေးတွင် အသင့်ဝတ် မြန်မာအင်္ကျီနှင့် ထမီများကို ဝယ်ခဲ့သည်။ မြန်မာ ပြည်တွင်နေစဉ် မြန်မာထမီနှင့် မြန်မာအင်္ကျီကို ဝတ်ချင်သည်ဟု ဆိုပြန်သည်။

တကယ်တော့ အသားအရေဖြူမွတ်၊ ခန္ဓာကိုယ်သွယ်လျလျနှင့် ဂျပန်မလေး စကားဝါသည် မြန်မာအဝတ် အစားနှင့် လိုက်ဖက်လွန်းလှ၏။

မိန်ကလေးချင်းပင်ငေးယူရသည့် အလှပိုင်ရှင်ဟု ဆိုနိုင်သည်။

မြန်မာသံ မပီတပီ စကားသံကိုသာ မကြားရလျှင် နိုင်ငံခြားသူဟုပင် မထင်ရ။

မိုးအုံ့မှိုင်းနေသဖြင့် ကားထဲမှ ယောက်ကျားဆောင်း ခေါက်ထီးကြီးတစ်လက်ကို ကိုမင်းယူလိုက်၏။ ၎င်းကိုတွေ့သဖြင့် စကားဝါက

"ကိုမင်းကလဲ စကားဝါ့မှာ ထီးပါတယ်လေ၊ အဲဒါ ထားခဲ့ပါ" ဟုဆို၏။

"ရန်ကုန်မိုးက တစ်ခါတစ်ခါလဲ မထင်မှတ်ဘဲနဲ့ သည်းတတ်တယ်၊ စကားဝါ့ ထီးနဲ့မလုံနိုင်ဘူးလေ"

စကားဝါ ဘာမျှမပြောတော့ဘဲ တောင်ဘက်မုခ်ဓာတ်လှေကားမှ တစ်ဆင့် စေတီတော်ရင်ပြင်ပေါ်သို့ တက်ခဲ့ကြ၏။ စေတီတော် ရင်ပြင်ပေါ်ရောက်တော့–

"အို– ကြည်ညိုဖွယ်ကောင်းလိုက်တာ" ဟုဆိုကာ စကားဝါ လက်အုပ်ကလေးချီပြီး စေတီတော်ကို လမ်းလျှောက်ရင်း ဖူးမျှော်လိုက်၏။

စကားဝါတို့ မိသားစုတစ်ခုလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဂျပန် ပြည်တွင် အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ မြို့တိုင်းတွင်လည်း ဗုဒ္ဓဘာသာ ဘုရားကျောင်းများ ရှိနေတတ်သည်။

စေတီတော်ကို လက်ယာရစ်ပတ်ရင်း–

" စကားဝါက ဘာနေ့သမီးလဲ"

"ဗုဒ္ဓဟူးလေ"

"အင်း ကိုမင်းလဲ ဗုဒ္ဓဟူးပဲ၊ ဒါဆို ဗုဒ္ဓဟူးထောင့်မှာ ရေသပ္ပာယ်ရင်း ဆုတောင်းကြရအောင်လေ"

"ဆုတောင်းမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ စေတီဘုရားတွေမှာ နေ့နံသင့်တဲ့ ထောင့်တွေရှိတယ်။ ဘုရားဖူးလာသူတွေက ကိုယ်ရဲ့ ခမွေးနံထောင့်မှာ လိုရာဆုကို တောင်းပြီး ရေမီး ကပ်လှူရင် ဆုတောင်း ပြည့်တယ်လို့ အယူရှိကြတယ်"

"တကယ်"





စကားဝါက အံ့ဩဟန်ဖြင့်ပြန်မေးသည့် မျက်နှာလေး– ကလေး ငယ်တစ်ဦးပမာ ချစ်စရာကောင်းလှသည်။

"ဟုတ်တယ်၊ ပြီးတော့ရှိသေးတယ်။ မြန်မာလူမျိုးတွေဟာ နာမည်ပေးတဲ့အခါမှာလဲ နာမည်ရဲ့ရှေ့ ဒါမှမဟုတ် နောက်မှာ နေ့နံ သင့်တဲ့ စာလုံးကို ထည့်မှည့်လေ့ရှိတယ်"

"ဒါဆို စကားဝါဆိုတဲ့နာမည်က နေ့နံနဲ့ ကိုက်ရဲ့လားဟင်"

"'စ'ဆိုတဲ့ စကားလုံးက မကိုက်ပေမယ့် 'ဝါ'ဆိုတဲ့ စကားလုံးက ကိုက်တယ် လေ"

"အော် ဒါဆို စကားဝါရဲ့ နာမည်က နေ့နံသင့်တယ်ပေါ့"

"အင်း ဒါပေါ့"

ပြောရင်း ဗုဒ္ဓဟူးထောင့်ရောက်တော့

"ကန်တော့ ကြရအောင်လေ၊ ကိုမင်းလဲ ဗုဒ္ဓဟူးသားပဲ မဟုတ် လား"

နှစ်ဦးသား ဗုဒ္ဓဟူးထောင့်တွင် ကန်တော့ဖြစ်ကြ၏။

ကိုမင်း ကန်တော့ပြီးတော့ စကားဝါက ကန်တော့ဆဲပါ။ ပြီးတော့ နှုတ်ကလဲ တတွတ်တွတ်ဖြင့် ဆုတောင်းနေဆဲ။

စကားဝါ ကန်တော့၊ ဆုတောင်းပြုနေစဉ် ကိုမင်း အနီးရှိ တန်ဆောင်းတွင်ထိုင်ရင်း သူမကို ငေးကြည့်နေမိ၏။

စကားဝါ ကန်တော့ပြီးတော့ ဘေးကိုလိုက်ကြည့်နေသည်။ ကိုမင်း ပျောက်၍ ရှာနေခြင်းဖြစ်၏။

"စကားဝါ–ဒီမှာ"

ဟု ကိုမင်းက လှမ်းပြောတော့ စကားဝါ ကိုမင်းဆီသို့ လျှောက်လာပြီး

"ကိုမင်း စကားဝါ့ကို ထားခဲ့ပြီး ထွက်သွားပြီလို့ ထင်တာ၊

အဲဒါဆိုရင် စကားဝါတော့ သွားတတ်တော့မှာ မဟုတ်ဘူး"

"မဟုတ်တာ စကားဝါကလဲ၊ ထားခဲ့ပါ့မလား၊ ကိုယ့်ညည့်သည် အနားမှာ ကိုမင်း အမြဲရှိနေမှာပါ"

"ညည့်သည် ဟုတ်လား ကိုမင်း၊ ညည့်သည်ဖြစ်တုန်းခဏပဲ အမြဲရှိနေမှာပေါ့ ဟုတ်လား"

"အို စကားဝါကလဲ အတွေးပေါက်သွားရပြန်ပါပြီ၊ အခုတော့ စကားဝါက ကိုမင်းရဲ့ညည့်သည်ပဲလေ၊ နောင်ညည့်သည် မဟုတ်တော့ရင်..."

ကိုမင်း စကားကိုဖြတ်ပြီး စကားဝါ့ကို စေ့စေ့ကြည့်လိုက်၏။

"ဆက်ပါဦး ကိုမင်းရယ်၊ ညည့်သည်မဟုတ်တော့ရင် ဘာဖြစ်လဲ"

"အော် ညည့်သည် မဟုတ်တော့ရင်လဲ စကားဝါ့အနားမှာ ကိုမင်း အမြဲ ရှိနေချင်တာပါပဲ"

ကိုမင်း စကားကြောင့် စကားဝါ ကျေနပ်သွားရပါသည်။

"ဒါနဲ့ နေပါဦး စကားဝါ၊ ဘာတွေဆုတောင်းလို့ ဒီလောက်ကြာနေရတာလဲ"

"အင်း အများကြီးပဲ"

"ဒါဆို ကိုမင်းအကြောင်းရောပါလား"

"ပါတာပေါ့ ထိပ်ဆုံးကပဲ၊ ကိုမင်းနဲ့ အမြဲတမ်း အခုလို ပျော်ပျော်ရွှင်ရွှင် သွားလာခွင့် ရပါစေလို့၊ အိုး စုံနေတာပါပဲ"

စကားဝါ့မျက်နှာလေး ရှက်သွေးဖြာသွားသည်ကို ကိုမင်းတွေ့လိုက်ရ၏။

ဟော မိုးရွာလာပြီ။

လေပါလာ၏။

လေအလာ စကားဝါ့ထီးလေး လန်သွား၏။ စကားဝါကို ကိုမင်း





ထီးကြီးကြီး ဖြင့် လုမ်းမိုးပေးလိုက်စဉ် စကားဝါက ကိုမင်း၏ ထီးအောက်သို့ အလိုက်သင့်ဝင် လာကာ ကိုမင်း၏ ခါးကို တင်းကြပ်စွာ ဖက်ထားလိုက်လေသည်။

ကိုရွှေမိုးရယ် မညှာမတာ သည်းရက်လိုက်တာဟု ပြော. . ား၊ ဒါမှမဟုတ်...။

＊＊＊

အမျိုးသားပြတိုက်ရှေ့ရောက်တော့ မိုးစဲသွားပြီ။

ပြတိုက်ရှေ့ရှိ ရုပ်တုကြီးသုံးခုကို တွေ့တော့ စကားဝါက–

"အဲဒီရုပ်တုတွေက ဘာအထိမ်းအမှတ်လဲ ကိုမင်း"

"အဲဒါတွေက ရှေးမြန်မာ ဘုရင်တွေရဲ့ ရုပ်တုတွေပဲ၊ အဲဒီဘုရင်တွေ လက်ထက်မှာ တိုင်းပြည်အလွန် စည်ပင် သာယာဝ ပြောခဲ့တယ်၊ စားနပ်ရိက္ခာလဲ ပေါများလို့ပေါ့၊ ဒီဘက်က ဘုရင်က အနော်ရထာဘုရင်လို့ ခေါ်တယ်၊ သူနန်းစိုက်တဲ့နေရာက ကိုမင်းတို့ မနက်ဖြန်သွားမယ့် ပုဂံပေါ့"

"အော်"

"အနော်ရထာ ဘုရင်လက်ထဲမှာ ကိုင်ထားတာက ပိဋကတ်သုံးပုံလေ၊ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ စတင်ထွန်းကား ပြန့်ပွားလာအောင် ကြိုးပမ်းခဲ့တဲ့ ဘုရင်ပေါ့။ ပထမမြန်မာနိုင်ငံတော်ကိုလဲ အဲဒီဘုရင်က စတင်တည်ထောင်ခဲ့တာ"

ကိုမင်းရှင်းပြသည်ကို စကားဝါ စိတ်ဝင်တစားနားထောင်လျက်ရှိ၏။ "ဟိုဘက်က ရုပ်တုကတော့ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုပဲ၊ သူကတော့ ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ဘုရင်လေ၊ သူရဲ့နန်းတော်က အခု ပဲခူးမှာရှိတယ်၊ ကမ္ဘောဇသာဒီရွှေနန်းတော် လို့လဲ ခေါ်တယ်"

"ဟိုဘက်က ရုပ်တုကရော"

"အလောင်းဘုရားလို့ခေါ်တယ်၊ လူနာမည်ကတော့ ဦးအောင်ဇေယျပေါ့၊ နန်းစိုက်ရာဒေသက မြန်မာနိုင်ငံအထက်ပိုင်း ရွှေဘိုနယ်တစ်ဝိုက်ပေါ့၊ ဒီအမျိုးသားပြတိုက်ကြီးထဲမှာတော့ ရှေးခေတ်ကနေစပြီး ယနေ့ခေတ်အထိ မြန်မာ့ ယဉ်ကျေးမှုသမိုင်းဆိုင်ရာ အထောက်အထားတွေ၊ ယဉ်ကျေးမှုအမွေပစ္စည်းတွေ၊ မှတ်တမ်းတွေရှိတယ်၊ ဒီပြတိုက်ထဲကို လေ့လာကြည့်ရင် ဟိုယခင်ကတည်းက မြန်မာနိုင်ငံဟာ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်အတူ ကိုယ့်ထီးကိုယ့်နန်းနဲ့နေခဲ့တယ် ဆိုတာကို စကားဝါ တွေ့ရလိမ့်မယ်"

ပြတိုက်အဝင်ဝဆီသို့ လျှောက်လာကြရင်း ကိုမင်းပြောပြသည်များကို စကားဝါစိတ်ဝင်တစား နားထောင်နေမိသည်။

မြန်မာမလေး ဖြစ်ချင်သော စကားဝါတစ်ယောက် မြန်မာဆိုတာ ဘာလဲ၊ မြန်မာ့ယဉ်ကျေးမှုဆိုတာ ဘာလဲ ဟူသည်များကိုတော့ စိတ်ဝင်တစား သိချင်နေကြောင်း သူမ၏ မျက်ဝန်းတွင် အထင်းသား ပေါ်လွင်လျက်ရှိသည်။

ပြတိုက်ထဲက ထွက်လာတော့ ညနေသုံးနာရီကျော်ပြီ။

"ကဲဘယ်လိုလဲ၊ မြန်မာမလေး ဖြစ်ချင်တဲ့စကားဝါ ပြတိုက်ထဲမှာ ဘာတွေတွေ့ခဲ့သလဲ၊ မြန်မာတွေအကြောင်းရော ဘယ်လောက်သိခဲ့ပြီလဲ"

"အင်း မြန်မာတွေအကြောင်း၊မြန်မာတွေရဲ့ မျိုးချစ်စိတ်ဓာတ်အကြောင်းတွေကို ဒီပြတိုက်ထဲမှာ အထင်အရှား တွေ့ရတာပဲ၊ မြန်မာတွေမှာ ခေတ်အခါလိုက် ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာ ရှိနေတာပဲနော်"

"ဒါပေါ့ ယဉ်ကျေးမှုရှိနေလို့လဲ လူမျိုးဆိုတာရှိနေတာပဲလေ၊ တိုကျိုမှာရှိတဲ့ မိုရီအနုပညာပြတိုက်မှာ ကိုမင်းတို့ လေ့လာတုန်းက





ကမ္ဘာ့နိုင်ငံအချို့ရဲ့ ယဉ်ကျေးမှုတွေကို လေ့လာခဲ့ရပေမယ့် မြန်မာနဲ့ ပတ်သတ်တဲ့ ယဉ်ကျေးမှုပြယုဂ်တွေကို ကိုမင်းမတွေ့ခဲ့ရဘူးလေ၊ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုဟာ ဘယ်ကာလကတည်းက ရှိခဲ့တယ်၊ အဆင့် အတန်းဘယ်လောက်မြင့်မားခဲ့တယ်ဆိုတာပြချင်လို့ ဒီပြတိုက်ကို စကားဝါကို ခေါ်လာတာပေါ့"

"ဂုဏ်ယူပါတယ် ကိုမင်း၊ ကိုမင်းလို မြန်မာတစ်ယောက်နဲ့ ခုဘဝမှာ ဆုံစည်းခွင့်ရခဲ့လို့လဲ စကားဝါ ပိုပြီးဂုဏ်ယူမိပါတယ်"

စကားဝါပြောရင်း ကိုမင်းကို တွေတွေလေးစိုက်ကြည့်နေပါသည်။

စကားဝါနှင့် မျက်လုံးချင်းဆုံစဉ် စကားဝါသည် တကယ်ပင် မြန်မာမလေး စင်စစ်ဖြစ်လိုက်လျှင် မည်မျှကောင်းလေမည်လဲဟု ကိုမင်း တွေးလိုက်မိပါသည်။ ထိုသို့ဆိုလျှင်---။

ပြတိုက်ကထွက်တော့ အပြင်တွင် မိုးလေကင်းလို့နေပြီ။

အချိန်ရခိုက် ဗိုလ်တထောင်ဘုရားဆီသို့ စကားဝါ့ကို ပို့ပေးမည်ဟု စိတ်ကူးမိသည်။ ပြီးတော့ မြန်မာထမင်းဆိုင်ကောင်းကောင်းတွင် မြန်မာထမင်းဟင်း ကျွေးမည်ဟု စိတ်ထဲမှာစီစဉ်နေမိ၏။

ၡင်းမှအချိန်ရလျှင် ဆူးလေဘုရားသို့ ခဏဝင်၊ပြီးတော့ တည်းခိုသည့် စင်ထရယ်ဟိုတယ်သို့ ပြန်ပို့ပေး။

ညနေအစီအစဉ်ကို ဤသို့ ဆွဲထားလိုက်မိသည်။

နက်ဖြန်ဆိုလျှင် ပုဂံ–ညောင်ဦးသို့ ခရီးဆက်ကြမည်။ ပုဂံ–ညောင်ဦးတွင် သူငယ်ချင်း တင်မောင်ဦး စောင့်နေမည်။ သူနှင့်အတူ စောင့်နေမည့်သူတစ်ဦးလည်း ရှိသေးသည်။ သူသည်ကား မတွေ့ရသည်မှာ ကြာပြီဖြစ်သော မိန်းမပျိုလေးတစ်ဦး။

သူကတော့ ပုဂံသူ မြကြာဖြူ။

* * *

## အခန်း(၂၁)

ပုဂံ–ညောင်ဦးလေဆိပ်သို့ လေယာဉ်ဆင်းပြီ။

မရောက်ဖြစ်သည်မှာ ကြာပြီဖြစ်သော ပုဂံဒေသဆီသို့ စကားဝါကို အကြောင်းပြု၍ ရောက်ခဲ့ရပြီ။

လေယာဉ်အဆင်းတွင် ပြတင်းပေါက်မှ တစ်ဆင့်မြင်တွေ့လိုက်ရသော မြင်ကွင်းကို စကားဝါတအံ့တဩ ကြည့်နေလိုက်မိသည်။ ဘုရားပုထိုးစေတီပေါင်းများစွာဖြင့် ပုဂံဒေသကို မြင်ရစဉ်ခဏ အဘိုးဖြစ်သူကို စကားဝါပြေး၍ သတိရလိုက်မိသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က အဘိုးဖြစ်သူသည် ဤပုဂံမြေတွင် အမှတ်တရပေါင်းများစွာရှိခဲ့သည်ပဲ––။ အဘိုးချစ်သောပုဂံမြေကို အရောက်သွားချင် နေခဲ့သည်မှာလည်း ယခင်ကတည်းက ရှိနေခဲ့သည့် စကားဝါရင်ထဲမှ ပြင်းပြသည့် ဆန္ဒတစ်ခုဖြစ်ခဲ့သည်လေ–––။

ယခုတော့ ဤမည်သော ပုဂံမြေသို့ ဆိုက်ရောက်ခဲ့ပြီ။ ဂျပန်ပြည်မှ ပုဂံမြေဆီသို့ရောက်ဖို့ဆိုသည်မှာ သာမန်အားဖြင့် မလွယ် ကြောင်း စကားဝါကောင်း ကောင်းသိသည်။ ထို့ကြောင့် ဤခရီးစဉ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့သော ကိုမင်းကို စကားဝါအထူး ကျေးဇူးတင်ခဲ့ရပါသည်။





"စကားဝါ ရောက်ပြီလေ–"

ပုဂံရှုခင်းကို လေယာဉ်ပြတင်းမှ ငေးမောကြည့်နေစဉ် အနားမှ ကိုမင်း၏ သတိပေးသံကြောင့် အသိဝင်လာပြီး–

"ဆင်းကြမယ်လေ၊ ပုဂံမှာက စေတီတွေ တော်တော်များတယ်နော်"

"ဟုတ်တယ်၊ အဲဒီစေတီတော်တွေရဲ့ သက်တမ်းဟာ နှစ်ပေါင်းတစ်ထောင် နီးပါးတော့ ရှိကြပြီလေ၊အချို့လဲ ပျက်စီးပြိုကျလို့ ရှေးမူမပျက် ပြန်တည်ထားတယ်၊ ရှေးခေတ်လက်ရာအတိုင်းပဲ"

ပြောရင်း နှစ်ဦးသား လေယာဉ်ပေါ်မှအဆင်း ခပ်လှမ်းလှမ်းဆီမှ လျှောက် လာနေသော တင်မောင်ဦးကို ကိုမင်းလှမ်းတွေ့လိုက်ရ၏။

"ဟော့–တင်မောင်ဦး၊ ရောက်နေတာကြာပြီလား"

"နာရီဝက်လောက်ပဲ ရှိပါသေးတယ်၊ ဒါနဲ့ သူလေးလား "

ပြောရင်း ကိုမင်းဘေးမှ ကပ်လျှောက်လာသည့် စကားဝါကို တင်မောင်ဦး သတိထားမိကာ မေးလိုက်၏။

"သူလေ၊ သူက ငါမင်းကို ပြောထားတဲ့ စကားဝါဆိုတာပေါ့၊ ဂျပန်နာမည် ကတော့ နိုရိကိုကူဆာဝါရှိတဲ့"

"အာ ငါက လေယာဉ်ပေါ်အဆင်းကတည်းက လှမ်းကြည့်နေတာ၊ ဂျပန်မလေးနဲ့ လုံးဝမတူဘူး၊ မင်းသာမိတ်ဆက်မပေးရင် မြန်မာမလေးအတိုင်းပဲ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

ကျေးဇူးတင်ကြောင်း စကားဝါက ပြောလိုက်တော့ တင်မောင်ဦး တစ်ယောက် နားမလည်ဟန်ဖြင့် ကြောင်အမ်းအမ်း ဖြစ်နေစဉ် ကိုမင်းက "ဒီလို တင်မောင်ဦးရ၊ မင်းက မြန်မာမလေးအတိုင်းပဲလို့ ပြောလိုက်တော့ သူကသိပ်ကျေနပ်သွားတာ"

"ဘာလို့"

"သူက မြန်မာမလေးသိပ်ဖြစ်ချင်တာလေ"

"ဪ ဒီလိုလား"

တင်မောင်ဦး နားလည်သွား၏။ စကားဝါကလည်း မြန်မာမလေးနှင့် မှားလည်း မှားလောက်ချင်စရာ၊ ကြည့်လေ ဒီနေ့သူဝတ်ဆင်လာသည်က အင်္ကျီရင်စေ့လက်စက ပန်းရောင်၊ ထမီက ရန်ကုန် ဗိုလ်ချုပ်ဈေးက ဝယ်ခဲ့သည့်ချိတ်ထမီ ပန်းရောင်။ ပြီးတော့ရှိသေး။ ကျောလယ်လောက်နီးနီးရှိ ဆံပင်ကို ပန်းရောင် ဖဲကြိုးဖြင့် နောက်တွင် စီးလို့။ လည်ပင်းမှာလည်း ပန်းရောင်ပဝါလေးက လေအသင့်မှာ အသာလွင့်လို့လေ---။ အသားရောင်နှင့် လိုက်ဖက်ဟပ်ညီနေသည်မို့ ရုတ်တရက် တင်မောင်ဦးက အလွန်ချောမောလှပသည့် မြန်မာမလေးဟု ထင်မည်ဆိုက ထင်ချင်စရာပဲလေ။

"မင်းဝေလှိုင်ကတော့ စကားဝါ့အကြောင်းကို ပြောဖူးပါတယ်၊ ဒီလောက် လှလိုက်မယ်လို့ မထင်ဘူးလေ"

"အစ်ကို တင်မောင်ဦးက မြှောက်နေပြန်ပါပြီ"

စကားဝါ၏ ကျေနပ်သော အပြုံးကို ကိုမင်းတွေ့လိုက်ရပါသည်။ စကားဝါ တစ်ယောက် သူရောက်ချင်သော ပုဂံမြေသို့ ရောက်ရသည့်အပြင် ကိုမင်းနှင့် ယခုလို သွားလာနေရသည်ကိုလည်း ကျေနပ်နေသည်မှာ အမှန်ပါပဲလေ--။

"ကဲ မင်းဝေလှိုင် မင်းတို့တည်းဖို့ ပုဂံဟိုတယ်မှာ စီစဉ်ထားတယ်။ အခန်းနှစ်ခန်းယူထားတယ်။ ပြီးတော့ ငါ့ကားလဲ မင်းကိုပေးထားမယ် သွားချင်တဲ့ နေရာသွားပေါ့။ အခုလောလောဆယ် မင်းကိုတွေ့ချင်တဲ့ သူတစ်ယောက် စောင့်နေတယ..."

"ဘယ်သူလဲ တင်မောင်ဦးရ..."





"မြကြာဖြူလေ မင်းတို့လာမယ်လို့ ငါသူ့ကိုကြိုပြောထားတယ်။ အခုဆို သူ့ဆိုင်မှာ မင်းတို့ကို မျှော်နေရောပေါ့။ သူ့ဆီအရင်ဝင်ပြီးမှ ဟိုတယ်ကို သွားကြတာပေါ့ကွာ။"

တင်မောင်ဦးက မည်သူ့ကိုမျှမတိုင်ပင်ဘဲ သူစိတ်ကြိုက်စီစဉ်ထားသည်များကို ပြောပြနေ၏။

"မြကြာဖြူဆိုတာ ဘယ်သူလဲဟင်..."

စကားဝါကမေးလေပြီ...။

"မြကြာဖြူက ကိုမင်းတို့တင်မောင်ဦးတို့နဲ့ ကျောင်းနေဖက် သူငယ်ချင်းလေ။ သီရိပစ္စယာမှာ ယွန်းထည်ဆိုင်ဖွင့်ထားတယ်။ အဲ့ဒီကို အရင်ဝင်ကြမယ်။ ကိုမင်းလဲသူနဲ့မတွေ့ရတာကြာပြီလေ---"

စကားဝါဘာမျှမပြောဘဲ အသာခေါင်းညိတ်ပြလိုက်၏။

သုံးဦးသား တင်မောင်ဦးမောင်းသောကားလေးဖြင့် သီရိပစ္စယာဘက်သို့ ထွက်ခဲ့ကြသည်။

စကားဝါတစ်ယောက်ကမူ လမ်းတစ်လျှောက်ဝဲယာတွင် ဝေ့ကာနဲ့ဝေ့ကာနဲ့ကျန်ရစ်ခဲ့သည့် စေတီပုထိုးများကို တအံ့တသြငေးမောကြည့်ညို့နေရင်း "ဒါ ကိုမင်းပြောတဲ့ အနော်ရထာမင်းကြီးရဲ့ နန်းတော်ရာဒေသလားဟင့်"

"ဟုတ်တယ်စကားဝါ–ရှေးနှစ်ပေါင်းတစ်ထောင်လောက်က ဒီနေရာဟာ ပထမမြန်မာနိုင်ငံတော်ဖြစ်ခဲ့သလို သာသနာ်တော်ထွန်းကားရာဒေသလဲဖြစ်ခဲ့တယ်။ သာဓကအနေနဲ့ကတော့ ဒီဘုရားပုထိုးတွေ တည်ရှိနေခြင်းက သက်သေပြနေတာပဲပေါ့။"

ပုဂံဒေသသည် တစ်ချိန်က ပူပြင်းခြောက်သွေ့သောဒေသဖြစ်ခဲ့၏။ ယခုမူ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကြောင့် နေရာအတော်များများတွင် စိမ်းစို၍နေပြီ။ အချို့နေရာများတွင် သစ်ပင်ကြီးများကိုပင် တွေ့နေရပြီဖြစ်၏။

ပုဂံမြေ၏ ရေဝေရေလဲဒေသဖြစ်သည့် တုရင်တောင်ဝန်းကျင်သည် ယခုအခါ စိမ်းလန်းစိုပြည်၍နေပြီ။ တုရင်တောင်ခြေရှိ ရှေးပုဂံမင်းများ တည်ထား၊ ဆည်ထားခဲ့သော "မြကန်"သည်ပင် ယနေ့"မြကန်" အဖြစ် အသစ်တစ်ဖန် ပြန်လည်ဆည်ဖို့ထားခဲ့ပြီဖြစ်၏။

လေဆိပ်မှ မိနစ်၂၀ခန့် ကားကိုမောင်းခဲ့ပြီးနောက် "မြကြာဖြူ"ဟု အမည်ပေးထားသော ယွန်းထည်ဆိုင်ကြီး တစ်ဆိုင်အနီးသို့ ရောက်လာခဲ့၏။

"မြကြာဖြူ"

ဆိုင်ရှေ့တွင် ကားအရပ်၊ ဝမ်းသာအယ်လဲပြေးထွက်လာသော မြကြာဖြူကို ကိုမင်းတွေ့လိုက်ရ၏။

မတွေ့ရသည်မှာကြာပြီဖြစ်သော "မြကြာဖြူ"၊ ဩော် အခုတော့လဲ ကျက်သရေရှိစွာဖြင့် လှပနေလိုက်တာ။

ပုဂံသူပီသစွာ မြန်မာပီပီဝတ်စားဆင်ယင်ထားသည့် မြကြာဖြူ တကယ်ပင် ကျက်သရေရှိစွာ လှပနေဆဲပါ။ သူမ၏ ရှင်သန်လှပသော ဆံကေသာကို အရှည် ပကတိအတိုင်း ထားရှိနေတုန်းပါ။

ကျက်သရေရှိစွာလှပနေသော မြကြာဖြူကို မမိုတ်မသုန်ကြည့်နေမိသူတစ်ဦးကတော့ ဂျပန်သူလေး စကားဝါပါ။

"ဩော် မိတ်ဆက်ပေးရဦးမယ်"

တင်မောင်ဦးက ကားပေါ်ကဆင်းကြအပြီးတွင် စကားစသည်။

"မြကြာဖြူ သူက ဒီပုဂံကို သူ့အဘိုးတည်ခဲ့တဲ့ဘုရား ထီးတင်ဖို့ရောက်လာတဲ့ ဂျပန်သူ နိုရိကိုကူဆာဝါရှိတဲ့ မြန်မာအမည်ကတော့ စကားဝါလို့ ခေါ်တယ်။"

"တွေ့ရတာဝမ်းသာပါတယ်–စကားဝါ။ လိုအပ်တာရှိရင် အားမနာနဲ့ ပြောနော်"





"ကျေးဇူးတင်ပါတယ် မမမြကြာဖြူ"

၎င်းနောက် ဆိုင်တွင်းသို့ မြကြာဖြူခေါ်သွားစဉ် တင်မောင်ဦးက ကိုမင်းအနီး အသံခပ်အုပ်အုပ်ဖြင့်–

"မင်းဝေလှိုင်–မြကြာဖြူကို နှုတ်ဆက်လိုက်ဦးလေ– မင်းတို့နှစ်ယောက်ကလဲ သူစိမ်းတွေကျနေတာပဲ"ဟုပြောရာ ကိုမင်းက ဘာမျှပြန်မပြောဘဲ ခပ်ဆိတ်ဆိတ်နေလိုက်၏။

အစတော့ အမ်းနေလေဦးမပေါ့။ နောက်တော့လဲ သူငယ်ချင်းတွေပဲလေဟု ကိုမင်းစိတ်ထဲတွင် ပြောနေမိစဉ် တင်မောင်ဦးက ရုတ်တရက်–

"မြကြာဖြူ–နင်ကလဲ–မင်းဝေလှိုင်တစ်ယောက်လုံး လျှောက်လာတာတောင် နှုတ်မဆက်တော့ဘူးလား–"

"အံမယ် သူကညေ့်သည်မို့လား– ဒီနယ်သားလုပ်ပြီး ဒီကြားထဲ တစ်ခေါက်တောင် ပြန်မလာတဲ့သူကိုများ–"

မြကြာဖြူ ကိုမင်းအပေါ် မကျေနပ်သောလေသံဖြင့်ပြောလိုက်၏။ ကိုမင်းကမူ ပြုံး၍နေလိုက်ပြီးမှ–

"မဟုတ်ပါဘူး မြကြာဖြူရာ–ဒို့အလုပ်ကလဲ နေ့ရောညပါလုပ်ရတဲ့ အလုပ် မျိုးလေ၊ မအားထာလဲပါပါတယ်"

"ယုံလိုက်ပါမယ် ကိုမင်းဝေလှိုင်၊ ဒီမှာဖြင့် ကိုတင်မောင်ဦးကြီးကို မေးတောင် ယူရတယ်၊ ကိုမင်းဝေလှိုင်တစ်ယောက် နေမှကောင်းရဲ့လားလို့"

"ကဲ ပြောတော့ ပြောတော့ မြကြာဖြူရေ"

ကိုမင်း ဤမျှသာပြောပြီး ထိုင်ခုံလွတ်တစ်ခုတွင်ဝင်ထိုင်လိုက်၏။

စကားဝါကမူ မြကြာဖြူအနားတွင် ထိုင်ရင်း မြကြာဖြူကို စိုက်ကြည့်ကာ–

"ဆံပင်ရှည်ရှည်လေးနဲ့ လှလိုက်တာ မမမြကြာဖြူရယ်၊ မြန်မာမလေးတွေ ချစ်စရာကောင်းတယ်ဆိုတာ လက်တွေ့မြင်လိုက်ရလို့ ယုံသွားပြီ"

"ကျေးဇူးတင်ပါတယ် ညီမလေးစကားဝါ"

"နောက်ပြီး မမမြကြာဖြူကို ကြည့်ရတာ စကားဝါတွေ့ဖူးတဲ့ သူတစ်ယောက်နဲ့ ဆင်သလိုပဲ၊ နေအုံး-နေအုံး"

ပြောပြောဆိုဆို စကားဝါက လက်ကိုင်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်၏။

"ဟင်"

မြကြာဖြူ အံ့ဩသွားရပြီ။ ထိုဓာတ်ပုံမျိုး မြကြာဖြူအိမ်တွင် ရှိနေသည်ပဲ...။

"ညီမလေး စကားဝါ ဒီပုံဘယ်ကရတာလဲဟင်"

"စကားဝါ့ အဖိုးဆီကရတာ၊ သူဆုံးပြီးတဲ့နောက် သူ့ဒိုင်ယာရီစာအုပ်ထဲကတွေ့လို့ သိမ်းထားခဲ့တာ။ ဘာဖြစ်လို့လဲဟင်၊ မမမြကြာဖြူ သိလို့လား၊ သိရင်အဲဒီဓာတ်ပုံရှင် ရှိတဲ့နေရာကို လိုက်ပြပေးပါလား။"

"အဲဒီဓာတ်ပုံရှင်ကို မမသိတာပေါ့။ မမအိမ်မှာလဲ အဲဒီဓာတ်ပုံ ရှိတယ်။ အဲဒီဓာတ်ပုံထဲကသူက တစ်ခြားသူမဟုတ်ဘဲ မမရဲ့ အဖွားပဲလေ၊ နာမည်က ဒေါ်သပြေတဲ့"

"ဟင်"

စကားဝါ အံ့ဩရပါပြီ။ မထင်မှတ်ဘဲ တွေ့ဆုံခြင်းတို့သည် စကားဝါ့ဘဝမှာ အတော်များခဲ့ပြီ။

"အင်း ဒါကြောင့် မမကို ဒီဓာတ်ပုံရှင်နဲ့ ဆင်တယ်လို့ထင်ခဲ့တာကိုး"

"ဒါနဲ့ ဒီဓာတ်ပုံနဲ့ စကားဝါ- အဲလေ...စကားဝါ့အဖိုးနဲ့ ဘယ်လိုပတ်သက်နေလဲဟင်...။"





မြကြာဖြူက သိချင်ဇောနှင့် မေးလိုက်မိသည်။

စကားဝါတစ်ယောက် ဖြစ်ကြောင်းကုန်စင်ကို မြကြာဖြူအား ပြောလိုက်၏။

"ဪဒါကြောင့် ဂျပန်ခေတ်က ဓားကြီးတစ်ချောင်း အိမ်မှာရှိနေတာကိုး၊ အမေကတော့ ပြောပါတယ်။ အဲဒါ အဘွားသိပ်မြတ်နိုးတဲ့ ဓားကြီးတဲ့၊ အင်း ဒါဆိုရှင်းသွားပါပြီ။ ဘာပဲဖြစ်ဖြစ် မမကတော့ အခု စကားဝါ့ကို ညီမလေး တစ်ယောက်ကောက်ရလိုက်တယ်လို့ ခံစားလိုက်ရပါတယ်၊ ညီမလေးစကားဝါအတွက် ဖြစ်ချင်တာ၊ လိုတာ ရှိရင် ဖြည့်ဆည်းပေးဖို့ အသင့်ရှိတယ်ဆိုတာယုံနော်၊ ဒို့တတွေဟာ မတော်လိုက်ရတဲ့ ညီမတွေပေါ့နော်"

"ကျေးဇူးတင်ပါတယ် မမ၊ စကားဝါလဲ မြန်မာဆန်တဲ့ မမကို စတွေ့က တည်းက ရင်ထဲမှာ အေးပြီး အစ်မ အရင်းတစ်ယောက်ဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ စိတ်ကူးနေမိတာ၊ အခုတော့ စကားဝါလဲ အဝေးရောက်နေတဲ့ အစ်မအရင်းတစ်ယောက်ကို ပြန်တွေ့လိုက်ရသလိုပဲ၊ အရမ်းဝမ်းသာတယ်မမရယ်"

နှစ်ဦးသားကြည်နူးရိပ်စကားများကြောင့် အနီးရှိ မင်းဝေလှိုင်နှင့် တင်မောင်ဦးတို့ပါ ပီတိပွားရပါသည်။

အော်- အဖြစ်အပျက်တို့သည် တစ်ခါတစ်လေတော့လည်း ထူးဆန်းအံ့ဩဖွယ်တွေပါလား...။

* * *

## အခန်း (၂၂)

ပုဂံဟိုတယ်…။

ပုဂံနန်းဆန်ဆန် အဆောက်အအုံအဖြစ် တည်ဆောက်ထားသော ဟိုတယ်…။

၎င်းဟိုတယ်သည် ကန်တော့ပလ္လွင်ဘုရားအနီးတွင် ရှိလေ၏။

ညက မိုးရွာထားသည်ထင့်။ ဟိုတယ်အတွင်း မြက်ခင်းများတွင် မိုးရေစက်တို့ တဝင်းလက်လက်ဖြင့် တွဲခိုနေသည်ကို နံနက်ခင်းနေခြည်အဖျန်းတွင် ကိုမင်း တွေ့လိုက်ရ၏။

စကားဝါ နိုးမှနိုးပါသေးစ။

ယမန်နေ့က ခရီးပန်းလာသဖြင့် စကားပင်ကောင်းကောင်းမပြောနိုင်တော့ဘဲ အိပ်ရာဝင်သွားခဲ့၏။

ကိုမင်း စကားဝါ့အခန်းဘက် လျှောက်သွားပြီး လူခေါ်ခေါင်းလောင်းတီးလိုက်တော့ ပြင်ဆင်ဖြီးလိမ်းပြီး အပြင်သွားရန်အသင့်ဖြစ်နေသော စကားဝါ့ကို တွေ့လိုက်ရ၏။

"ဟင်––စကားဝါ နိုးနေတာ ကြာပြီလား"

"ကြာပြီ၊ ကိုမင်း မနိုးသေးဘူး ထင်လို့"

"ကဲ–ကိုမင်းကလဲ စကားဝါမနိုးသေးဘူးထင်လို့၊ လာ နံနက်စာ





သွားစားရအောင်၊ ပြီးတော့နေမပူခင် အနီးအနားက ဘုရားတွေ သွားဖူးကြမယ်လေ"

နှစ်ဦးသားစားသောက်ခန်းမဘက်ဆီသို့ ထွက်လာခဲ့ကြ၏။ စားသောက်ခန်းမကိုပင် ရှေးပုဂံလက်ရာပုံ မြေအုတ်တို့ဖြင့် တည်ဆောက်ထားသည်။ မိုးလေကင်းသော နံနက်ခင်းများတွင် ဟိုတယ်လာဧည့်သည်များကို စားသောက်ခန်းမအနီး မြက်ခင်းပြင်တွင် ဧည့်ခံလေ့ရှိ၏။ လက်ဖက်ရည်ကော်ဖီအပြင် နံနက်စာအဖြစ် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နန်းကြီးသုတ်အစုံရသည်။

ယနေ့မနက် ပုဂံမြေတွင် မိုးတွေအုံ့နေသည်။ ရုတ်ခြည်းရွာနိုင်သေးဟန်မမြင်။ ညက မိုးအတော်ရွာလိုက်သည်ဟု စားသောက်ခန်း စားပွဲထိုးလူငယ်လေးက ပြောသဖြင့် သိရသည်။

ပုဂံမိုးကောင်းကင်တွင် မိုးရိပ်ဆင်နေသော်လည်း စကားဝါမျက်နှာတွင်တော့ ကြည်နူးရိပ်တို့ဖြင့် အလှဆင်နေသည်။ လွန်ခဲ့သောနှစ်များစွာကတည်းက ရောက်လိုဆန္ဒပြင်းပြခဲ့ရသည့် ပုဂံမြေသို့ သူမရောက်ခဲ့ရပြီ။ ပြီးတော့ သူတွယ်တာရသော ကိုမင်းနှင့် အတူရှိနေခွင့်ရခြင်းကပင် သူ့ဘဝအတွက် လှပကြည်နူးဖွယ်ရာများဖြင့် ပြည့်နှက်နေသည်ဟု သူမ ခံစားနေရဟန်ရှိသည်။

ထို့ကြောင့် စကားဝါပျော်ခဲ့ရပါသည်။ ကြည်နူးခဲ့ရပါသည်။

အပြစ်ကင်းစင်လှရိပ်ဆင်နေသော စကားဝါ့မျက်နှာလေးကိုကြည့်ရင်း ကိုမင်းသည်လည်း ကျေနပ်နေရပါသည်။ ဂျပန်တွင် သူတို့နှစ်ဦးအတူရှိနေစဉ် စကားဂါ၏ နွေးထွေးလှိုက်လှဲမှု သမုဒယများနှင့် ခရာတာတာ အပြောလေးများကို ကိုမင်း သတိတရရှိနေခဲ့ပါ၏။

စကားဝါနှင့်အတူ ထာဝရနေခွင့်ရရင် ကောင်းမှာပဲဟု ကိုမင်းတွေးနေမိ၏။ ထိုသို့တွေးနေမိသည်မှာလည်း အကြိမ်ကြိမ် အဖန်ဖန်ပင်ဖြစ်လေသည်။

ခဏတာမျှတွေ့ရသည့် ကာလတွင် ကျေနပ်နေရသည်ထက် တစ်သက် တာ ဘဝ အတူလက်တွဲရလျှင် ကောင်းလေစွဟု ကိုမင်း၏ စိတ်အစဉ်တွင် မကြာခဏဖြစ်ပေါ်ခဲ့မိသော်လည်း အကြိမ်ကြိမ် အထပ်ထပ် မပြတ်စဉ်းစားမိပြန်တော့ အင်း––တကယ်ရင်မောစရာ တွေပါလား…။

"ကဲ…ကိုမင်း သွားကြရအောင်၊ ဘုရားဖူးမယ်ဆို"

"အင်း…သွားမယ်လေ"

စကားဝါက သတိပေးလိုက်တော့ ကိုမင်း၏ အတွေးစများ ပြတ်သွားသည်။ ပြီးနောက် ဟိုတယ်အခန်းမှ ထွက်ခဲ့ကြ၏။

ပုဂံဟိုတယ်မှ အထွက်တွင် ကန်တော့ပလ္လင်ဘုရားကို လှမ်းဖူး တွေ့ရ၏။

နှစ်ဦးသား ဘုရားဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ထိုစဉ် စကားဝါက ကိုမင်းလက်မောင်းကို အသာကိုင်ရင်း–

"ကိုမင်း ဒီဘုရားတည်တာ သက်တမ်းဘယ်လောက်ရှိပြီလဲ ဟင်–၊ မြန်မာသက္ကရာဇ် ၅၆၈ ခုနှစ်က တည်တယ်ဆိုတော့ အခုဆိုရင် သက်တမ်း ၉၀၀၀န်းကျင်လောက်ရှိပြီပေါ့"

"တည်တဲ့သူကရော ဘယ်သူလဲဟင်"

"နရပတိစည်သူမင်းကြီးလေ၊ အလောင်းစည်သူမင်းကြီးရဲ့ မြေးတော်တာ ပေါ့၊ အလောင်းစည်သူမင်းကြီးက ဘယ်သူ့သားတော် လဲဆိုတာ စကားဝါမှတ်မိ မှာပေါ့။ ရွှေအိမ်စည်ရဲ့ သားတော်ဆိုတာလေ အင်း––ပုဂံမှာ မင်းဆက် ၅၅ဆက် အုပ်စိုးခဲ့တာ၊ နရပတိစည်သူ မင်းကြီးဟာ ၄၈ဆက်မြောက် မင်းပေါ့"

"ပုဂံမင်းဆက်ကများသားပဲနော်"

"အဲဒီမင်းဆက်တွေထဲက ထင်ရှားတဲ့မင်းတွေကတော့





ပထမမြန်မာနိုင်ငံတော် ပုဂံပြည်ကြီး တည်ထောင်ခဲ့တဲ့ အနော်ရထာမင်း ကြီးရယ်၊ ကျန်စစ်သား မင်းကြီးရယ်၊ ပြီးတော့ ကျန်စစ်သားမင်း ကြီးရဲ့မြေးတော် အလောင်းစည်သူ မင်းကြီးရယ်ပေါ့၊ နရပတေ့စည်သူ မင်းကြီးဟာလဲ ထင်ရှားတဲ့ သာသနာပြုမင်း တစ်ပါးပဲပေါ့"

ပြောရင်း နှစ်ဦးသား ဘုရားတန်ဆောင်းဆီသို့ရောက်ကြ၏။ ဘုရားအတွင်းသို့ အဝင်မုခ်ဝတန်ဆောင်းတွင် ပုဂံခေတ်လက်ရာစုံ အစားအသောက်၊ အသုံးအဆောင်များကို ခင်းကျင်းရောင်းချနေသည့် ဈေးတန်းကို တွေ့ရသည်။

ဒေသထွက်အစားအသောက်များ၊ ယွန်းထည်ပစ္စည်းများကို တွေ့ရ၏။

စကားဝါကတော့ လှပသောယွန်းထည်ပစ္စည်းများကို ကိုင်ကြည့် ရင်း–

"ဒီပစ္စည်းလေးတွေ မမမြကြာဖြူတို့ဆိုင်မှာ ရှိတယ်နော်"

"ဟုတ်တယ်၊ မြကြာဖြူတို့က အဲဒီယွန်းပစ္စည်းလေး တွေကို လုပ်ပြီး အခုလို ဘုရားဖူးလာသူတွေ အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်နိုင်အောင် ဆိုင်တွေမှာတင်ရောင်းချပေးတယ်လေ––"

"ရိုးရိုးလေးနဲ့ သိပ်ချစ်စရာကောင်းတဲ့ပစ္စည်းလေးတွေနော်"

"ဟုတ်တယ်၊ ကမ္ဘာလှည့်ခရီးသွားတွေကတော့ ဒီပစ္စည်းတွေကို အတော် သဘောကျကြတယ်၊ ကဲ…လာ၊ နောက်ဒီပစ္စည်းမျိုး စကားဝါ့ကို အများကြီးဝယ်ပေးမယ်၊ အခု ဘုရားဖူးကြရအောင်"

ပြောပြောဆိုဆို ကိုမင်းက စကားဝါ့လက်ကလေးကို အသာဆွဲ၍ ဈေးတန်းဆီမှ လျှောက်လာခဲ့ကြ၏။

ဩော်…အခုတော့ ကိုမင်းတစ်ယောက် စကားဝါ့လက်ကလေး ကို ဆွဲထားမိလေပြီ။

သူတို့နှစ်ဦးသည် တကယ်ပင် ချစ်သူတွေဖြစ်နေကြပြီလား။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်တွေ ကြီးမားနေပါလျက် အဘယ် သို့သော အကြောင်းတွေကြောင့် ရင်ထဲမှသံယောဇဉ်စကားတို့ ပွင့်ထွက်မလာ နိုင်ရပါသလဲ။ အချစ်စွမ်းအားတို့ကို တားဆီးနေသည်မှာ ကား မည်သည့်အရာများပါလဲ–။

တကယ်တော့ သူတို့နှစ်ဦး နှလုံးသားချင်း ချစ်တင်းဖလှယ် နှုတ်ဝယ် မြွက်ကြား၊ မပြောသော်ငြားလည်း ချစ်စကားတို့ ရင်ကြား အပြည့် ရှိနှင့်နေပြီ မဟုတ်ပါလား။

"ကိုမင်း–ကန်တော့ပလ္လင်ဘုရားလို့ ဘာလို့ခေါ်တာလဲဟင်"

"ခေါ်တယ်လို့ မပြောရဘူးစကားဝါ၊ ဘုရားကိုကျတော့ ဘွဲ့ အမည်ပေးတယ်လို့ ပြောရတယ်"

"ဘွဲ့အမည်ပေးတယ်–ဟုတ်လား"

"ဟုတ်တယ်၊ ကန်တော့ပလ္လင်လို့ဘွဲ့အမည်ပေးရတဲ့အကြောင်း ရှိတယ် စကားဝါ၊ ပြောရရင် နရပတိစည်သူမင်းဟာ မင်းဆရာတော်ကို နှုတ်နဲ့ပြစ်မှားမိလို့ သူ့အပြစ်ကို နောင်တရခဲ့တယ်။ ဒီအတွက် ဆရာ တော်ကို ပြန်လည်ကန်တော့တောင်းပန် လျှောက်ထားပြီးတဲ့နောက် အပြစ်က လွတ်တဲ့အခါ ဒီစေတီကိုတည်ခဲ့တယ်။ ဒါ့ကြောင့် ဒီစေတီကို ကန်တော့ပလ္လင်ဘုရားလို့ အမည်ဘွဲ့ပေးခဲ့တာဖြစ်တယ်"

စကားဝါတစ်ယောက် စိတ်ဝင်စားစွာ နားထောင်နေပါသည်။ ပြီးတော့ ကိုမင်းကပင်ဆက်၍––

"ပုဂံမင်းအချို့ဟာ ဘုရားတည်ပြီး အမှားပြုမိတာတွေရှိရင် ဝန်ချတောင်းပန်တာ၊ ဘုရားအလှူပြုပြီး ကျေးဇူးဆပ်တာတွေကို ပုဂံ ဘုရားသမိုင်းတွေမှာ တွေ့ကြရတယ်၊ ဥပမာအားဖြင့် ရာဇကုမ္မာ မင်းသားဆိုပါစို့၊ ဒီမင်းသားဟာ ဖခင်ကျန်စစ်သား ပြီးနောက် ဘုရင်





ဖြစ်ထိုက်တဲ့ မင်းသားဖြစ်ပေမယ့် ဖခင်က မြေးဖြစ်သူကို အိမ်ရှေ့ မင်းသား အရာပေးခဲ့တာကို ငြူစူခြင်းမရှိဘဲ ဖခမည်းတော် ကျန်စစ် မင်းကြီး နတ်ရွာစံခါနီးမှာ ဖခင်ရဲ့ကျေးဇူးကို အထူးသိတတ်တဲ့အနေနဲ့ ရွှေအစစ်ပြီးတဲ့ ဘုရားဆင်းတုတော်တွေကို ပေးလှူခဲ့တယ်"

ပြီးနောက် စကားကိုခဏရပ်၍ စကားဝါ့ကိုစေ့စေ့ကြည့်ကာ–

"ပုဂံပြည်ကြီးမှာ ခုလိုဘုရားတည်၊ ဘုရားလှူပြီး ကုသိုလ်ပြု ကျေးဇူးဆပ်တဲ့အတွက် သံသရာအဆက်ဆက် ကြီးမြတ်တဲ့ ကုသိုလ်ကို ရတယ်လို့ အယူရှိခဲ့ကြတယ်"

"တကယ်အားကျစရာပဲနော်"

"တကယ်တော့ စကားဝါလဲ အခုပုဂံကို ဘုရားထီးတင်ဖို့ ရောက်လာတာ၊ အဘိုးရဲ့ကျေးဇူးကို ဆပ်ဖို့ရောက်လာတာပဲ မဟုတ် လား၊ ဒါဟာ သံသရာအဆက်ဆက် ထူးမြတ်တဲ့ကုသိုလ်ကို ရနိုင်တာ ပဲလေ"

"ဟုတ်တယ်နော်၊ ကိုမင်းပြောမှ စကားဝါလဲသတိထားမိတယ်၊ စကားဝါ အခု မြန်မာပြည်ကိုလာတာ အဘိုးမှာတဲ့အတိုင်း ဘုရားထီး တင်ဖို့ကိစ္စရယ်၊ ကိုမင်းနဲ့တွေ့ရအောင်ရယ်၊ ဒီနှစ်ခုအတွက်ပဲလို့ ထင်ခဲ့တာ၊ တကယ်တမ်းကျတော့ အဘိုးအတွက် ကျေးဇူးဆပ်တာ သံသရာအဆက်ဆက် ကုသိုလ်မြတ်ကိုရဖို့ အတွက် အလှူဒါနပြုတာလို့ စကားဝါ ခံယူလာမိတယ်"

စကားဝါက စကားကို ခဏရပ်ပြီးမှ ဆက်၍–

"ဒါနဲ့ အဘိုးတည်ခဲ့တဲ့စေတီဆီ ဘယ်တော့သွားကြမှာလဲ၊ စေတီကိုလဲရှာရဦးမှာလေ"

"နက်ဖြန်မနက်သွားမယ်လို့ တင်မောင်ဦးနဲ့ စီစဉ်ထားတယ်၊ စေတီရှိတဲ့ နေရာကိုလဲ တွေ့ထားပြီးပါပြီ၊ တင်မောင်ဦးကိုပဲ ရန်ကုန်

ကပဲအကြောင်းကြားပြီး ရှာခိုင်းထားတာ၊ အနီးဝန်းကျင်က ချုံနွယ်တွေကို ရှင်းပေးဖို့ပြောခဲ့တာ၊ အခုတော့ သန့်ရှင်းရေးကိစ္စတွေလဲ ပြီးပါပြီ"

"စေတီကို အလွယ်တကူရော ရှာတွေ့ရဲ့လားမသိဘူး"

"စေတီက ဉာဏ်တော်သိပ်မမြင့်ပေမယ့် ရှာရတာလွယ်ပါတယ်၊ စေတီရဲ့ဘွဲ့တော် "ရွှေစေတီ"ဆိုတဲ့ ကမ္ပည်းကျောက်စာကို အလွယ်တကူပဲ တွေ့ခဲ့ရလို့လေ"

"ဘုရားထီးတင်ပွဲမှာ အလှူကြီးကြီးလဲပေးချင်တယ်၊ အကျေးအမွေးနဲ့ ဘေးနားက လူတွေကိုပါ ကုသိုလ်ပြုချင်တယ်၊ ဒါမှ စကားဝါ ဒီကိုမရောက်နိုင်ပေမယ့် စေတီလေးကို အနားကလူတွေစောင့်ရှောက်ထားနိုင်မှာပေါ့"

ထိုအခါ ကိုမင်းက ခေါင်းခါ၍-

"မဟုတ်သေးဘူး စကားဝါ့အတွေးက လွဲသွားပြီ၊ ကိုမင်းတို့ ပုဂံသူပုဂံ သားတွေအပါအဝင် ဗုဒ္ဓဘာသာဝင် မြန်မာတွေအားလုံးဟာ မိမိတို့ဒေသမှာလာပြီး ဘုရားတည်၊ ကျောင်းဆောက်တာကို ဂုဏ်ယူတတ်ကြတယ်၊ ဘုရားတည်တဲ့ ဘုရားဒါယကာ၊ ကျောင်းဒကာတွေကိုလဲ အလွန်ကျေးဇူးတင်လေးစား သာဓုခေါ်လေ့ရှိတယ်၊ ဒါ့ကြောင့် အလှူကြီးပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အဲဒီဒေသက လူတွေဟာ ဘုရားစေတီတွေနဲ့ ဗုဒ္ဓသာသနာတော် အထိမ်းအမှတ် အဆောက်အအုံတွေကို ထာဝရထိန်းသိမ်းစောင့်ရှောက်တတ်ကြတယ်"

"ကိုမင်း ခုလိုပြောတော့ စကားဝါ့ စိတ်ထဲမှာလေ...အရမ်းပီတိဖြစ်ပြီး ကျေနပ်အားရလှတယ် ကိုမင်းရယ်"

ဗုဒ္ဓဘာသာဝင်တို့ရင်၌ ဖြစ်တည်လေ့ရှိသော ဘုရားကုသိုလ်၊ ဘုရား ကုသိုလ်၊ ဘုရားရိပ်၊ တရားရိပ်တို့၏ အေးမြမှုကို တဒင်္ဂအတွင်း





စကားဝါခံစား လိုက်ရသည်ဟု ထင်ပါသည်။ စကားဝါ့မျက်နှာလေးမှ ကြည်နူးမှု ပုံရိပ်များကို ကိုမင်း အထင်အရှားတွေ့မြင်လိုက်ရပါသည်။

ကန်တော့ပလ္လင်ဘုရားပရဝဏ်အတွင်းမှ ထွက်တော့အပြင် ၢင် နေအပူရှိန်ပင် မြင့်လျက်နေပေပြီ။ ကောင်းကင်ပြင်တွင်တော့ မိုးသားကင်းစင်လျက်ရှိ၏။

ယနေ့ နေ့လယ်စာကို မြကြာဖြူတို့အိမ်တွင် စားကြမည်။ ဟိုမှာ တင်မောင်ဦးကိုပါ ချိန်းထားသည်။

ယခုအချိန်ရသေးသဖြင့် လောကနန္ဒာစေတီဘက်သို့ သွားမည်ဟု စိတ်ကူးကာ ကားကို သီရိပစ္စယာ ဘက်ဆီသို့ ဦးတည် မောင်းလာခဲ့၏။ အပြန်မှမြကြာဖြူတို့ အိမ်သို့ဝင်မည်။ ယခုအချိန်တွင် မြကြာဖြူသည် အိမ်မှာပင်ရှိနေမည်လား။ သို့တည်းမဟုတ်––ယွန်းထည်ဆိုင်ဖွင့်ထားရာ ညောင်ဦးဈေးတွင်ပင်ရှိနေမည်လား။ ကိုမင်း မတွေးဆတတ်။

"နက်ဖြန်နေ့လည်စာ မြကြာဖြူတို့အိမ်မှာ စားရမယ်နော်"ဟု မနေ့ကပြောသော မြကြာဖြူ၏ ဖိတ်ခေါ်ဟန်နှင့် ရင်းနှီးမှုဟန်ပန်တို့ကိုကြည့်ရင်း လွန်ခဲ့သော ဆယ်စုနှစ်တစ်စုဆီကမြကြာဖြူ၏ ဖော်ရွေရင်းနှီးမှုကို ပြန်လည် သတိရခဲ့မိသည်က အမှန်––။

အဲသည်တုန်းကတော့ ကိုမင်းနှင့်မြကြာဖြူက ချစ်သူတွေလေ။

ခုတော့ရော မြကြာဖြူဘက်က အနေအထား။ကိုမင်းကရော မြကြာဖြူအပေါ်သဘောထား။

ယခုအချိန်အခါတွင် မြကြာဖြူသည်လည်း ကိုမင်း၏ချစ်သူ မဟုတ်တော့သလို စကားဝါသည်လည်း ကိုမင်း၏ချစ်သူ မဟုတ်သေးပါ။

အကယ်စင်စစ် ချစ်သူအဖြစ် ရွေးချယ်ရလျှင်ကော...။

"ကိုမင်း– မရောက်သေးဘူးလား"

ညြော်...ရောက်တော့မှာပါ"

စကားဝါ၏ မေးစကားကြောင့် ကိုမင်း၏ အတွေးများပြယ်သွား၏။ ပြီးမှ ကိုမင်းက-

"အရင်ဆုံး မြစေတီဝင်မယ်လေ၊ ပြီးတော့ မနုဟာဘုရား၊ ပြီးမှ လောကနန္ဒာဘုရား သွားကြတာပေါ့"

ကိုမင်းက သူ့အစီအစဉ်ကို ပြောပြလိုက်၏။

စကားဝါက ခေါင်းညိတ်ပြရင်း "ကိုမင်း သဘောလေ"တဲ့။

မြစေတီရောက် ဖခင်ကျေးဇူးသိတတ်သော ရာဇကုမ္မာမင်းသား အကြောင်း စကားဝါ့ကို ရှင်းပြ၏။

မြစေတီအနီးရှိ ဂူပျောက်ကြီးအတွင်း လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ခန့်က ရောင်စုံရေးရေးပန်းချီများကို ပြရင်း ပုဂံယဉ်ကျေးမှု အကြောင်း ရှင်းပြဖြစ်၏။

အဲဒီက ပြီးတော့ မနုဟာဘုရား-။

မနုဟာဘုရားတွင် အဝင်ပေါက်ရှိ သပိတ်ကြီးအကြောင်း၊ မနုဟာဘုရင်အကြောင်း၊ ပိဋကတ်သုံးပုံ အကြောင်း ကိုမင်း စကားဝါ့ကို ရှင်းပြလေ၏။

ကိုမင်းရှင်းပြမှုကို ခေါင်းတညိတ်ညိတ်ဖြင့် စကားဝါ နားထောင်နေခဲ့၏။

ထိုသို့ နားထောင်ရင်း ဘုရားပုရဝဏ်ကျောင်းအတွင်းသွားကြစဉ် ဘုရားအလှူခံပုံးများ တွေ့တော့ ကလေးငယ်တစ်ဦးပမာ ပုံးအနီးအပြေးသွားလို့ အလှူငွေထည့်ပြန်သည်။ ၎င်းမြင်ကွင်းများသည်လည်း ကိုမင်းအတွက် ကြည်နူးစရာ...။

တစ်ခါတစ်လေ ဘုရားလှူကြီးများ အလှူခံနေသော နေရာများသို့ရောက်တော့လဲ-





"ကိုမင်းနဲ့စကားဝါ အတူလှူရအောင်လေ"တဲ့။

အလှူခံပြေစာဖြတ်ပိုင်းတစ်ခုတည်းတွင် နှစ်ဦးလုံးနာမည်ကို ထည့်၍ လှူဖြစ်ခဲ့ကြသည်လေ။ သည်လိုဆိုတော့ သူတို့နှစ်ဦးသည် ချစ်သူတွေ အဖြစ်နဲ့လား...မောင်နှမတွေ အဖြစ်နဲ့လား...။

ဒါကိုတော့ ကိုမင်းရော စကားဝါပါ ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့။ နှစ်ဦးအတူ လှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့် ရရှိလာမည့်အကျိုးကို မျှော်ကိုးရင်းကြည်နူးပီတိဖြစ်ရခြင်းက မည်သည့်အရာနှင့်မျှယှဉ်မရအောင် အနိုင်းမဲ့ခဲ့သည်လေ...။

သည့်နောက် လောကနန္ဒာစေတီဆီသို့ဆက်ခဲ့ကြ၏။ လောကနန္ဒာစေတီ ခြေရင်းတွင် ဥယျာဉ်တော်ရှိ၏။ ပုဂံဒေသ၏ အိုအေစစ်ဟု ခေါ်ဆိုနိုင်လေသည်။ စိမ်းလန်းစိုပြည်သော အပင်ကြီးများစွာ၊ ရောင်စုံပွင့်ဖူးနေသော အလှပန်းများစွာ၊ ပြီးတော့ ကမ္ဘာတွင် ထင်ရှားသော မြန်မာ့ကြယ်လိပ်များသည်လည်း ထိုဥယျာဉ်ထဲတွင် ရှိနေ၏။

မကြာမီ လောကနန္ဒာစေတီတော်ခြေတော်ရင်း ကမ္ဘည်းဆိုင်းဘုတ်အနီးရောက်ရှိပြီး အနီးရှိ သစ်ပင်အုပ်ကြီးအောက်တွင် ကားကို ထိုးရပ်နားထားလိုက်၏။

ကားပေါ်ကနှစ်ဦးသားဆင်းလာပြီး စေတီတော်ရင်ပြင်ပေါ် အတက် အုတ်လှေကားဆီသို့ လျှောက်လာရင်း-

"ဒီနေရာဟာ ဟိုးရှေးခေတ်က အလွန်စည်ကားတဲ့ မြစ်ဆိပ်ကြီးပေါ့၊ နိုင်ငံတကာ ကုန်သည်တွေ ရောဝတီမြစ်ကတစ်ဆင့် ဒီလောကနန္ဒာမြစ်ဆိပ်အထိ ရောက်လာပြီး ကုန်ကူးကြတယ်၊ ဒီမြစ်ဆိပ်ဟာလဲ မြန်မာနေပြည်တော် ပုဂံပြည်ကြီးရဲ့ အဓိကကျတဲ့မြစ်ဆိပ်ကြီးလေ"

"ဟုတ်လား...ကိုမင်း"

"ဒါပေါ့၊ ဒီမြစ်ဆိပ်မှာပဲ ပုဂံခေတ်က အချစ်ဇာတ်လမ်းလေး တစ်ပုဒ် စတင်ခဲ့ဖူးတယ်"

"ပြောပြပါလား ကိုမင်း"

လောကနန္ဒာစေတီရင်ပြင် အတက်လှေကားအလယ်သို့ အရောက်တွင် နှစ်ဦးသားအနောက်ဘက်ရှိစေတီမြစ်ရေပြင်ကို ကြည့်ရင်း ခေတ္တနားကြသည်။

မိုးတွင်းဖြစ်၍ ရောဝတီမြစ်ရေသည် မြစ်ကမ်းနဖူးအတွင်းဘက် အထိ ရောက်နေသည်။ နွေကာလ၌ မြင်တွေ့ရတတ်သော ရေလယ် သဲသောင်တို့သည်ကား ယခုအခါ မြစ်ရေအောက်ရောက်၍နေလေပြီ။

မြစ်ပြင်အလယ်၌မူ မော်တော်ငယ်အချို့နှင့် လှေတစ်ချို့ကို တွေ့ရ၏။

ကိုမင်းက ပုဂံခေတ် အချစ်ဇာတ်လမ်းတစ်ပုဒ်အကြောင်းကို စကားစလိုက်သဖြင့် စကားဝါက မြစ်ပြင်သို့ မျက်နှာမူရင်း နားစွင့်နေမိသည်။

"ပုဂံခေတ်ကပေါ့၊ ကျန်စစ်သားမင်းလက်ထက်မှာ ပေါ့ဒီ လောကနန္ဒာမြစ်ဆိပ်ကို အိန္ဒိယနိုင်ငံက ကုန်သည်သင်္ဘောကြီး တစ်စင်း ရောက်လာခဲ့တယ်၊ အဲဒီ သင်္ဘောပေါ်မှာ ကုန်သည်လည်းဟုတ်၊ မင်းသားလဲ ဟုတ်တဲ့ ပဋိက္ခရာမင်းသားဟာ ဒီလောကနန္ဒာမြစ်ဆိပ်က ဈေးကြီးမှာ ကုန်တွေချရင်း အလွန်လှပချောမောတဲ့ မင်းသမီးတစ်ပါးနဲ့ တွေ့ခဲ့တယ်"

"အဲဒီမင်းသမီးက–"

"ရွှေအိမ်စည်မင်းသမီးလို့ ခေါ်တယ်၊ ကျန်စစ်မင်းကြီးရဲ့ သမီးတော်ပေါ့၊ သူတို့နှစ်ဦး တွေ့တွေ့ချင်းပဲ ချစ်ကြိုက်မိခဲ့ကြတယ်၊ ဒါကို ကျန်စစ်သားမင်းကြီးသိတော့သူတို့နှစ်ဦးကို ခွဲခဲ့ကြတယ်လေ"

"ဘာဖြစ်လို့လဲ"

"တစ်ပြည်သားမို့တဲ့"





"အို"

"ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ပုဂံသားတွေဟာ တိုင်းတစ်ပါးသားနဲ့ ပုဂံသူအိမ်ထောင်ပြုဖို့ ကိစ္စ သဘောတူလေ့မရှိဘူး"

"ဒါဆို စကားဝါ့အဘိုးနဲ့ ဒေါ်သပြေတို့ချစ်သူနှစ်ဦးကိစ္စကို မိဘတွေသဘောမတူခဲ့တာက..."

ကိုမင်း ဆက်မဖြေတော့ပါ။ ကိုမင်းစကားလွှဲ၍––

"လာ––စကားဝါ၊ နေမြင့်သွားလိမ့်မယ်၊ ဘုရားပေါ်တက်ကြရအောင်"ဟုဆိုကာ စကားဝါ့လက်ကလေးကို အသာဆွဲယူလိုက်လေတော့၏။

လောကနန္ဒာစေတီရင်ပြင်၌တွင် မြစ်ဆီမှ တိုက်ခတ်လာသော လေပြေ လေညင်းတို့ကြောင့် အေးမြမြရှိလှသည်။

ကိုမင်းက စေတီအနောက်ဘက် မဟာရံတံတိုင်းမှသည်မြစ်ပြင်ဆီသို့ လှမ်းမျှော်ကြည့်နေစဉ်–

"လောကနန္ဒာစေတီကို ဘယ်သူတည်ခဲ့တာလဲ ကိုမင်း"

"အနော်ရထာမင်းပေါ့ စကားဝါ၊ ဒီပုဂံမြေမှာ စွယ်တော်ရှင်စေတီလေးဆူရှိတယ်၊ ပေါ့ဒီ လောကနန္ဒာစေတီရယ်၊ ရွှေစည်းခုံစေတီရယ်၊ တုရင်တောင် စေတီရယ်၊ ပြီးတော့––ပေါ့ဟိုဘက်ကမ်းမှာရှိတဲ့ တန့်ကြည့်တောင်စေတီရယ်တို့ပဲ"

ကိုမင်းက သိသမျှရှင်းပြနေ၏။

ပြီးနောက် နှစ်ဦးသားစေတီတော်တွင်ကြည်ညိုဝတ်ပြုကာ စေတီတော်ရင်ပြင်တော်အရှေ့ဘက်ရှိ အလှူခံမဏ္ဍပ်ဆီသို့လျှောက်ခဲ့ကြ၏။

နှစ်ဦးသား ရင်ပြင်တော်ကျောက်ပြားကိုးချပ်အတွက် အလှူငွေများထည့်ဝင်ခဲ့ကြသည်။ ဂေါပကလူကြီးက အလှူရှင်ဖြတ်ပိုင်းကို ရေးပြီးနောက် စပီကာမှတစ်ဆင့် ဆုပေးစကားပြောလိုက်သည်။

"လောကနန္ဒာစေတီတော်ကျောက်ပြားအလှူရှင် မောင်မင်းဝေလှိုင်နှင့် မစကားဝါတို့ဇနီးမောင်နှံ လိုရာဆန္ဒပြည့်ဝပါစေ"တဲ့လေ။

ကိုမင်းနှင့် စကားဝါတို့နှစ်ဦး အံ့ဩစွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။

* * *

လောကနန္ဒာစေတီရင်ပြင်တော်အရှေ့ဘက်လှေကားအတိုင်း ဆင်းတော့ လောကနန္ဒာဥယျာဉ်ဆီသို့ ရောက်၏။

အိုအေစစ်ပမာစိမ်းလန်းနေသော ဥယျာဉ်အတွင်းဝင်ပြီးနောက် ပြန်ထွက် လာခဲ့ရာ မကြာမီ သီရိပစ္စယာ အရပ်ရှိ မြကြာဖြူတို့အိမ်သို့ ရောက်ခဲ့သည်။

အိမ်ရှေ့တွင် ကားကိုရပ်ပြီးသော်လည်း ကားပေါ်ကဆင်းဖို့ အရေး ကိုမင်းတစ်ယောက် တွန့်ဆုတ်နေမိပြန်သည်။

အကြောင်းသော်ကား လွန်ခဲ့သော ၁၀နှစ်ခန့်က မြကြာဖြူ၏ မိခင်ကြီး သူ့အပေါ်ပြောခဲ့သော စကားကြောင့် ဖြစ်၏။

"အိမ်ထောင်တစ်ခုတည်ထောင်ဖို့ဆိုတာ ယောကျ်ားလေးလုပ်တဲ့သူဟာ ပညာအရည်အချင်းလဲရှိရမယ်၊ ဥစ္စာနေလဲ ရှာနိုင်ရမယ်၊ ဒါမှ အိမ်ထောင်တစ်ခုကို စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ နေလို့ရမှာပေါ့။ အခု မင်းမှာက ပညာကလဲ မစုံသေး၊ အလုပ်အကိုင်ကလဲ မရှိသေးဘဲနဲ့ သမီးနဲ့အခုလို ရည်ငံနေတာတော့ အဒေါ်တို့မကြိုက်ဘူး။ သမီးနဲ့ ဝေးဝေး နေစေချင်တယ်၊ အဒေါ်ဘက်ကတော့ ဒီလောက်ပဲပြောချင်တယ်"

ထိုစကားတို့ကို ယခုတိုင်ကြားယောင်နေဆဲ––။ လူငယ်တို့ မာနဖြင့် ထိုစဉ်က မြကြာဖြူကို ချစ်လျက်နှင့်အဆက်အသွယ် ဖြတ်ခဲ့ရ





သည်။ တက္ကသိုလ်တက်စ ပထမနှစ်မှာပဲ မန္တလေးတက္ကသိုလ်က မြကြာဖြူကို သူ့မိဘများက ကျောင်းထုတ်ခဲ့ပြီး ပုဂံရှိ ယွန်းကောလိပ်ကို တက်စေခဲ့သည်။

အဖြစ်အပျက်တို့သည် ကြာခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် ကိုမင်း မမေ့နိုင်သေး...။

"ကိုမင်းဆင်းလေ"

ကားထဲတွင် ငူငူကြီးထိုင်နေသော ကိုမင်းကို မြကြာဖြူ ကားအနား လျှောက်လာပြီး သတိပေးတော့မှ–

"ဩော်...အင်း၊ လာမယ်၊ ကဲ–စကားဝါဆင်း"

အနားတွင် မလှုပ်မယှက်ထိုင်နေသော စကားဝါ့ကိုပါ သတိပေးရင်းကားပေါ်မှ ဆင်းခဲ့ကြ၏။

"လာ...ညီမလေး၊ အိမ်ထဲဝင်ရအောင်"ဟုဆိုကာ မြကြာဖြူက စကားဝါ့ကို ဆွဲခေါ်ပြီး အိမ်ထဲဝင်ခဲ့ကြသည်။

"ဟယ်–မောင်မင်းဝေလှိုင်ကိုတောင် မတွေ့ရတာကြာပြီ၊ ရန်ကုန်သားကြီး ဖြစ်နေပြီဆိုတော့ ဒို့အညာဒေသကို မေ့နေပြီနဲ့ တူတယ်" ဤကား မြကြာဖြူ၏ အမေဖြစ်သူက ကိုမင်းကို လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်လိုက်သည့်စကားပါ။

"ဩော်...မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်လဲ အလုပ်ကိစ္စတွေနဲ့ မအားလပ်လို့ပါ"

"မဟုတ်ဘူးအမေ၊ ကိုမင်းဝေက သမီးတို့ကို တွေ့ရမှာစိုးလို့ မလာတာ၊ အခုတောင် ညှိသည်ကို အကြောင်းပြုလို့ မလာချင်ပဲ လာရတာ အမေရဲ့"

သွားပြီ။ မြကြာဖြူက ဒဲ့ဒိုးကို ပြောချလိုက်ပြီ။ အင်းလေ...ခုလို အားမနာတမ်းပြောနေကြသည်ကိုက ရင်းနှီးမှုအတိုင်းအတာကို ဖော်ပြနေသည်လေ...။

"အဒေါ်တို့ကတော့ သတိရနေပါတယ်အေ၊ သမီးကိုတောင် မေးနေရ သေးတယ်၊ မောင်မင်းဝေလှိုင် တစ်ယောက်တော့ အိမ်ထောင်ကျပြီး ဒို့ဒေသကို မလာနိုင်တော့ဘူးနဲ့တူတယ်လို့"

ကိုမင်း ဘာမျှ ပြန်မပြောဖြစ်တော့ပါ။ ပြုံး၍သာနေလိုက်ပါတော့သည်။

ထိုသို့ပြောနေကြစဉ် စကားဝါကတော့ အိမ်ရှေ့ခန်းနံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံများကိုကြည့်နေ၏။

တစ်နေရာအရောက်တွင် တစ်ချိန်သောအခါက "မသပြေ" ခေါ် ဒေါ်သပြေ၏ ဓာတ်ပုံကို တွေ့ရသည်။

"ဩော်...အမေ၊ အမေ့ကို မိတ်ဆက်ပေးရဦးမယ်၊ သူလေးက ဂျပန်ကလာတာ၊ ဂျပန်ခေတ်တုန်းက သူ့အဘိုးက ပုဂံကို ရောက်ခဲ့ဖူးတယ်လေ"

မြကြာဖြူက မိတ်ဆက်ပေးသဖြင့် စကားဝါတစ်ယောက် ဒေါ်သပြေဓာတ်ပုံဆီမှ အကြည့်ခွာကာ မြကြာဖြူတို့ဆီသို့ လှည့်လာသည်။ စကားဝါက မြကြာဖြူ၏အမေကို ဦးညွှတ်ဂါရဝပြုရင်း ပြုံးပြလိုက်၏။

"အင်း–ချစ်စရာလေးနော်၊ မြန်မာဝတ်စုံနဲ့ တကယ့်မြန်မာမလေးကျနေတာပဲ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မနာမည် ဂျပန်လို မစွန်နီရိကို ကူဆာဝါ ရှိုပါ၊ မြန်မာနာမည်ကတော့ စကားဝါပါ၊ အဲဒီမြန်မာနာမည်က အဘိုးပေးခဲ့တာပါ"

ထိုစဉ် မြကြာဖြူက ကြားဝင်သည်။

"ဟုတ်တယ်အမေ၊ ပြောရဦးမယ်၊ သူ့အဘိုးက ဘယ်သူလဲ သိလား"





"ဟင့်အင်း..."

"ဂျပန်ခေတ်က စစ်ပြေးရင်း သမီးတို့အိမ်ကို ရောက်ခဲ့ဖူးတဲ့ ဂျပန်စစ်ဗိုလ်လေးလေ"

"ဟင်...ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ ဒါဆို စကားဝါလေးက ဒီကို လာလည်တာပဲလား"

"မဟုတ်ဘူးအန်တီ၊ စကားဝါ့အဘိုး ဒီပုဂံဒေသကို ရောက်ခဲ့တုန်းက ဘုရားတစ်ဆူတည်ဖြစ်ခဲ့တယ်၊ အဲဒီဘုရားကို ထီးတင်ဖို့ပါ၊ ပြီးတော့လဲ အဘိုးမဆုံးမီ သမီးကိုမှာခဲ့ပါသေးတယ်၊ ပုဂံရောက်ရင် အန်တီတို့ မိသားစုကို မတွေ့တွေ့အောင်ရှာပြီး လိုအပ်တာတွေကူညီ ပေးပါဆိုလို့ပါ"

ထိုစဉ် မြကြာဖြူက ဆက်၍–

"ဟုတ်တယ်အမေ၊ ကိုမင်းဝေ ဂျပန်သွားတုန်း စကားဝါနဲ့ ဆုံခဲ့ကြတာ၊ မြန်မာပြည်ကအကြောင်းတွေပြောရင်း စကားဝါ့အဘိုး တည်ခဲ့တဲ့ဘုရား ပုဂံမှာ ရှိတယ်ဆိုလို့ ထီးတင်ဖို့ကိစ္စနဲ့လာခဲ့တာ"

"ဟုတ်ပါတယ်အန်တီ၊ နောက်ပြီး အဘိုးအပေါ် ဂရုစိုက်ခဲ့တဲ့ အန်တီတို့ မိသားစုကိုရှာပြီး အကူအညီပေးဖို့ တဖွဖွပြောတာနဲ့ ဒီကိုရောက်ဖြစ်ခဲ့တာပါ၊ အဲဒီတုန်းက အဘိုးအပေါ် ဂရုတစိုက် စောင့်ရှောက်ခဲ့တာတွေအတွက် ကျေးဇူးတင် ပါတယ်အန်တီ၊ အဘိုးကိုယ်စား လေးလေးနက်နက် ပြောပါရစေ"

"အေးပါကွယ်၊ သမီးရဲ့အဘိုးအကြောင်း သိပ်မသိပေမယ့် အန်တီ့အမေသိမ်းထားတဲ့ ဂျပန်ဓားရှည်ကြီးအကြောင်း မေးကြည့်တော့ အဲဒီဓားရှည်ပိုင်ရှင်ဟာ စိတ်သဘောထားပြည့်ဝပြီး မြန်မာတွေအပေါ် အရမ်းကူညီ စာနာတတ်တယ်လို့ သိရတယ်၊ မလွှဲသာလို့ စစ်ထဲဝင်ခဲ့ရပေမယ့် စစ်ကိုအလွန်မုန်းတယ်ဆိုပဲ"

ထိုစဉ်က စကားဝါ့အဘိုး ဂျပန်စစ်ဗိုလ်လေးသည် ဖက်ဆစ်စိတ်ကင်းပြီး တကယ်ပင် လူတစ်ဖက်သားအပေါ် အကြင်နာစိတ်ရှိခဲ့သူဖြစ်ပါသည်။

သို့သော် ဂျပန်စစ်ဗိုလ်လေးသည် တစ်ပြည်သားဖြစ်ပါသည်။ မသပြေ မိသားစုက မသပြေနှင့် ဂျပန်စစ် ဗိုလ်လေးတို့ ရည်ငံနေကြောင်းသိသောအခါ မသပြေနှင့် သဘောမတူကြောင်းပြောပြီး ခွဲခဲ့ရပါသည်။ ဂျပန်စစ်ဗိုလ်လေး ဂျပန်ပြည်ပြန်ပြီး မကြာမီပင် မသပြေကို မိဘများ သဘောတူသူ တစ်ရွာတည်းသားနှင့် အိမ်ထောင်ချပေးခဲ့ပါသည်။ ဤအကြောင်းများကို မြကြာဖြူနောင်သောအခါ သိလာခဲ့ရပါသည်။

"ကဲ...အမေ၊ စကားကောင်းပေမယ့် ကိုမင်းဝေတို့ဆာရောပေါ့၊ ထမင်းစားရအောင်၊ သမီးပြင်လိုက်တော့မယ်"

"ကောင်းသားပဲ"

မြကြာဖြူက နောက်ဖေးခန်းထဲဝင်သွားစဉ် စကားဝါကလည်း စကားဝါ ကူပေးမယ်လေ"ဟုဆိုကာ လိုက်သွား၏။

စကားဝါတစ်ယောက် ကွဲကွာနေသော ဆွေမျိုးမိသားစုကို ပြန်တွေ့ရသကဲ့သို့ ပျော်နေပါသည်။

အထူးသဖြင့် မြန်မာပီသပြီး မြန်မာဆန်လှသော မြန်မာမလေး မြကြာဖြူကို အစ်မတစ်ယောက်ပမာ မြင်မြင်ချင်း ခင်မင်တွယ်တာနေလေပြီ။ တကယ်တော့ စကားဝါတွင် ညီအစ်ကိုမောင်နှမအရင်းဟူ၍ မရှိ။ တစ်ဦးတည်းသောသမီး ဖြစ်လေသည်။

ယခု မြကြာဖြူကဲ့သို့သော မြန်မာဆန်ဆန် ပုဂံသူလေးကို တွေ့ရသောအခါ ပင်ကိုကတည်းက မြန်မာမလေးဖြစ်ချင်သူ စကားဝါ





တစ်ယောက် အစ်မတစ်ယောက် ရုတ်တရက်ရလိုက်သကဲ့သို့ ခံစားလိုက်ရခြင်း ဖြစ်ပါသည်။

ကိုမင်း ဤမြင်ကွင်းကိုကြည့်ရင်း ကြည်နူးရပါသည်။

ဤအချိန်တွင် ကိုမင်းရင်ထဲ၌ ဝေခွဲရခက်နေသော အကြောင်းရပ်တစ်ခုက ထပ်ချပ်တွယ်ကပ်နေပါသည်။

မြကြာဖြူသည် တစ်ချိန်က သူချစ်ခဲ့ဖူးသောသူ–။

စကားဝါသည် သူ့အပေါ်တွယ်တာနေသည့်နည်းတူ သူကလည်း စကားဝါ့အပေါ် တွယ်တာမှုသံယောဇဉ်တို့ ရစ်ပတ်လို့နေဆဲ။ သို့သော် စကားဝါ့အပေါ် တွယ်တာမှုတို့သည် သူ့အတွက် အချစ်ဟူ၍ ခေါ်ဆိုနိုင်ပါသလား––။ သူဝေခွဲ၍ မရနိုင်သေးပါ––။ နှမလေး တစ်ယောက်ထက်ပိုသော သံယောဇဉ် တွယ်တာမှုတို့ရှိနေသည်ဟူ၍ကား သူဝန်ခံရပါမည်။

စကားဝါ၏ သူ့အပေါ် တွယ်တာမှုမှာ ချစ်သူတစ်ယောက်ပမာ ရှိနေသည်ကိုကား သူရိပ်စားမိပါသည်။

ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်များ ဦးစားပေးရမည်ကို ကိုမင်း သိပါသည်။ သို့သော် အချစ်ဟူ၍ တစ်ခါတရံ အသိဉာဏ်နဲ့ သတိတရားကိုပင် လွှမ်းမိုးနေတတ်သည်လေ...။

နေ့လည်စာထမင်းစားပြီးကြတော့ ကိုမင်း မြကြာဖြူနှင့် စကားဝါတို့ တုရင်တောင်ဘက်ထွက်ခဲ့ကြ၏။ တင်မောင်ဦးကမူ အတူလိုက်လာပြီးမှ ကိစ္စရှိသည်ဆို၍ လမ်းတွင်ဆင်းသွားသည်။

ပုဂံနေသည် ပူသည်ဟုဆိုနိုင်သော်လည်း မိုးတိမ်မိုးရိပ်တို့ရှိနေ၍ အပူလျှော့လျက်ရှိ၏။ ပုဂံဒေသသည်ပင် ယခင်နှင့်မတူတော့။ အချို့နေရာများတွင် သစ်ပင်ကြီးများဖြင့် အရိပ်အာဝါသကောင်း၍ နေလေပြီ။

တုရင်တောင်ခြေအထိ ကားဖြင့်တက်ခဲ့ကြ၏။ တောင်ခြေတွင် လေနုအေးတို့ တိုးဝှေ့တိုက်ခတ်လျက်ရှိသည်။

မြကြာဖြူတစ်ယောက် စကားဝါ့လက်ကိုဆွဲရင်း လှေကားအတိုင်း တုရင်တောင်စေတီရင်ပြင်ပေါ်သို့ တက်ခဲ့ကြသည်။ ကိုမင်းက နောက်က လိုက်ရင်း သူတို့နှစ်ဦး ညီအစ်မအရင်းတွေဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးမိသည်။

ဘုရားရင်ပြင်ပေါ်ရောက်တော့ မြကြာဖြူနှင့်စကားဝါတို့နှစ်ဦးသား ဘုရားဝတ်ပြုကြ၏။

လေတို့က အဆက်မပြတ်တိုးဝှေ့တိုက်ခတ်နေဆဲ။

စကားဝါက သူမ၏ ဗုဒ္ဓဟူးနံထောင့်တွင် ဘုရားဝတ်ပြုနေပြန်သည်။

ထိုစဉ် ရင်ပြင်သံတန်းတံတိုင်းကို ကျောမှီရင်း ရပ်နေသော ကိုမင်းဆီသို့ မြကြာဖြူလျှောက်လာပြီး––

"စကားဝါ့ကို ကြည့်ရတာ တကယ့်မြန်မာမိန်းကလေး အတိုင်းပဲနော်၊ ဘာသာတရားကိုလဲ သိပ်ကိုင်းရှိုင်းပုံ ရတယ်၊ ကိုမင်းဝေနဲ့ ဘယ်လိုတွေ့ကြတာလဲ"

ကိုမင်းက အကျဉ်းချုပ်ကို ရှင်းပြ၏။

"ကိုမင်းဝေအပေါ် စကားဝါသံယောဇဉ်သိပ်ကြီးတာပဲနော်" တဲ့၊ မြကြာဖြူက ကောက်ချက်ချသလိုလိုနှင့် ကိုမင်းကို မေးသည်။

ကိုမင်းက––

"သူ့အဘိုးနဲ့ပတ်သက်ပြီး မြန်မာပြည်ကို စိတ်ဝင်စားရာက ကိုယ့်အပေါ် ခင်မင်နေတာဖြစ်မှာပါ"ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်မိ၏။

တကယ်ဆို မြကြာဖြူသည် အညာသူဟုဆိုသော်လည်း အသားညိုသည့် ဘက်သို့ အလေးမသာ။ မဖြူမညို ဟု ဆိုနိုင်သည်။





အရပ်မြင့်မြင့်၊ ကိုယ်နေ ဟန်ထား ကျစ်ကျစ်လျစ်လျစ်ရှိသည်။ ရှည်လျားလှသော သူမ၏ဆံပင်ကို အမြဲ သပ်သပ်ရပ်ရပ်စည်းနှောင်ထားလေ့ရှိသည်။ လေအသင့်တွင် လွင့်မျောပျံ့ဝဲနေတတ်သော သူမ၏ ဆံနွယ်များကိုကြည့်ရင်း စကားဝါက "ဆံပင်လေးတွေကလှလိုက်တာ၊ အဲဒီလိုဆံပင် အရှည်ထားလို့ရရင် သိပ်ကောင်းမှာပဲ"ဟု မြကြာဖြူကို သူပြောခဲ့ဖူးသည်။

"ကိုမင်းဝေ ပုဂံကိုမရောက်တာ အတော်ကြာပြီနော်"

စကားဝါဘုရားဝပ်ပြုနေသည်ကို ကိုမင်း တွေတွေကလေးကြည့်နေစဉ် မြကြာဖြူက မေးလိုက်သဖြင့်––

"ဟုတ်တယ်၊ ဟိုမှာအလုပ်ကပိနေလို့လေ၊ ပြီးတော့အကြောင်းထူး မရှိတာလဲ ပါပါတယ်"

"ကြာဖြူနဲ့တွေ့ရမှာစိုးလို့မဟုတ်လား"

သူ့ကိုယ်သူ ကြာဖြူတဲ့၊ လွန်ခဲ့သောဆယ်နှစ်တာကာလ ချစ်တဲ့ သူဘဝကလဲ သူ့ကိုယ်သူ ကြာဖြူတဲ့လေ။

"မဟုတ်ပါဘူး ကြာဖြူရယ်"

"ကြာဖြူက ကိုမင်းဝေတစ်ယောက် အိမ်ထောင်တွေဘာတွေကျလို့ ဒီဘက်ကို မလာနိုင်တာလို့ အောက်မေ့နေတာ"

"ခုထိတော့ တစ်ယောက်တည်းပါပဲ၊ မြကြာဖြူရော၊ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား"

"ရည်းစားဟောင်းက ပစ်သွားလို့လေ၊ နောက်တစ်ယောက်လဲ မစဉ်းစား ဖြစ်တော့ပါဘူး"

သူ့ကိုဦးတည်ပြောနေမှန်း ကိုမင်း သိပါသည်။ သို့ပေမယ့် ကိုမင်း ဘာမျှ ပြန်မပြောဖြစ်ပါ။ သည်တော့ မြကြာဖြူကပင် ဆက်၍–

"အမေက ပြောတယ်၊ ကိုမင်းဝေအပေါ် တစ်ချိန်က ပြောခဲ့မိ

တဲ့စကားကြောင့် ပုဂံကို မလာဖြစ်တော့တာနဲ့တူတယ်–တဲ့”

“ဒီလိုတော့မဟုတ်ပါဘူး မြကြာဖြူရယ်”

“အမေကပြောပါတယ်၊ အဲဒီတုန်းက ကိုမင်းဝေကလဲ ပညာမစုံသေး။ ကြာဖြူကလဲကျောင်းသူဘဝဆိုတော့ ပညာမစုံခင် အိမ်ထောင်ကျသွားရင် ဘဝအတွက် တက်လမ်းတွေနှောင့်နှေးမှာစိုးလို့တဲ့လေ”

အမေဖြစ်သူ၏ ပြောမိသောစကားအတွက် မြကြာဖြူက ပြန်လည်ရှင်းပြနေပြန်သည်လေ–။

ဒါဆို မြကြာဖြူရဲ့အမေက အခုဆိုရင် ပြန်ပြီးသဘောတူတယ်လို့ ဆိုလိုချင်တာလား။ ကိုမင်း ဤသို့ သဘောပေါက်လိုက်ပါသည်။

ခက်ပြီ–။ ခုနေတွင် ကိုမင်းသည် စကားဝါ့အပေါ် သနားသက်ဝင် သံယောဇဉ်တွယ်နေခဲ့ရပြီလေ– စကားဝါနှင့်ပတ်သက်၍ ကြည်နူးခြင်းဟူသော ခံစားမှုများ ကိုမင်းရင်တွင် တွယ်ငြိနေခဲ့ရပြီလေ။

ပြောရလျှင် စကားဝါ့အပေါ် တွယ်ငြိခဲ့သော သံယောဇဉ်သည် မြကြာဖြူနှင့် နှိုင်းစာလျှင် ပို၍ကြီးမားသည်ဟု ဆိုချင်သည်။

တစ်ချိန်က မြကြာဖြူအပေါ်ချစ်ခဲ့မိသည်မှန်သော်လည်း ယခုမူ နှမလေးတစ်ယောက်အဖြစ်သာ တွယ်တာချင်ပါတော့သည်။ သည်အတွက် ခွင့်လွှတ်ပေးပါ မြကြာဖြူရယ်––။

စကားဝါတစ်ယောက် ဘုရားဝတ်ပြုအပြီး ကိုမင်းတို့အနီးသို့လျှောက်လာသည်။

“ဘုရားဝတ်ပြုတာ နည်းနည်းကြာသွားတယ်၊ ကိုမင်းတို့ကို အားနာလိုက်တာ”

“အို...မဟုတ်တာပဲ စကားဝါရယ်၊ မမတို့က စကားဝါ ဘုရားဝတ်ပြုနေတာကို ကြည့်ပြီး ကြည်နူးနေမိတာ”

လေနုအေးတို့ မြကန်ကို ဖြတ်ကျော်တိုက်ခတ်လျက်ရှိသည်။





ပုဂံခေတ်က မြကန်ကို ယခုအခါ ခေတ်သစ်ဆည်တမံအဖြစ် ပြန်လည်မွမ်းမံတည်ဆောက်ထားရှိခဲ့ပြီ။

တုရင်တောင်စေတီရင်ပြင်မှကြည့်လျှင် အနောက်တောင်ဘက်၌ မြကန်ဆည်၊ အနောက်ဘက် ယွန်းယွန်းဆီတွင် ဧရာဝတီမြစ်ပြင်၊ ထိုမှကျော်လျှင် တန့်ကြည့်တောင်စေတီတော်ဆီသို့။

မြောက်ဘက်ဆီတွင် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာစေတီ၊ သဗ္ဗညုစေတီ စသည်ဖြင့် တန်ခိုးကြီးတဲ့ ဘုရားများကို လှမ်း၍ ဖူးနိုင်သည်။

အရှေ့ဘက်ဆီမှာတော့ ပုဂံဘုရားပုထိုးများ အစီအရီဖြင့် ပုဂံလွင်ပြင်ကျယ်ကြီး။

“ပုဂံဒေသမှာ စွယ်တော်လေးဆူရှိတယ်စကားဝါ”

“စွယ်တော်ဆိုတာက–”

မြကြာဖြူ၏အပြောကို စကားဝါက မေး၏။

“စွယ်တော်ဆိုတာက မြတ်စွာဘုရားရဲ့စွယ်တော်ကိုပြောတာ၊ မြတ်စွာဘုရားရဲ့ စွယ်တော်တွေကို အခု မမတို့ရောက်နေတဲ့ တုရင်တောင်စေတီရယ်၊ ဟိုးအဝေးက လှမ်းမြင်နေရတဲ့ ရွှေစည်းခုံစေတီရယ်၊ မနက်က ညီမလေးတို့ဖူးခဲ့တဲ့ လောကနန္ဒာစေတီရယ်၊ ပြီးတော့ ဟောဟိုက ဧရာဝတီမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ တန့်ကြည့်တောင်စေတီတွေရယ်မှာ ကိန်းဝပ်စံပယ်လို့နေတယ်၊ ပုဂံဒေသမှာ ထင်ရှားပြီး တန်ခိုးကြီးတဲ့စေတီတွေပေါ့ကွယ်”

စကားဝါက စိတ်ဝင်တစားနားထောင်နေ၏။ မြကြာဖြူကပင် ဆက်၍–

“ပုဂံဒေသရဲ့ အရှေ့ဦးနေခြည်အထွက်မှာ သာယာလှပသလို ဟောဟိုက ဧရာဝတီမြစ်အနောက်ဘက်ကို နေဝင်သွားတဲ့ညနေ

ဆည်းဆာကလဲ သိပ်လှတာပဲ၊ နိုင်ငံခြားသည့်သည်တွေကတော့ ဒီဆည်းဆာအလှတွေကို ပုဂံကိုရောက်ရင်မဖြစ်မနေကြည့်ဖြစ်ကြတယ်"

"ဩော်...ဒါနဲ့ တုရင်တောင်အနီးမှာ အဘိုးတည်ခဲ့တဲ့စေတီ ရှိတယ်ဆို"

"ဟုတ်တယ်၊ မမတို့ အဲဒီစေတီလေးဝန်းကျင်ကိုတောင် သန့်ရှင်းရေးတွေလုပ်ပြီးပြီ၊ ညီမလေး အစ်ကိုကြီး ကိုမင်းဝေက အကူ အညီတောင်းလို့ ကိုတင်မောင်ဦးရယ်၊ မမရယ်၊ ညီမလေးတို့ဒီကို မရောက်ခင် သွားပြီးသန့်ရှင်းရေးလုပ်ခဲ့ကြတာ၊ ဘုရားစေတီက ဒါယကာနဲ့ဝေးနေတော့ စေတီဝန်းကျင်မှာလဲ ချုံနွယ်တွေနဲ့ပေါ့ကွယ်၊ လာ--ဒီအပေါ်ကနေ စေတီလေးရှိတဲ့နေရာကို လှမ်းပြမယ်၊ ပြီးမှ အဲဒီစေတီဆီကို သွားကြတာပေါ့"

မြကြာဖြူက ရှင်းပြရင်း တုရင်တောင်စေတီရင်ပြင်မြောက် ဘက်ဆီသို့ သုံးယောက်သား လျှောက်သွားကြ၏။

စေတီရင်ပြင်ပေါ်မှ တောင်ခြေခပ်လှမ်းလှမ်းရှိ တောအုပ် ကလေးတစ်ခုဆီသို့ မြကြာဖြူက ညွှန်ပြသည်။

"ဟောဟိုက တောအုပ်လေးနားမှာ ညီမလေးအဘိုးတည်ခဲ့တဲ့ စေတီရှိတယ်၊ ဒီအပေါ်ကတော့ မမြင်ရဘူးပေါ့ကွယ်"

"ကဲ--အဲဒီဘက်သွားကြည့်ရအောင်"

ကိုမင်းက ကြားဝင်၍ ခေါ်လိုက်သဖြင့် ရှေ့ကသွားနှင့်သော ကိုမင်းနောက်ဆီသို့ စကားဝါ အပြေးလေးလိုက်စဉ် ရင်ပြင်ထက် လှေကားမှ အဆင်းတွင်တော့–

"အို..."

စကားဝါတစ်ယောက် ရုတ်တရက်ပြေးအဆင်း ခြေထောက် ခေါက်လို့ လဲဟန်အပြု ကိုမင်းက ချက်ချင်းပင် ဟန်ချက်ကို ထိန်းပေး ကာ ထူမထွေးပိုက်ထားမိစဉ်–





"ကံကောင်းလို့ စကားဝါရယ်၊ ခြေခေါက်ပြီးလဲတော့မလို့"

သည်မြင်ကွင်းကို အစအဆုံးမြင်လိုက်ရသူက နောက်မှလျှောက် လာနေသည့် မြကြာဖြူ–။

ပထမတွင် စကားဝါ၏ လဲဟန်အပြုကြောင့် ရုတ်တရက် သူမပါနောက်က ထူရန်ပြေးလာစဉ် ကိုမင်းရင်ခွင်ထဲ စကားဝါရွေ့ခနဲ ဝင်သွားသည့် မြင်ကွင်းကြောင့် မြကြာဖြူ၏ ခြေလှမ်းတို့ တုန့်ခနဲ ရပ်သွားကာ–။

မြကြာဖြူ၏ ရင်ထဲတလှပ်လှပ်ခုန်သွားခဲ့ရပြီလေ–။ ဤသို့ ရင်ခုန်ခြင်းသည် စကားဝါအတွက် စိုးရိမ်ထိတ်လန့်သွား၍လေလား။ သို့တည်းမဟုတ် ကိုမင်းနှင့် စကားဝါတို့၏ မြင်ကွင်းကြောင့်လေလား။ ၎င်းကိုကား မြကြာဖြူကိုယ်တိုင်သာ အသိဆုံး ဖြစ်ပါမည်လေ။

"စကားဝါရရဲ့လား၊ ခြေခေါက်သွားတာနဲ့တူတယ်၊ ဖြည်းဖြည်း လျှောက်၊ ဖြည်းဖြည်းလျှောက်"

ကိုမင်းက စကားဝါ့ကို ဖေးဖေးမမဖြင့် တွဲခေါ်ရင်း လှေကား အတိုင်း တောင်ခြေသို့ဆင်းလာခဲ့၏။

မြကြာဖြူက နောက်မှဖြည်းဖြည်းချင်း လျှောက်လိုက်လာ၏။

ကိုမင်းက စကားဝါကို တွဲလျှက်အတန်ငယ်လျှောက်မိတော့ စကားဝါက–

"ကိုမင်း–ရတယ်၊ ရတယ်၊ နည်းနည်းလွှတ်ကြည့်၊ စကားဝါ ဖာသာ လျှောက်ကြည့်မယ်"ပြောရင်း စမ်း၍လျှောက်ကြည့်၏။

အနားကတော့ ကိုမင်းရံပေးနေရသည်။

ထိုစဉ်အနားသို့ မြကြာဖြူ ရောက်လာပြီး–

"ဖြည်းဖြည်းလျှောက်ညီမလေး"ဟုဆိုကာ တွဲကူရင်း တောင်ခြေ သို့ဆင်းလာခဲ့ကြ၏။

တောင်ခြေခပ်လှမ်းလှမ်းသို့ဆင်းမိတော့ တောအုပ်ငယ်တစ်ခုအတွင်း စေတီအိုလေးတစ်ဆူကို တွေ့ရသည်။

စေတီအနီးတွင် ကျောက်ညှိများတက်နေသော ကျောက်စာကမ္ပည်းတိုင် ခပ်ယိုင်ယိုင်တစ်တိုင်ကို တွေ့ရသည်။ ကမ္ပည်းတိုင်ကို ထွင်း၍ ရေးထိုးထားသောစေတီငယ်၏ဘွဲ့တော်က "ရွှေစေတီ"တဲ့။

စေတီ၏ဥာဏ်တော်က ၂၅ပေခန့်သာရှိမည်ထင်သည်။ စေတီတွင် ကျောက်ညှိများတက်၍နေ၏။

"စကားဝါတို့ တောင်ကြီး၊ အင်းလေးဘက်သွားပြီးအပြန်မှာ ဘုရားထီးတင်နိုင်ဖို့ စီစဉ်ထားတယ်၊ အနီးအနားရွာတွေကလည်း လာရောက်ကူသိလ်ပြု သာဓုခေါ်နိုင်အောင် ဖိတ်ထားတယ်၊ ကျွေးမွေးရေးကိစ္စလဲ ကိုတင်မောင်ဦး အားလုံးစီစဉ်ထားပြီးပြီ၊ ဒီနေရာဝန်းကျင်ကကျယ်တော့ မဏ္ဍပ်ထိုးကျွေးမွေးဖို့က အဆင်ပြေပါတယ်"

ထိုစဉ် ကိုမင်းက ဝင်၍-

"နေပါဦး၊ မြကြာဖြူက တောင်ကြီး အင်းလေးကို မလိုက်ဘူးလား၊ လိုက်ရမယ်နော်"

"ကိုမင်းဝေပါနေတာပဲ ကြာဖြူလိုက်ဖို့ လိုသေးလို့လား၊ ပြီးတော့ ဒီမှာလဲ ဘုရားထီးတင်ဖို့ကိစ္စ ကိုတင်မောင်ဦးကို ကူပြီးစီစဉ်ပေးရဦးမယ်လေ"

တကယ်တော့ မြကြာဖြူတစ်ယောက် ကိုမင်းနှင့်စကားဝါတို့၏ သံယောဇဉ်အတိုင်းအတာကို တိုင်းဆလို့ ရခဲ့ပါပြီလေ။ သူတို့နှစ်ဦး ပျော်ရွှင်ချမ်းမြေ့ဖို့အရေး ဦးစားပေးရမည့်ဖြစ်အင်များကို မြကြာဖြူ မြင်တွေ့ခံစားခဲ့ရပြီလေ...။

အတိတ်ကိုတစ်ခါတစ်ရံ မဇာူးဆွဘဲ ဤအတိုင်းပင်ထားလိုက်သင့်သော်လည်း ဆယ်စုနှစ်တစ်ခုဆီက အဖြစ်အပျက်ပေါင်းတို့သည်





မနေ့တစ်နေ့ကကဲ့သို့ပင် မြကြာဖြူတစ်ယောက် ထိတွေ့ခံစားနေရသဲမို့ အတိတ်ကို တူးဆွမိသလို ဖြစ်ခဲ့ပါသည်။

ထိုစဉ်က မြကြာဖြူတစ်ယောက် ကိုမင်းကို တကယ်ပင် နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်။ အချိန်တို့သည် အချစ်ဝေဒနာကို ကုစားတတ်သည်ဟု ဆိုရိုးရှိခဲ့သော်လည်း တကယ်တော့ မြကြာဖြူအတွက်တော့ ထိုဆိုရိုးသည် မှားခဲ့ပါပြီ။

ကိုမင်းကတော့ သူ့အပေါ်တကယ်ပင် အေးစက်သွားခဲ့ပြီလား။

အချစ်ဝဲဂယက်သံသရာထဲမှ ရုန်းမထွက်နိုင်သူ သုံးဦး ပုဂံမြေတွင် ရောက်ရှိနေပါသည်။

နေပင်အတော်စောင်းပြီ၊ မကြာမီ ပုဂံမြေနေဝင်ဆည်းဆာအလှကို တွေ့မြင်ရတော့မည်။ ပုဂံမြေ၏ နေဝင်ဆည်းဆာ အလှရောင်ခြည်တန်းတို့သည် သူတို့သုံးအနက် မည်သူ့ရင်တွင်းသို့ မျက်နှာသာပိုပေး အပြေးဝင်၍ အလှရေးချယ်လေဦးမည်နည်း--။

ပုဂံဒေသ၏ နေဝင်ဆည်းဆာသည် လူတိုင်း၏ ရင်တွင်းသို့ဝင်၍ ညီမျှစွာကြည်နူးရိပ်အလှများ ပေးစွမ်းခဲ့သည်မှာ ကြာခဲ့ပြီလေ။

သူတို့သုံးဦးသည်လည်း နေဝင်ဆည်းဆာအလှကို ပျော်ရွှင်ကြည်နူးစွာ ခံစားနိုင်ကြပါစေ...။

* * *

## အခန်း ( ၂၃ )

ပုဂံဟိုတယ်မှ ထွက်တော့ နံနက်ခင်း လင်းနေခြည်ပင် ထွက်ပြူခြင်း မရှိသေး။

မူလက ပုဂံ–ညောင်ဦးမှ လေယာဉ်ဖြင့် ဟဲဟိုးသို့သွားမည်။ ထိုမှတစ်ဆင့် ပင်းတယ၊ ကလော၊ ပြီးတော့ တောင်ကြီး စသည်ဖြင့် စကားဝါကို ဘုရားစုံ လိုက်ပို့ပေးမည်ဟု ကိုမင်း စိတ်ကူးမိ၏။

သို့ပေမယ့် စကားဝါတစ်ယောက် မြန်မာပြည်ရောက်ခိုက် မြန်မာပြည်၏ ရှုခင်းအလှများကို အနီးကပ်ကြည့်ရှုခံစားစေချင်သည်လေ။ ပြီးတော့ ပုပ္ပားကိုလည်းဝင်ပို့လိုက်ချင်သည်မို့ တင်မောင်ဦးကားကိုပင်ယူ၍ ခရီးဆက်မည်ဟု စိတ်ကူးလိုက်မိ၏။

ထို့ကြောင့် စကားဝါနှင့် နှစ်ယောက်သားနံနက် နေခြည်မသန်းမီပင် ပုဂံညောင်ဦးမှ ကျောက်ပန်းတောင်း ဗျတ္တပန်းဆက်လမ်းအတိုင်း ပုပ္ပားဆီသို့ ထွက်ခဲ့ကြ၏။

ကားမောင်းရင်း မနေ့ညက စကားဝါမေးခဲ့သော မေးခွန်းတစ်ခုကို ပြန်စဉ်းစားနေမိသည်။

မနေ့ညက ကိုမင်းနှင့် စကားဝါ ရွှေစည်းခုံဘုရားကို ဖူးဖြစ်ခဲ့ကြပါသည်။ ရွှေစည်းခုံဘုရားတန်ခိုးကြီးပုံအကြောင်း၊ အံ့ဖွယ်ကိုးပါး





အကြောင်း၊ ပြီးတော့ ဘုရားကိုဦးဆုံးတည်ခဲ့သူ အနော်ရထာမင်းကြီးအကြောင်း၊ အနော်ရတာမင်းကြီး နတ်ရွာစံပြီးနောက် ကျန်စစ်မင်းက ဆက်လက်တည်ခဲ့ပုံအကြောင်းကို ရှင်းပြခဲ့သည်၊

ထိုသို့ ရှင်းပြစဉ် ကျန်စစ်မင်းကြီးအကြောင်းပါသဖြင့် ကိုမင်း ပြောပြခဲ့ဖူးသော ကျန်စစ်မင်းကြီးနှင့် ရွှေအိမ်စည် တို့သားအဖအကြောင်း ဇာတ်လမ်းကို စကားဝါ ပြန်မေးခဲ့ပါသည်။

တစ်ဆက်တည်းပင် ကိုမင်း ဂျပန်မှ မပြန်ခင်ပြောရန်ကျန်ခဲ့သည့် ဂျပန်စကားတစ်ခွန်းကိုလည်း မေးနေပြန်ပါသည်။ ထိုစကားတစ်ခွန်းကို စကားဝါ မည်သို့တွက်ဆ မျှော်လင့်ထားပါသနည်း...။

စကားဝါ့အချစ်ကို ကိုမင်းနားလည်ပါသည်။ မြန်မာပြည်ရောက်မှ မြန်မာ မလေးဖြစ်ချင်သော စကားဝါ့ကို ကိုမင်း ပို၍ နားလည်မိပါသည်။

ကိုမင်းနှင့် မြကြာဖြူတို့၏ အတိတ်ဇာတ်လမ်းကို စကားဝါ သိထားခဲ့ပါသလား။ သို့တည်းမဟုတ် သူတို့နှစ်ယောက်၏ ခင်မင်မှုအတိုင်းအတာကြောင့် စကားဝါက သူမ၏ မျှော်လင့်ချက်များ ယုတ်လျော့ နေရပြီဟု သူတွက်ဆနေပါသလား...။ ၎င်းကို စကားဝါ ကိုယ်တိုင်မှတစ်ပါး အခြားသူများ မသိနိုင်ပြီ။

ကိုမင်းကတော့ စကားဝါတစ်ယောက် မြန်မာမလေးအစစ် ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲဟု စိတ်ကူးနေမိသည်မှာလည်း အခါခါပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကိုမင်းက စကားဝါကို ၅၂၈လား။ ၁၅၀၀လား။

"ကိုမင်း မိုးတွေအုံ့လာပြီနော်–၊ ရွာမယ်ထင်တယ်"

စကားဝါသတိပေးတော့မှ ကိုမင်း အတွေးစများ ပြတ်သွားပြီး ကောင်းကင်ပေါ် အသာမော့ကြည့်လိုက်သည်။ ဟုတ်ပေသားပဲ။ အညာမိုးက ပြိုတော့မလိုပါလား...။

[illegible]ပန်းဆက်လမ်းပေါ်ရောက်တော့ မိုးစင်စင်လင်းနေပြီ။ ပုပ္ပားမရောက်မီ မိုးရွာနိုင်သည်။တောင်ခြေရှိ ပုပ္ပားရွာလေးတွင် [illegible]နားမည်ဟု ကိုမင်း စိတ်ကူးမိသည်။

ပုပ္ပားဒေသသည် အညာမြေ၏ အလွန်အေးမြသော အိုအေစစ် ဖြစ်နေသည်မှာ ကြာခဲ့ပြီ။ သစ်ပင်ကြီးများ အုံ့အုံ့ဆိုင်းဆိုင်းဖြင့် အရိပ်အာဝါသ အလွန်ကောင်းလှသည်။ ဒေသထွက်သီးနှံများ လည်းပေါလှ၏။ ပုပ္ပားဒေသရှိ ရေစိမ့်စမ်းများက ပုပ္ပားဝန်းကျင်ကို စိမ်းလမ်းစိုပြည်ခဲ့ပြီလေ။

"မြုန်း"ဆို ထင်သည့်အတိုင်း မိုးကရွာချသည်။

နှစ်ဦးသား ပုပ္ပားရွာအဝင်ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်း မိုးခိုရင်း နံနက်စာ စားကြသည်။

ပုပ္ပားတောင်ကလပ်တောင်ခြေသို့ရောက်ရန် သိပ်မဝေးတော့။ တောင်တက်လမ်းဆိုပေမယ့်လမ်းတွေက ယခုတော်တော်ကောင်းနေပေပြီ။

မိုးစဲပြီ။ မိုးကခဏမျှသာ ရွာပြီး တိတ်သွား၏။

ကိုမင်းတို့ တက်လမ်းအတိုင်း တောင်ကလပ်ဆီသို့ ကားဖြင့် တက်ခဲ့ကြသည်။ လမ်းဘေးဝဲယာတွင်မတော့ သစ်ပင်ကြီးငယ်များ အုံ့ဆိုင်း၍နေသည်။

ခဏအကြာတွင် ကုန်းမြင့်တစ်ခုဆီအရောက် ပုပ္ပားတောင်ကလပ်ကို လှမ်းတွေ့ရသည်။ တောင်ကလပ်အခြေတွင် ဈေးဆိုင်တန်းများဖြင့် စည်ကားနေသည်။ ဘုရားဖူးရာသီမဟုတ်သော်လည်း ဘုရားဖူးလာသူများက မစဲ။ ကားကြီး၊ ကားငယ်အချို့ တောင်ကလပ်အနီး ရပ်ထားသည်ကို လှမ်းတွေ့နေရသည်။





တောင်ကလပ်အနီးရောက်တော့ အညာနေ၏ အပူက မပြင်းလှသေး။ မိုးရွာပြီးစမို့ အေး၍နေသည်။

"ကဲ–ရောက်ပြီ။ ဒါက–ပုပ္ပားတောင်လို့ ခေါ်တယ်၊ တစ်ချိန်ကတော့ မီးတောင်ကြီးပေါ့၊ အခုတော့ မီးငြိမ်းတောင် ဖြစ်နေပါပြီ၊ ဒီတောင်ဝန်းကျင်ကတော့ စကားဝါမြင်တဲ့အတိုင်းပဲ၊ သစ်ပင်ကြီးငယ်တွေနဲ့ စိမ်းစိုလန်းဆန်းနေတာ တွေ့ရလိမ့်မယ်၊ အဲဒီသစ်ပင်ကြီးငယ်တွေထဲမှာ မြန်မာတွေအတွက် အဖိုးထိုက်တန်လှတဲ့ မြန်မာ့တိုင်းရင်းဆေးပင်တွေအများကြီးရှိတယ်"

"တကယ် တန်ဖိုးရှိတဲ့ သစ်တောပဲနော်"

"စကားဝါ မှတ်မိသေးလား၊ ကိုမင်း တိုက်ချိုကို ရောက်တုန်း မစ္စတူဖောင်းချော်လဲလို့ ကိုမင်းပေးလိုက်တဲ့ မြန်မာတိုင်းရင်းလိမ်းဆေးလေ၊ အဲဒီသစ်တောထဲက ဆေးပင်တွေနဲ့ ဖော်စပ်ထားတာ"

မစ္စတူဖောင်းအကြောင်းပြောတော့ စကားဝါ မျက်စောင်းလေး ထိုးပြီး–

"ဘာလဲ မစ္စတူဖောင်းကို သတိရနေပြန်ပြီပေါ့"

အငေါ်တူးကာ ပြောလိုက်၏။ စကားဝါ၏ မနာလိုဝန်တိုသော အပြောသည်ပင် ကိုမင်း မျက်စိထဲတွင် ချစ်စရာကောင်းနေသည်လေ။

"အို–အမလေး"

နှစ်ဦးသား စကားကောင်းနေစဉ် စကားဝါက ရုတ်တရက်လန့်ပြီး ကိုမင်းကို ပြေးဖက်လိုက်၏။

လက်စသတ်တော့ ကိုရွှေမျောက်တို့က စကားဝါ့ကို ကလူးကျီစယ်လိုက်ပြီပေါ့…။

"ဟား–ဟား–ဟား ဝမ်းသာလိုက်တာ၊ သူများကို အငေါ်တူးချင်အုံး"

"ဘာလဲ–ဒီမှာ လန့်ရတဲ့အထဲ"

စကားဝါက ကိုမင်းကို ကြောက်အားလန့်အားနှင့် လက်တစ်ဖက်ဖြင့် သိုင်းဖက်ထားစဉ်ပင် ကျန်လက်တစ်ဖက်ဖြင့် ကိုမင်း၏ ရင်ညွှန့်ဆီကို အသာထုလေ၏။

မျောက်မိသားစုတို့ကလည်း ကိုမင်းတို့နှစ်ဦးအပေါ် ခုန်တက်ရန်ဟန် တပြင်ပြင် လုပ်နေသည်။

မျောက်မိသားစု ခုန်ခွခွဖြစ်နေဟန်နှင့် စကားဝါ၏ ကြောက်လန့်ပြီး ကိုမင်းရင်ခွင်ထဲ တိုးဝင်နေပုံကိုကြည့်ရင်း စကားဝါကို ပို၍ စနောက်ချင်နေမိသည်။

ကိုမင်းပျော်ရပါသည်။ စကားဝါသည်လည်း ကြောက်လန့်နေသည်ဆိုလင့်ကစား ကိုမင်းရင်ခွင်ထဲတွင် သူပျော်နေပါသည်။

"ကဲပါ– စကားဝါကလဲ ဟိုမှာ အခြားလူတွေကြည့်နေကြပြီ။ သူတို့က အစာတောင်းနေကြတာပါ။ သူတို့လဲ လူတွေလာရင် ပျော်နေကြတယ်လေ"

ပုပ္ပားတောင်ကလပ်ဝန်းကျင်တွင် မျောက်မိသားစုများစွာ နေထိုင်ကျက်စားလျက်ရှိ၏။ မျောက်များသည်ကား လူအများနှင့် ယဉ်ပါးလျက်ရှိနေပြီ။

နောက်တော့ စကားဝါတစ်ယောက် ကိုမင်းရင်ခွင်ထဲမှ အသာထွက်၍ မျောက်များကိုပင် စနောက်၍နေပေသည်။

ကိုမင်းနှင့်နှစ်ဦးသားခရီးသွားရခြင်းကို စကားဝါတစ်ယောက်ပျော်နေရှာလေသည်။

"ကိုမင်းရယ်– ခုနက စကားဝါအရမ်းလန့်သွားတာပဲ၊ ဒါပေမယ့် မျောက်တွေက အခုတော့လဲ သနားစရာ၊ ချစ်စရာတွေနော်–"

ကိုမင်းက စကားဝါ အပြောကို ပြုံး၍နားထောင်နေမိသည်။





ထို့နောက် စကားဝါကပင် ဆက်၍

"ဒါပေမယ့်–စကားဝါ အဲဒီလို ခဏခဏလန့်နေချင်တယ်"

"ဟင်– ဘာဖြစ်လို့"

"ဟို– ကိုမင်းရင်ခွင်ထဲမှာ ခုလိုပဲ မကြာမကြာဝင်နေချင်လို့လေ" တဲ့။

စကားဝါအပြောကြောင့် ကိုမင်းရင်ထဲ အေးစိမ့်သွား၏။ ကိုမင်းရင်ထဲတွင် အချစ်ပီတိလှိုင်းတို့ ရိုက်ခတ်သွားခြင်း လေလား။

ကိုမင်းကတော့ ပြောလိုက်ချင်ပါသည်။

"ကိုမင်းရင်ထဲမဝင်လဲ အစဉ်အမြဲ ရင်ထဲရှိနေသည်"လို့လေ။

သို့ပေမယ့် ကိုမင်းနှုတ်ကတော့ ပြောမထွက်ခဲ့ပါချေ။

* * *

ပုပ္ပားမှသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ သာစည်သို့ ခရီးဆက်ခဲ့၏။

လမ်းတစ်လျှောက် အညာမြေရှုခင်းများကို တွေ့ရ၏။

ကိုမင်း သည်ခရီးကို မသွားဖြစ်သည်မှာကြာခဲ့ပြီ။ ယခုမူ လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ဖွံ့ဖြိုးလျက်ရှိပြီ။ လမ်းတို့ပင် အတော်ကောင်း၍နေသည်။

အညာမြေရှုခင်းသည် ယခင်ကလို ခြောက်သွေ့သွေ့ မရှိတော့။ စိမ်းစိုလန်းဆန်း၍နေပြီ။

သာစည်မှသည် ကလောသို့ ဆက်တက်မည်။ နေမဝင်ခင် ကလောသို့ ရောက်နိုင်သည်။

ကလောတွင် ညအိပ်မည်။ကလောဟိုတယ်တွင် တည်းကြမည်။

ယခုဆိုလျှင် ကလောသည်အေး၍ နေပြီပေါ့။ အအေးတိုင်းပြည်မှ လာသောစကားဝါအတွက်တော့ အကြိုက်ဖြစ်ပေလိမ့်မည်။

ပုပ္ပားတောင်ကလပ်အနီး စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လည်စာ စားပြီးနောက် ကျောက်ပန်းတောင်း၊ မိတ္ထီလာလမ်းအတိုင်း သာစည်ဘက်သို့ ခရီးဆက်ခဲ့ကြ၏။

လမ်းတစ်လျှောက် စိမ်းစိုလျက်ရှိသော တောင်တန်းများကို လမ်းဘေးဝဲယာတွင် တွေ့ရသည်။ အရွက်ဖားဖားနှင့် ကျွန်းပင်ကြီးများကလည်း အချို့နေရာများ၌ နေတိုးမပေါက်အောင် နေရာယူထား၏။

သာစည်ဝင်တော့ ညနေ သုံးနာရီကျော်ပြီ။

သာစည်တွင် ခဏနားကြ၏။

သာစည်သည် မြန်မာပြည်အလယ်ပိုင်း၏ လမ်းဆုံမြို့ဖြစ်သည်။ မြောက်ဘက် မန္တလေးဘက်သို့လည်းသွား နိုင်သည်။အနောက်ဘက် ပုဂံ–ညောင်ဦးသို့လည်း ခရီးပေါက်သည်။ တောင်ဘက် ပျော်ဘွယ်၊ ရမည်းသင်းမှသည် ရန်ကုန်သို့လည်း ဆင်းနိုင်သည်။ ထို့ပြင် ရှမ်းပြည်နယ်အတွင်းသို့လည်း သာစည်မှတစ်ဆင့် တက်နိုင်သည်။

သာစည်မှခရီးအစတွင် မြေပြန့်လမ်းဖြစ်သော်လည်း ကလောဘက်နီးလာလေ တောင်အတက်လမ်းများလေ ဖြစ်သည်။ လမ်းတစ်လျှောက် အချို့နေရာများတွင် ချောက်ကမ္ဘားများဖြစ်နေသည်။ တောင်တက်လမ်းများ ကလည်း ကားနှစ်စင်း ရှောင်နိုင်ရုံသာရှိသည်။ တောင်အကွေ့နေရာများတွင် ကားကိုသတိထားမောင်းရ၏။ တစ်ခါတစ်ရံ ကုန်တင်ကားကြီးများ ကိုတွေ့ရသည်။

စကားဝါကတော့ ကိုမင်းနှင့် ခရီးသွားရသည်ကတစ်ကြောင်း၊ ပတ်ဝန်းကျင် အသစ်အဆန်းများကို မြင်တွေ့ နေရသည်ကတစ်ကြောင်း တို့ကြောင့် ပျော်၍နေသည်။





ကလောမရောက်ခင် လမ်းတစ်လျှောက်တွင် ကျေးရွာလေးများကို တွေ့ရသည်။ ကျေးရွာများအနီးတွင် လီမွှော်ခြံအချို့ကို တွေ့ရသည်။

စကားဝါကတော့ ကားကက်ဆက်မှ သီချင်းသံကိုနားထောင်ရင်း လိုက်ပါလာသည်။ ကိုမင်း ကားမောင်းနေသည်ကို အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် လမ်းတစ်လျှောက် စကားသိပ်မပြော–

ကလောမြို့နားနီးလာတော့ တောင်တက်လမ်းတို့ လျော့သွားသည်။ လမ်းတို့သည် ခပ်ပြေပြေဖြစ်လာ၏။

မြို့တွင်းရောက်တော့ နေဝင်လုပြီ။

“ကိုမင်း ဒီမှာ နည်းနည်းအေးလာတယ်နော်။ ပုဂံမှာထက် ပိုနေလို့ ကောင်းသလားလို့”

“ဟုတ်တယ်–ကလောက နွေရာသီဆို သိပ်နေလို့ကောင်းတာ၊ တောင်ပေါ် ဒေသဆိုတော့ အအေးပိုတာပေါ့”

“ဒါပေမယ့် တိုကျိုမှာက ဒီထက်ပိုအေးတယ်နော်”

“တိုကျိုက မြောက်ဘက်ပိုကျတော့ ပိုအေးတာပေါ့ စကားဝါရဲ့”

စကားပြောရင်း ကလောမြို့တွင်းလမ်းဘေးရှိ ဟိုတယ်ဝင်း အတွင်းသို့ ကားကိုချိုးကွေ့လိုက်သည်။

ကလောဟိုတယ်ဝန်းကျင်ကို ကြည့်လိုက်ရာ တောင်စောင်းများအပေါ် အစီအရီပေါက်နေသော ထင်းရှူးပင်များကို လှမ်းတွေ့နေရ၏။

“ကဲ–စကားဝါ ဒီမှာ ခဏနားမယ်၊ မနက်ကျရင်–ပင်းတယမှာ နာမည်ကြီး တဲ့ ရွှေဥမင်လှိုဏ်ဂူကို လိုက်ပို့မယ်၊ ပြီးတော့ အင်းလေးကို သွားကြမယ်”

“ကိုမင်းတော့ စကားဝါ့ကို လိုက်ပို့ရတာ ပင်ပန်းနေပြီနော်”

စကားဝါက ကိုမင်းကို ကြည့်ရင်း အကြင်နာစကားလေးဆိုသည်။

“စကားဝါရယ် စကားဝါက ကိုမင်းအနားမှာ ရှိနေရင် ပင်ပန်း

တယ်ဆိုတာ ဘယ်ရှိတော့မလဲ"

"တကယ်လား"

စကားဝါ ပျော်သွား၏။

"ပြီးတော့ ကိုမင်း ဂျပန်ရောက်တုန်းကလဲ စကားဝါက ကိုမင်း အနားကမခွာဘဲ လိုက်ကူညီခဲ့တာလေ"

"ဒါဆို အဲဒါကို တုန့်ပြန်တာပေါ့"

ရုတ်ခြည်းပင် သူမမျက်နှာလေး အိုကျသွားသည်။

"မဟုတ်ပါဘူး စကားဝါရယ်၊ ကိုမင်းနဲ့ စကားဝါတို့ တစ်ဦး အပေါ်တစ်ဦး နားလည်မှုတွေရှိပြီး အပြန် အလှန်ကူညီရင်း ပျော်စရာ လေးတွေ ဖြစ်ခဲ့ရတာကို ပြန်သတိရလို့ပါ"

"ကိုမင်း"

ကားတံခါးဖွင့်၍ ကားပေါ်မှဆင်းမည်ပြုစဉ် အနားမှ စကားဝါက လှမ်းခေါ်လိုက်သဖြင့် နေရာတွင် ပြန်ထိုင်လိုက်သည်။

"ပြောလေ–စကားဝါ"

စကားဝါက ကိုမင်းမျက်နှာကို တွေတွေလေးကြည့်ရင်း–

"ကိုမင်း–စကားဝါ့ကို သိပ်ဂရုစိုက်တာပဲနော်"

"ဂရုစိုက်ရမှာပေါ့– ကိုမင်းညီ့သည်ပဲလေ"

"ညီ့သည် ဟုတ်လား၊ ညီ့သည်အနေနဲ့ ဂရုစိုက်တာပေါ့ ဟုတ်လား"

"စကားဝါကလဲကွာ၊ သိရဲ့သားနဲ့ မေးနေရသေးတယ်"

"မသိလို့ပေါ့ကိုမင်းရဲ့၊ ဒါဆို စကားဝါမေးမယ်၊ မှန်မှန်ဖြေနော်"

"ဖြေမယ်၊ကဲမေး"

စကားဝါ အတန်ငယ်စဉ်းစားနေပြီးမှ–––

"ကိုမင်း စကားဝါ့ကိုချစ်လားဟင်"





"ဟင်"

မမျှော်လင့်သည့် မေးခွန်းကိုကိုမင်း ရုတ်တရက်အမေးခံ လိုက်ရသည်။

"ဖြေလေကိုမင်း၊ စကားဝါ့ကို ချစ်လားလို့"

စကားဝါက အားမလိုအားမရဖြင့် ကိုမင်းလက်မောင်းကိုလှုပ်ခါရင်း ကလေးငယ်တစ်ဦးပမာ မေးလိုက်၏။

ကိုမင်း အဖြေမပေးနိုင်သေးဘဲ ဟိုးအဝေးရှိ ထင်းရှူးပင်တန်း ဆီသို့သာ တွေတွေလေးငေးကြည့်နေမိသည်။ ပြီးမှ–

"စကားဝါရယ် ကိုမင်းလေ စကားဝါ့ကို သိပ်ချစ်တာပေါ့၊ ကိုယ့်နှမလေးတစ်ယောက်လို သိပ်ချစ်တာပေါ့ စကားဝါရယ်"

"ဟင် ကိုမင်းကလဲ"

စကားဝါတစ်ယောက် ဤမျှသာ ပြောနိုင်ပြီးငြိမ်၍သွားတော့သည်။

အဘယ်ကြောင့် ဤမေးခွန်းကို ဤနေရာတွင် အလျင်စလို မေးလိုက်ရပါ သနည်း၊ အကြောင်းတော့ ရှိမည်ထင်ပါသည်။

ကိုမင်းအတွက်တော့ ထိုမေးခွန်းသည် သူ့ဘဝအတွက် အဖြေရ အခက်ဆုံး ဖြစ်ပါသည်။သို့သော် မေးသူက မေးလာသဖြင့် ဖြေလိုက်ရ တော့သည်။ အဖြေသည်ကား သူ့ရင်ထဲက ဆန္ဒများနှင့် ဆန့်ကျင်ဘက် ဆီမှာ...။

* * *

ဟိုတယ်တွင် နံနက်စာစားပြီး အောင်ပန်းမြို့အနီးလမ်းခွဲအတိုင်း ပင်းတယသို့ ခရီးဆက်ခဲ့ကြသည်။

ပင်းတယလမ်းဝန်းကျင်တွင် တောင်စောင်း အနည်းငယ်ရှိသည်မှ အပ မြေပြန့်လွင်ပြင်က များလေသည်။ အချို့နေရာများတွင် လီမွှော်

ခြံများ၊ ဂေါ်ရခါးခင်းများကို တွေ့ရသည်။ လမ်းဘေးဝဲယာရှိ မြေသားများကတော့ အနီရောင် အဆင်းရှိသည်ကို တွေ့ရ၏။ ဤမြေနီပေါ်တွင် ကြက်သွန်ဖြူ၊ ပန်းဂေါ်ဖီ အထူးစိုက်ပျိုးအောင်မြင်သည်။

စကားဝါတစ်ယောက် ကိုမင်းဘေးတွင်ထိုင်ရင်း ဝန်းကျင်ရှုခင်းများကို ကြည့်နေရာမှ–

"ကိုမင်းနဲ့ မမမြကြာဖြူတို့က ကျောင်းနေဖက်တွေဆို"

"ဟုတ်တယ်လေ–ကိုမင်းရယ်၊ ရန်ကုန်က စိုးလွင်အောင်ရယ်၊ ပုဂံမှာကျန်ခဲ့တဲ့ တင်မောင်ဦးရယ်တို့လဲ ကျောင်းနေဖက်တွေပဲလေ"

"ကိုမင်းတို့ သူငယ်ချင်းတွေ တစ်ယောက်မှ အိမ်ထောင်မကျသေးဘူးနော်"

"ဟုတ်တယ်"

ကိုမင်း ကားမောင်းရင် ဖြေလိုက်သည်။

"မမမြကြာဖြူက ချောတယ်နော်"

"အင်း"

"သူ့မှာ ချစ်သူမရှိဘူးလားဟင်"

ကိုမင်း ဘာဖြေရမည်နည်း၊ ဒီကလေးမ စပ်စပ်စုစုမေးတတ်ပြန်ရောဟု ကိုမင်းတွေးလိုက်မိ၏။

"မရှိသေးဘူးထင်တာပဲ၊ ဘာလို့မေးတာလဲ"

"အော် မမမြကြာဖြူကို ရတဲ့သူက သိပ်ကံကောင်းမှာပဲလို့"

"ဘာဖြစ်လို့"

"မမမြကြာဖြူက သိပ်သဘောကောင်းတယ်လေ"

ဤမျှသာပြောပြီး နှစ်ဦးသား ငြိမ်သက်သွားသည်။

မကြာမီ 'ပုန်းတလုတ်'ရေကန်ကြီးကို ကျော်ဖြတ်လာခဲ့သည်။ ထို့နောက် တောင်စွယ်တစ်ခုကို တက်ခဲ့ရာ ရွှေဉမင်လိုဏ်ဂူ





ခြေရင်းသို့ရောက်ခဲ့ပြီး ကားကို နေရာချရပ်ထားလိုက်၏။

ရွှေဉမင် လိုဏ်ဂူဆီသို့ ကုန်းပြေပြေလေးတက်သွားရသည်။ လိုဏ်ဂူမုခ်ဝအနီးတွင် ပင့်ကူကြီးတစ်ကောင် ရုပ်တုကို ေ ရ၏။

ကုန်းတက်ဖြစ်၍ စကားဝါက ကိုမင်း၏ လက်မောင်းကိုတွဲခိုရင်းလိုက်ပါ လာသည်။

ကိုမင်းက စကားဝါ့ကို စောင်းငဲ့ကြည့်လိုက်တော့ လက်မောင်းကိုတွဲခိုရင်း သူ့ကိုပြောင်ပြ၏။ စကားဝါ ပျော်နေပုံရသည်။

"အခုလို ကိုမင်းနဲ့ အတူတွဲပြီး အမြဲသွားနေချင်တယ်"

"အဲဒါဆို မပြန်နဲ့တော့လေ"

ဤသို့ပြောလိုက်သဖြင့် အားရဝမ်းသာဖြင့်

"ကိုမင်း တကယ်ပြောတာလား၊ စကားဝါ ဂျပန်မပြန်ဘဲ နေလိုက်မှာနော်၊ ပြီးမှ ဒီကောင်မလေးရှုပ်တယ်ဆိုပြီး"

နှစ်ဦးသားကြည်နူးစွာဖြင့် ဓာတ်လှေကားမှတစ်ဆင့် ဉမင်ဝဆီသို့ တက်ခဲ့ကြ၏။

ဉမင်ဝရောက်တော့

"ကိုမင်း အလှူငွေလှူရအောင်"

ပြောပြောဆိုဆို အလှူငွေလက်ခံရာ ဂေါပကအလှူခံစားပွဲဆီသို့ ဦးတည် သွားရင်း တစ်ထောင်တန်ငါးရွက် ထုတ်ပေးကာ–

"ကဲသမီးတို့ နာမည်ပြော၊ဖြတ်ပိုင်းမှာ ရေးရအောင်"ဟု အလှူခံလူကြီးက မေးလိုက်တော့–

"သူက ကိုမင်းဝေလှိုင်၊ ကျွန်မက စကားဝါ"

စကားဝါ ချက်ချင်းပင် အဖြေပေးလိုက်၏။

ထို့နောက် အလှူခံလူကြီးက

"ဘယ်မြို့ကလဲ"ဟု အမေးတွင် စကားဝါက သွက်လက်စွာဖြင့်

"ကိုမင်းဝေလှိုင်က ပုဂံမြို့က၊ ကျွန်မက ဟို–"ဟုစဉ်းစားပြီးနောက်

"ပုဂံမြို့ကပဲ"

အလှူခံလူကြီးက ချက်ချင်းပင် အလှူခံဖြတ်ပိုင်းတွင် ရေးသွင်းပြီးနောက် စပီကာဖြင့်–

"ပုဂံမြို့မှ ကိုမင်းဝေလှိုင်နဲ့ မစကားဝါတို့ ဇနီးမောင်နှံက အလှူငွေ ၅၀၀၀ကျပ် ထည့်ဝင်လှူဒါန်းပါတယ်၊ အခုလိုလှူဒါန်းရတဲ့အကျိုးကြောင့် ဒီဇနီးမောင်နှံ လိုရာဆန္ဒပြည့်ဝပြီး ဘဝတစ်လျှောက် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေ"တဲ့–။

ကိုမင်းနှင့် စကားဝါတို့ ရုတ်တရက် တစ်ဦးကိုတစ်ဦးကြောင်၍ကြည့်နေမိပြီးမှ စကားဝါက ကျေနပ်သော အပြုံးများဖြင့် အလှူခံဖြတ်ပိုင်းကို လှမ်းယူပြီး လက်ကိုင်အိတ်ထဲ ထည့်လိုက်၏။

ပြီးမှ ကိုမင်းဘက်သို့လှည့်၍

"ကိုမင်း စကားဝါတို့ မကြာမကြာခုလို လှူရအောင်နော်"

"ဘာဖြစ်လို့"

"အခုလို ဆုတောင်းစကားတွေကြားရအောင်လို့လေ"ဟု စကားဝါက ကျေနပ်သောအပြုံးများဖြင့် ပြောလိုက်စဉ်–

"ကြည့်...တော်တော်တတ်တယ်၊ လူလည်မလေး"ဟု ကိုမင်းက လက်သီး ဆုတ်ဖြင့် ရွယ်ရင်း စကားဝါ့၏ ခေါင်းလေးကို ဖွဖွလေးထုရန်ဟန်ပြင်လိုက်သဖြင့် စကားဝါတစ်ယောက် ခေါင်းလေးကိုပုရင်းရှောင်တိမ်းပုန်းကွယ်လိုက်၏။

စကားဝါ့ ခေါင်းလေးရှောင်တိမ်းပုန်းကွယ်လိုက်သည့်နေရာကား ကိုမင်း၏ နွေးထွေးသော ရင်ခွင်တွင်းဆီသို့...။

* * *





ပင်းတယ ရွှေဥမင်လိုဏ်ဂူမှ ပြန်ထွက်ခဲ့ကြသည်။

ပင်းတယဈေးနေ့နှင့်ကြုံသဖြင့်ဈေးအနီး လက်ဖက်ခြောက်ဆိုင်ကြီးတစ်ဆိုင်အနီးကားရပ်ထားလိုက်၏။

ဈေးထဲတွင်ပင်းတယအနီးဝန်းကျင်ရှိ တောင်ပေါ်ရွာမျာ းမှ ဒေသထွက်သီးနှံများ၊ ရိုးရာမုန့်များဖြင့်စုံလင်လှသည်။

ဈေးထဲက ပြန်အထွက်မှာတော့ကားရပ်ထားရာအနီး လက်ဖက်ခြောက်ဆိုင်ကြီးတစ်ဆိုင်အတွင်း ဝင်ကြည့်ဖြစ်ကြသည်။

ပင်းတယထွက် လက်ဖက်ခြောက်မျိုးစုံကို စကားဝါကြည့်နေစဉ်–

"ဒါ ဒေသထွက် လက်ဖက်ခြောက်လေ၊ နာမည်ကြီးပေါ့"

"စကားဝါတို့ဆီက ဂရင်းတီးနဲ့ အရသာဘယ်လိုနေလဲ၊ ကိုမင်း ဘယ် လက်ဖက်ခြောက်ကို ပိုကြိုက်သလဲ"

ကိုမင်းက စကားဝါ့ကို ပြုံး၍ကြည့်ရင်း

"ကိုမင်းလား၊ ကိုမင်းကတော့ ဂျပန်သူလေး လက်ဖက်ခြောက်ကို ပိုကြိုက်တယ်"ဟု ပြောလိုက်စဉ် စကားဝါ လက်ဖက်ခြောက်များကို ကြည့်နေရာမှ ကိုမင်းဘက်လှည့်ပြီး...

"ဟင် အဲဒီနာမည်နဲ့ လက်ဖက်ခြောက်လဲ မရှိဘဲနဲ့" ဟုပြောရင်း မျက်စောင်းလေးထိုးလိုက်၏။

ကိုမင်းကျေနပ်စွာ ပြုံးလိုက်မိပါသည်။

ယင်းနောက် နှစ်ဦးသား ဆိုင်အတွင်းမှ ထွက်ခဲ့ကြ၏။ ဆိုင်အတွင်းမှ ကားဆီသို့အသွားတွင် စကားဝါက ကိုမင်း၏ လက်မောင်းကို တွဲခိုလို့လေ။

ယင်းတယမှ ပြန်ထွက်တော့ မွန်းလွဲပြီ။

ပုန်းတလုတ်ရေကန်ကို လွန်ပြီး အနောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်တော့ ဟိုးအဝေး ခပ်လှမ်းလှမ်းဆီတွင် ဂူပေါက်ဝသုံးခုနှင့်အတူ

ပင်းတယတောင်တန်း ဆီက ကိုမင်းတို့ရောက်ခဲ့သော ရွှေဥမင်လိုဏ်ဂူကို လှမ်းတွေ့နေရ၏။

ပင်းတယမှသည် ကလော၊ အောင်ပန်း၊ ဟဲဟိုးလွင်ပြင်၊ ပြီးတော့ ရွှေညောင်...။

ညနေစောင်းတော့ ညောင်ရွှေသို့ ရောက်ခဲ့၏။

ညောင်ရွှေ ဟိုပင် ဟိုတယ်တွင် တည်းကြမည်ဟု မူလကစိတ်ကူးမိသော်လည်း အင်းလေးကန်ထဲက ရေပေါ် ဟိုတယ်တွင်တည်းရန် ဆုံးဖြတ်လိုက်၏။ စကားဝါ့ကိုလည်း ကမ္ဘာတွင်တွေ့ရခဲသော အင်လေးကန်ရေပြင်ပေါ်က ရိုးရာဟိုတယ်တွင် တည်းစေချင်သည်လေ...။

နောက်တစ်နေ့ နံနက်စောစောထ၍ မိုးမလင်းမီ အင်းလေးဖောင်တော်ဦးဘုရားကို ဖူးကြမည်။ပြီးတော့အင်း လေးဒေသ၏ နာမည်ကြီးအလိုတော်ပေါက် ဘုရားကိုဖူးမည်။ ပြီးလျှင်တော့ တောင်ကြီးကို မတက်တော့ပဲ လာလမ်းအတိုင်း ပုဂံညောင်ဦးသို့ ပြန်မည်ဟု စီစဉ်ထား၏။ နက်ဖြန်ည ပုဂံညောင်ဦးအရောက်၊ တစ်ရက်နားပြီးလျှင် ရွှေစေတီထီးတင်ပွဲ ကျင်းပရန်ရှိသည်လေ။

ညောင်ရွှေရေဆိပ်မှ ရေပေါ်လျပ်ပြေးစက်တပ်လှေဖြင့် ထွက်ခွာလာခဲ့၏။ လှေဖြင့်စထွက်စဉ် ဘေးဝဲယာကမ်းရှိ ခြေတံရှည် အိမ်လေးများကို တွေ့ရသော်လည်း ၁၀ မိနစ်ခန့်သွားပြီးသောအခါ အင်းလေးကန်၏ ရေပြင်ကျယ်ကြီးဆီသို့ ရောက်လေသည်။

ခပ်လှမ်းလှမ်းတွင် ကျွန်းမျောပင်များကို တွေ့ရ၏။ အထူးသဖြင့် ခရမ်းချဉ်သီးပင်များကို တွေ့ရသည်။

ဟိုးအရှေ့ဘက်တောင်ခြေရှိ ကန်၏ ကမ်းစပ်များတွင်တော့ ခြေတံရှည်အိမ်ကလေးများကို အစီအရီတွေ့ရ၏။ တည်းမည့်ရေပေါ်ဟိုတယ်သို့ စက်တပ်လှေဖြင့် အတော်မောင်းရသည်။





ညောင်ရွှေလှေဆိပ်မှထွက်လာပြီး မိနစ်၅၀ခန့်ကြာတော ခြေတံရှည် တည်းခိုခန်းလေးများကို လှပစွာ အစီအရီ ဆောက်ထား သည့် ရေပေါ်ဟိုတယ်တစ်ခုဆီသို့ စက်တပ်လှေကလေးတစ်ရွှေ့ရွှေ့ဆိုက်ကပ်သွားလေသည်။ ဟိုတယ်အမည်က...

"ရွှေကျွန်းမျော ဟိုတယ်"

ဟိုတယ်အဝင်တွင် ရှမ်းရိုးရာတူရိယာများ တီးခတ်လျက် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနေကြ၏။

စကားဝါတစ်ယောက် အသစ်အဆန်းမြင်ကွင်းများကို ကြည့်ရင်းတအံ့တဩ ဖြစ်နေလေသည်။

လှပသော ရှုမျှော်ခင်းများနှင့်မြန်မာပြည်၏ နွေးထွေးမှုရှိလှသော ချစ်စရာ့ရိုးရာဓလေ့များက စကားဝါ့အားဖမ်းစားလျက်ရှိ၏။

ဟိုတယ်ကောင်တာတွင် တစ်ခန်းစီအတွက်သော့ နှစ်ချောင်းကို ယူ၍ ရေပေါ်လျှောက်လမ်းအတိုင်း အခန်းများဆီသို့ လျှောက်ခဲ့ကြ၏။ အောက်ကို ငုံ့ကြည့်လိုက်လျှင် ရေပြင်အတိတွေ့ရလေ၏။

မည်မျှပင် ခရီးကွာလှမ်းသည်ဖြစ်စေ၊ မည်သို့ပင် ခရီးပန်းလာသည်ဖြစ်စေ အင်းလေးကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့ကြောင့် အမောအပန်းတို့ ပြေရလှေသည်။ အင်းလေးကန်ဝန်းကျင်အလှမြင်ကွင်းများကလည်း မြင်ရသူ၏ စိတ်ကို ပေါ့ပါးကြည်နူးလန်းဆန်းစေသည်လေ...။

ညနေနေဝင်တော့ ဟိုတယ်ခန်းတဲအိမ်လေးများ တစ်အိမ်နှင့်တစ်အိမ်အကူး ရေပေါ်လျှောက်လမ်းများနှင့် ဟိုတယ်ဝန်းကျင်လေညှင်းခံလျှောက်လမ်းများ ပေါ်တွင် ထွန်းညှိထားသော မီးလုံးလေးများက ဟိုတယ်၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ညစာစားပြီးတော့ နှစ်ဦးသား ဟိုတယ်ဘေးဘက် ရေပေါ် လျှောက်လမ်းများအတိုင်း လမ်းလျှောက်ထွက်ခဲ့ကြ၏။ အင်းလေး ကန်ရေပြင်ကျယ်ကြီးဆီမှ အဆက်မပြတ် တိုက်ခတ်လာနေသော လေနုအေးတို့က သူတို့နှစ်ဦးသားကို တိုးဝှေ့လို့နေသည်။

နှစ်ဦးသား လျှောက်လာကြရင်း စကြံန်ကျယ်တစ်ခုပေါ်ရှိ ထိုင်ခုံတန်းတစ်ခုပေါ်တွင် နှစ်ယောက်အတူထိုင်လိုက်ကြ၏။ ထိုစကြံန် ကျယ်ပေါ် အချို့နေရာများ၌ အလှပန်းအိုးများစိုက်ထားသည်ကို တွေ့ရ ၏။ ပန်းအိုးများအနီး ထွန်းထားသော မီးလုံးများမှ မီးရောင်များကြောင့် ထိုပန်းတို့ ပို၍လှနေသည်ဟု ထင်ရသည်။

ဟိုတယ်၏ ဟိုးအဝေးဆီမှာတော့ မီးရောင်ပြပြဖြင့် တဲအိမ်တန်း များကို ပြူထွက်ခါစ လရောင်၏အောက်တွင် လှမ်းတွေ့နေရ၏။

ညအမှောင်၏ ကန်ရေပြင်ထဲတွင် မကြာခဏ ခုတ်မောင်း လာသော စက်တပ်လှေငယ်အချို့ကို တွေ့ရ၏။ စက်တပ်လှေ၏ နောက်ဘက်ဆီမှ ပန်းဖြာထွက်နေသော ရေပန်းများတို့က လရောင် အောက်တွင် ကြည့်လို့ပင်ကောင်းနေတော့သည်။

ကိုမင်းအနားသို့ စကားဝါတိုး၍ ထိုင်လိုက်၏။ စကားဝါ၏ ကိုယ်သင်းရနံ့တို့က ကိုမင်းထံ မွှေးပျံ့စွာရောက်ရှိလာသည်။

စကားဝါသည် ကိုမင်း၏ ပခုံးထက်သို့ ခေါင်းကိုတင်မှီရင်း ထွက်ပြူစ လမင်းကို အသာမော့၍ ကြည့်နေလိုက်၏။

အင်းလေးရေပြင်ပေါ်မှ ဖြတ်သန်းလာသော လေနုအေးတို့သည် ညင်သာစွာပင် တိုက်ခတ်လို့နေပါသည်။ လေနုအေးကြောင့် အင်းလေး ဒေသ ညချမ်းသည် အေး၍လာသော်လည်း စကားဝါသည်ကား ကိုမင်းရင်ခွင်ထဲ၌ နွေးထွေး၍နေပါသည်။

ပြီးနောက် စကားဝါက ကိုမင်းလက်ကို ဆုပ်ကိုင်ရင်း...





"ကိုမင်း"

ညင်သာစွာ ခေါ်လိုက်သည်။

"ပြောလေ စကားဝါ"

"စကားဝါက ကိုမင်းနဲ့ အခုလိုအတူနေရတဲ့အချိန်လေးတွေကုန် သွားမှာစိုးတယ်"

ကိုမင်း ငြိမ်၍နားထောင်နေသည်။ စကားဝါကပင်ဆက်၍...

"ပြီးတော့လေ၊ စကားဝါ့အနားက ကိုမင်း ပျောက်သွားမှာလဲ စိုးရိမ်တယ်"

"စကားဝါကလဲကွာ..." ဤမျှသာ ကိုမင်း ပြန်ပြောဖြစ်၏။

"အိပ်မက်ထဲမှာ ကိုမင်း စကားဝါနဲ့အတူ ဂျပန်ကို ပြန်ကြတယ် လို့မက်ရင် အရမ်းပျော်တာပဲ"

"အင်း...ပြောပါဦး"

"တစ်ခါတစ်ခါ မမမြကြာဖြူနဲ့ ကိုမင်းတို့ ရယ်ရယ်မောမော စကားပြော နေကြရင်လဲ စကားဝါ့စိတ်ထဲမှာ သဝန်တိုနေမိတယ်လေ"

"စကားဝါရယ်၊ သိပ်မတွေးပါနဲ့၊ တော်ကြာ ဂျပန်သူလေး ရူးသွားပါဦးမယ်" "ဟုတ်တယ်ကိုမင်း၊ စကားဝါ ရူးနေပြီထင်တာပဲ၊ စကားဝါ ကိုမင်းကို ခွဲသွားရမှာ အရမ်းလန့်နေမိတယ်"

"စကားဝါကလဲကွာ"

"ကိုမင်း..."

"ဟင်..."

"အဲဒါ အချစ်လားဟင်"

ကိုမင်းတုံ့ပြန်မပြောဖြစ်ပါ။ သို့ပေမယ့် စကားဝါကို ကြည့် လိုက်တော့ လရောင်အောက်မှာ တွေ့လိုက်ရသည်က စကားဝါ့မျက်ဝန်း မှာ ကြွေကျလုဖြစ်နေတဲ့ မျက်ရည်ဥတွေလေ...။

ကိုမင်းတစ်ယောက် စိတ်အလိုလိုက်ပြီး စကားဝါ့ကို သိုင်းဖက်လိုက်မည်ဟု စိတ်ကူးမိပြီးမှ စိတ်ကိုအသာထိန်းကာ–

"ဤသို့သောစိတ်ခံစားမှုမျိုး ဂျပန်မှာတုန်းကလဲ အခါခါဖြစ်ခဲ့ရပြီးပြီလေ၊ ၎င်းကိုပင် အချစ်လားဟု မိမိကိုယ်ကို မိမိအကြိမ်ကြိမ် ပြန်မေးခဲ့ဖူးသည်မဟုတ်ပါလား။ ထိုစဉ်ကလည်း ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ခဲ့သည်ပဲ"ဟု တွေးမိရင်း စကားဝါ့မျက်ဝန်းမှ မျက်ရည်စတို့ကို ကိုမင်း အသာအယာသုတ်ပေးလိုက်မိပါသည်။

ပြောရရင် တစ်နည်းအားဖြင့် ကိုမင်း ရဲရဲဝံ့ဝံ့ကြီးဝန်ခံရရင်

"ကိုမင်း စကားဝါ့ကို ချစ်နေမိပြီလေ"

ယခင်က အကြိမ်ကြိမ် မိမိကိုယ်ကို ၅၂၈လား၊ ၁၅၀၀လားဟု သုံးသပ် ဆန်းစစ်ခဲ့ပါသော်လည်း ယခုတော့ ထိုသို့သုံးသပ်ဆန်းစစ်စရာမလိုတော့ပါပေ။

စိတ်အလိုကိုလိုက်ကာ စကားဝါ့အကြိုက် မိမိရင်ခွင်ထဲမှာ တင်းကြပ်စွာ တွေးပိုက်ထားလိုက်ချင်သည်လေ။

သို့ပေမယ့် စကားဝါအပေါ် "ချစ်သည်"ဟု အဘယ့်ကြောင့် နှုတ်က ခွန်းဆင့်ဖွင့်ဟပြောကြားရန် ဝန်လေးနေမိပါသလဲ။

အင်းလေးကန်ရေပြင်ထက် ကောင်းကင်ပေါ်က လမင်းက ကိုမင်းကို လှောင်ပြောင်၍နေပါပြီ။

အင်းလေးကန်ရေပြင်ထက်က ဘော်ငွေရောင်လှိုင်းကြက်ခွပ်တို့ကလည်း ကိုမင်းကို သရော်နေပါပြီ။

ကိုမင်း မပျော်နိုင်ပါပြီ။ စကားဝါနှင့်တွေ့ဆုံရစဉ် အပျော်လေးများသည် တဒင်္ဂလေးတွေဖြစ်နေမှာလား။

ဟော...ပြောရင်းကြည့်စမ်းပါဦး။ ခုနက ကောင်းကင်ပေါ်မှာ





ထိန်ထိန်သာနေတဲ့ လမင်း၊ ခုတော့ မိုးတိမ်ညိုတို့က ဖုံးလို့သွားပါရောလား...။

ကိုမင်းရင်မှ အပျော်လေးများသည်လည်း လမင်းအလင်းရောင်နှင့်အတူ ပျောက်ကွယ်သွားရပြီလေ...။

* * *

# အခန်း ( ၂၄ )

မနေ့ညက အင်းလေး၊ ရွှေကျွန်းမျှော်ဟိုတယ်တွင် တစ်ည အိပ်ခဲ့၏။ ယနေ့နံနက်စောစောတွင် အင်းလေး ဖောင်တော်ဦးဘုရားကို ကိုမင်းနှင့်စကားဝါတို့နှစ်ဦး ဖူးခဲ့ကြသည်လေ...။

ကိုမင်းတို့ ဘုရားပေါ်ရောက်တော့ ဘုရားမှာ အရုဏ်ဆွမ်းကပ်သူတွေနဲ့ စည်လို့ပေါ့။

ဘုရားဖူးလာသူများ အရုဏ်ဆွမ်းကပ်နိုင်အောင်လည်း ဒေသခံများက ဆွမ်း၊ ရေချမ်းတို့ကို အသင့်စီစဉ်ရောင်းချကြသည်လေ။ စီစဉ်ရောင်းချသူလည်း ကုသိုလ်ရ၊ ဆွမ်းကပ်သူလည်း ကုသိုလ်ရ။ နှစ်ဦးနှစ်ဝ ကုသိုလ်ရကြသည့် အစီအစဉ်လေးပါပဲ။

စကားဝါကတော့ အသစ်အဆန်းလေးတွေအဖြစ် ကြုံတွေ့ရသည့် မြန်မာ့ရိုးရာဓလေ့များကို ခံမင်နှစ်ခြိုက်အကြိုက်တွေ့ကာ ပျော်မြူးနေလို့ပါလေ...။

အဲ...ဘုရားဆွမ်းကပ်ပြီးတော့ စကားဝါ ကိုမင်းကို ပြောလိုက်သည်က–

"ကိုမင်း– ဘုရားမှာ အလှူငွေထည့်ရအောင်လေ"တဲ့။





ကိုမင်းသိပါသည်။ ကိုမင်း စကားဝါ့ရဲ့ဆန္ဒလေးတွေကို ယခုတော့ ကောင်းကောင်းသိနေပါပြီ။

ဘုရားမှာ အလှူငွေထည့်ပြီး ဖြတ်ပိုင်းလေးရတော့ စကားဝါက အဲဒီဖြတ်ပိုင် လေးကိုကြည့်ပြီး ပျော်နေဦးမည်လေ။ စကားဝါရဲ့ အပျော်လေးများကိုကြည့်ပြီး ကြည်နူးနေခဲ့ရသည်က ကိုမင်းရယ်ပါ...။

တကယ်တော့ စကားဝါ အမြဲပျော်နေသည်ကို ကိုမင်း မြင်ချင်သည်မှာ အမှန်ပဲလေ...။

အဲဒီနောက် အလိုတော်ပေါက်ဘုရားကိုဖူးပြီး ညောင်ရွှေ ရေဆိပ်မှာ တစ်ညတာထားခဲ့တဲ့ ကားလေးနဲ့ ပုဂံ–ညောင်ဦးဆီသို့ ပြန်ခဲ့ကြသည်ပေါ့။

* * *

သည်နေ့ညနေစောင်း ပုဂံဟိုတယ်ပြန်ရောက်တော့ ခဏနားပြီး ညဦးပိုင်းတွင် "မမမြကြာဖြူတို့အိမ်သွားရအောင်"ဟု ဆိုသဖြင့် ကိုမင်း လိုက်ပို့ပေးခဲ့ရသည်လေ–။

ဟော...အခုတော့ ကြည့်စမ်း။

မြကြာဖြူတို့အိမ်မှာ မြကြာဖြူရယ်၊ စကားဝါရယ်၊ မြကြာဖြူတို့အမေရယ်၊ စကားဝါလက်ဆုံကျလို့ပေါ့။

စကားဝါတစ်ယောက် မြကြာဖြူတို့ရဲ့ မိသားစုဝင်တစ်ယောက်ပမာ ရင်းရင်းနှီးနှီး ပြောလို့ဆိုလို့ ရယ်လို့မောလို့ပါပဲ။ ပျော်နေတယ် ထင်ပါရဲ့။

စကားဝါက မြန်မာမိသားစုဝင်ဖြစ်ချင်တဲ့သူလေ။ ပျော်နေမှာပေါ့။

ကြည့်စမ်း။ မလှမ်းမကမ်းမှာထိုင်နေတဲ့ ကိုမင်းကိုပင် သူမေ့နေပြီထင်ပါရဲ့။

ခဏကြာတော့ ကိုမင်းလဲ အိမ်ရှေ့ခြံထဲလမ်းဆင်းလျှောက်မိသည်။

မကြာပါဘူး။ ခြံထဲကို မြကြာဖြူလဲရောက်လာသည်။ မြကြာဖြူကို ကိုမင်းက တွေ့လိုက်တော့...

"ဟင်–မြကြာဖြူ၊ ဟိုမှာ စကားဝါ့ကို ထားခဲ့တယ်"

"စကားဝါတစ်ယောက်ထဲမဟုတ်ပါဘူး၊ အမေလဲရှိပါတယ်၊ ဟိုမှာ အမေနဲ့ လေပေးတွေဖြောင့်နေတယ်လေ၊ သားအမိကျနေတာပဲ၊ ပြောလိုက်ဆိုလိုက်၊ ရယ်လိုက်မောလိုက်နဲ့ အမေကတောင် ပြောနေသေးတယ်။ စကားဝါ့ကို မပြန်ဘဲ ပုဂံမှာပဲနေပါလားတဲ့"

"အဲဒီတော့ စကားဝါက ဘာပြောလဲ"

"အမေတို့မခေါ်ကတည်းက နေချင်နေတာတဲ့၊ သူက အမေ့ကို အမေတဲ့လေ..."

"ဟုတ်လား..."

"ပြီးတော့ အမေက ပြောသေးတယ်၊ စကားဝါက သမီးကြီး မြကြာဖြူနဲ့ သိပ်ဆင်တာပဲတဲ့၊ ကြာဖြူနဲ့ ညီအစ်မလို့ပြောရင် လူတွေ ယုံကြမလားမသိဘူးပဲတဲ့၊ အမေကလဲ စကားဝါ့ကို မွေးစားချင်နေတယ် ထင်ပါရဲ့"

"အင်း–သူ့ခမျာလဲ မြန်မာမလေး သိပ်ဖြစ်ချင်နေတာ၊ ဒါပေမယ့် ထီးတင်ပွဲအပြီး မကြာခင်မှာပဲ သူပြန်ရမှာလေ၊ အဲဒီအခါကျရင် သူသိပ်ခံစားရမှာပဲ".

ကိုမင်းက ဆွေးဆွေးမြွေမြွေပင် ပြန်ပြောလိုက်မိ၏။

ထိုစဉ် မြကြာဖြူထံမှ ကိုမင်း မထင်မှတ်သောစကားတစ်ခွန်းကို ကြားလိုက်ရသည်။

"ကိုမင်းလဲ စကားဝါ့အပေါ် သံယောဇဉ်ဖြစ်နေပြီနဲ့ တူပါရဲ့"တဲ့။





မည်သည့်အဓိပ္ပာယ်ကို ဆိုလိုချင်ပါသလဲ။

မြကြာဖြူ ကိုမင်းအပေါ် သဝန်တိုနေတာလား။

သို့တည်းမဟုတ် စိုးရိမ်နေတာလား။

ဒါမှမဟုတ် ကြည်နူးပီတိဖြစ်နေတာများလား။

"နှမလေးတစ်ယောက်လိုတော့ သံယောဇဉ်ဖြစ်နေတာ အမှန်ပဲ မြကြာဖြူ"

သံယောဇဉ်ဖြစ်နေသည်မှာ သေချာနေပြီမို့ "နှမလေးတစ်ယောက်လို"ဟူသော စကားကို ဖြည့်စွက်၍ ကိုမင်း ပြောလိုက်မိပါသည်။

မိုးညဆိုသော်လည်း ကောင်းကင်ပြင်တွင် မိုးသားတို့ကင်းစင်နေပါသည်။ မိုးတိမ်ထုထဲမှထွက်လာသော လမင်းကလည်း ကြယ်များခြံရံလင်းထိန်လျက် ပုဂံညကို အလှဆင်လျက်ရှိပါသည်။

"ကိုမင်းကို တစ်ခုမေးမယ်နော်"

"မေးလေ မြကြာဖြူ"

"လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ကြာဖြူ့ကို အဆက်အသွယ် မလုပ်ခဲ့ဘူးနော်"

ကိုမင်း ဘာမျှပြန်မပြောဖြစ်ပါ။ မြကြာဖြူက ဆက်ပြောပါသည်။

"ကြာဖြူ့ကို စိတ်နာနေလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို အမေ့ကိုလား"

"ဒါလဲမဟုတ်ပါဘူး"

"ဒါဆို ကိုမင်း ဘာလို့အိမ်ထောင်မပြုသေးတာလဲ"

မြကြာဖြူ၏ အမေးတို့သည် သာမန်အားဖြင့် စပ်စုသည်ဟု ဆိုနိုင် သော်လည်း ငယ်သူငယ်ချင်းဖြစ်ခဲ့သူမို့၊ ပြီးတော့ ပွင့်ပွင့်လင်း

လင်း တိုင်ပင်နှီးနှောပြောဆိုခဲ့ဖူးသော ချစ်သူလည်းဖြစ်ခဲ့ဖူး သူမို့ သည့်မေးခွန်းသည် ရင်းနှီးမှုဖြင့် မေးခြင်းဟု ဆိုက ဆိုနိုင်ပါသည်။

"အိမ်ထောင်ဖက်ဖြစ်သင့်တဲ့သူ မတွေ့သေးလို့ပဲ ဖြေပါရစေ မြကြာဖြူ"

မြကြာဖြူ ဘာဆက်မေးရမည် စဉ်းစားနေပါသည်။

"အိမ်ထောင်ဖက်ဖြစ်သင့်တဲ့သူကို မတွေ့သေးဘူးဆိုပေမယ့် ချစ်တဲ့သူကို တော့ တွေ့နေပြီမဟုတ်လား"ဟု မေးလိုက်ချင်ပုံရပါသည်။

ထိုမေးခွန်းမေးလျှင် ကိုမင်း မည်သို့ ဖြေပါမည်လဲ။

ကံအားလျော်စွာ မြကြာဖြူ မမေးဖြစ်ခဲ့ပါ။ သို့သော် စကားဝါ့ အပေါ် ကိုမင်း သာမန်ထက် သံယောဇဉ် ပိုနေသည်ကိုတော့ မြကြာဖြူ ရိပ်မိဟန်တူပါ သည်။

"ဒါနဲ့ နက်ဖြန် ဘုရားထီးတင်ပွဲကိစ္စ အားလုံးစီစဉ်ပြီးပြီဆို၊ တင်မောင်ဦးက ပြောတယ်"

ကိုမင်းက စကားလမ်းလွှဲမေးလိုက်၏။

"ဩော်...ကိုယ့်သူငယ်ချင်း အရင်းကြီးက အကူအညီတောင်း တော့ ကူညီရတာပေါ့၊ ပြီးတော့ ကုသိုလ်လဲရတယ်လေ၊ အဘွား တည်ခဲ့တဲ့ဘုရားကို ထီးတင်ခွင့်ရတော့..."

တကယ်တော့ "ရွှေစေတီ"လေးသည် စကားဝါ့အဘိုးနှင့် မြကြာဖြူအဘွားတို့ တည်ခဲ့သော စေတီလေးဖြစ်သဖြင့် နှစ်ဖက် မိသားစုကုသိုလ်အလှူဟု ပြော၍ရနိုင်ပါသည်။

"အဘွားတည်ခဲ့တဲ့ဘုရား၊ အရင်က ဒီပုဂံမှာရှိခဲ့တယ်ဆိုတာ မသိခဲ့ဘူး၊ စကားဝါနဲ့ဆုံရမှ ဒီအကြောင်းကို သိရတော့ စကားဝါ့ကို ကျေးဇူးလဲတင်မိတယ်၊ ချစ်လဲချစ်မိတယ်၊ မြကြာဖြူရဲ့ ညီမလေး တစ်ယောက်လိုပါပဲ"





"ဒါဆို ဒီထီးတင်ပွဲလေးဟာ ညီအစ်မနှစ်ယောက် ရေစက်ဆုံတဲ့ အလှူပွဲလေးပေါ့"

"ပြောနိုင်ပါတယ်၊ ကိုမင်းဝေ..."

"ဒါနဲ့ ဘုန်းကြီးဆွမ်းက နေ့ဆွမ်းနော်၊ ဆွမ်းကိစ္စရော၊ဧည့်သည် တွေ ကျွေးမွေးဖို့ကိစ္စရော အဆင်ပြေရဲ့လား"

"ပြေတယ်လေ၊ တုရင်တောင်နားကရွာမှာ ချက်ကြပြုတ်ကြ လိမ့်မယ်၊ နံနက်စောစော အဲဒီကိုသွားမှာလေ၊ အဲဒီရွာကို ကိုမင်းဝေ တို့လဲလာမယ် မဟုတ်လား"

"လာမယ်လေ၊ လာရမှာပေါ့၊ စကားဝါလဲ မြန်မာ့အလှူကိုတွေ့ဖူး တယ် ရှိသွားတာပေါ့"

စကားကောင်းနေဆဲ မိုးစက်တို့ကျလာသဖြင့် ကောင်းကင်ပေါ် မော့ကြည့်လိုက်တော့ တိမ်မဲညိုတို့ ပြေးလွှားနေသည်ကို တွေ့ရသည်။ ခုနက ထိန်ထိန်သာနေသည့် လမင်းသည် ဘယ်ဆီရောက်သွား သည်မသိ။

သို့သော် ပုဂံညသည့် မိုးစက်မိုးပေါက်တို့ဖြင့် အေးမြ၍နေ ပါသည်။

နှစ်ဦးသားအိမ်ထဲကိုဝင်ပြီး ဧည့်ခန်းထဲကြည့်လိုက်တော့ ဧည့်ခန်းတွင်ရှိနေသည်က မြကြာဖြူ၏အမေ တစ်ယောက်တည်း။

"ဟင်–အမေ၊ စကားဝါရော"

"စကားတွေပြောရင်း တစ်နေ့လုံး ခရီးကအပြန် ပင်ပန်းလို့ ထင်ပါရဲ့၊ အိပ်ပျော်သွားလေရဲ့၊ ဟောဟို...သမီးအခန်းထဲမှာလေ၊ သိပ်ထားတယ်၊ နှိုးလိုက်ရမလား"

မိခင်ဖြစ်သူက အပြော။ ချက်ချင်းပင် မြကြာဖြူက–

"မနှိုးနဲ့ အမေ၊ ဒီနေ့ည သမီးစကားဝါနဲ့ အိပ်မယ်၊ မနက် အစောကြီး အလှူအတွက်သွားရတာပေါ့"

"ဟဲ့...သမီး၊ မနက်ဝတ်ဖို့ သူ့အတွက်အင်္ကျီရော"

"အမေကလဲ သမီးရဲ့ အဝတ်တွေပေးဝတ်လိုက်မယ်လေ၊ ကိုယ်လုံးက သိပ်မကွာပါဘူး။ မြန်မာဆန်ဆန် အဝတ်လေးတွေကို သူနှစ်သက်မှာပါ"

ထိုစဉ် ကိုမင်းက ဝင်၍–

"ကောင်းပါတယ် အန်တီ၊ သူတို့ညီအစ်မ နှစ်ယောက်အတူ အိပ်ပြီး မနက်စောစော အလှူကို အတူတူသွားလို့ ရတာပေါ့"ဟု ပြောလေသည်။

စကားဝါ့သံယောဇဉ်ကို ကိုမင်း သိသည်လေ။ မြကြာဖြူတို့မိသားစုကို စကားဝါခင်တွယ်နေကြောင်း ကိုမင်း သိနေပြီလေ။ မြန်မာပြည်ရောက်ခိုက် စကားဝါတစ်ယောက် ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေ...။

***



## အခန်း (၂၅)

တုရင်တောင်အနီးက ရွာ။

အမည်က သပြေကုန်းရွာ။

သပြေကုန်းတစ်ရွာလုံး ပျော်မဆုံးဖြစ်နေကြ၏။

ရွှေစေတီထီးတင်ပွဲအလှူ ချက်ရေးပြုတ်ရေးတာဝန် သူတို့ယူရသည်လေ။ အချက်အပြုတ်ဦးဆောင်သူက သပြေကုန်းရွာ၏ အချက်အပြုတ် တာဝန်ခံကြီး "ကြီးဒေါ်မြ"ပဲပေါ့။ သည်ရွာတစ်ဝိုက် အလှူတကာ့အလှူ သူ့လက်ရာနှင့် ကင်းသည်မရှိ။

မြကြာဖြူတို့အိမ် နှစ်စဉ်ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်စသည့်အလှူပွဲတွေဆိုလျှင် ကြီးဒေါ်မြ၏ လက်ရာပါစမြဲ။

ရွှေစေတီထီးတင်ပွဲအလှူအတွက်လည်း မြကြာဖြူက ကြီးဒေါ်မြကို အကူအညီတောင်းခဲ့သည်လေ။

အနီးအနားရွာများကိုပါ အသိပေးဖိတ်ထားသည်မို့ တပျော်တပါးလာကြစားကြ ပျော်ကြမည်။ ဒါကြောင့် စားအိုးချက်အိုးတွေကလည်း ကြီးရပြီပေါ့။

အထူးသဖြင့် ဂျပန်သူလေး စကားဝါတို့မြေးအဖိုးနှင့်ပတ်သက်သည့် အလှူဖြစ်နေသည်မို့ လူအများက အတော်စိတ်ဝင်စားနေကြသည်လေ...။

ဆွမ်းက နေ့ဆွမ်း။ စေတီအနီးထိုးထားသောမဏ္ဍပ်ကြီးတွင် တရားနာမည်။ ထီးတင်မည်။ ပြီးတော့ ဘုန်းကြီးဆွမ်းကပ်မည်။ အဲဒီနောက်မှာတော့ ဧည့်သည်များကို ထိုမဏ္ဍပ်ကြီးအနီးရှိ ဧည့်ခံမဏ္ဍပ်ကြီးတွင် ကျွေးမွေးမည်ဟု စီစဉ်ထားသည်။ စားအိုးတွေကိုတော့ ချက်ပြီးပြုတ်ပြီးသည်နှင့် မဏ္ဍပ်ကြီးများဆီသို့ စောစောပိုင်းကပင် သယ်ထားရန်ဟု တင်မောင်ဦး စီစဉ်ထားပြီးဖြစ်၏။

ကျေးလက်ဒေသအလှူကို အစအဆုံး ကိုယ်တိုင်တွေ့မြင်ဖူးသွားအောင် မနက် ၅နာရီကတည်းကပင် ကိုမင်း မြကြာဖြူတို့မိသားစုနှင့် စကားဝါ့ကို လာခေါ်သည်။ ပြီးနောက် သပြေကုန်းရွာသို့သွားကြ၏။

သပြေကုန်းရွာသို့ရောက်တော့...

ကိုမင်းတို့ဝင်လာသည်နှင့် ချက်ပြုတ်နေကြသူများ ကိုမင်းတို့ဆီအာရုံရောက်လာပြီး အချို့က ပြေး၍လာကြ၏။

ကားပေါ်မှ ကြွကြွရွရွကလေးဆင်းလာသူက စကားဝါ။ ပြီးတော့ ၎င်းနောက်မှ မြကြာဖြူ--။

နှစ်ဦးစလုံး မြန်မာချိတ်ထမီဖြင့် ရင်ပုံးအင်္ကျီလက်ရှည်။ စကားဝါက ရွှေဖလားရောင်ထမီဖြင့်၊ မြကြာဖြူက ပန်းနုရောင်မရင့်တရင့်...။

"ဟင်–"

ကြီးဒေါ်မြအပါအဝင် ချက်ပြုတ်နေသူများအားလုံး တအံ့တသြဖြစ်သွားရသည်။

"ဒါ ဂျပန်ပြည်က ဂျပန်သူလေးလား၊ လှချက်တော်"

"ဟင်...မြကြာဖြူနဲ့ ညီအစ်မဆို ယုံတယ်တော့"

"ဂျပန်သူလေးက မြန်မာမလေးနဲ့တူလိုက်တာ"

ပြီးတော့ မြကြာဖြူတို့အမေဘက်သို့ ကြီးဒေါ်မြလှည့်၍–





"ဟဲ့...မြကြာဖြူတို့အမေ၊ ညည်းက သမီးတစ်ယောက်တည်းဆို၊ အခုတော့ နှစ်ယောက်ဖြစ်နေပါလား၊ ဘာဖြစ်လို့ အမွှာညီအစ်မမွေးထားတာကို မပြောတာလဲ"ဟု ခင်မင်ရင်းနှီးစွာပြောနေသံများကို ကြားလိုက်ရတော့--

စကားဝါ့ရင်ထဲမှာ ကြည်နူးလိုက်တာ၊ ဖော်မပြနိုင်လောက်အောင် ပီတိ ဖြစ်လိုက်ရတာ။

ပြီးတော့ ကျေးလက်နေမြန်မာတို့ရဲ့ ပွင့်လင်းဖော်ရွေ နွေးထွေးမှုအတွက် ကျေနပ်အားရလိုက်ရတာ။

စကားဝါတစ်ယောက် ဤဖြစ်အင်၊ ဤမြင်ကွင်းများကိုမြင်ရတော့ မျက်ရည်ကျလုမတတ် ရင်ထဲမှာ ခံစားလိုက်ရပြီလေ...။

စကားဝါ့အတွက် သည်တောဓလေ့၊ ရွာဓလေ့၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့တွေကို အရင်က ဘယ်မှာမြင်ဖူးတွေ့ဖူးလေမလဲ...။

တကယ်တော့ မြန်မာပြည်ရဲ့ ရှုခင်းအလှ၊ မြန်မာပြည်သူတွေရဲ့ ရင်ထဲက အလှတွေကို စကားဝါတစ်ယောက် မျက်ဝါးထင်ထင်တွေ့လိုက်ရတော့ ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ကြည်နူးအားရပီတိဖြစ်ရသည်လေ...။

သည်အလှူပွဲကြီးဟာ သူ့အလှူရယ်လို့ သည်ဒေသဝန်းကျင်ဒေသခံတွေက အသိအပြုပြီး သည်အလှူ ဖြစ်မြောက်အောင် မညည်းမညူအားပါးတရ ကူညီနေကြပုံတွေ။ သူ့ကို အံရေးပေးလို့ တလေးတစား ဆက်ဆံနေကြတာတွေ၊ ဒေသခံတွေဟာ အနေဆင်းရဲပေမယ့် စိတ်နေစိတ်ထားမြင့်မားနေပုံတွေကို တွေ့ရတော့ စကားဝါ့ တစ်ကိုယ်လုံးကြက်သည်းမွေးညည်းထလောက်အောင်ပဲ ကျေနပ်ပီတိဖြစ်လိုက်ရတာ။ ဒီခံစားမှုတွေကို စကားဝါ့ တစ်သက် ဘယ်မှာခံစား ခဲ့ရဖူးမှာလဲ...။

မြန်မာပြည်ကိုချစ်တဲ့ ဂျပန်သူလေးတစ်ယောက်၊ မြန်မာမလေး ဖြစ်ချင်တဲ့ ဂျပန်မလေးတစ်ယောက်။ အခုဆို ပိုလို့တောင် မြန်မာပြည်ကို ချစ်လို့ မြန်မာပြည်မှာပဲ နေချင်တော့တဲ့စိတ်တွေ တဖွားဖွား ပေါ်နေရ ပြီလေ...။

"စကားဝါ၊ မိုးတောင်လင်းပြီ စေတီဘက်ကို သွားရအောင်လေ၊ ဟိုမှာ ပြင်ဆင်ထားတာ သွားကြည့်ရအောင်၊ ဟိုမှာ တင်မောင်ဦးလဲ ရှိနေတယ်"

စကားဝါတစ်ယောက် သူ့အလှူပွဲလေးအတွက် ပီတိအတွေး လေးတွေ ဖြာဝေနေဆဲမှာပဲ ကိုမင်းက သတိပေးလိုက်တော့-

"ဩော်...သွားမယ်လေ၊ မမမြကြာဖြူရော သွားကြမယ်လေ"

မြကြာဖြူကိုပါ စကားဝါခေါ်လေသည်။

မြကြာဖြူအမေကြီးကတော့ ကြီးဒေါ်မြကိုကူရင်း ကျန်ခဲ့လေ၏။

တရင်တောင်ခြေရင်း ရွှေစေတီအနီး မလှမ်းမကမ်းရောက်တော့ အိုးစည်သံကိုပင် ကြားနေရပြီလေ။

တင်မောင်ဦး၏ စီစဉ်မှုကတော့ အကွက်စေ့ပါပေ့။ အိုးစည် ဗိုင်းကိုပင်မမေ့ဘဲ ထည့်ဖြစ်အောင် ထည့်လိုက်သေးသည်လေ။

စကားဝါ့အတွက်တော့ မြန်မာ့အလှူဟာ အထူးအဆန်းတွေ ချည်းပါပဲ။

စေတီကိုလှမ်းမြင်ရတဲ့အချိန်မှာတော့ ပုဂံဒေသရဲ့ နံနက်ခင်း နေခြည်နုနုဟာ ရွှေစေတီကိုဦးခိုက်လို့နေပါပြီ။ စေတီအနီး ပန်းခက် ပန်းနွယ်တွေနဲ့ အလှဆင်ထားတဲ့ မဏ္ဍပ်ကြီးဟာလဲ နံနက်ခင်း နေခြည်ရဲ့အောက်မှာ အလှကျက်သရေတိုးလို့နေသည်လေ...။

ထီးတော်တင်မည့်သတ်မှတ်ချိန်ကား နံနက် ၉နာရီနှင့် ၁၈မိနစ်။ ပြီးလျှင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲကျင်းပမည်။





ညောင်ဦးမြို့ ဂူကျောင်းဆရာတော်နှင့် သံဃာတော်များအား ပင့်ဖိတ် ထား၏။

ထီးတော်တင်ပွဲကျင်းပမည့် အစီအစဉ်ကို တင်မောင်ဦးက စကားဝါ့အား အသေးစိတ်ရှင်းပြသည်။

ကြားရသမျှ မြင်သမျှတွေဟာ စကားဝါ့အတွက်တော့ ပီတိ ဖြစ်စရာ တွေပါပဲ။

နံနက် ၈နာရီထိုးတော့ အနီးအနားကျေးရွာမှ ဧည့်ပရိသတ် များရောက်လာကြသည်။

ကြီးဒေါ်မြတို့ ချက်ပြုတ်ရေးအဖွဲ့သားတွေကလဲ အိုးကြီးအိုးငယ် တွေနဲ့အတူ စေတီ၏ မလှမ်းမကမ်းမှာ ဆောက်ထားသည့် မဏ္ဍပ်ကြီး ဆီသို့ စုရုံးရောက်ရှိနေကြပြီဖြစ်၏။

စေတီအနီးမဏ္ဍပ်ကြီးသည်ပင် နှစ်ခု။ တစ်ခုက တရားနာမဏ္ဍပ်၊ သည်မဏ္ဍပ်တွင်ပင် ဘုန်းကြီးဆွမ်း ကပ်မည်။ နောက်မဏ္ဍပ်တစ်ခု ကတော့ ဧည့်ပရိသတ်များအတွက် အကျွေးအမွေးမဏ္ဍပ်။

တရားနာမဏ္ဍပ်အတွင်း သံဃာစင်ပေါ်တွင် လှူဖွယ်များစုံလှ၏။ ဝါတွင်းကာလဖြစ်၍လည်း ဧည့်ပရိသတ်များထဲမှလည်း ဝါဆိုသင်္ကန်း များ ထည့်ဝင်ကပ်လှူထားကြသည်။

စကားဝါကတော့ သည်မြင်ကွင်းတွေကြည့်ပြီး အနားမှာရှိ နေသော ကိုမင်းကို သိလိုသည်များ မေးနေတော့၏။

ကိုမင်းက စေတီဘက်သွားလိုက်၊ တရားနာမဏ္ဍပ်ဘက်ကူး လိုက်၊ ဧည့်ခံမဏ္ဍပ်ဘက်ကူးလိုက်ဖြင့် အလုပ်များ နေချိန်မှာလဲ စကားဝါ ကတော့ ကိုမင်းနားက မခွာဘဲလက်ကို အသာဆွဲလို့ လိုက်နေသည် လေ...။

လိုက်ပေမပေါ့။ မြန်မာပြည်မှာ...။ ပြီးတော့ သည်ပုဂံမှာအဓိက

အားကိုးအားထားပြုနေရသည်က ကိုမင်းပဲ မဟုတ်လား။ ကိုမင်းမျက်နှာတစ်ရှာ ထင်လို့ မြန်မာပြည်ကို ရောက်ခဲ့ရတဲ့ ဂျပန်သူလေးလေ...။

ယခုတော့ မြန်မာ့မြေ ပုဂံဒေသမှာ သူပျော်နေလေရဲ့။

နံနက် ၉နာရီ ၁၈မိနစ်။

ဘုရားထီးတင်ပြီ။

ထီးတော်ဆိုင်းကြိုးကို ကိုမင်း၊ စကားဝါ၊ ပြီးတော့ မြကြာဖြူတို့မိသားစုတို့ ဆွဲလို့တင်ပြီလေ...။

ဤမြင်ကွင်း၊ သည်ကုသိုလ်ကို စကားဝါတစ်ယောက် ကွယ်လွန်သွားရှာပြီ ဖြစ်သော အဘွားဒေါ်သပြေနှင့် အဘိုးဖြစ်သူတို့ကိုလည်း အတူတွေ့မြင်ရယူ စေချင်နေမှာ အမှန်ပါပဲ။

ထီးတင်မှုအလှူပြီးတော့ စကားဝါတစ်ယောက် ပျော်နေလေရဲ့။

"ကိုမင်းရယ်၊ ရင်ထဲမှာ ဘယ်လိုခံစားရမှန်းမသိဘူး၊ ဒီအလှူအတွက် ရင်ထဲမှာ ကြည်နူးပီတိ ဖြစ်လိုက်တာ"တဲ့လေ...။

ပြောသည့်ဟန်ကိုလည်း ကြည့်ဦး။

ကိုမင်း လက်မောင်းကို လှုပ်ခါဆွဲလို့။ မျက်ဝန်းမှာလဲ ဝမ်းသာကြည်နူးမှု မျက်ရည်ဥတို့က တွဲလို့ခိုလို့။

ထီးတင်မှုပြီးတော့ တရားနာမဏ္ဍပ်ထဲ လူပြန်စုကြသည်။

၎င်းနောက် ဂူကျောင်းဆရာတော်နှင့် သံဃာတော်များက ဘုရားအနေ ကဇာတင်၊ တရားတော်ပေး၊ ညေ့ပရိသတ်က တရားနာ၊ ရေစက်ချ။

သည်ကုသိုလ်ဒါနရဲ့ အကျိုးဆက်ကတော့ နောင်သံသရာအဆက်ဆက်လိုရာဆန္ဒတွေပြည့်လို့ နိဗ္ဗာန်သို့ ရောက်ရဖို့ပဲလေ...။

အထူးသဖြင့် စကားဝါတစ်ယောက်လိုရာဆန္ဒတွေပြည့်ဖို့...။

စကားဝါရဲ့ လိုရာဆန္ဒတွေက ဘာတွေလဲ...။





နောင်ဘဝအဆက်ဆက် မြန်မာပြည်သူလေး ဖြစ်ရပါစေတဲ့လား...။

ပြီးတော့ကော...။

စကားဝါရဲ့ လိုရာဆန္ဒတွေကတော့ အများကြီးပါပဲ။

နံနက်၁၀နာရီခွဲကျော်တော့ တရားနာခြင်းကိစ္စပြီးလို့ ဆရာတော်များထံ ဆွမ်းကပ်ကြသည်လေ...။

ကိုမင်းရယ်၊ စကားဝါရယ်၊ မြကြာဖြူတို့မိသားစုရယ် အားလုံးမိသားစုပမာ ဆွမ်းကပ်ကြသည့်မြင်ကွင်း။ ပြီးတော့ ခုနကထီးတင်ပွဲမြင်ကွင်း၊ တရားနာသည့် မြင်ကွင်း၊ စတာတွေကို ဓာတ်ပုံမှတ်တမ်းတင်နေသူကတော့ တင်မောင်ဦးရယ်ပါ။

သူသည်လည်း မိတ်ဆွေများ၏ အလှူမှာကူရသည့်အတွက် ပျော်နေခဲ့သည်လေ။ ပြောရလျှင် သည်အလှူပွဲကို ဦးဆောင်စီစဉ်ပေးခဲ့သူက သူပဲမဟုတ်လား––။

သည်ဘက်မဏ္ဍပ်မှာ ဆရာတော်များကို ဆွမ်းကပ်နေသည့်အချိန်မှာပဲ ဟိုဘက်က ဧည့်ခံမဏ္ဍပ်ကြီးမှာ ဧည့်ပရိသတ်တို့ကို ကျွေးမွေးနေပြီလေ...။

ဘေးနားဝန်းကျင်များဆီက အချို့မှာ ခြေကျင်၊ အချို့က နွားလှည်း၊ အချို့ကတော့ မြင်းလှည်းတွေနဲ့ တပျော်တပါးကြီးလာကြ၊ စားကြ...။

ပြီးတော့ ဒိုးပတ်ဝိုင်းကလည်း မြိုင်ကနဲ မြိုင်ကနဲဆိုတော့ သည်ပွဲရဲ့ မြင်ကွင်း၊ သည်ပွဲက လွင့်ပျံ့လာတဲ့ ဒိုးပတ်သံတွေဟာ မြင်ရသူ၊ ကြားရသူတွေ အတွက် တကယ့်မဟာအလှူပွဲကြီးရယ်လို့ သတ်မှတ်ကြမှာ အမှန်ပဲလေ။

သည်အလှူပွဲမျိုးက သည်နေရာဝန်းကျင်မှာ ရှိပင်ရှိပေမယ့် တကယ်တော့ ရှားတယ်လေ...။

ဘုန်းကြီးဆွမ်းကပ်ပြီးတော့ မြကြာဖြူက–

"ညီမလေး စကားဝါ လာလေ၊ ဟိုဘက်ဧည့်ခံမဏ္ဍပ်ကိုသွားရအောင်၊ ဧည့်သည်တွေက အလှူရှင်ကို တွေ့ချင်လို့တဲ့"

မြကြာဖြူက စကားဝါ့ကိုခေါ်တော့ စကားဝါကလဲ–

"ကိုမင်း လာလေ၊ သွားရအောင်"ဟုဆိုကာ ကိုမင်းလက်ကိုဆွဲလို့ ခေါ်ပြန်သည်လေ...။

သူတို့သုံးယောက် ဧည့်ခံမဏ္ဍပ်ကိုရောက်တော့ ဧည့်ပရိသတ်တွေက သူတို့ဆီဝိုင်းအုံလာပြီး–

"ဟယ်...ဂျပန်မလေးတဲ့တော့၊ လှလိုက်တာ"

"မြကြာဖြူနဲ့ညီအစ်မဆိုရင်ယုံတယ်၊ ရုပ်ချင်းဆင်တယ်တော့"

"ဂျပန်သူလေးက မြန်မာဝတ်စုံနဲ့ဆိုတော့ မြန်မာမလေးအတိုင်းပဲ"

"ကြည့်စမ်း၊ မြန်မာပြည်မှာတောင်အလှူလာပေးတယ်၊ ငါတို့တစ်တွေနဲ့ ရေစက်ဆုံတာပဲ"

"မြန်မာပြည်မှာ အမြဲနေမှာလားဟင်"တဲ့ စသည်စသည်ဖြင့် ပရိသတ်များထံမှ ပြောဆိုသံများက စကားဝါအတွက် မဖော်ပြနိုင်လောက်အောင် ခံစားလိုက်ရတဲ့ လှိုက်လှဲနွေးထွေးမှုတွေပါပဲ။

မြကြာဖြူကို ရင်းနှီးနေသူတွေကတော့–

"မြကြာဖြူ အရင်က တစ်ဦးတည်းသမီးဆို၊ အခု ဘယ်က ညီမတစ်ယောက်ရောက်လာတာလဲ"

"မြကြာဖြူမှာ ဒီလောက်ချောချော ညီမတစ်ယောက်ရှိတာ အရင်က တို့ကိုမပြောဘူး" စသည်ဖြင့် တီးတိုးပြောဆိုကြသည်။





သည်မြင်ကွင်းတွေ၊ သည်ဖော်ရွေမှုတွေ၊ သည်နွေးထွေးမှုတွေ၊ သည်ပျော်ရွှင်မှုတွေခံစားလို့မှ မဝခင် စကားဝါတစ်ယောက် ပြန်ရမည့်ရက်ကို ရောက်တော့မည်လေ...။

ဖြစ်နိုင်လျှင် စကားဝါတစ်ယောက် မြန်မာပြည်က မခွာချင်လောက်အောင် ဖြစ်၍နေရပါပြီ။

မြကြာဖြူတို့မိသားစုနဲ့ ပုဂံသူ၊ ပုဂံသားတွေ သူတို့အပေါ် သံယောဇဉ်တွေ ငြိတွယ်လို့နေပြီပေါ့။ သူတို့ အတူနေရခြင်းကိုက ပျော်ရွှင်မှုအဖုံဖုံ၊ ကြည်နူးမှုအစုံစုံနဲ့ ပြည့်စုံလို့သူတို့အပေါ် ခုံမင်တွယ်တာလို့နေခဲ့ရပြီလေ။

ပြီးတော့...ကိုမင်း...။

ရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ တွယ်တာနေရသူက ကိုမင်း...။

စကားဝါ ကိုမင်းကို ဂျပန်ပြည်မှာရှိစဉ်ကပင် တွယ်တာခဲ့ရပါသည်။ ချစ်ခဲ့ရပါသည်။

သို့သော် ကိုမင်းထံမှ ချစ်ခွင့်ပန်ကြား ချစ်စကားကို စကားဝါ မကြားခဲ့ရပါ။ မျှော်လင့်ခြင်းများစွာထားခဲ့သော်လည်း သည်စကားကို ကိုမင်း မပြောဖြစ်ခဲ့ပါ။

ချစ်ခွင့်ကြုံနိုး မျှော်ကိုးစောင့်စားခဲ့ရသော်လည်း ချစ်ခွင့်ပိုင်ပိုင် ရယူနိုင်ခြင်း မရှိခဲ့ပါ။

နက်ဖြန်...။

စကားဝါ ပြန်ရပါတော့မည်။

ရန်ကုန်မြို့ကြီးမှတစ်ဆင့် မွေးရပ်ဌာနေ ဂျပန်ပြည်သို့ ပြန်ရပါတော့မည်။

ဖြစ်နိုင်လျှင် ကိုမင်းကိုပါ တစ်ပါတည်း လိုက်စေချင်သည်။ ခေါ်သွားချင်သည်။

ကိုမင်းကို စကားဝါ ချစ်သည်။ ကိုမင်းရဲ့ ချစ်ခွင့်စကားကို ကြားချင်သည်။

စကားဝါတစ်ယောက် ကိုမင်းအပေါ် ချစ်ခွင့်ကို ပိုင်ပိုင်ရချင်ပါသည်။

သို့သော်...။

တကယ်တော့...။

* * *



## အခန်း ( ၂၆ )

ယနေ့ညသည်ပုဂံတွင် တွေ့ရစဉ်ခဏ ကိုမင်းနှင့်စကားဝါတို့အတွက် နောက်ဆုံးညကလေးပါ။

နက်ဖြန်မနက်လေယာဉ်ဖြင့် ကိုမင်းနှင့်စကားဝါရန်ကုန်သို့သွားမည်...။

ထိုနေ့တွင်ပင် စကားဝါက ဗန်ကောက်မှတစ်ဆင့် ဂျပန်သို့ အပြန်ခရီးဆက်ရပြီပေါ့။

ဂျပန်က စကားဝါ့မိသားစုကို ပြန်လာမည့်ရက်ကိုပြောထားခဲ့ပြီးပြီလေ––။

သည်တော့ သည်ညသည် ကိုမင်းနှင့်စကားဝါတို့အတွက် နောက်ဆုံး ညပေပဲပေါ့––။

မနက်က အလှူပွဲတွင် ပင်ပန်းခဲ့ကြသည်မှန်သော်လည်း ယနေ့ည စကားဝါ အိပ်၍ပျော်မည်မဟုတ်။

ကိုမင်းကရောသည်အတိုင်းပါပဲလေ။ နက်ဖြန်စကားဝါကို နှုတ်ဆက်ခွဲခွာရတော့မည်မဟုတ်ပါလား...။

အိပ်၍မပျော်သော ကိုမင်းတစ်ယောက် ဟိုတယ်ခန်းထဲက

တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး တစ်ဖက်ခန်းရှိ စကားဝါ့ထံ ဆက်လိုက်သည်။

"ဟဲလို…၊ စကားဝါလား"

"ကိုမင်း…ပြောလေ"

"အိပ်နေပြီလားလို့…"

"မအိပ်သေးဘူး…အိပ်လို့မရဘူး"

အချိန်က ည ၁၁နာရီကျော်နေပြီလေ။ အခြားဟိုတယ်ခန်းများက ဧည့်သည်များကတော့ အိပ်နေရောပေါ့။

"ဒါဆို ကိုမင်းတို့ အပြင်လျှောက်ပြီး စကားပြောကြရအောင်"

"လာခဲ့မယ်လေ၊ စကားဝါလဲ စကားတွေ အများကြီးပြောချင်တယ်၊ ကိုမင်းအခန်းဝက စောင့်နေနော်"တဲ့။

နှစ်ဦးသားအခြားဟိုတယ်ခန်းများကို ဖြတ်ကျော်ပြီး ဟိုတယ်ခန်းများအဆုံး ဟိုတယ်ခန်းများထိပ်ဝင်ပေါက်အနီး မြက်ခင်းပေါ်ရှိ နှစ်ယောက်ထိုင်ခုံဆီသို့ လျှောက်ခဲ့ကြ၏။

ပုဂံဟိုတယ်သည် မျက်နှာချင်းဆိုင် အခန်းများပါဝင်သော အဆောင်များဖြင့် ဖွဲ့စည်းထားသည်။ ထိုအဆောင်များ၏ ဟိုဘက်သည်ဘက် အဝင်ဝများကို ရှေးပုဂံနန်းဟန် အုတ်ခုံဒီဇိုင်းများဖြင့် ဖန်တီးတည်ဆောက်ထား၏။

ထိုဟိုတယ်ဆောင် ဟိုဘက်သည်ဘက်များ အဝင်ဝအနီးရှိ မြက်ခင်းပြင်များမှာတော့ နှစ်ယောက်ထိုင် ခုံတန်းလေးများကို ပြုလုပ်ပေးထားသည်။

ထိုခုံတန်းလေးများအနီးတွင် မီးရောင်ပြပြသာရှိ၏။ ဟိုတယ်ဆောင်အဝင်ဝတွင် ထွန်းညှိထားသော မီးရောင်အားသာရှိသည်။

ကောင်းကင်ပေါ်တွင်တော့ မိုးတိမ်များ ပြေးလွှားနေသည်။





လတစ်ခြမ်းကွေး ကတော့ မိုးတိမ်များအောက်၌ ပေါ်လိုက်ပျောက်လိုက်ဖြစ်နေလေ၏။

နှစ်ဦးသား ခုံတန်းထက်တွင် ထိုင်လိုက်ကြလေသည်။ ခဏကြာသည်အထိ နှစ်ဦးသား စကားမပြောဖြစ်ကြ။ နောက်မှ ကိုမင်းကစ၍…

"စကားဝါ"

"ကိုမင်း"

"နက်ဖြန် စကားဝါ ပြန်ရတော့မယ်နော်"

"စကားဝါ မပြန်ချင်သေးဘူး ကိုမင်းရယ်"

ပြောပြောဆိုဆို စကားဝါ ကိုမင်းပခုံးပေါ် ခေါင်းလေးမှီလာသည်။ ကိုမင်း စကားဝါကို တစ်ချက်စောင်းငဲ့ ကြည့်လိုက်မိ၏။ ပြီးမှ–

"စကားဝါ မနက်ကလဲ အလှူမှာ ပင်ပန်းထားတာ၊ ကိုမင်းက စကားဝါ အိပ်ပျော်နေပြီထင်တာ"

"အိပ်မပျော်ပါဘူး ကိုမင်းရယ်၊ ပြန်ရမှာကို တွေးမိလေ အိပ်မပျော်လေပါပဲ ကိုမင်းရယ်"

"ကိုမင်းလဲဒီလိုပါပဲ၊ စကားဝါပြန်သွားမှာကို တွေးပြီး အိပ်မပျော်နိုင်ဘူးလေ"

"ကိုမင်း"

"ပြောလေ"

"စကားဝါပြန်သွားရင် ကိုမင်း လွမ်းနေမှာလားဟင်"

"လွမ်းရပြီပေါ့ စကားဝါရယ်၊ ကိုမင်း စကားဝါ့ကို အရမ်းလွမ်းမိမှာပဲ"

"ကိုမင်း"

"ပြောလေ စကားဝါ"

"ကိုမင်းစိတ်မဆိုးနဲ့နော်၊ စကားဝါ့ကိုလဲ အထင်မသေးလိုက်ပါနဲ့"

"ပြောပါ စကားဝါ"

"ကိုမင်းကို စကားဝါ မခွဲနိုင်ဘူး ကိုမင်းရယ်"

ပြောရင်း စကားဝါလက်တစ်ဖက်က ကိုမင်းခါးကို သိုင်းဖက်လိုက်၏။ ပြီးနောက် ကိုမင်းက–

"စကားဝါ"

"ကိုမင်း"

"စကားဝါ ကိုမင်းဆီက သိချင်တဲ့ နောက်ဆုံးဂျပန်စကားလေး တစ်ခွန်းကို မမေးတော့ဘူးလားဟင်"

"မမေးတော့ပါဘူး ကိုမင်းရယ်"

"ဘာဖြစ်လို့လဲ စကားဝါရယ်၊ ကိုမင်းဖြေချင်နေပြီဆိုရင်ရော"

"ကိုမင်းရင်ထဲမှာ စကားတွေ အခု စကားဝါကြားနေရတယ်လေ၊ နှုတ်နဲ့ မပြောပေမယ့် ကိုမင်း နှလုံးသားထဲက စကားတွေ အခု စကားဝါ ကြားနေရပြီလေ"

"အို...စကားဝါရယ်"

"ဒါပေမယ့် ကိုမင်းရယ်၊ စကားဝါ တစ်ခုတော့ မေးချင်ပါတယ်"

"မေးလေ စကားဝါ သိချင်တာအားလုံး ကိုမင်း ပြောပါ့မယ်"

"စကားဝါ့အဘိုးနဲ့ ပုဂံသူလေး မသပြေ ချစ်လျက်နဲ့ အတူမနေကြရဘူးနော်"

"အင်း..."

"ပြီးတော့ ကိုမင်းပြောခဲ့တဲ့ ကျန်စစ်မင်းကြီးရဲ့ သမီးတော် ရွှေအိမ်စည်၊ သူ့ချစ်သူနဲ့ ကွေကွင်းခဲ့ရတယ်"

"ဟုတ်တယ်လေ"





"သူတို့တတွေ ချစ်လျက်နဲ့ ဘာလို့ဝေးခဲ့ကြတာလဲဟင်၊ ဘယ်အရာတွေက အချစ်ကို တားဆီးခဲ့ကြတာလဲ၊ အချစ်ဆိုတာ အင်အားကြီးတယ်ဆို ကိုမင်း"

"စကားဝါ နားမလည်ပါဘူးကွယ်"

"စကားဝါ နားလည်ချင်တယ် ကိုမင်းရယ်၊ အချစ်ရဲ့အင်အားနဲ့ အရာရာကို ဆန့်ကျင်ပစ်လိုက်ချင်တယ်"

ပြောရင်း ကိုမင်းရင်ခွင်ထက်သို့စကားဝါ့မျက်ရည်စက်တို့ စီးကျလာသည်။ ကိုမင်း စကားဝါ့ပခုံးကို တင်းကျပ်စွာ သိုင်းဖက်ထားလိုက်ပါ၏။

စကားဝါကလည်း ကိုမင်း၏ခါးကို လက်တစ်ဖက်က တင်းကျပ်စွာ သိုင်းဖက်ရင်း ကျန်လက်တစ်ဖက်က လက်ချောင်းလေးများဖြင့် ကိုမင်းရင်ညွန့်ပေါ်တွင် ရေးခြစ်ကာ...

"ကိုမင်း..."

"ဟင်..."

"ကိုမင်းကို စကားဝါ သိပ်ချစ်တယ် ကိုမင်းရယ်"

ချစ်တယ်ဟုဆိုအပြီး စကားဝါ့ထံမှ ရှိုက်သံသဲ့သဲ့ထွက်လာသည်။

"ကိုမင်းလဲ စကားဝါ့ကို သိပ်ချစ်ပါတယ်ကွယ်" ဟုဆိုကာ စကားဝါ့နဖူးပြင်ကို ကိုမင်း ဖွဖွကလေးနမ်းလိုက်မိပါသည်။

ပြီးနောက် နှစ်ဦးသားတင်းကျပ်စွာ ဖက်ထားလိုက်မိပါတော့၏။

သြော်...ပုဂံညသည် တိမ်မြူကင်းသော လမင်းအလင်းရောင်အောက်တွင် အေးချမ်းခြင်းနှင့်အတူ လှပ၍နေပါတော့သည်။

* * *

ထိုညက ကိုမင်း တစ်ညလုံးအိပ်မပျော်ခဲ့ပါ။

ထို့အတူ စကားဝါသည်လည်း ထိုညက တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

ဟိုတယ်ဆောင်ရှေ့ခုံတန်းလေးမှာ နှစ်ဦးသာ းတွေ့ခဲ့ကြပြီးနောက် အချစ်ရင်ခုန်သံတို့ကြောင့် နှစ်ဦးစလုံး အိပ်မပျော်ခဲ့ကြခြင်းဖြစ်ပါသည်။

မနက်မိုးလင်း နံနက်စာစားဖို့ စကားဝါ့အခန်းတံခါးကို ခေါက်ပြီးနှိုးတော့ စကားဝါ့မျက်ဝန်းတွေက နီလို့ မို့လို့လေ။

စကားဝါ တစ်ညလုံး မအိပ်ဘဲ ငိုနေခဲ့သည်လား...။

အေးလေ...ကိုမင်း ကိုယ်တိုင်လဲ ရင်ထဲမှာငိုနေခဲ့ရသည်ပဲ။

နံနက်စာစားပြီး ဟိုတယ်ကို တင်မောင်ဦးနှင့်မြကြာဖြူတို့ရောက်လာသည်။

ကိုမင်းနှင့်စကားဝါကို လေဆိပ်သို့လိုက်ပို့ကြမည်ပေါ့။

ပုဂံ–ညောင်ဦးလေဆိပ်အရောက် လေယာဉ်ပေါ်တက်တော့စကားဝါက မြကြာဖြူအား–

"မမ မြကြာဖြူက စကားဝါရဲ့အစ်မအရင်းနေ့်၊ မမကို စကားဝါအမြဲတမ်းသတိရနေမယ်၊ မမကံကောင်းပါစေ"တဲ့။

ပြောပြီး လေယာဉ်ပေါ်တက်သွားသည်။

စကားဝါ့စကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်ဘဲလေဆိပ်တွင် ကျန်ခဲ့ရသူက မြကြာဖြူရယ်ပါ။

* * *

## အခန်း ( ၂၇ )

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံခြားသားအများစုပါဝင်သော ခရီးသည်များ ညနေပိုင်း ဗန်ကောက်သို့ထွက်မည့် TG လေယာဉ်ကို စောင့်ဆိုင်းနေသည်။

တစ်နေ့တာအတွက် နောက်ဆုံး TG ခရီးစဉ်ဖြစ်၏။

ညနေ ၄နာရီကတည်းက ကိုမင်းနှင့်စကားဝါတို့ လေဆိပ်သို့ရောက်ရှိနေကြသည်။ လေဆိပ်တွင် စိုးလွင်အောင်က လာကြိုပြီး Luggage ချိန်ပြီးကြောင်းပြောကာ တန်ဆာဖြတ်ပိုင်းလေး ပေးသွားသည်။

ပြီးနောက် စိုးလွင်အောင်က ကိစ္စရှိသည်ဆိုကာ ပြန်သွား၏။

ကိုမင်းနှင့်စကားဝါတို့လေဆိပ်စားသောက်ဆိုင်တွင်ပင် ညနေစာစားပြီးနောက် လက်ဖက်ရည်သောက်ရင်း ဗန်ကောက်က လေယာဉ်အလာကို စောင့်နေကြသည်။

စားသောက်ဆိုင်တွင် လူအများကြီးတော့မဟုတ်။ နိုင်ငံခြားသားစုံတွဲနှစ်တွဲ ခပ်လှမ်းလှမ်းတွင် တွေ့ရသည်။ သူတို့သည်လည်းသူတို့အာရုံနှင့်။ လေယာဉ်အလာကို မျှော်နေကြသည်ထင့်...။



–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–

လေယာဉ်က ညနေ ၆ နာရီခန့်မှ ရောက်မည်။ ရန်ကုန်မှ ဗန်ကောက်သို့ ညနေ ၆နာရီ ၄၀တွင် ထွက်မည်။ ဗန်ကောက်သို့ ည ၇နာရီ ၃၅တွင် ရောက်မည်။

ပြီးတော့ စကားဝါက ဂျပန်ခရီးအတွက် JAL 704 ကို ထပ်စောင့်ရမည်။ ဗန်ကောက်မှ ဂျပန်သို့ ထိုင်းဒေသစံတော်ချိန် ည ၁၀နာရီခွဲမှ ထွက်မည်။ စကားဝါတစ်ယောက်တည်း ဗန်ကောက် လေဆိပ်တွင် ၃နာရီခန့် စောင့်ရပေဦးမည်။

"စကားဝါ"

"ရှင်..."

"ရှင်"တဲ့။ မြန်မာဆန်လိုက်တာ စကားဝါရယ်။

"စကားပြောပါဦး၊ ငြိမ်လှချည်လား"

မှန်ပါသည်။ စကားဝါတစ်ယောက် ညောင်ဦးလေဆိပ်လေယာဉ် ပေါ်တက်ကတည်းက ယခုထိစကားကို အရင်လို သွက်သွက်လက်လက် မပြောတော့။ လေယာဉ်ပေါ်မှာလည်း ကိုမင်းပခုံးကို မှီရင်းသာ လိုက်ခဲ့ သည်။

"စကားဝါ့ရင်ထဲမှာ တစ်ယောက်တည်း စကားတွေပြောနေ တာပါ ကိုမင်းရယ်"

ဆွေးဆွေးမြွေမြွေပင် ပြောနေရှာပါသည်။

"စကားဝါ့ရင်ထဲက စကားတွေ ကိုမင်းလဲ ကြားချင်တယ်လေ"

စကားဝါက သူ့လက်ကိုင်အိတ်ထဲမှ စာလေးတစ်စောင်ကို ထုတ်ပေးသည်။

"ဒီစာထဲမှာ ကိုမင်းအတွက် စကားဝါ့ရင်ထဲက စကားတွေရှိ ပါတယ်၊ လေယာဉ်တက်သွားတဲ့အခါ ဖတ်ကြည့်ပါ"

"စကားဝါကလဲကွယ်၊ ကိုမင်းကို နှုတ်နဲ့ပြောလဲရရဲ့သားနဲ့"

**– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –**



"နှုတ်နဲ့ပြောမယ့်စကားထက် ပိုပြီးလေးနက်တဲ့စကားတွေပါ ကိုမင်း၊ ညက တစ်ညလုံးစကားဝါ မအိပ်ဘဲ ရေးခဲ့တာပါ၊ စကားဝါ့ မျက်ရည်တွေနဲ့ ရေးခဲ့ရတာပါ"

ဟော–ပြောရင်း စကားဝါ့မျက်ဝန်းက မျက်ရည်တွေ ဝဲလာပြန် ပါပြီ။

လက်စသတ်တော့ တစ်လမ်းလုံး စကားမပြောဘဲ နေခဲ့တာ တကယ်တော့ စကားဝါ့ရင်ထဲမှာ စကားတွေ အများကြီး ပြောနေခဲ့တာ ကိုး..."

ထိုစဉ် ကိုမင်းက ခုနက စိုးလွင်အောင်ပေးသွားသည့် ဖြတ်ပိုင်း လေးတစ်ခု နှင့်အတူ စာတစ်အိတ်ကို ထုတ်ပေးရင်း–

"ဟောဒါက စကားဝါ့အတွက် တစ်သက်လုံးအမှတ်တရသိမ်း ထားဖို့ ကိုမင်းရဲ့လက်ဆောင်ပစ္စည်းလေး၊ ဒီဖြတ်ပိုင်းနဲ့ အဲဒီပစ္စည်းကို ရွေးနော်၊ Luggage လုပ်ပြီးတင်ပေးလိုက်ပြီ၊ ဟောဒါက စကားဝါ့လိုပဲ ညက စကားဝါနဲ့တွေ့ပြီး မအိပ်ဘဲရေးထားတဲ့ စာ၊ ကိုမင်းရင်ထဲက စကားတွေရေးထားတယ်"

ကိုမင်း၏ ကမ်းပေးသောစာကို စကားဝါယူရင်း စာနှင့်အတူ ကိုမင်း၏ လက်ကိုပါ ဖမ်းဆုပ်ထားပြီး–

"ကိုမင်း"

ပြောရင်း စကားဝါ့မျက်ဝန်းမှ မျက်ရည်ဥတို့ စီးကျလာသည်။

"အို...မငိုရဘူးလေ၊ ကိုမင်းတို့ အပြီးခွဲသွားတာမှ မဟုတ်ဘဲ၊ မကြာမကြာ ပြန်ဆုံနိုင်ကြသေးတာပဲ"

"ကိုမင်း ကံကောင်းပါစေ"တဲ့။

ပြောပြီး စားသောက်ခန်းမမှ လေယာဉ်ခရီးသည်များ နားနေ ဆောင်သို့ အဆင်း။

**–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–**

ခဏအကြာ ထွက်ချာနီးလို့ ခရီးသည်တွေကိုခေါ်တော့–

စကားဝါတစ်ယောက် ကိုမင်းကို အားရပါးရ သိုင်းဖက်ရင်း မျက်ရည်များဖြင့်–

"ကိုမင်း...ကိုမင်း...စကားဝါကို သတိရနေပါနော်"တဲ့...။

ပြီးတော့ ပြောသေးတယ်။

"**ကိုမင်းကို သိပ်ချစ်တယ်**"တဲ့လေ...။

ပြောပြီး လေယာဉ်ကွင်းထဲဝင်သွားသည့် စကားဝါကို ကိုမင်း မျက်စိတစ်ဆုံး ကြည့်နေမိပါသည်။ မြန်မာပြည်ကိုချစ်သော ဂျပန်မလေး အချိန်တန်တော့ မွေးရပ်မြေကို ပြန်ခဲ့ရပြီပေါ့။

လေယာဉ်တက်သွားတော့–

ကိုမင်း စကားဝါ့ရဲ့စာလေးကို ဖောက်ဖတ်ကြည့်လိုက်မိပါသည်။

စကားဝါ့စာထဲမှာတော့–

**ချစ်ရတဲ့ ကိုမင်း...**

အချစ်ဆိုတာ တကယ်ဆန်းကြယ်တယ်နော် ကိုမင်း၊ သိပ်ချစ်ရပြီဆိုတဲ့ အချိန်ကျမှ ကိုမင်းနဲ့ တကယ်ဝေးရတော့မယ်ဆိုတာ သိလိုက်ရတယ်၊ အချစ်ရဲ့ အင်အားဟာ ကြီးတယ်ဆိုပေမယ့် ပုဂံရောက်တဲ့အခါမှာတော့ အချစ်ထက် အင်အားကြီးတဲ့အရာကို စကားဝါ တွေ့ခဲ့ရပြီလေ...။

အခုတော့ အဘိုးနဲ့ပုဂံသူလေး မသပြေတို့ ချစ်လျက်နဲ့ဝေးခဲ့ရတဲ့ အကြောင်းတွေ ပုဂံမင်းသမီး ရွှေအိမ်စည်တို့ ချစ်သူနှစ်ဦးဝေးခဲ့ရတဲ့ အကြောင်းတွေနဲ့အတူ ကိုမင်းနဲ့စကားဝါတို့ရဲ့ ဝေးရတော့မယ့် အကြောင်းတွေကိုပါ စကားဝါ သိလာရတယ်။

စကားဝါဟာ မြန်မာသူလေး ဖြစ်ချင်ပေမယ့် တကယ်တော့ စကားဝါဟာ တစ်ပြည်သူလေ– လူကြီးတွေဆုံးဖြတ်တာ မမှားပါဘူး။





စကားဝါတို့အလှူမလုပ်ခင်ညမှာ မမမြကြာဖြူရဲ့အမေနဲ့ စကားဝါ စကားတွေအများကြီးပြောဖြစ်ခဲ့ကြတယ်။ အဲဒီမှာ ပုဂံသူ မသပြေကို မိဘတွေက တစ်ပြည်သားဖြစ်တဲ့အဘိုးနဲ့ သဘောမတူခဲ့တာတွေ ပြီးတော့ မမမြကြာဖြူနဲ့ ကိုမင်းတို့ တစ်ချိန်က ချစ်သူတွေ ဖြစ်ခဲ့ကြဖူးတာတွေကိုပါ စကားဝါ သိလိုက်ရတယ်။

ဒါပေမယ့် ကိုမင်း– ဒါတွေကိုသိလို့ ကိုမင်းအပေါ် အချစ်မပျယ်ခဲ့ပါဘူး။ ကိုမင်း စကားဝါ့အပေါ်ချစ်တဲ့ အချစ်ဟာ မမမြကြာဖြူ အပေါ်ချစ်တဲ့အချစ်ထက် မလျော့ဘူးဆိုတာ စကားဝါသိနေတယ်လေ။

ကိုမင်းရယ် အဲဒီအချိန်မှာပဲ စကားဝါသိလိုက်ပါတယ်။ စကားဝါ့ရဲ့ အချစ်အင်အားတွေ ကျဆုံးသွားပြီဆိုတာ။

ဒါပေမယ့် ကိုမင်း၊ အဘိုးရဲ့ဒိုင်ယာရီက စာကြောင်းလေးတွေကို ချက်ချင်းပဲ သတိရလိုက်တယ်။ အရင်ကတော့ အဲဒီစာကြောင်းလေးရဲ့အဓိပ္ပာယ်ကို နားမလည်ခဲ့ဘူး။ မခံစားခဲ့ရဘူး။ အခုတော့ အဲဒီစာကြောင်းလေးရဲ့ အဓိပ္ပာယ်ကို အဘိုးနဲ့ထပ်တူခံစားခဲ့ရပါပြီ။

အဲဒီ စာကြောင်းလေးက ဘာလဲဆိုတော့–

"တစ်ဦးနဲ့တစ်ဦး အကြောင်းမညီညွတ်လို့ အိမ်ထောင်ဖက်အဖြစ် မပိုင်ဆိုင်ရတော့ပေမယ့် ချစ်ခွင့်လေးတော့ ပိုင်သင့်တယ်မဟုတ်လား မသပြေ"တဲ့–။

ပြီးတော့ ရှိသေးတယ်။

"ဘယ်လိုအတားအဆီးတွေကြားမှာပဲဖြစ်ဖြစ် "**ချစ်တယ်**"ဆိုတဲ့ စကားကိုတော့ ပြောခွင့်ရှိဦးမယ်မဟုတ်လား မသပြေ...။ မသပြေကို ကိုယ် သိပ်ချစ်တယ်"–တဲ့။

အဲဒီစကားတွေနဲ့ထပ်တူခံစားပြီး ပြောချင်တယ်။ ကိုမင်းရယ်။ ကိုမင်းကို ပိုင်ဆိုင်ခွင့်မရတော့ပေမယ့် ကိုမင်းအပေါ် ချစ်ခွင့်ကိုတော့

ပိုင်သင့်တယ်လို့ထင်ပါတယ်။ ဒါပေမယ့် ချစ်စရာကောင်းတဲ့ မမမြကြာဖြူကို အစ်မတစ်ယောက်လို သဘောထားပြီး ကိုမင်းကိုလဲ အစ်ကိုတစ်ယောက်လိုပဲ တစ်သက်လုံးချစ်သွားဖို့ နှလုံးသားအလို ဆန့်ကျင်ပြီး ဆုံးဖြတ်လိုက်ပါပြီ။

ကိုမင်းနဲ့ မမမြကြာဖြူတို့နှစ်ဦး ကံကောင်းကြပါစေလို့–

## "ချစ်ရတဲ့ ညီမလေးစကားဝါ"

ကိုမင်း ဤစာကိုဖတ်ပြီးရင်နှင့်အမျှ ခံစားခဲ့ရပါပြီ။ ခုချိန်လောက်ဆို စကားဝါသည်လည်း လေယာဉ်ပေါ်တွင်ပင် ကိုမင်း၏စာကို ဖတ်နေလောက်ရောပေါ့...

**"စကားဝါ"**

စကားဝါ့ကို စကားတစ်ခွန်း ပြောမထွက်ခဲ့ဖူး။ အဲဒီ စကားတစ်ခွန်းကတော့ စကားဝါ မကြာမကြာတောင့်တနေတဲ့ ဂျပန်စကားနောက်ဆုံးတစ်ခွန်းလေ–။

ကိုမင်းပြောသင့် မပြောသင့် အကြိမ်ကြိမ် စဉ်းစားခဲ့ရပါတယ်။ ဒါပေမယ့် စကားဝါ ဒီစကားကို နောက်ပိုင်းမှာ ဘာကြောင့် မမေးတော့တယ်ဆိုတာ မသိပေမယ့် ကိုမင်းသိပ်ပြောချင်နေမိခဲ့တယ်။ ဒါကြောင့် ညက ပုဂံဟိုတယ်က ခုံတန်းလေးမှာ စကားဝါ မမေးတော့တဲ့ စကားလေးတစ်ခွန်းကို ပြောဖြစ်ခဲ့တယ်။

အဲဒီစကားကတော့ စကားဝါကို ကိုမင်း **"ချစ်တယ်"**ဆိုတာပါပဲ။ ဂျပန်လိုပြောရတာ အားရမှာမဟုတ်လို့ မြန်မာလိုပဲ ပိုင်ပိုင်ကြီး ပြောဖြစ်ခဲ့တယ်။

ထပ်ပြီးပြောမယ် စကားဝါရယ်...။

– နိုင်ငံ့ဂုဏ်ရည်စာပေတိုက် –



## "စကားဝါ့ကို ကိုမင်း သိပ်ချစ်တယ်"

ဒီစကားပြောတဲ့အချိန်မှာရော၊ အရင်အချိန်တွေမှာရော စကားဝါ့ကို ပိုင်ဆိုင်ခွင့်မရနိုင်ဘူးဆိုတာသိပေမယ့် အတားအဆီးအနှောင်အဖွဲ့ဆိုတဲ့ အကြောင်းတရားတွေကို ဖယ်ရှားလိုက်ရင် ယောက်ျားလေးနဲ့ မိန်းကလေးနှစ်ဦးဟာ သဘာဝတရားပေးထားတဲ့ ချစ်ခွင့်ဆိုတာကို ပိုင်ပိုင်ကြီးရယူခွင့် ပိုင်ဆိုင်ခွင့်ရှိတယ်မဟုတ်လား စကားဝါ။

စကားဝါ–

ကိုမင်း စကားဝါ့ကို သိပ်ချစ်တယ်လို့ ထပ်ပြောပါရစေ။

စကားဝါကို ချစ်သက်သေအထိမ်းအမှတ်အဖြစ် လက်ဆောင်လေး တစ်ခု လေယာဉ်ပေါ်တင်ပေး လိုက်တယ်။ အဲဒီလက်ဆောင်လေးကို စကားဝါ့အဘိုးလိုပဲ တစ်သက်လုံးအမြတ်တနိုးသိမ်းထားပေးပါ စကားဝါ။ အဲဒီလက်ဆောင်လေးကတော့ စကားဝါ သိပ်ချစ်၊ သိပ်မြတ်နိုးတဲ့ "မြန်မာ့စောင်း"လေးပါပဲ။

အဲဒီမြန်မာ့စောင်းကို အဘိုးရဲ့ မြန်မာ့စောင်းနဲ့အတူ စင်ပေါ်မှာ အတူထားလို့ အမြတ်တနိုး တစ်သက်လုံးသိမ်းဆည်းထားနိုင်ပါစေလို့ ...။

"အချစ်များစွာဖြင့်–
ကိုမင်း–"

( ပြီးပါပြီ )

ရက်စွဲ ။ ။ ၁၂–၁၁–၂၀၀၇
အချိန် ။ ။ နံနက် ၀၃း၃၅ နာရီ

–နိုင်ငံ့ဂုဏ်ရည်စာပေတိုက်–